မိုးကျော်စာပေ

စီးပွားနှင့်

# စီးပွားနည်းနီတိ

# ကြီးပွားရေးလမ်းညွှန်

၂-အုပ်တွဲ

ထူးထူးချွန်ချွန်
အောင်မြင်ပေါက်ရောက်လိုလျှင်
ဆင်ခြင်ညှိနှိုင်းမှုဖြင့် ကြိုးစားရင်းနှီးရမည်။

အောင်ဝင်း

# သောကဝေဒနာ

# ဖြေဖျောက်နည်း

သောကကို မတွေးပါနဲ့ သောကကို ဖြေဖျောက်ပါ။
ဖြစ်ခြင်း ပျက်ခြင်းတရားကို အမြဲသတိရှိပါ။

**မိုးကျော်စာပေ**

အမှတ်(၃၈၅-၃၈၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း
(ရွှေဘုံသာလမ်း နှင့် ၂၉-လမ်းကြား)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၇၃၀၂၉၅၉၁၊ ၀၉ ၇၃၂၄၅၂၅၇
၀၉ ၅၀၈၉၈၈၃၊ ၀၉ ၄၂၃၇၁၈၀၀

## ပုံနှိပ်မှတ်တမ်း

ပီမိုးနင်းနိတ်/ကြီးပွားရေးလမ်းညွှန်

| | | |
|---|---|---|
| အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၁၀၀ |
| တန်ဖိုး | - | [illegible] |
| ကွန်ပျူတာစာစီ | - | TMS - Computer (421005251) |
| ထုတ်ဝေသူ | - | ဒေါ်မိမိလှိုင်<br>မိုးကျော်စာပေ<br>အမှတ်(၁၂၉/၂)၊ မီးဒုံးလမ်း<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | မင်းမင်းဇော် (ဒေါ်စောညွှန့်)<br>၁၆၃၊ ၄၆-လမ်း။ |
| ဖြန့်ချိရေး | - | မိုးကျော်စာပေ<br>အမှတ်(၃၈၅-၃၈၇)<br>ဗိုလ်ချုပ်အောင်ဆန်းလမ်း<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်း | - | ၀၉ ၇၃၀၂၉၅၉၁<br>၀၉ ၇၃၂၄၅၂၅၇ |




# ပီမိုးနင်း

## ပီမိုးနင်းနိတ်
## ကြီးပွားရေးလမ်းညွှန်

## ထုတ်ဝေသူ၏အထူးအစီရင်ခံလွှာ

စာရှုသူများခင်ဗျာ…

ဆရာကြီးပီမိုးနင်း၏ ပီမိုးနင်းနီတိ ကြီးပွားရေးလမ်းညွှန် နှစ်အုပ်တွဲကို သန်းမြစ်ဗဟိုစာနယ်ဇင်းမှ ယခုလ ထုတ်ဝေလိုက်ပါသည်။ ထုတ်ဝေသူက အထူးအစီရင်ခံလိုသည်မှာ ဤစာအုပ်ပါ ဆောင်းပါးများမှ ဒုတိယကမ္ဘာစစ် မဖြစ်မီက ဆရာကြီးပီမိုးနင်း၏ ထိုခေတ် ထိုအခါကို ရည်ရွယ်၍ ရေးသားခဲ့သော ဆောင်းပါးများ ဖြစ်ပါသည်။

ဤဆောင်းပါးတို့တွင် လူမှုရေး၊ ကြီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေးနှင့် နိုင်ငံရေးစာပေ စသည်ဖြင့် ရသစုံ ပါဝင်ပါသည်။ လူမှုရေး၊ ကြီးပွားရေး၊ ကျန်းမာရေးစာအုပ်များမှာ ထိုခေတ်လူငယ်များသာမက ယနေ့ခေတ်အထိ လူငယ်များ ဗဟုသုတ ရှာဖွေနိုင်သော အဖိုးတန်ဆောင်းပါးများ ဖြစ်ပါသည်။

နိုင်ငံရေးနှင့် ပတ်သက်သော အချို့ဆောင်းပါးများမှာ ယနေ့ခေတ် အနေဖြင့် ခေတ်မီချင်မှ မီတော့မည် ဖြစ်သော်လည်း ဆရာကြီးပီမိုးနင်း၏ အနှစ်(၉၀)ပြည့် ရာသီတွင် ဆရာကြီး၏ စာပေစုကို တစုတစည်းတည်း ဖတ်ရှုလေ့လာနိုင်စေရန် စေတနာဖြင့် ဖော်ပြပုံနှိပ် ထုတ်ဝေရခြင်း ဖြစ်ပါသည်။

စာပေဗဟုသုတတိုးပွားပါစေ။

ထုတ်ဝေသူ

၁၉၇၃-ခုနှစ်



## မာတိကာ


| | |
|---|---|
| ၁။ ကြီးပွားတိုးတက်ချမ်းသာရေး | ၇ |
| ၂။ လူမှုရေး | ၂၇ |
| ၃။ နိုင်ငံရေး | ၄၃ |
| ၄။ အချစ်ရေး | ၄၉ |
| ၅။ စိတ္တဗေဒ | ၆၈ |
| ၆။ စာပေနှင့်ပညာရေး | ၈၃ |
| ၇။ ကျန်းမာရေး | ၉၀ |
| ၈။ ကြီးပွားရေးလမ်းညွှန် | ၉၄ |
| ၉။ ကမ္ဘာ့ရေသောက်မြစ် | ၁၀၁ |
| ၁၀။ လူဆိုသည်မှာ | ၁၀၇ |
| ၁၁။ အကြံကြီးကြံရမည် | ၁၁၁ |
| ၁၂။ သူ့ချီးလျှင် ကိုယ်ကျိုးတတ်သည် | ၁၁၇ |
| ၁၃။ စိတ်ထားဏတ်ခြင်း | ၁၁၉ |
| ၁၄။ အလုပ်၌ယဉ်ကျေးခြင်း | ၁၂၁ |
| ၁၅။ လို လုပ် ရ | ၁၂၄ |
| ၁၆။ စိတ်ကိုမြှင့်နည်း | ၁၃၀ |
| ၁၇။ စိတ်ကိုစီစဉ်ခြင်း | ၁၃၅ |

၁၈။ အကျင့်ကောင်း အကျင့်ဆိုး ၁၃၈
၁၉။ ဆန္ဒတန်ခိုး ၁၄၁
၂၀။ အောင်မြင်ခြင်းအသက် ၁၄၄
၂၁။ ကျန်းမာခြင်း ၁၄၆
၂၂။ လူကဲခတ်နည်း ၁၄၉

ဤစာအုပ်ကို **ပီမိုးနင်း၏အမွေဆက်ခံသူ** များဖြစ်ကြသော **ဦးကျော်ညွန့်နှင့်ဦးဝင်းမောင်** တို့၏ ခွင့်ပြုချက်အရ ရိုက်နှိပ် ထုတ်ဝေပါသည်။



# ကြီးပွားတိုးတက်ချမ်းသာရေး

သေးငယ်သော ပုဆိန်ပင် ဖြစ်စေကာမူ အချက်ပေါင်းများစွာ ခုတ်ထစ်သောအခါ မာကြောသော ဝက်သစ်ချပင်ကြီးပင် လဲပြိုရလေသည်။

ရှိတ်စပီးယား

○ ကြီးပွားချမ်းသာအောင် လုပ်ခြင်းသည် ဆင်းရဲအောင် လုပ်ခြင်းထက် ပိုမို၍ ပင်ပန်းသည် မဟုတ်ပေ။

○ ကြီးပွားတိုးတက်ရန် အားသည် ဝီရိယနှင့် ချွေတာခြင်းဖြစ်သည်။

○ လယ်သမားကောင်း၏ အရင်းအနှီးမှာ စူးဆောက်ကောင်းများ ဖြစ်ဘိသကဲ့သို့ စာအုပ်များမှာ တိုးတက်ကြီးပွားလိုသူ၊ သူဌေးဖြစ်လိုသူတို့၏ အရင်းအနှီး လက်နက်ကောင်းများ ဖြစ်လေသည်။

○ ကြီးပွားလိုလျှင် မည်သူ့ကိုမျှ မကြောက်ရ၊ မည်သူ့ကိုမျှလည်း မခြောက်လှန့်ရ။

○ လူများပျက်စီးသည့်အခါ အကျမြန်သည့်နည်းတူ၊ ဖြစ်ထွန်းကြီးပွားသည့်အခါ၌လည်း အတက်မြန်လှ၏။

○ ဝိရိယကိုထုတ်၍လုပ်၊ ရသမျှကလေးစု၊ မကြာမီ အထုပ်ဖြစ်မည်။ အထုပ်မဖြစ်မီ ယုတ်၍ မယစ်နှင့်။

○ တိုးတက်ကြီးပွားလိုသူအဖို့ မသွားဝံ့သောနေရာ၊ မကြံစည်ဝံ့သော နေရာဟူ၍ မရှိ။

○ ခြေဖဝါးအောက်၌ရှိသော မြေကြီးကို ချေးရေကလေး အနည်းငယ်မျှနှင့် လောင်းလိုက်လျှင် ပဒေသာပင်ထွက်ပေါ်၍ လာနိုင်လေသည်။

○ များစွာသော လူတို့သည် အောင်မြင်ခြင်းတည်း ဟူသော လှေကားထစ်ပေါ်တွင် စုရပ်လျက်နေကြ၏။

○ ကမ္ဘာပေါ်၌ စွဲမြဲခြင်းလောက် တန်ခိုးကြီးသောအရာ မရှိပေ။

○ စွဲမြဲခြင်း၏အစွမ်းဖြင့် ပညာရှိကြီးများ ဖြစ်နိုင်၏။ စွဲမြဲခြင်းဖြင့် မပြီးမြောက်နိုင်သော အရာမရှိပေ။

○ တစ်စုံတစ်ရာမလုပ်ဘဲ ကြံစည်၍သာ နေသည်ထက် အမှားကို လုပ်မိခြင်းက ပိုမို၍ မြတ်သေး၏

○ ကံကောင်း၍ ကြီးပွားသူ လွန်စွာနည်း၏။ ပင်ပန်းစွာ လုပ်ကိုင်ကြံစည်ခြင်းဖြင့်သာ ကြီးပွားကြရမြဲဖြစ်သည်။

○ ကြီးကျယ်သော အရာဟူသမျှသည် ပျိုရွယ်သူတို့၏ အစွမ်းကြောင့်သာဖြစ်၏။

○ တက်မ၏ အမိန့်ကို နားမထောင်သော သူသည် ကျောက်ဆောင်၏အမိန့်ကို နားထောင်ရ၏။

○ လူမိုက်နှင့် လူသေမှတစ်ပါး ထင်မြင်ချက်ကို မည်သူ မဆိုပြောင်းလဲ၏။



○ ဒုက္ခခံခြင်း ဟူသမျှသည် တံဆိပ်အမှတ်သဖွယ် ဖြစ်လေသည်။

○ များစွာသော သူတို့၏ ကြီးကျယ်ခြင်းသည် အကြီးဆုံးသော ဆင်းရဲဒုက္ခမှ အစပြုကြလေသည်။

○ ငွေသည် မိန်းမနှင့် တူ၏။ သုံးတတ်သူကို တိုး၍ချစ်၏။ မသုံးတတ်သူထံမှ ထွက်၍ ပြေး၏။

○ အပြောသန်လျှင် အလုပ်ညံ့နေသည်ဟူသော စကားသည် နိုင်ငံရေးသမားများအတွက် သုံးသော စကားဖြစ်၏။

○ ကြီးကြီးကြံမှ ကြီးကြီးဖြစ်၏။ ငယ်ငယ်ကြံလျှင် ငယ်ငယ်သာ ဖြစ်လိမ့်မည်။

○ ကြီးပွားတိုးတက်လိုလျှင် ပညာဉာဏ် လွန်စွာ ကြီးဖို့ မလို၊ ဇွဲစပ်သေချာတတ်ဖို့သာ လိုပေသည်။

○ မိမိကိုယ်ကိုမိမိ ကြီးပွားတိုးတက်မည့်သူဟု စိတ်ချလက်ချ မယုံနိုင်သမျှ မကြီးပွား အတိုးတက်နိုင်။

○ ကြီးပွားတိုးတက်ရေး၌ သူတစ်ပါး၏စိတ်ကို အမှန်သိဖို့လိုသည်မဟုတ်၊ မိမိကိုယ်တိုင်၏ စိတ်ကိုလည်း အမှန်သိဖို့လိုပေသည်။

○ ပေါ့ပေါ့စား၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့လုပ်နေကြသမျှ မတိုးတက်နိုင်။

○ အမှားကို ဆင်ခြေဖြင့် အမှန်မလုပ်နှင့် မှားသောလမ်းကိုရောက်လျှင် မှန်သောလမ်းကို ပြန်ရမည်။

○ လူမှန်လျှင် အစွမ်းရှိ၏။

○ တစ်ထောင်တန်စိတ် အလုပ်မလုပ်ဘဲ တစ်ကျပ်တန် စိတ် အလုပ်လုပ်ခြင်းဖြင့် အချိန်မဖြုန်းသင့်။

○ သူဌေးမြန်မြန်ဖြစ်လိုလျှင် မြန်မြန်ဆင်းရဲတတ်၏။

○ ဘုရင်မင်းမြတ်တို့၏ ပန်းခြံ၌ပွင့်သော နှင်းဆီပန်း သည် ဆင်းရဲသား၏ ပန်းခြံ၌ပွင့်သော နှင်းဆီပန်းထက် ပိုမို၍ မလှ၊ ပိုမို၍ မမွှေးနိုင်ချေ။

○ ပန်းဘဲသမားသည် သံကိုမီးပူတုန်းမှာ ထုရာ၏။ အေး မှထုချေက အကျိုးမရှိချေ။ အိုးလုပ်သောသူသည် ရွှံ့ပျော့ တုန်းမှာ ရိုက်ရာ၏။ မာမှရိုက်လျှင် ပန်းပွင့်ပန်းပျောက်မထင် သည်သာမက ကွဲဖို့ရှိလေသည်။

○ အနှာမခံက အသာမစံရ။

○ လေးထောင့်ဖြစ်သော အရာတစ်ခုသည် ဝိုင်းသော အရာတစ်ခုတည်း၌ထပ်၍ အံမကျနိုင်။

○ ငါသည် ငါ၏အဖော်ဖြစ်ရာ၏။ ငါသည် ငါ၏လမ်းစ ဖြစ်၏။ ငါသည် ငါ၏ခိုကိုးရာဖြစ်၏။ ငါသည် ငါ၏အဖော် အပေါင်းဖြစ်၏။ ငါ့ထက် မည်သူမျှ ငါ့ကို မကယ်နိုင်။

○ အကြံကောင်းသောသူသည်၊ အလုပ်ကောင်းသောသူ ၏ အရှင်ဖြစ်၏။

○ ခေတ်အကြိုက်ကို ကြည့်ခြင်းထက်၊ ခေတ်အကြိုက် ကိုလုပ်၍ပေးခြင်းက ပို၍ခရီးရောက်၏။

○ အခက်အခဲသည် စိတ်သဘော ကြီးမားရင့်သန်ခြင်း အတွက် အကောင်းဆုံးသော သင်ခန်းစာများ ဖြစ်ကြ၏။



○ မသေလည်း မသေရ၊ အဘယ်အလုပ်ကိုမျှလည်း မ လုပ်ရဟူသောဒဏ်ကို ပေးချေက၊ သေချင်သောစိတ်သည် ထက်သန်စွာ ပေါ်၍လာမည်ကား မလွဲပေ။

○ ငါသည် တန်ဖိုးဖြစ်၏။ ငါလုပ်လျှင်ဘာမဆိုဖြစ်သည်၊ ငါသည် အောင်မြင်ခြင်းဖြစ်၏။ အောင်မြင်ခြင်းသည် ငါ့အဖို့ ဖြစ်၏။ ငါသည် ဤတန်ခိုးကြီးသော လောကဓာတ်ကြီး၏ အစိတ်အပိုင်းဖြစ်၏။ ငါ၏အစွမ်းသတ္တိသည် အဆုံးမရှိနိုင်။

○ အောင်မြင်ခြင်းသည် လွတ်လပ်ခြင်း၊ ချမ်းသာခြင်း၊ ဩဇာတန်ခိုးရှိခြင်းကို ဖြစ်စေ၏။

○ ပင်ပန်းစွာ လုပ်ခြင်းထက်၊ အမြော်အမြင်ကြီး ထကြွ၊ လမ်းစလမ်းပေါက်ကို ရှာခြင်းက ပိုမိုကြီးပွားနိုင်လေသည်။

○ အသက်ကား တို၏။ အတတ်ကား ရှည်သည်။

○ ကြီးပွားရေးအတွက် အကောင်းဆုံးသော လက်နက် သည် အတွေးစိတ်ဖြစ်၏။

○ သင် ကြီးပွားတိုးတက်ရန်လမ်းကို သင်မှတ်ပါး သင် သာလျှင် ပိတ်ပင်ထားနိုင်၏။

○ မေတ္တာနှင့်လုပ်သော အလုပ်၌ ပင်ပန်းဝန်လေးခြင်း မရှိ။

○ ကိုယ်စားယုံကြည်ခြင်းသည် အလုပ်မပါက အသေ ဖြစ်၏ မျှော်လင့်ခြင်းမရှိသော ယုံကြည်ကိုးစားခြင်းသည် ပုံပြင်နှင့် တူလေသည်။

○ အပြစ်ကင်းသောစိတ်သည် စွပ်စွဲခြင်းကို မကြောက်။

○ အရည်အချင်းသည် ကိုယ်ပိုင်ဖြစ်၏။ ဂုဏ်သရေသည်ကား သူတစ်ပါး၏ ထင်မြင်ချက်မျှသာ ဖြစ်လေသည်။

○ လောက၌ ဟန်အမူအရာတည်းဟူသော ဓာဖြင့် မိမိကိုယ်ကို သွယ်ခြင်းသည် အရုပ်ဆိုးဆုံးဖြစ်၏။ နဂိုဟန်သည် အကောင်းဆုံး ဖြစ်ပေသည်။

○ မီးသည် တန်ခိုးအကြီးဆုံးသော ဓာတ်ဖြစ်ရာ ပွတ်တိုက်မှ ထွက်ပေါ်လေသည်။ လူသည် မီးနှင့်တစ်ပြိုင်တည်း ပေါ်၏။ မတိုက်သော လူမျိုးသည် ကမ္ဘာပေါ်၌ အောက်ကျနေကြမည်ကား အမှန်ပင်။

○ ဥရောပတိုင်းသားတို့ ကမ္ဘာသို့ အုပ်စိုးရသည်မှာ ပင်နီးစွာ စွန့်စားလှည့်လည်ကြသောကြောင့် ဖြစ်၏။ ဖောင်စကြာနှင့်လက်ညှိုးညွှန်ရာ ရေဖြစ်ပြီး လွယ်ကူစွာ အပျော်သွားလာကြသောကြောင့်မဟုတ်။ အသက်ကိုစွန့်သည့်အခါ စွန့်ကြရ၏။

○ ကမ္ဘာပေါ်၌ ခေါင်းဆောင် ရှေ့သွားလမ်းပြ လုပ်သူတို့သည် အတုခိုးသူများ မဟုတ်ကြချေ။ ကိုယ်ပိုင်ဉာဏ်နှင့်တူ၏။ အတုခိုးသောသူသည် မျောက်နှင့်တူပေသည်။

○ ကြောက်တတ်သော သူတို့သည် အဘယ်မျှပင် စွမ်းရည်သတ္တိနှင့် ပြည့်စုံစေကာမူ ခေါင်းဆောင်အဖြစ်နိုင်။

○ နောက်မှခံရသော ချီးမွမ်းခြင်းသည် မြဲ၏။ ချက်ချင်းခံရသော ကဲ့ရဲ့ခြင်းသည် မမြဲသဖြင့် လေးစားကြောက်ရွံ့စရာ မဟုတ်ချေ။



○ လောကဓာတ် တစ်ခုလုံးသည် တန်ခိုးဖြင့် တည်နေ၏။ တန်ခိုးဖြင့် ပြောင်းလဲ၏။ တန်ခိုးဖြင့် တိုးတက်၏။

○ လှဲလျှင် လဲ၏။ ထူလျှင် ထ၏။ ထလျှင် ထောင်၏။ သွားလျှင် ရောက်၏။ တက်လျှင် မြင့်၏။ ဆင်းလျှင် ကျ၏။ လုပ်လျှင် ဖြစ်၏။ ပျက်လျှင်အစဉ် ပြင်လျှင်ခဏ။

○ ခေါင်းရှက်ချေးသည့်တို့သည် ပွဲအငြိမ့် ဟူသမျှကို ကြည့်နိုင်၏။ တုတ်တုတ်သံကြားလျှင် သွားနိုင်၏။ ဥပုသ်သီတင်း မှန်မှန်စောင့်နိုင်၏။ သူဌေး သူကြွယ်တို့မှာကား ဒီလိုများ စောင့်နိုင်ကြမည် ထင်သလား။

○ ဤလောကသည် အမြဲစစ်တိုက်၍နေရသော လောကဖြစ်၏။ သစ်ပင်တောတောင် ရေမြေဟူသမျှသည် ဥတုနှင့်တိုက်ကြ၏။ အတိုက်အခံ မပြုဘဲ လွယ်လွယ်ကူကူ ကြီးပွားတိုးတက်သော အရာဟူ၍ မရှိချေ။

○ စူးစိုက်ထက်သန်စွာ တောင့်တသော စိတ်၏တန်ခိုးသည် အဆုံးမရှိ ကြီးမားလေသည်။ ဤတန်ခိုးသည် [illegible]သည် နည်းလမ်းစနစ်နှင့် တိုးအောင်လုပ်လျှင် တိုးနိုင်လေသည်။

○ လူ့လောကကြီးသည် တိုက်ခိုက်ခြင်းဖြင့် ကြီးပွားတိုးတက်ရလေသည်။

○ ရေအေးလျှင် ခဲသည်၊ လူအေးလျှင် ခွေသည်။

○ လူ့ဘဝသို့ ရောက်လာသူ ဟူသမျှသည် လက်နက်ကိုယ်စီ ပါ၏။ ထိုလက်နက်သည် တစ်ဦး တစ်ဦးစီစွမ်းသော အလုပ်အကိုင်များပင်။

○ သူတော်သူမြတ် ရသေ့ရဟန်းများပင်သော်မှ ပါရမီတိုးမြင့်ရင့်မာခြင်း ဖြစ်ဖို့ရန်၊ လူကိုယ်ခန္ဓာကြီးနှင့် အမြဲမပြတ်အပြင်းအထန် တိုက်ခိုက်၍ နေကြလေသည်။

○ မသေရွှေထီး သေမြေကြီး ဟူသော စကားသည် မြန်မာစကားဖြစ်၏။ သို့သော်လည်း မြန်မာလူမျိုးများသည် ထိုစကားအတိုင်း များစွာမကျင့်ကြ။

○ ကြီးပွားခြင်းအစသည် မိမိကိုယ်ကို သိခြင်းဖြစ်၏။ မိမိကိုယ်ကို သိခြင်း ဆိုသည်မှ မိမိ၌ တန်ခိုးသတ္တိရှိကြောင်းကို သိခြင်းပင် ဖြစ်လေသည်။

○ ပျို့ရွယ်သော သူတို့၏သဏ္ဍာန်၌ ချစ်ဖွယ်အကောင်းဆုံးသော လက္ခဏာတစ်ခုရှိ၏။ ထိုလက္ခဏာသည် အခြားမဟုတ်။ မိမိတို့၏ရှေ့၌ အမှောင်ကို မမြင်တတ်၊ အလင်းကိုသာ မြင်တတ်သော ကြည်လင်လတ်ဆတ်သော စိတ်အားထက်သန်ခြင်းပေတည်း။

○ ပျက်ခြင်းသည် ငါ၏အလုပ်၌ တစ်စခန်းဖြစ်၏။ ထိုစခန်းလွန်မြောက်သောအခါ ဖြစ်ခြင်းဟုခေါ်အပ်သော စခန်းသို့ ရောက်ရမည်ဟုသာ အားကိုးပြုခါ အပျက်ကို ဂရုမထားအပ်ပေ။

○ မြန်မာလူမျိုး ယောက်ျားများမှာ ယခုခေတ်အကြီးဆုံးသော တိုးတက်ခြင်းသည် စက္ကူသေတ္တာနှင့် ထည့်၍ရောင်းသော အသေလုပ်၍ထားသည့် ချင်းခေါင်းပေါင်းများ ဖြစ်လေသည်။



○ မည်သည့်လူ မည်သည့်သတ္တဝါမှ သက်သက်သာသာနှင့် မကြီးပွားနိုင်ချေ။

○ အောက်ကျနောက်ကျ အခြေအနေသို့ မရောက်ရအောင် ကြိုးစားကြဖို့ရန် အချိန်သည် မကုန်သေး၊ မလွန်သေးပေ။ အမျိုးသားကို ကယ်ဆယ်လိုသူဟူသမျှ ရှေးဦးစွာပထမ မိမိတို့ကိုယ်ကို ဆင်းရဲအောက်ကျခြင်း အခြေအနေသို့ မရောက်ရအောင်၊ လူမျိုးကွဲများ ကြီးကျယ်သလောက် ကြီးကျယ်နိုင်အောင် ကြိုးစားကြရမည်။ ကိုယ်စွမ်းကိုယ်စဖြင့် တစ်ယောက်တလေမျှ မကြီးပွားဘဲ နေချေက ကျွန်ုပ်တို့လူမျိုးများမှာ ဇာတိပင်ကိုကပင် ညံ့ဖျင်းအောက်ကျရာရောက်၍ နေပေလိမ့်မည်။

○ ဥစ္စာမရှိကပညာပင်ရှိသော်လည်း ခေါင်းဆောင်ဥက္ကဋ္ဌ မလုပ်နိုင်ကြပေ။ ကိုယ်ပိုင်ဥစ္စာ ရှိမှသော်လည်းကောင်း၊ ဥစ္စာရှိသူနှင့် ပေါင်းမှုသော်လည်းကောင်း၊ ခေါင်းဆောင်အကြီးအကဲ ဖြစ်နိုင်လေသည်။ နေရှင်နှင့် မနီးစပ်သောကြောင့် ကုတ်နုတ်စွာနေရသော ပညာတတ်တွေ မြောက်မြားစွာ ရှိကြလေသည်။ သို့ဖြစ်လေရာ ကြီးပွားလိုသော လူမျိုးသည် ဥစ္စာပစ္စည်းကို ရအောင်ရှာကြရာ၏။

○ သတိကင်းမဲ့တတ်ခြင်း၊ သတိမေ့လျော့တတ်ခြင်း၊ အလုပ် မလေးစားခြင်း၊ အလုပ်ကို ဂရုမစိုက်ခြင်းတို့သည် ကမ္ဘာလောက၌ ဆုံးရှုံးခြင်းတည်းဟူသော အကြောင်းတရားတွင် အကြီးဆုံးသော အကျိုးတရား ဖြစ်လေသည်။

○ ယခုအခါ အခြားလူမျိုးတို့ကိုမီအောင် ကြိုးစားလျှင် မီနိုင်သေး၏။ အပြတ်အသတ်ကွာသောအခါ၌ကား မီတော့မည် မဟုတ်။

○ အတွေးပျော့လျှင် သတ္တိတန်ခိုး ပျော့၏။ အတွေးမာလျှင် သတ္တိတန်ခိုး တိုးတက်ရလေသည်။

○ လောကကြီးအကြီးဆုံးသောရန်သူသည် အကြောက်ဖြစ်၏။ ကြောက်ရွံ့ခြင်းသည် ကြောက်မက်ဖွယ် အကောင်းဆုံးဖြစ်၏။ အကြောက်ထက်ပို၍ ကြောက်မက်ဖွယ် ကောင်းသောအရာ မရှိပေ။

○ စိတ်ဖြင့်တောင်းခြင်း (ဝါ) ထက်သန်စွာ တောင့်တခြင်း (ဝါ)ပူပြင်းသောဆန္ဒသည် အောင်မြင်ပြီးမြောက်ခြင်း၊ ပြည့်ဝခြင်း၏ အကြီးဆုံးသော အားတန်ခိုး ဖြစ်လေသည်။

○ သေးငယ်သော အကြောင်းကလေးများသည် အကြီးအကျယ်ကို ပျက်စေနိုင်သည်။

○ ကြီးမြင့်သော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိများ၌ ဆင်းရဲရာမှ အချိန်အတိုအစကလေးများကို သုံးခြင်းကြောင့် ကြီးမြင့်၍လာသူတွေ များစွာ ရှိကြလေသည်။

○ အလွန်ကောင်းသော လက်ဝှေ့သမားသည် နောက်ဆုံးအကြီးအကျယ် ရှုံးနိမ့်သည့်အခါ အားအင်ကြီးမားစွာနှင့် အထိုးအနက်ခံရခြင်းကြောင့် မဟုတ်။ နှလုံး၏နေရာ ရင်ဘတ်ပေါ်၌ အထပ်ထပ် အနည်းငယ် အထိုးခံရခြင်းကြောင့် ရှုံးတတ်ကြလေသည်။



○ ဦးခေါင်းပေါ်၌ နေရာတစ်ခုတည်းတွင် ရေစက်ကလေးတွေ ထပ်ခါ ထပ်ခါ တစ်စက်စီ ကျချေက တစ်နာရီအတွင်း ထိုနေရာအောက်ရှိ ဦးနှောက်အစိတ်အပိုင်းများမှာ အကြောများ သေတတ်သဖြင့် ရူးသွပ်သောရောဂါ ဖြစ်တတ်လေသည်။ သေးငယ်သော အကြောင်းတို့သည် များစွာ သတ္တိရောက်တတ်လေသည်။

○ သေးငယ်သော အရာကလေးများအတွက် စိတ်ညစ်တတ်သူများမှာလည်း ကြီးသောအကြောင်းများထက် ဆယ်ဆမက အင်အားကုန်ခန်းလျက် သံလိုက်ဓာတ် ပျက်စီးတတ်လေသည်။

○ ငွေကို အနည်းငယ်စီစုသလို ပညာကိုလည်း အနည်းငယ်စီ စုရလေသည်။

○ ရေကန်ဖြစ်ခြင်းသည် ရေမျောခြင်း၊ ကျယ်ခြင်းကြောင့် မဟုတ်။ ရေကိုခိုင်လုံစွာ ထိန်းနိုင်သော ကန်ပေါင်ရှိးကြောင့် ဖြစ်လေသည်။

○ အသက်မွေးမှုအတတ်ပညာ ဟူသမျှ အင်္ဂလိပ်ဘာသာဖြင့် အကုန်ရရှိနိုင်၏။ သို့ဖြစ်လေရာ အင်္ဂလိပ်စာကို ရှေးဦးစွာ ပထမသင်ပြီးနောက် အတွက်အချက်ကို တတ်လျှင် လောကမှာ အဘယ်ပညာမျှ ခက်တော့မည် မဟုတ်ပေ။

○ မည်သည့်အလုပ်မှာမဆို ချဲ့ထွင်လျှင် တိုးတက်နိုင်၏။

○ မိမိလုပ်သော အသက်မွေးမှု အလုပ်တစ်ခုခုရှိ မကျင်လည် မနိုင်နင်းခြင်းထက် အောက်ကျသောအရာ မရှိပေ။

○ အချို့သော သူတို့၏စိတ်၌ လက်နှင့်အသက်မွေးသူမှာ စာတတ်ဖို့မလိုဟု မှတ်ထင်ကြ၏။ ဈေးရောင်းမည့်သူမှာ စာမတတ်သော်လည်း ဖြစ်နိုင်သည်ဟု တွေးကြလေသည်။ ထိုအတွေးထက် မှားသောအတွေး မရှိပေ။ အကြောင်းမူကား ယခုခေတ်၌ အဘယ်အရာမှ စာနှင့်ကင်း၍ မရှိ။ ကစားစရာများသော်မှ စာနှင့်ရှိကြလေသည်။

○ ကျောင်း၌ အတတ်ပညာသင်ခြင်းသည် စင်စစ်အားဖြင့် မိမိကိုယ်ကို ဘယ်ဘက်မှာ တော်သည် ဟူသော အကြောင်းနှင့် ပတ်သက်၍ စစ်ဆေးခြင်းမျှ ဖြစ်လေသည်။

○ ရွှေသတ္တုတွင်းများမှာ တူးမှ ရွှေကိုရ၏။ အဘယ်မျှပင် ရွှေအထွက်များစေကာမူ မတူးလျှင် မရနိုင်ပေ။

○ ထို့အတူ လူမှာလည်း အစွမ်းသတ္တိ အရည်အချင်း အဘယ်မျှပင် ရှိစေကာမူ၊ ထိုအစွမ်းသတ္တိများပေါ်အောင် ကြိုးစား၍ လုပ်ကိုင်ရလေသည်။

○ ယခုခေတ် အခါသမယ၌ မြေကြီးသည် ရှေးကလို မြေကြီးသက်သက်မဟုတ်၊ ကျောက်မြေ၊ သံမြေပမာ အတူ အဆီ ပိုမို၍ ခက်၏။ အကြောင်းမူကား အပြိုင်ပိုမို၍ များလေသည်။

○ အဖိုးတန်မှန်က အဖိုးပေးမှရ၏။ အလကား မရပေ။

○ ရောင့်ရဲတင်းတိမ်ခြင်းသည် မြတ်၏။ သို့သော်လည်း ရောင့်ရဲတင်းတိမ်သော လူမျိုးသည် အောက်ကျနောက်ကျသော လူမျိုးအဖြစ်မှ လွတ်ကြမည် မဟုတ်ပေ။



○ ရောင့်ရဲတင်းတိမ်လျက် ကြီးမြင့်ခြင်းကို အပြစ်ဆိုသူတို့သည် သပျစ်သီးကို မော်ကြည့်ပြီး မမီသောကြောင့် ချဉ်သည်ဟု ပြော၍သွားသော မြေခွေးစိတ်မျိုးသာ ဖြစ်၏။ ရိုးသားသောစိတ်ကား မဟုတ်ချေ။ မကြီးကျယ်လိုသော သူသည် လောကမှာ မရှိချေ။

○ လုပ်မှဖြစ်သည်၊ ရှာမှ ရှာရသည်၊ စားမှ ရှင်သည်၊ သွားမှ ရောက်သည်။ သည်မှတတ်သည်… ဟူသော မျက်မြင် ကိုယ်တွေ့ အဖြစ်အပျက်လောကမှာ ပြည့်နှက်၍ နေပါလျက် ကံတစ်ခုတည်းကိုသာ သည်းရင့်စွာ စွဲခြင်းသည် မသင့်ချေ။

○ ရေခဲကို အရုပ်ထုလျှင် အရည်ပျော်၍ အရုပ်ပျက်ရမည်သာတည်း။

○ လောက၌ ကြီးကျယ်ခမ်းနား၊ လှပတင့်တယ် သိုက်မြိုက်သော အရာဟူသမျှ သစ်ပင်ဖြစ်စေ၊ ကျောက်၊ သံ၊ သတ္တုဖြစ်စေ၊ တောတောင်ဖြစ်စေ၊ အဆောက်အအုံဖြစ်စေ၊ တဖြည်းဖြည်း သေးနုပ်သိမ်ငယ်ရာမှ ကြီးကျယ်ခမ်းနား ယဉ်ကျေးတင့်တယ်ခြင်း အဖြစ်သို့ ရောက်ရလေသည်။

လူသည်လည်း ထိုနည်းလမ်းမှ မလွတ်၊ ထိုနည်းလမ်း အတိုင်းသာ ဖြစ်ရလေရာ ငယ်ရာမှ ကြီးရာ၏။ မသိရာမှ သိရာ၏။ ဆင်းရဲရာမှ ချမ်းသာရလေသည်။

○ မကြီးပွားသူ၊ ပညာရလောက်သော ဉာဏ်ရှိပါလျက် မရသူတို့သည် တဖြည်းဖြည်းရဖို့ ကြီးပွားအောင် ကြိုးစား

ဖို့ရန် စိတ်မရှိခြင်း။ ယခုချက်ချင်း လျှင်မြန်စွာ ကြီးကျယ်လိုခြင်းကြောင့် ဖြစ်ကြလေသည်။

○ လူမှန်သမျှ တဖက်ဖက်၌ စွမ်းရမည်။ အစွမ်းကြီးပင် မစွမ်းစေကာမူ ကြိုးစားလျှင် ဖြစ်နိုင်လောက်သော သတ္တိ စွမ်းရည် တစ်ခုခု ရှိရမည်။

○ အများအားဖြင့် ကြီးမြင့်သူတို့မှာ ပညာဉာဏ် ထူးချွန်ကြသည် မဟုတ်ဘဲ၊ ဖွဲကောင်းခြင်း၊ အောင့်နိုင်ခြင်း၊ စောင့်နိုင်ခြင်းကြောင့် ဖြစ်လေသည်။

○ လွယ်လင့်တကူ ကြီးမြင့်၍ လာသူများမှာ အနည်းငယ်မျှသော အခက်အခဲကြောင့် ပျက်စီးဆုတ်ယုတ်တတ်၏။ ခက်ခဲစွာ ကြီးမြင့်သူများမှာ လွယ်ကူစွာ မပျက်စီးတတ်ပေ။

○ အခြား အခြေအနေများ၌ တစ်ဦးက တစ်ဦးထက် ပိုမို၍ အခွင့်သာနိုင်သော်လည်း လောက၌ အဖိုးအတန်ဆုံးဖြစ်သော အရာတစ်ခုကို ရခြင်း၌ကား မည်သူက မည်သူ့ထက်မျှမသာ၊ ကြီးပွားတိုးတက်ရေးအတွက် လုံလောက်စွာ ရကြလေသည်။

ထိုအရာများသည်ကား အခြားမဟုတ်၊ အချိန်ပင်ဖြစ်လေသည်။

○ အချိန်သည် အဖိုးမဖြတ်နိုင်သော အရင်းအနှီးဖြစ်လေသည်။ ထိုအရင်းအနှီးနှင့် ကျန်းမာခြင်းတည်းဟူသော အရင်းအနှီးကို ရသူတို့မှာ ငွေအရင်းအနှီး ပညာအရင်းအနှီးကို ရဖို့ရန် မခက်။



○ အလုပ် လုပ်လွန်းသည့်အတွက် ရောဂါမရနိုင်၊ စိတ်ညစ်မှ ရောဂါရ၏။ အလုပ် လုပ်သူမှာ စိတ်ညစ်စရာ၊ စိတ်ပူစရာပေါ်လာခွင့် ရမည်မဟုတ်ပေ။ သို့ဖြစ်လေရာ အလုပ်လုပ်ခြင်းသည် အသက်ရှည်ခြင်း၏ နည်းကောင်းတစ်ခုဖြစ်လေသည်။

○ အချို့သူတို့သည် မိမိတို့နင်း၍တက်သောငြမ်းကို ခြေကန်၍ လှဲဖြိုတတ်၏။ ထိုအခါ အရေးမသာသည့်အခါ၌ နင်း၍ဆင်းစရာ အမှီအတွယ်မျှ မရှိသဖြင့် မဆိုင်သောနေရာမှ ကိုယ်လွတ် ခုန်ဆင်း၍ ပြေးရသောကြောင့် ပေါင်ကျိုးတတ်ကြလေသည်။

○ မိုးစဲမှ သွားမည်ဟု စောင့်သူအတွက် မိုးက စဲ၍ပေးမည်မဟုတ်။ မိုးမှာ စဲချင်မှစဲမှာ၊ မိုးအစဲကို မစောင့်ဘဲ ရွှဲချင်ရွှဲဟု အောက်မေ့ကာ တိုး၍သွားမှ ခရီးပေါက်ရောက်နိုင်ပေသည်။

○ အခက်အခဲမရှိ လောက၌ အလွယ်တွေသာရှိက တိုက်ဖို့ခိုက်ဖို့ မရှိသဖြင့် လူသတ္တဝါတွေမှာ အစွမ်းအစတုံးပြီး လူ့ဘဝမှာ ငြီးငွေ့စရာကြီး ဖြစ်ဖို့ရှိလေသည်။

အခက်အခဲ ဟူသမျှသည် ရုတ်တရက် မြင်ရသည့်အခါ ကြောက်မက်ဖွယ်ကောင်းသောသဏ္ဌာန်ကို ဆောင်ကြ၏။ ကြောက်လျှင် ထိုသဏ္ဌာန်သည် သာလွန်ကြောက်မက်ဖွယ်ဖြစ်၍ လာတတ်၏။ မကြောက်ဘဲ သေသေချာချာကြည့်လျှင် သေးငယ်၍ သွားတတ်လေသည်။

○ အဘယ်ပညာမဆို အစမှာသာ ခက်၏။ ခက်သော အပိုင်းကလေးကို ကျော်မိသည်နှင့် တစ်ပြိုင်တည်း တံခါးပွင့်လေသည်။

○ မတိုးလျှင် ဆုတ်ယုတ်ခြင်းဖြစ်ရာ ရပ်တန့်ခြင်း၊ ကျေနပ်ခြင်း၊ အတိုက်ရပ်ခြင်းသည် ဆုတ်ယုတ်ခြင်း၏ အစပင်ဖြစ်လေသည်။

○ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်း စာအုပ်ကောင်းများကို ကြီးပွားလိုသူ၊ သူဌေးဖြစ်လိုသူတို့ ဝယ်ယူဖတ်ရှုခြင်းမှာ အပိုမဟုတ်၊ ၄င်းတို့တွင်ရှိအပ်သော လက်နက်တန်ဆာပလာတို့တွင် အကောင်းဆုံးဖြစ်လေသည်။

○ လူတို့သည်ဆိုးသည့်ဘက်တွင်လည်းကောင်း၊ ကောင်းသည့်ဘက်တွင်လည်းကောင်း၊ တစ်ဖက်ဖက်တွင် အစအနရရှိသွားလျှင် ထိုရရှိသည့်ဘက်တွင် တစ်ဆင့်ထက် တစ်ဆင့်တက်ကာ စဉ်းစားမြဲဖြစ်သည်။

○ လူမှန်လျှင် အဘယ်အရွယ်သို့ ရောက်သောအခါ အဘယ်သို့ အခြေအနေရောက်အောင် လုပ်မည်ဟူသော ရည်မှန်းချက်တစ်ခု ရှိလေသည်။ မအောင်မြင်သော ရည်မှန်းခြင်းသည် ရည်မှန်းခြင်း လုံးလုံးကင်းမဲ့သည်ထက် အကျိုးရှိလေသည်။

○ ရည်မှန်းခြင်း တစ်ခုမျှ မရှိသောသူသည် ပဲ့မပါသော သင်္ဘောလွှင့်သူနှင့် တူလေ၏။



○ ပျက်ခြင်းသည် ငါ၏အလုပ်၌ တစ်စခန်းဖြစ်၏။ ထိုစခန်းလွန်မြောက်သောအခါ ဖြစ်ခြင်းဟုခေါ်အပ်သော စခန်းသို့ ရောက်ရမည်သာ အားကိုးပြုခါ အပျက်ကို ဂရုမထားအပ်ပေ။

○ လူသည် တစ်စုံတစ်ရာကို အမြဲလုပ်၍ နေရ၏။ မလုပ်ဘဲ မနေနိုင်ပေ။ အပျော်အပါးကိုသော်လည်းကောင်း လုပ်နေရလေသည်။

○ လူများသည် အလုပ်ဟူသော စကားကို ကြောက်ကြလေသည်။ သို့ဖြစ်သောကြောင့် အချို့ လူကြီးများသည် အလုပ်များကို အပျော်ဟန်ဆောင်ကာ ခိုင်းကြသဖြင့် အလုပ်ကို အပျော်မှတ်ထင်ကာ ပျော်ရွှင်စွာ လုပ်ကြလေသည်။

○ အလုပ်ဟူသော စကားသက်သက်ကို မုန်းတီးရွံရှာကြသည်မှာ လင်ငယ်နေသော မိန်းမတစ်ယောက်နှင့် တူလေသည်။

○ မြန်မာလူမျိုးများ၏ တိုးတက်ခြင်းလမ်း၌ အကြီးဆုံးသော အဆီးအတားတစ်ခုမှာ ဥရောပ အမေရိကန်တိုင်းများသို့ရောက်သူ နည်းပါးခြင်း ဖြစ်လေသည်။

ရောက်ဖူးသူ အနည်းငယ်တို့မှာလည်း ရောက်ကားရောက်၏၊ အထိဆိုသော စကားလို ထိထိရောက်ရောက်မရှိ။ အများအားဖြင့် ထိထိရောက်ရောက်ရှိသော အရာများမှာကား ဟိုတယ်များနှင့် ဘိုမကလေးတွေဖြစ်ကြကြောင်းနှင့် အခါခါ ကြားရဖူးလေသည်။

○ မြန်မာတို့သည် သူတစ်ပါးပျက်တာကို အခွန့်သိလွယ် ကြ၏။ မိမိကိုယ်တိုင် လစ်ဟင်း၍နေသော အချက်များကို ကား မသိကြပေ။

○ အတက်စိတ်သည် အကောင်းကို မျှော်လင့်၏။ အကျ စိတ်သည် စိတ်ပျက်ဖွယ်ရာ အကြောင်းအရာတို့ကို 'တွေ့ တတ်၏။

○ အားလုံးကြီးပွားနည်းမှာ အမျိုးသား အလုပ်တူဟူသမျှ အသင်းဖွဲ့၍ ထားအပ်ခြင်း ဖြစ်လေသည်။

ထိုအသင်း၌ အလုပ်တိုက်တစ်ခုကို အခြားအလုပ်တိုက် တစ်ခုက အလှည့်ကျ သွားရောက်စစ်ဆေး စုံစမ်းအပ်ခြင်း၊ နည်းကောင်းလမ်းမှန် တစ်ခုခုလို၍ နေသည်ကို တွေ့ရှိသည့် အခါ အကြံပေးအပ်ခြင်းပင် ဖြစ်လေသည်။

ထိုနည်းဖြင့် ခင်မင်ရှိုးနှီး၍သွားသောအခါ ကာရုဏာ သက်၍ နေစရာရှိတော့မည် မဟုတ်ပေ။ သို့သော်လည်း ခင်မင်ရင်းနှီးခြင်းကို မလွန်ဆန်ရဲအောင် သတိပြုရပေမည်။ သို့လွန်၍ သွားချေက ငွေချေးမှာကို ကြောက်ရလေသည်။

○ ဘုရင်များသည် တိုင်းပြည်ကိုသာ အစိုးရကြ၏။ အောင်မြင်သူများသည်ကား ကမ္ဘာကို အစိုးရသူများ ဖြစ်ကြ လေသည်။

○ ကြီးပွားရန်အတွက် အလုပ်သုံးခု ရှိရ၏။ ထိုသုံးခု ကား စိတ်ရှူးခြင်း၊ သင်ခြင်း၊ အစီအစဉ်လုပ်ခြင်းပင် ဖြစ် လေသည်။



○ လောက၌ အမှားသည် တစ်မျိုးတည်း မဟုတ်။ အမှား အမျိုးမျိုး ရှိနိုင်လေရာ တစ်မျိုးပြီးတစ်မျိုး မမှားရအောင် သတိထားဖို့လည်း လိုလေသည်။

○ အပျော်တကာ့ အပျော်တို့တွင် အလုပ်သည် အစွဲဆုံး အမြဲဆုံး အစစ်မှန်ဆုံးသော အပျော်ဖြစ်လေသည်။

○ လူစသည် ငွေစထက် ပိုမိုအစွမ်းကောင်း၏။ ငွေရင်း သမားထက် လူရင်းသမားတွေက အမျိုးသားကို ပိုမိုကူညီ နိုင်၏။

○ လှုပ်ရှားခြင်းနှင့် အလုပ်သည် အမြွှာပူးညီအစ်ကိုဖြစ် ၏။ အကြောင်းမူကား အလုပ်လုပ်ခြင်းသည် လှုပ်ရှားခြင်း ပင် ဖြစ်လေသည်။ အလုပ်တွင် ဟာထိုးတစ်ချောင်း ထည့် လိုက်ပါက လှုပ်ဖြစ်သည် မဟုတ်ပါလား။

○ သဘာဝအရ အရေးအကြီးဆုံးသော ပစ္စည်းသည် အပေါဆုံးဖြစ်၏။ အသက်ရှင်မှုအတွက် အရေးအကြီးဆုံးမှာ လေဖြစ်ရာ လေကို လိုတိုင်းရနိုင်သည် မဟုတ်ပါလော။ ကြီးပွားရေးအတွက် အရေးအကြီးဆုံးပစ္စည်းမှာလည်း လိုတိုင်းရနိုင်ပါလျက် မယူတတ် မရခြင်းဖြစ်၏။ ထိုအရာ ကား 'အချိန်' ဖြစ်လေသည်။

○ လူတစ်ယောက် ကြီးပွားမည်၊ ပျက်စီးမည်ကို သိ လိုလျှင် ရင်းနှီးသူ၏ အပြစ်ဆိုခြင်းကို နာခံသလား၊ မရင်းနှီး သူ၏ မြှောက်ပင့်ခြင်းကို လိုလားသမားဟု ကြည့်လေ။ ပျက်စီးမည့်သူသည် အတွင်းထရံကို အပြင်ထရံပြု၏။

○ လူရင်းကို မမုန်းနှင့်၊ လူရင်းကိုမုန်းခြင်းသည် ပျက်စီးခြင်း၏အစဖြစ်၏။

○ လူမှန်သမျှ စိတ်နှလုံးမှာ ဝင်ပေါက်တစ်မျိုးစီ ရှိ၏။ အဘယ်မျှပင် ခက်ထန်သောသူ ဖြစ်စေကာမူ ဝင်ပေါက်တစ်ခုခု ရှိမြဲမှတ်ရမည်။

○ များစွာသော သူတို့သည် ရိုးသားဖြောင့်မတ်ခြင်း၊ ပညာဉာဏ်ရှိခြင်း၊ ငွေရင်းကြေးရင်း အပေါင်းအသင်းနှင့် ပြည့်စုံခြင်း ရှိကြပါလျှင် လျင်မြန်စွာ ဆုံးဖြတ်တတ်သော အလေ့အကျင့်ကို မရကြသဖြင့် မကြီးပွားဘဲ နေကြလေသည်။

○ ကြီးပွားလိုသော သူတို့သည် ချောင်းတစ်ခုကို ကျော်ပြီးလျှင် တံတားကို မီးနှင့် ရှို့ပစ်ရဲရမည်။

○ အကြံတူ ရန်သူ ဟူသော စကားသည် အလွန်မှားလေသည်။ အကြံတူခြင်းသည် အပြိုင်လုပ်ခြင်းဖြစ်၏။ အပြိုင်မရှိက လောကမှာ အနိုင်ရှိမည် မဟုတ်ပေ။

□



# ရှုမြင်ရေး

လူတစ်ယောက်သည် ကိုယ့်ကိုယ်ကိုယ် စ၍ ပြုပြင်လာလျှင် အတော်အသင့် အဖိုးတန်လာပြီဖြစ်၏။
(ဘရောင်နင်)

✢ ပညာကြီးလျက် လူပေါင်းမတတ်သူ၊ အဆင်းလှလျက် လူချစ်လူခင် မများသူတွေ များစွာရှိကြလေသည်။

✢ 'ပညာရဲရင့် ပွဲလယ်တင့်သည်' ဟူသော စကားသည် အခါခပ်သိမ်းမမှန်၊ တစ်ခါတစ်ရံသာ မှန်နိုင်ပေသည်။ 'လူပေါင်းသင့်မှ ပွဲလယ်တင့်တယ်' ဟု ပုံသေမှတ်ယူရမည်။

✢ ချစ်စေလို နှုတ်ခမ်းလက်နှစ်သစ်၊ မုန်းစေလို နှုတ်ခမ်းလက်နှစ်သစ်။

✢ ရှင်ဘုရင်မှ အနိမ့်ဆုံးသော အစေခံအထိ မိမိကိုချစ်ခင်အောင် လုပ်တတ်သော အတတ်ကို တတ်ဖို့ရန် အရေးကြီးလေသည်။

✢ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ၊ ဟူသော ဆုတောင်းပြည့်သူတို့သည် အခါခပ်သိမ်း လူချောလူလှတွေ မဟုတ်ကြပေ။

✣ မှန်ကန်ခြင်း၌ အဖော်မလို။

✣ လူတို့သည် ခေါင်းငုံ့ခံ နေသူကို အနိုင်ကျင့်တတ်ကြ၏။ နိုင်ရာကို စော်ကားချင်ကြ၏။ မခံတတ်သူကိုမှ လေးစားလေ့ ရှိကြသည်။

✣ လောက၌ ချွတ်ယွင်းချက်မရှိသူ မရှိ။ ရေပက်၍ ဝင်စရာ မရှိသူ မရှိနိုင်၊ မိမိသန္တာန်၌ ချွတ်ယွင်းခြင်းများကို ရိုးမှန်သောစိတ်နှင့်ရှာလျှင် တွေ့နိုင်လေသည်။ မိမိသန္တာန်၌ အပြစ်အနာတွေ့အောင် မရှာဖွေသောသူသည် မိမိကိုယ်တိုင်နှင့် ပတ်သက်၍ မရိုးသူ ဖြစ်သည်။

✣ အကြံပေးခြင်းထက် အကြံတောင်းခြင်းသည် အခါများစွာပို၍ ခရီးရောက်လွယ်၏။ အကြံတောင်းခြင်းဖြင့် အကြံပေးခြင်းအဖြစ်သို့ ရောက်အောင် ဆောင်နိုင်လေသည်။

✣ ဤလောကသည် စစ်မြေပြင်ဖြစ်၏။ နေရာတိုင်းမှာ သဘောကောင်းလျက် သည်းခံ၍နေက အများလေးစား ဂရုမပြုဘဲ နေတတ်၏။

✣ တစ်ဖက်သားရန်သူကို နိုင်ပြီးမှ အခွင့်လွှတ်ခြင်း၊ နိုင်သလောက် မနှိပ်စက်ခြင်းသည် သူတော်ကောင်းအင်္ဂါ ဖြစ်လေသည်။

✣ ဂုဏ်လိုအားကြီးက ဂုဏ်ပြို၏။

✣ လူမိုက် ပြုံးသည်ကိုကြောက်၊ လူကြီးငေါက်မည်ကို မကြောက်နှင့်။

✣ တောရောက်လျှင်တောသား၊ မြို့ရောက်လျှင်မြို့သား။



✣ အလှကို ပြတိုင်းမပေါ်။ မပြမှ ပေါ်သောအခါတွေလည်းရှိ၏။

✣ ယဉ်ကျေးခြင်းသည် ကိုယ်ဟန် အမူအရာကို ဆိုသည် မဟုတ်။ လူရှေ့၌ ကုန်းကွခြင်းကို ဆိုသည်မဟုတ်ပေ။ သို့သော်လည်း လူမျိုး၏အလေ့အကျိုင်း ကျင့်ရလေသည်။

✣ စကားသည် အလုပ်ဟူသမျှ၌ လို၏။ လောက၌ အရောင်းအဝယ် အလုပ်ထက် ကြီးသောအလုပ် မရှိချေ။ ထိုအလုပ်မှာ စကားသာ၍ လိုလေသည်။

✣ သူရဲကောင်း၊ ရဲရင့်သော အရိုက်သမားကို မနှစ်လိုသူသည် ကမ္ဘာပေါ်မှာ မရှိ။ တစ်ကမ္ဘာလုံး နှစ်သက်သဖြင့် ရာဇဝင်ကြေးရုပ်နှင့် ကိုးကွယ်ကြလေသည်။

✣ မည်သူပင်မျှ ဆန့်ကျင်ဘက် မပြုဝံ့သူကို မည်သူကမျှ ဂရုမထား လေးစားခြင်း ပြုမည်မဟုတ်ပေ။

✣ လူ၌ ကောင်းခြင်းနှစ်မျိုးရှိ၏။ ၎င်း နှစ်မျိုးကား ကိုယ်တိုင်ကောင်းခြင်းနှင့် သူတစ်ပါး၏ ထင်မြင်ခြင်းတို့ ဖြစ်လေသည်။

✣ စွန့်ကြဲခြင်း၌ ပေးခြင်းထက် ရခြင်းကပို၏။

✣ မျက်လုံးသည် စိတ်၏တံခါးဖြစ်၏။

✣ ပညတ်မှာ ခေတ်ပါ၏။ စကားမှာ တရားပါ၏။

✣ မိမိစိတ်ကြိုက်ကိုသာ လိုက်အားကြီးက မိမိ၏အလိုကိုသာသိ၍ သူတပါးအလိုကို မသိတတ်သော အဖြစ်မျိုး ရောက်တတ်လေသည်။

✣ လူ၏အရည်အချင်းကို အဝတ်အစားကြည့်၍ အကဲခတ်ခြင်းသည် အတွင်းက ပစ္စည်းကို မကြည့်ဘဲ စက္ကူကို ကြည့်ကာ အကဲခတ်ခြင်းနှင့် တူလေသည်။

✣ လောကတွင် သိစရာ၊ တတ်စရာ၊ မှတ်စရာတွေ မကုန်နိုင်အောင် ရှိလေရာ၊ ငါသိလှပြီ၊ ငါတတ်လှပြီဟု ထင်နေသူများသည် မိမိဘာမျှမတတ်သေးကြောင်း ကြေညာခြင်းပင် ဖြစ်လေသည်။

✣ သည်းခံမှ ဘုရားဖြစ်သည် ဆိုသော စကားထက်၊ ဘုရားဖြစ်မှ သည်းခံသည် ဟူသော စကားက ပို၍မှန်၏။ အကြောင်းမူကား ဘုရားမဖြစ်မီကမူကား သည်းခံသင့်မှ ခံပေမည်။

✣ မျှတသောလူမျိုးများ ရှားလေသည်။ မျှတသောလူကို အင်္ဂလိပ် ဘာသာစကားဖြင့် ပြည့်စုံသူဟု ခေါ်၏။ အပြစ်ကင်းသည် ဟူလို။ ထိုလူမျိုးမှာ လွန်စွာ ရှားလေသည်။

✣ လူလုပ်ရေး၌ ရှေးဦး ပထမစိတ်၌ သံမှိုနှက်သလို စွဲမှတ်အပ်သော အချက်ကြီးသည်ကား ကျန်းမာသူဖြစ်လျက် အလုပ်တစ်စုံတစ်ရာမျှ မလုပ်ကိုင်ဘဲ လူ့ဘဝမှာ အနေမပိုင်၊ မနေအပ်၊ နေခွင့်မရှိ။ လူပိုတစ်ယောက် ဖြစ်ခြင်းသည် ဂုဏ်ကျက်သရေ မရှိသော အချက်ကြီး ဖြစ်လေသည်။

မလွတ်လပ်သူ၊ မိမိ၏စိတ်၊ မိမိ၏ဉာဏ်၊ မိမိ၏အချိန်၊ မိမိ၏ထင်မြင်ချက်၊ မိမိ၏စကားကို မိမိမပိုင်သောသူမှာ ချမ်းသာမှု ရှိလိမ့်မည် မဟုတ်ဟု ပုံသေမှတ်ပါလေ။



✣ ယဉ်ကျေးသိမ်မွေ့ခြင်းသည် အိမ်တံခါးတိုင်းကိုဖွင့်ရန် သော့နှင့်တူ၏။ ယဉ်ကျေးမှု မရှိသူသည် အိမ်တံခါးတိုင်းကို ချိုးဖျက်၍ ဝင်ရတတ်လေသည်။

✣ တရားရုံးများကို ကျော်ခိုင်းရမည်။ ယစ်မျိုးဘက်ကို ရှောင်၊ ပုလိပ်ဘက်ကိုရှင်း၊ သစ်တောဘက်နားကို မသွားလေနှင့်၊ မင်းပွဲဆိုသည်မှာ အလကားနေရာ၊ ဘာလုပ်ဖို့လဲ ဟူသောစိတ်ကို ရဲရဲကြီးထားပါ။

✣ ငါဟဲ့ယောကျ်ား၊ ငါ့ဘာသာ ငါလုပ်စားမယ်... ဟူသော ယောကျ်ားဂုဏ်၊ ယောကျ်ားစိတ်၊ ယောကျ်ားသတ္တိရှိသူများအတွက် ကျက်စားရန် စားကျက်သည် လွန်စွာကျယ်ဝန်းလေသည်။

✣ ကြီးပွားလိုလျှင် မျက်နှာမလုပ်နှင့်၊ တစ်ပါးသူချစ်မှ လိုလားမှ ရရှိနိုင်သော အလုပ်အကိုင် နေရာဌာနကို မမက်နှင့်။

✣ မျက်နှာရ၍ တန်ခိုးပြနေသောသူကို ရန်သူဝိုင်းရံလျက်ရှိနေ၏။ တွန်း၍ချမည့်သူတွေ ဖိ၍ချမည့်လူတွေ တစ္ဆေပမာ အချက်အလက်ကို စောင့်ကြလျက် နေနှင့်ဦးဟု ကြိမ်းဝါးကာ နေကြ၏။

✣ မျက်နှာကား ချို၏။ စိတ်ကား ရှုံ့တွလျက် ချဉ်၏။ ၎င်းတို့၏အကြံသည်ကား ပူငန်စပ်ခါးပေတည်း။ ဝင်းထိန်တောက်ပ ခမ်းနားစွာ နေကြလျက် စိတ်နှလုံးမှ ပေါင်းအိုးတွင်ခံ၍ နေရသူတွေ များစွာရှိကြ၏။

✣ ကြွေတစ်လက် ကြက်တစ်ခုန်၊ ချမ်းသာလျက် ငယ်ပေါင်းကြီးဖော်တွေကိုပင် 'မင်းဘယ်ကလဲ'ဟု မေးသော ခြေဖျားထောက်သူတို့သည် လျှင်မြန်စွာ ကျတတ်ကြလေသည်။

မကြွားချင်နှင့်၊ မဝင့်ဝါချင်နှင့်။ မှန်မှန်နေ၊ မှန်မှန်စား၊ မှန်မှန်သွား။ အများအားဖြင့် ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲကြသည်မှာ 'ကိုယ်နှင့်မတန် အကျင့်လွန်'ဟူသော စကားအတိုင်း ဖြစ်ကြလေသည်။

✣ အချို့က အရူးဆိုသည်မှာ ပညာတတ်အားကြီး၍ ရူးသည်ဟု ထင်ကြ၏။ ပညာတကယ်တတ်သောကြောင့် ပညာရူးမဖြစ်။ တတ်သည်ထက် ပို၍အထင်ကြီးခြင်းကြောင့်သာ အရူးဖြစ်ရလေသည်။

✣ အထင်ကြီးခြင်းသည် လွန်စွာဆိုးသော ရောဂါဖြစ်လေရာ ထိုလူမျိုးမှာ မိမိတို့ မီသလောက်ကို မလုပ်၊ အစဉ်လေထဲမှာ တိုက်အိမ်ဆောက်သဖြင့် ဘာကိုမျှ ဖြစ်အောင် မလုပ်နိုင်ဘဲ လူ့ဘဝမှာ လူပိုဖြစ်ကြရလေသည်။

✣ ကိုယ်အမူအရာ၊ နှုတ်အမူအရာမှာ ရိုင်းစိုင်းခြင်း၊ တိုတောင်းခြင်းသည် မရှိစေရ။ သို့သော်လည်း အောက်ကျို့ခယဝပ်တွားခြင်းထက် တိုတောင်းခြင်းက တော်သေး၏။

✣ တစ်ဖက်သားကို လွန်စွာ အရိုအသေ ပေးခြင်းသည် မြှောက်ပင့်ခြင်းပင် ဖြစ်လေရာ၊ ရှုတ်ချဖွယ်ကောင်းသော အမူအရာ ဖြစ်လေသည်။



✣ မိမိ ညစ်ပတ်မှု ကလိန်ကျမှုကို ဝါကြွားဂုဏ်ယူတတ်သူများမှာ လူလယ်ကောင်တွင် လေလည်သူနှင့် တူလေသည်။

✣ အမိန့်ကို ကောင်းစွာနာခံတတ်မှ အမိန့်ပေးသူ၏အဖြစ်သို့ ရောက်နိုင်၏။ အမိန့်ကို သုန်မှုန်စွာ နားထောင်သူသည် ကျွန်နှင့်တူ၏။ ရွှင်လန်းကြည်ဖြူစွာ နာခံတတ်သူကား သားသမီးကောင်း၊ တပည့်ကောင်းနှင့်တူ၏။

တကယ်အကျိုးစီးပွား၊ အများစီးပွားကို လိုလားသော စိတ်ရှိမှသာ အစည်းအဝေး အသင်းအဖွဲ့များမှာ ဝင်၍ဆောင်ရွက်ရမည်။

✣ မိမိအတွက် တစ်ပါးသူမှာ အနည်းငယ်မျှ ဝန်လေးခြင်း မရှိရလေ့အောင် သတိထားရမည်။

✣ လောက၌ အသေးအဖွဲကလေးများကြောင့် အကြီးမကျယ်တွေ ဖြစ်တတ်၏။

✣ အတောင်းအရမ်းရဲခြင်း၊ အယူရဲခြင်း၊ လိုချင်မျက်စိရှိခြင်း၊ ငါ့အသိမိတ်ဆွေ၊ ငါနဲ့ခင်မင်သူပဲ၊ ငါယူမယ် ဟူသော စိတ်မျိုးသည် အဘယ်နည်းနှင့်မျှ ချစ်စရာကောင်းသော စိတ်မျိုးမဟုတ်ပေ။

✣ လူလား ခွေးလား ဆေးတဝါး ဟူသော အရပ်သားများလို တောထဲ၌ တိုင်၍နေရာ ခြေသံကို ကြားရုံနှင့် ထ၍တောင်းတတ်သူမျိုးရှိ၏။

✣ တောင်းခြင်း၊ ချေးခြင်း၊ ငှားခြင်း၌ နှုတ်မလွယ်ကောင်းပေ။ လက်မလွယ် ကောင်းပေ။

✣ မိမိနှင့် မဆိုင်သော အရာများ၌ သိလိုသောစိတ် အားကြီးစွာနှင့် မေးမြန်းစုံစမ်းခြင်းသည် အဆိုးဆုံးသော အကျင့်ဖြစ်လေသည်။

✣ အခြားသူများလုပ်သော အလုပ်တစ်ခုခုကိုဖြစ်စေ၊ ရေးနေသော စာကိုဖြစ်စေ ကပ်၍ကြည့်ခြင်း၊ တစ်ဖက်သားမပြောလိုသော စကားကိုမေးခြင်း၊ လခဝင်ငွေကိုမေးခြင်း၊ ဤအကျင့်များသည် တစ်ဖက်သား၏စိတ်ကို မချမ်းသာစေသော ရိုင်းစိုင်းသောအလေ့ ဖြစ်လေသည်။

✣ တချို့မှာ စားရာ၌ လောဘဇောတိုက်အားကြီးသဖြင့် စကားမျှ မပြောနိုင်၊ အဘယ်ဟင်းခွက်ကို နှိုက်ရမလဲဟု မျက်လုံးကြီး တရွရွနှင့် ခဲတတ်ကြလေသည်။ ဤလူမျိုးသော်လျှင် သူရဲမဖြစ်ဖူးဟု မဆိုနိုင်ပေ။ နောင်ဘဝဖြစ်မည့်သဏ္ဌာန်သည် ဤဘဝမှာ တစွန်းတစ ပြတတ်လေသည်။

✣ ပွဲရုံမှထိုင်ရာ၌ မိမိပန်းကန်ထဲသို့ ရှေးဦးပထမ ထည့်ခြင်းထက် အနီးအပါး လူများ၏ ပန်းကန်ထဲသို့ ခတ်၍ထည့်ပေးခြင်း၊ ဟင်းပန်းကန်ကို ကမ်းလှမ်းခြင်းက ပို၍ ကောင်းလေသည်။

✣ လောင်းကစားသူသည် လောက၌ အကြီးကျယ်ဆုံးသော ရည်ရွယ်ချက်ဖြစ်သည့် သုခချမ်းသာခြင်းကို အမြဲဖျက်ဆီး၍ နေသူဖြစ်၏။

✣ လူသည်အပေါင်းအသင်း လို၏။ အပေါင်းအသင်းရှိမှ လောကကြီး၌ ကြီးပွားသည့်လမ်းများလည်း ရှိကြလေသည်။



✣ လောင်းကစားခြင်းသည် ကြင်နာတတ်သော မနုဿလူစိတ်ကို ဆုတ်ယုတ်ပျက်ပြားစေ၍ ရက်စက်သော လောဘကောင်ကြီးအဖြစ်သို့ ဧကန်သိသာသာ ရောက်စေနိုင်လေသည်။

✣ လောက၌ လုပ်ကိုင်ရှာဖွေကြရသည်မှာ ကောင်းစွာစားရဖို့ဖြစ်၏။ စားရာ၌ ဒေါသဖြစ်ခြင်း၊ စိတ်ညစ်ခြင်း၊ သောကကိစ္စ အပူဟူသမျှကို ဖျောက်ဖျက်ခါ ပျော်ရွှင်သောစိတ်နှင့် ရယ်မောပြောဆိုရင်း စားရမည်။

✣ အပေါင်းအသင်းကို မြင်ခြင်းဖြင့် အဘယ်လူဖြစ်သည်ကို သိနိုင်၏။

✣ ညစ်ညမ်းသော မိန်းမစကား၊ ကာလသား ကာမစကားများကို ပြောတတ်သူ၊ ပြည့်တန်ဆာမများနှင့် ပေါင်းသင်းတတ်သူဖြစ်က ၎င်းကို မြွေပွေးကဲ့သို့ ရှောင်ကြဉ်ရာ၏။

✣ လက်သမားလုပ်လျက် အဘိဓမ္မာ အပြောကောင်းရာမှာ အသားယူ၍ နေသောကြောင့် သေသည့်တိုင်အောင် ကျောမွဲနှင့် နေ၍သွားရသော လူတစ်ယောက်ကို တွေ့ရဖူးလေသည်။

✣ လခစားအခြေမျိုးသည် လူလေး လူညံ့များနှင့်သာ တော်၏။ ဉာဏ်ရော၊ ကံကော၊ ဝီရိယရော၊ အချိန်ရောကို လျှော့ဈေးနှင့်ပေးသော လူပျော့ လူညံ့တွေ အတွက်သာ သင့်လျော်လေသည်။

✣ 'စရိတ်နည်းနည်းနှင့် အသက်မွေး' ဟူသော ဖရန်သစ်စကားသည် သုခချမ်းသာခြင်း၏ အကောင်းဆုံးနည်းဖြစ်၏။

✣ အစားကို မက်မောခြင်း၊ အသောက်ကိုမက်မောခြင်း၊ အကောင်းကို တွေ့မရှောင်ကြိုက်ခြင်း၊ အပျော်အပါးလိုက်စားခြင်းသည် စီးပွားလမ်း၊ ကြီးပွားလမ်းကို အမှန်ပိတ်ပင်သော အကျင့်များဖြစ်၏။

✣ အပျော်သည် ပျော်ခိုက်မှာသာ ပျော်၏။ ရပ်သည်နှင့် တစ်ပြိုင်တည်း ဒုက္ခဖြစ်တတ်လေသည်။ ဒုက္ခ အပူသောကများစွာတို့သည် အပျော်ထဲမှ ထွက်ကြ၏။ အပျော်သည် ဒုက္ခဆင်းရဲခြင်း အမျိုးမျိုးတို့ကို မွေးမြူသောဌာန ဖြစ်လေသည်။

✣ ငွေသည် ရန်သူဖြစ်၏။ ငယ်ရွယ်သူတို့၏ ခါး၌ရှိသော ငွေသည် မြွေပွေးနှင့်တူ၏။ သူဌေးသား သူငယ်ချင်း မြွေပေါက်ခံရလျှင် မိမိလည်းအပေါက်ခံရမည်ဟုမှတ်ပါလေ။

✣ လောက၌ ကံအဆိုးဆုံးသော သူသည် မိမိ၏အလုပ်၌ သူတစ်ပါးအောက်ကျခြင်း၊ ကိုယ်ပိုင်အလုပ်၌ ကောင်းစွာမတတ်ခြင်း ဖြစ်လေသည်။

✣ ယခုခေတ်သည် အမြန်ခေတ် အပြိုင်ခေတ် ဖြစ်၏။ သူ့ထက်ငါဦးမှ အလုပ်ကောင်း နေရာကောင်း အချက်ကောင်းကို ရနိုင်လေသည်။

✣ အလှုပြင်ခြင်း၊ ဆီလိမ်းခြင်း၊ မှန်ခဏခဏကြည့်ခြင်း အလုပ်များသည် အပိုဖြစ်၏။ ယောက်ျားသည် မှန်နှင့်မတော်ပေ။ မျက်နှာ၌ စင်ကြယ်သန့်ရှင်းဖို့ အမွေးအမှင် စင်ကြယ်ဖို့သာ လိုလေသည်။



✣ အရောရာ၌မလွန်မကျူးခြင်း၊ လျင်မြန်ထက်မြက်ခြင်း၊ ဝီရိယရှိခြင်း ဤသုံးခုသည် အကြီးဆုံးသောအား ဖြစ်လေသည်။

✣ ငွေသည် တံစိုးလက်ဆောင်ပေးရာ၌ လွန်စွာအသုံးဝင်၏။ အခြားကောင်းကျိုးကိုကား ထိထိရောက်ရောက် သိသိသာသာ မပေးနိုင်။ ပေးလျှင်လည်း မမြဲပေ။

✣ လူသည် ပထမမြင်ရသော အသွင်ကို အများအားဖြင့် စွဲမှတ်ကာ အထင်ကြီးခြင်း အထင်သေးခြင်း ရှိတတ်လေသည်။

✣ လူ၏ သိက္ခာသမာဓိဂုဏ်မှာ ကိုယ်၊ စိတ်၊ ဝိညာဉ် သုံးပါးစပ်လျက် ရှိ၏။

✣ စကားများများ ပြောတိုင်း လူတစ်ယောက်ကို မိမိဘက်ပါအောင် ဆွဲဆောင်၍ မရ။

✣ အပြောကောင်းတိုင်း မပိုင်။ အပြောလည်တိုင်း မနိုင်။ စကားများခြင်းကြောင့် အရေးနိမ့်လေသည်။

✣ တိုက်ရိုက်ပြောခြင်းဖြင့် ခုခံစိတ်ကို ဖြစ်စေတတ်သည်။ အဘယ်အရာကို လုပ်ပါဟု ပြောမည့်အစား လုပ်လျှင် အဘယ်အကျိုးမျိုး ဖြစ်မည်ကို ပြောရမည်။

✣ လူကို အကဲခတ်ခြင်းသည် လွန်စွာအရေးကြီးလေရာ အပျိုလှည့်သော လူပျိုကဲ့သို့ မိမိ၏ဘက်သို့ ပါလောက်ပြီ မပါလောက်ပြီကို သိဖို့နှင့် မိအောင်ဖမ်းဖို့ အရေးကြီးလေသည်။

✣ ပညတ်မှာ ဓာတ်ပါ၏။ စကားမှာ တရားပါ၏။

✣ တစ်ခါ ကျေးရွာပြုမိလျှင် နောက်ကိုလည်း ဆက်၍ ပြုတတ်စမြဲ ဖြစ်လေကာ သဒ္ဒါလွန် ဆွမ်းတော်ရုံ ဟူသော စကားကိုသာ သတိပြုဖို့ ရှိလေသည်။

✣ နှုတ်ဖြင့် မိမိ၏အရည်အချင်းကို ပြောပြခြင်း၊ သက်သေခံလက်မှတ်၏ ချီးကျူးခြင်းများသည် အထည်ကိုယ်မရှိ၊ အလုပ်မှသာ မျက်မြင်တွေ့ရှိနိုင်သော အထည်ကိုယ်ဒြပ်ဖြစ်လေသည်။

✣ အလုပ်သည် လူ၏စိတ် လူ၏သတ္တိ ဟူသမျှ မျက်မြင်ထင်ရှား သိသာအောင် ဖော်ပြသော နည်းလမ်းပင် ဖြစ်လေသည်။

✣ လူတို့ကို သေးနုပ်သိမ်ဖျင်း နိမ့်ရာသို့ ဆင်းစေသော နည်းလမ်းများတွင် အလုပ်ကို ပေါ့ပေါ့ဆဆ အပေါစားလုပ်ခြင်းသည် အရေးကြီးဆုံးသော အကြောင်းတစ်ခု ဖြစ်လေသည်။

✣ လူတို့သည် စဉ်းစားဆင်ခြင်တတ်သော သတ္တဝါဖြစ်သော်လည်း ကိုယ်တိုင် ဆင်ခြင်တတ်သော ဉာဏ်ကို အသုံးပြုသည်ထက် အများ၏ထင်မြင်ချက်ကို ပိုမို၍ လေးစားဂရုပြုလိုသောစိတ်က ပိုမိုအားကြီးလေသည်။

✣ အလုပ်တစ်ခုကို အစွမ်းကုန် ကောင်းသည်ထက်ကောင်းအောင် လုပ်ခြင်းသည် အလုပ်၏ဂုဏ်သာ မဟုတ်၊ လုပ်သူ၏ ဂုဏ်လည်း ဖြစ်လေသည်။



✣ လခစားအလုပ်ကို လုပ်သည့်အခါ တစ်နေ့သ၌ ငါသည် တခြားသူများကို လခပေးနိုင်သောသူ ဖြစ်ရမည် ဟူသော စိတ်မျိုးကို ထားရှိသင့်ကြလေသည်။

✣ ပန်းတိမ် တောက်တောက် မစားလောက် ဟူသော စကားသည် အလုပ်ကို ရိုးမှန်စွာ မလုပ်ကြခြင်းကြောင့် ထွက်ပေါ်သော စကားဖြစ်၏။

✣ ကြီးပွားလိုသူတို့သည် အများ၏ လိမ်နည်းကိုမလိုက်ရ၊ တိုင်းပြည်၏ အကျိုးစီးပွားကို ထောက်ထားကာ အလိမ်ကို ဖော်ပြ၊ ရိုးရိုးမှန်မှန် လုပ်ကြရမည်။

✣ ထူးချွန်ခြင်းသည် အများအားဖြင့် ပင်ကိုသတ္တိမဟုတ်ပေ။ အလုပ်ကို သေချာကောင်းမွန်အောင် ထူးထူးချွန်ချွန်ကြိုးစားခြင်းကြောင့် ထူးချွန်ခြင်း ဖြစ်ရလေသည်။

✣ ကြီးကြီးကျယ်ကျယ် ဖြစ်မြောက်အောင်မြင်အောင်ကြံစည်ကြိုးစားသူတို့မှာလည်း အများနှင့်မတူသော တွေးခေါ်ထင်မြင်ချက်ကို အသုံးပြုကာ အများမလုပ်သော အရာများကို စွန့်စားလုပ်ကိုင်ကြရလေသည်။

✣ မည်သူမဆို ဆိုင်ရာ ဆိုင်ရာ၌ အများထက် ထူးချွန်အောင်လုပ်သော သတ္တိစွမ်းရည် ရှိလေသည်။

✣ တစ်စုံတစ်ယောက်အား စကားမြင့်မခံ၊ မာနကြီးစွာ ပြော၍ ပြောသူမှာ အရသာမရှိ၊ လျှာ၌ ချို၍လည်းမသွား၊ အာခေါင်၌ စိမ့်၍လည်းမသွား၊ အဆီအသားလည်း မတိုးပေ။

✣ စကားကို ပေါ့ပေါ့မထင်အပ်ကြပေ။ နှုတ်မှထွက်

လိုက်သော စကားတစ်လုံးသည် နောင်နှစ်ကာလ ပရိစ္ဆေဒမြင့်ကြာသော အခါတိုင်အောင် ကောင်းကျိုး မကောင်းကျိုးကို ဖြစ်စေနိုင်လေသည်။

✣ စကားကို နည်းနိုင်သမျှ နည်းစေ၍ နှုတ်ကို ပိတ်နိုင်သမျှ ပိတ်ကာ၊ နားကို ဖွင့်နိုင်သမျှ ဖွင့်စေရာ၏ သို့မှသာ ပညာရှိ လူလိမ္မာ ဖြစ်နိုင်လေသည်။

✣ လူလိမ္မာ လူပညာရှိသည်ကား မိမိ၏ အကြောင်းကို လူတိုင်းလွယ်ကူစွာ မသိရအောင် သတိပြုလေ့ ရှိကြ၏။

✣ သိလိုသောစိတ်သည် ဂရုစိုက်သော စိတ်ဖြစ်၏။ ဂရုစိုက်ခြင်းသည် အရေးယူခြင်း၊ လေးစားခြင်းပင် ဖြစ်လေသည်။

✣ အသီးအနှံအောင်သော စပါးပင်သည် ငိုက်၍ကျ၏။ အသီးအနှံ မအောင်သော အပင်၊ အသီးအနှံ မရှိသော အပင်သည် ရိုးပြတ်များသာ ထောင်လျက် ရှိနေကြ၏။

✣ ဆံပင်ငုတ်တိုသည် ထောင်၏။ ရှည်လျားလျက်ကြက်သရေရှိသော ဆံပင်သည်ကား မထောင်နိုင်ပေ။ ကောက်ရိုးမီးသည် တက်ကြွ၏။ မာသော သစ်တုံးကြီး၌စွဲသော မီးသည်ကား မတက်မကြွ၊ ငြိမ်သက်စွာ ရဲရဲကြီးကြည်နေ၏။

✣ သတ္တဝါဟူသမျှ မိုးကိုကျောပေးပြီး မြေကို ငိုက်ပေး၏။ လူသာလျှင် မြေကိုခြေကန်ကာ ဦးခေါင်းကို မိုးသို့ထောင်၏။



✣ ထမင်းဝရုံ အိတ်ထဲ၌ ဒင်္ဂါးကိုထည့်၍ လှုပ်နိုင်ရုံမျှ သူတို့သည် အမျိုးမျိုး ဟန်ဓာတ်ခုတ်ကြ၏။

✣ ဓာတုဗေဒ စိန်သမားသည် တကယ့်တွင်းထွက် စိန်စစ်သမားထက် စိတ်ကြီး ဝင်တတ်လေသည်။

✣ လူမှန်သမျှမှာ မာနရှိ၏။ ထိုမာန မရှိက လူမဖြစ်နိုင်။ လူသည် မာန်ကောင်း၏။ သို့ဖြစ်သောကြောင့် သတ္တဝါအပေါင်းတို့တွင် မိုးကိုထောင်လျက် လမ်းလျှောက်သော သတ္တဝါဖြစ်၏။

✣ စိတ်ကြီးဝင်ခြင်းသည် အပိုအလုပ်ဖြစ်၏။ အကျိုးမဲ့ လူမုန်းခံရသော အလုပ်ပေတည်း။

✣ မြှောက်ပင့်ခြင်းသည် လေသံမျှဖြစ်၏။

✣ အလှူပေးရာ ဆန်မကုန်စေနှင့်ဟူသော စကားသည် အလှူရှင် စေတနာပျက်က ဆန်ကုန်ရုံ ရှိတတ်သည်ဟု ဆိုလိုခြင်း ဖြစ်လေသည်။

✣ မာန်ဆိုသည်မှာ ဖျက်ဆီးရန်ခက်၏။ ဂုဏ်ပကာသနကို လျှော့လျှင်လည်း ဂုဏ်ရခြင်းမှတစ်ပါး အခြားအကျိုးစီးပွားမြောက်မြားစွာ ဖြစ်မည်မဟုတ်ပေ။

✣ ကိုယ်တိုင် အစစ်အမှန် အဖိုးတန်သူတို့မှာ အဝတ်တန်ဆာကို အထူးမလို။

✣ လောကုတ္တရာရေးမှာ မည်သူမျှအမှန်ကိုပိုင်နိုင်စွာမသိ။

✣ အနေမပြောင်းနှင့်။

✣ မေတ္တာနှင့်နှိမ့်ချခြင်းသည် ဒေါသထက်တန်ခိုးကြီး၏။

✤ ငွေသုံးခြင်းကို အတတ်ပညာတစ်ခုကဲ့သို့ သဘောထားရမည်။ စရိတ်ကုန် နည်းနိုင်သမျှနည်းပြီး အဘယ်ပုံတင့်တယ်စွာ အသက်မွေးရမည်ဟူသော နည်းစနစ်ကို ဉာဏ်ထုတ် ရှာကြံရမည်။

✤ အခွေခင်ပွန်းကောင်းကို တွေ့ရလျှင် 'စိုသောလက် မခြောက်စေရ' ဟူသော စကားကို မြဲမြဲကြီး မှတ်ရာ၏။

✤ လူသည် အစုအဝေး အသိုက်အဝန်းနှင့် အသက်ရှင်၍ နေထိုင်သော သတ္တဝါမျိုးဖြစ်၏။

✤ သူ့အဖို့ကို ရှေးဦးစွာသိက ကိုယ့်အဖို့ကို မသိဘဲနေနိုင်ကြမည် မဟုတ်ပေ။

✤ စိတ်ချမ်းသာမှ လူချမ်းသာ ဖြစ်နိုင်၏။

✤ လူသတ္တဝါမှန်က ကိုယ်တိုင်ဆင်းရဲဒုက္ခ မတွေ့ရလေအောင် မိမိကိုယ်ကို စောင့်ရှောက်နိုင်သော သတ္တိနှင့် ပြည့်စုံကြ၏။

✤ လောက၌ မကောင်းမှုဒုစရိုက်များကို ရှောင်ရှားသော သူတို့မှာ တမလွန်ဘဝ ပစ္စုပ္ပန်ဘဝတို့အတွက် ပူဖို့ မလိုပေ။

✤ မာနကြီးသူသည် ခေါင်းကိုမော်နေ၏။ မိမိ၏ပတ်ဝန်းကျင်ကို မမြင်ပေ။

✤ လူ့ဘဝကို မုန်းသူများသည် လူ့ဘဝတွင် ဒုက္ခအများဆုံးလူများဖြစ်၏

✤ အချိန်ရှိသရွေ့ အမှားကို ပြင်နိုင်၏။

◻



## နိုင်ငံရေး

လူတိုင်းသည် နိုင်ငံရေးသမား မဟုတ်။ သို့သော် နိုင်ငံရေးသတ္တဝါများ ဖြစ်ကြ၏။

(အရစ္စတော်တဲလ်)

❖ ကမ္ဘာပေါ်၌ စစ်မက် အေးချမ်းစေလိုလျှင် အစည်းအဝေးတွေကိုခေါ်၍ နေဖို့မလို။ အလုပ်၌ စစ်သဘောကိုသွင်း၍ ပေးဖို့သာရှိလေသည်။ အလုပ်တည်းဟူသော စစ်၌ ကျေနပ်ကြသဖြင့် သတ်ပုတ်သော စစ်ကို သွားဖို့လိုတော့မည် မဟုတ်ပေ။

❖ ကမ္ဘာပေါ်တွင် လူမျိုးကွဲပြားခြင်းသည် ဆင်းရဲသားနှင့် သူဌေး ကွဲပြားခြင်းထက် အရေးကြီးမည် မဟုတ်။

❖ လူမျိုးတစ်မျိုးနှင့်တစ်မျိုး စစ်မက်ကင်းမဲ့စေကာမူ၊ ဆင်းရဲသားနှင့်သူဌေး စစ်မက်မအေးသမျှ ကမ္ဘာကြီး အအေးနိုင်။

❖ လေဘာ(အလုပ်သမား)သည် တိုင်းပြည်တည်းဟူသော သစ်ပင်ကြီး၌ ရေသောက်မြစ် ဖြစ်လေရာ ထိုရေသောက်မြစ်မှာ ရေမလောင်းရချေက တစ်ပင်လုံး ခြောက်ဖို့သာရှိသည်။

◆ ဆင်းရဲအောက်ကျ၍ နေသူဟူသမျှမှာ ပြောစရာ စကား ဝမ်းနည်းဖွယ်ရာ အတ္ထုပ္ပတ္တိ တစ်ခုခုရှိ၏။

◆ တိုင်းနိုင်ငံသည် ခန္ဓာအိမ်နှင့် တူ၏။ အကြောင်းမူကား ဝင်ကုန်များ၍ ထွက်ကုန်နည်းလျှင် ဝမ်းချုပ်၍ သေတတ်လေသည်။

◆ တစ်စုံတစ်ယောက်ကို တစ်ဦးနှင့်တစ်ဦးက မိုးထိအောင် မြှောက်ချေက တိုင်းပြည်တစ်ပြည်လုံး ပိုင်း၍မြှောက်ကြ၏။ အမြှောက်ခံရသူသည် သူယုတ်မာဖြစ်သည့်အခါ တစ်မျိုးလုံး နစ်နာကြလေသည်။

◆ ကမ္ဘာပေါ်၌ စစ်သုံးမျိုး ရှိ၏။ ထိုသုံးမျိုးသည်ကား တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ လူတစ်မျိုးနှင့်တစ်မျိုး တိုက်သောစစ်၊ ဆင်းရဲသားနှင့် သူဌေး စစ်ဖြစ်လေရာ အစိုးရများက လက်နက်ရုပ်သိမ်းခြင်း၊ စစ်မက်ကင်းမဲ့ခြင်း အလုပ်တို့ကို အောင်မြင်အောင် မတော်တဆ စီမံနိုင်စေဦးတော့ ပြည်တွင်းရေးစစ်ကိုမူ ပပျောက်အောင် လုပ်၍ရမည် မဟုတ်ချေ။

◆ ကမ္ဘာပေါ်၌ ရှေ့လာမည့် ခေတ်များတွင် လူတစ်မျိုးနှင့်တစ်မျိုးတို့ကို တိုက်သောစစ်ထက်၊ ဆင်းရဲသားနှင့်သူဌေး တိုက်သောစစ်က ပိုမိုအရေးကြီးဖို့ ရှိပေသည်။

◆ တိုင်းပြည်ဟူသမျှ၌ လူမျိုးကွဲမင်း အုပ်ချုပ်သည်ဖြစ်စေ၊ အမျိုးသားမင်း အုပ်ချုပ်သည်ဖြစ်စေ၊ ယခု စီမံအုပ်ချုပ်ပုံ ဒီမိုကရေစီနည်းစနစ်များအရ ဆင်းရဲသားများ၏ အခြေအနေမှာ ထူးခြားဖို့ မရှိ။



◆ သခင်တို့ကား ကျွန်ထားရာမှ နေကြရ၏။ ဘုရင်ရာဇာ ပြည်လိုရာကို လိုက်ပါနားထောင်၍ မထောင်သူဘာ၊ ပြည်ထောင်ထ ဒိုက္ခဘေးဒဏ်သင့်ရာ၏။

◆ ကျွန်ပ်တို့လူမျိုးသည် ခေါင်းဆောင်ကောင်း ဖြစ်ဖို့ရန် အရည်အချင်းမရှိ။ နောက်လိုက်ကောင်းဖြစ်ဖို့သာလျှင် အရည်အချင်း ရှိလေသည်။

သို့ဖြစ်သောကြောင့် ကောင်းသော ခေါင်းဆောင်ဟူ၍ ညွှန်ပြရန်မရှိ။ နောက်လိုက်ကောင်းတွေသာ များ၍ နေကြလေသည်။

◆ ပါတီများသည် အမျိုးသားနှင့်မဆိုင်၊ ပါတီမျှသာဖြစ်ကြလေသည်။ ပါတီမှာ အမျိုးသားစိတ်မရှိ။ အမျိုးသားတစ်မျိုးလုံးအတွက်လည်း ပါတီတို့လည်း ဂရုမစိုက်၊ ပါတီဟူသော စကားအရ အစိတ်အပိုင်းမျှသာ ဖြစ်လေရာ မိမိတို့ကိုယ်တိုင်နှင့် ဆိုင်သော အစိတ်အပိုင်း အတွက်သာလျှင် လုံးပန်းကြလေသည်။

◆ တစ်ခါတစ်ရံ ပါတီအတွင်း၌ အချင်းများကြလေရာ ပါတီ၌ပါသော သူတစ်ယောက်စီ တစ်ယောက်စီ ကောင်းစားဖို့မျှသာ ရှာကြံခြင်း ဖြစ်လေသည်။ ဤတွင် တိုင်းပြည်စိတ်နှင့် ပါတီစိတ် ခြားနားခြင်းကို သိနိုင်လေသည်။

◆ မျိုးချစ်စိတ်ဆိုသည်မှာ အသံကောင်းစကားမျှသာဖြစ်၍ နေလေသည်။ မျိုးချစ်စိတ် အမှန်ရှိသူ လွန်စွာနည်းပါး၍ နေလေသည်။

◆ ကျွန်ပ်တို့တိုင်းပြည်၌ ငါချစ်စိတ် ရှိသူတွေသာများ၍ နေကြလေသည်။

သို့ဖြစ်သောကြောင့် တိုင်းပြည်၏ ပါတီဟူ၍ မရှိ။ တိုင်းပြည်အတွက် ကြိုးစားသူ နည်းပါးလျက် ကိုယ်တိုင်အတွက် ကြိုးစားသူတွေသာ များ၍နေကြသည်။

◆ ပင်ရှင် အငြိမ်းစား ဟူသော စကားကို ဒေါက်တာဂျွန်ဆင်၏အဘိဓာန်၌ အစိုးရ(ဝါ)တိုင်းပြည်၏ကျွန် (State of the State)ဟု ဆို၏။

◆ ဒီမိုကရေစီခေတ်၌ များရာအလိမ္မာ ဖြစ်သဖြင့် လိမ္မာခြင်းသည် အပေါစားဖြစ်၍ နေလေသည်။

◆ ဝရမ်းပြေး လူဆိုးများထက် ဆိုးသောသူတို့သည် လူကောင်းထဲတွင် များစွာရှိကြ၏။

◆ အုပ်ချုပ်ခြင်း ရထား၌ ဘီးသည် ဒင်္ဂါးဖြစ်၏။

◆ ဒရိုင်ဘာသည် ဘရိတ်ကို အစိုးရ၏။ ဘရိတ်သည် မော်တော်ကားကို အစိုးရ၏။ မော်တော်ကားသည် လမ်းလျှောက်သူတို့ကို အစိုးရလေသည်။

◆ ကောင်းသောအုပ်ချုပ်ရေးကို ကောင်းသောသူများသာ အလိုရှိကြ၍၊ မကောင်းသော အုပ်ချုပ်ရေးကို မကောင်းသောသူများသာ အလိုရှိကြသည်။

◆ ခြေတစ်ဖက်ထဲ လမ်းလျှောက်က မဖြစ်နိုင်သကဲ့သို့ တိုင်းပြည်တစ်ခု၏ တိုးတက်မှုသည်လည်း စီးပွားရေးနှင့် နိုင်ငံရေး နှစ်ဖက်လုံး စွယ်စုံညီမှ ဖြစ်နိုင်လေသည်။



❖ ကမ္ဘာပေါ်၌ များစွာရနိုင်သော စည်းစိမ်ဥစ္စာတို့သည် အနည်းငယ်မျှသော သူတို့ထံတွင် စုပုံနေသမျှ ကာလပတ်လုံး လူတို့၏စိတ်မှာ စစ်ကိုသာမက ကမ္ဘာပျက်ဖို့ကို တောင့်တကြသည်။

❖ ကမ္ဘာပေါ်၌ စစ်မက်ရေးရာ မဖြစ်အောင် လုပ်နည်းမှာ လက်နက်လျှော့ခြင်းမဟုတ်၊ လက်နက်တွေကို မလုပ်ဘဲနေခြင်းမဟုတ်၊ တိုင်းပြည်၏ ဆင်းရဲသားအပေါင်း၊ အလုပ်သမားအပေါင်းတို့ ကျေကျေနပ်နပ် ချမ်းချမ်းသာသာ ရှိကြဖို့နည်းလမ်းကို ရှာကြံအပ်ခြင်း ဖြစ်လေသည်။

❖ တိုင်းပြည်ကို အုပ်ချုပ်သော အစိုးရသည် တိုင်းပြည်၏ အကျိုးစီးပွားနှင့် မလွဲသော ပြည်သူများသာ ဖြစ်ရာ၏။

❖ ဒီမိုကရေစီအုပ်ချုပ်ရေးသည် အသိပညာ အလိမ္မာရှိ၍ ယဉ်ကျေးပြီးသော တိုင်းပြည်များအတွက် သင့်လျော်သောနည်းဖြစ်သော်လည်း မြန်မာပြည်ကဲ့သို့ ဉာဏ်မျက်စိမပွင့်လင်းသေးသော တိုင်းပြည်များအတွက်ကား များစွာ မသင့်လျော်ပေ။

❖ ရာထူးရလိုသော လောဘရမ္မက် ကြီးသလောက် ဝီရိယလုံ့လကြီးစွာနှင့် ဟောပြောသူ၊ ညာသူ၊ ဝါသူများသည် တိုင်းပြည်၏ဇက်ကြိုးကို ကိုင်ရမည့်လူများ ဖြစ်ကြသည်။

❖ အမတ်ဖြစ်၍ အပေါင်းကောင်းလျှင် အစိုးရ ဖြစ်နိုင်လေသည်။ အကြောင်းမူကား ဒီမိုကရေစီ ကိုယ်တိုင်က ထိုသဘောအတိုင်း ဖြစ်လေသည်။

❖ ဥပဒေပြုကောင်စီသည် လူဆိုးလူကောင်းမရွေး လူ့အယုတ်အမြတ် ခွဲခြားမသိ။ လူလိမ္မာ လူမိုက်အဆင့်အတန်းတူညီသော၊ ယုတ်ညံ့သောနေရာ ဖြစ်လေသည်။ အသုံးမကျသော သူများလည်း အမတ်အဖြစ်သို့ ရောက်သည့်အခါအသုံးဝင်သွားကြလေသည်။

❖ နိုင်ငံရေးလုပ်မည်ကြံလျှင် အလုပ်တစ်ခုခုကို တည်ထောင်ပြီးနောက် အောင်ပြီ ဖြစ်ပြီဟု မှတ်ထင်စိတ်ချကာ နိုင်ငံရေးကို လိုက်စားသဖြင့် ပျက်စီးသူတွေကို ကြည့်ပါဦး။

❖ လူငယ်များကို စင်မြင့်ပေါ်သို့တင်၍ အဆဲတရားဟောခိုင်းခြင်းသည် လူစော်ကားများဖြစ်အောင် ဖန်တီးခြင်းသာဖြစ်၏။

❒



# အချစ်ရေး

အချစ်သည် အဆင့်အတန်းအားလုံးတို့ ဆုံမိဆုံရာ ပလက်ဖောင်းတည်း။

(ဒဗလျူ အက်စ ဂီလီဘတ်)

✿ ချစ်သူ၏အသံသည် အသာယာဆုံး ဖြစ်လေသည်။

✿ ယခုကာလ လင်နှင့်မယား အကွဲမြန်ကြခြင်းသည် အချစ်ချင်း မတူကြသောကြောင့်ဖြစ်၏။ အကြောင်းမူကား မိန်းမကလည်း နည်းနည်းချစ်၏။ ယောကျ်ားကလည်း နည်းနည်းချစ်၏။

✿ မိန်းမပျင်းလျှင် တစ်အိမ်လုံး ညစ်တတ်၏။

✿ ယခုအခါ ဝိုင်ယာလက်နှင့် စကားပြောသူတို့သည် မိမိတို့၏ ကိုယ်ဟန် မျက်နှာ အမူအရာကိုလည်း မြင်အောင်ပြနိုင်ကြ၏။ နဖူးစာတွေ ယခုအခါ ရွာမလယ်၊ ကမ္ဘာကို လယ်ကြလေသည်။

သို့သော်လည်း ဝိုင်ယာလက်နှင့် ပေါင်းဖော်နိုင်သော ခေတ်ကြီးသို့ရောက်လျှင် အိမ်တွင်းပုန်းတွေ အလွန်တရာ အသက်ရှူချောင်ကြပေလိမ့်မည်။

✿ အသင်သည် ပဋိသန္ဓေအတွက် သန္ဓေတည်သူတို့မှာ ဖုံးကွယ်၍ မရသလို၊ နှလုံး၌တည်သော အတွင်းသန္ဓေသည် ဖုံးကွယ်၍ မရ။

✿ မိန်းမတို့သည် မိမိတို့ကိုယ်တိုင် ဝင့်ဝါပလွှားတတ်စေကာမူ ယောက်ျား၏ ဝင့်ဝါခြင်းကိုကား မုန်းထားတတ်လေသည်။

✿ ပြည့်တန်ဆာများနှင့် ပေါင်းသင်းရာ၌ အချစ်သည် မရှိပေ။

✿ ပြည့်တန်ဆာမသည် ပေါင်းသင်းသူ မက်အောင် ဖောက်သည် ဆွယ်နည်းဖြစ်သော သွေးခြောက်သော ပရိယာယ် အမူအရာများကို အသုံးပြုလိမ့်မည်။ ၎င်းတို့မှာ ညဥ့်အခါ နံ့သာခြယ်၍ မီးရောင်ကြောင့် အရောင်တောက်သော်လည်း နံနက် အိပ်ရာထမှာ သွေးခြောက်၍နေ၏။

✿ ကာမအမူသည် အချစ်နှင့်ပတ်သက်မှသာ တကယ် စည်းစိမ်ကိုပေးနိုင်၏။ အချစ်မရှိက အသေကောင်နှင့် ပေါင်းဖော်ရသည်နှင့် မခြားပေ။

✿ လိမ္မာသော မိန်းမသည် စိတ်နုပ်သိမ်ယေသော ခုတင်ထက်၌ အဖိုးတန်ကို သိမြင်တတ်၏။ ရွှေထုပ်သောပဝါနှင့် ပြာသာဒ်ကို ခြားနား၍ သိမြင်တတ်သည်။

✿ အဖိုးတန်သော မယားကို အဝတ်ကြောင့် မရပေ။ အသုံးအစားကြီး၍ ပလွှားသော မယားကိုသာ အဝတ်နှင့်မြှူ၍ ရပေမည်။



✿ မိန်းမတို့သည် တကယ့် ပင်ကိုအလှကို အဝတ်မပါဘဲဖြင့် တတ်၏။ ယဉ်ကျေးလိမ္မာသော မိန်းမသည် အဝတ်နည်းလေလေ အလှကို ပြင်တတ်လေလေဟု မှတ်ပါလေ။

✿ အိမ်ထောင်ရှိမှသာ လောကီအသက်မွေးခြင်းအလုပ်ကို ထိထိရောက်ရောက် တကယ်ပင် လုပ်လေ့ရှိကြလေသည်။

✿ လူ့ဘဝမှာ ပထမအချစ်နှင့် ပတ်သက်၍ သောကအပူ အပင် သင့်တတ်သည်။

✿ အချစ်ဆိုသည်မှာ ချစ်ခိုက်သာလျှင် ချစ်၏။ မုန်းလျှင် ပစ်၏။ တကယ်ရှိသော အရာမဟုတ်။ ခေတ္တမျှ ကောင်းကင်၌ ပေါ်သော တိမ်ရုပ်နှင့် တူ၏။

✿ အချစ်ကြောင့် သောကမီးတောက်ခြင်းသည် အပိုရှူးမိုက်ခြင်း ဖြစ်လေသည်။

✿ မိန်းမများ မှန်ကြည့်သောအခါ လှချင်လို့ဟု ပြောကြ၏။ ယောက်ျားများ မှန်ကြည့်ခြင်းကိုကား သန့်ရှင်းအောင်လို့ဟု ဆိုလေသည်။

✿ အမြဲတုံးလျက် မသွေးဘဲထက်သော ဓားသည် လင်ကိုနိုင်သော မိန်းမ၏လျှာ ဖြစ်လေသည်။

✿ မိန်းမတို့သဘာဝသည် လူအများ၏ ချီးမြှောက်ခြင်းကို ခံနေဖို့ မဟုတ်။ လူတစ်ဦးတစ်ယောက်၏ ချစ်ကြည်လေးစားခြင်းကို အမြဲခံရဖို့ ဖြစ်လေသည်။ ထိုကဲ့သို့ ချစ်ကြည်လေးစားခြင်းသည် တစ်ကိုယ်ကောင်း ရှာကြံတတ်သော မိန်းမချော မိန်းမလှများ၏ တန်ဖိုးမဟုတ်။

✿ မိမိကိုယ်ကို လျှော့စျေးချသော အပေါစားမိန်းမတို့၏ တန်ဖိုးလည်းမဟုတ်။ မိမိကိုယ်ကို မိမိကိုယ်တိုင် ရှိသေ၍ အခြားသောသူများ ရှိသေလေးစားအောင် နေတတ်သော မိန်းမများ၏ တန်ဖိုးဖြစ်လေသည်။

✿ မိန်းမပီသသော မိန်းကလေးသည် အဝတ်၌လည်းကောင်း၊ အပြောအဆို၌လည်းကောင်း၊ အကြံအစည်၌လည်းကောင်း ပလွှားဝင့်ဝါခြင်း မရှိအပ်ပေ။

✿ ဂုဏ်သည် ရုပ်ကို ပို၍လှသည်ဟူသော အထင်အမြင်ကို ဖြစ်စေနိုင်၏။

✿ အပြစ်ကို ဂုဏ်က ဖုံးသဖြင့် အိမ်တောင်မှုတည်းဟူသော ဆေးကြောင်ကို ထိုးမိရာ အကြီးအကျယ် ဒုက္ခတွေ့ကြသူတွေ ရှိကြလေသည်။

✿ အချစ်သည် ဆင်းရဲလေလေ ထက်သန်လေလေ ဖြစ်နေသည်မှာ ဓမ္မတာ ဖြစ်လေသည်။

✿ အထင်ကြီးနှင့် ခုတင်ကြီးပေါ်မှ လေမွေ့ရာနှင့် နေကြသူများပင် ကျောအောက်၌ လေမွေ့ရာကို မီးလောင်ကာ ယမ်းအိုးပေါက်သလို ဖြစ်ကြရတတ်လေသည်။

✿ ဆင်းရဲလျှက် ကောင်းမြတ်သော အမျိုးသမီးများကို ထိုက်တန်သော အဆင့်သို့ ချီးမြှောက်တင်ဆောင်ခြင်း မပြုရဟူ၍ မနုကျမ်းက ဆိုပါသလား။

✿ အမျိုးထက် သူစိမ်းကိုမှ ပို၍ချစ်တတ်ခြင်းသည် စိတ်နေသဘောထား၏ အပြစ်တင်ခြင်းတစ်မျိုး ဖြစ်လေသည်။



✿ အဘယ်မိန်းမကား မိန်းမမြတ်၊ အဘယ်မိန်းမကား မိန်းမယုတ်ဟူ၍ သိသိသာသာ ဆေးဖြူနှင့်ဆေးနက်ခြားနားသလို ခြားနားစွာပြခြင်းငှာ မည်သည့်သျှတ္တရ၊ မည်သည့်ကာလီဒါသမျှ ညွှန်ပြခြင်း မပြုနိုင်။

✿ အရာရာ၌ ချီးမွမ်းလောက်သော ဂုဏ်များရှိလျက် ပျင်းတတ်သော အပြစ်ကလေးတစ်ခုသာ တွေ့ရှိအံ့၊ ထိုမိန်းမကိုယူခြင်းကြောင့် မှားမည်မဟုတ်ပေ။

✿ ဂုဏ်ကိုယူခြင်း၌ ဂုဏ်မမြဲသောအခါ ဂုဏ်ကြီးရှင်မိန်းမများသည် အထူးသဖြင့် အနီးဆုံးသော ရန်သူဖြစ်တတ်လေသည်။

✿ အချစ်နှင့် ပေါင်းသင်းသူတို့မှာ တစ်နေ့သ၌ ဆင်းရဲဒုက္ခ ဖြစ်စေကာမူ တစ်ယောက်၏အချစ်၌ တစ်ယောက်ပြေဖျောက်ရာ ရနိုင်၏။

✿ လင်ယောကျ်ားအဖြစ်သို့ ရောက်သောအခါ၌ အရေးအကြီးဆုံးသော အရာသည် မယားဖြစ်သူအပေါ်၌ ဒေါသအမျက်ကို မပြအပ်ခြင်း ဖြစ်လေသည်။

✿ မိမိအိမ်မှာထက် အခြားအိမ်၊ ကလပ်၊ အရက်ဆိုင်စသည်တို့မှာ အချိန်ကို ပို၍ဖြုန်းနေခြင်းသည် ချစ်သူမယား၏ အသည်းကို ခါချဉ်အကိုက်ခိုင်းသည်နှင့် တူလေသည်။

✿ လင်ယောကျ်ား၏ မျက်စောင်းတစ်ချက် အထိုးခံရလျှင် ဓားမြှောင်တစ်ချက် အထိုးခံရသလောက် နာတတ်လေသည်။

✿ လင်ယောကျ်ားဖြစ်သူက ငွေကိုရအောင် ရှာဖွေနိုင်ပါလျက် စလယ်ဝင်အိုးနှင့် အိမ်အလုပ်ကလေးများကိုမှ မလုပ်နိုင်သော မိန်းမသည် မိန်းမပေါ့ မိန်းမပျင်းမျိုးနှင့် ခြားနားဟော့မည် မဟုတ်ပေ။

✿ ပျင်းလျှင် အရာရာ၌ သန့်ရှင်းသလောက် သန့်ရှင်းမည် မဟုတ်ပေ။ နံနက်၌ မျက်နှာလည်းသစ် ဆန်လည်းဆေး၊ ပါနီလည်းပေး ဆိုသော မိန်းမ၏အကျင့်သည် အဘယ်မျှ ရှုံ့စရာ ကောင်းလိမ့်မည်နည်း။

✿ ပျင်းသောမိန်းမတို့မည်သည် မျက်နှာသာ လှတတ်၏။ ကိုယ်အင်္ဂါအားလုံးမှာ ကျန်းမာခြင်း ဖွံ့ဖြိုးစိုပြည်သော အဆင်းမရှိတတ်ပေ။

✿ မိန်းမငယ် ဖြစ်သောကြောင့် ယောကျ်ားကြီးကြီးနှင့် စိတ်ချ၍ အထားအပ်၊ မိန်းမကြီးသောကြောင့် ယောကျ်ား ငယ်ငယ်နှင့်လည်း စိတ်ချ၍ မထားအပ်ပေ။

✿ လင်ယောကျ်ားများသည် မယားဝတ် ကျေသည် မကျေသည်ကိုသာ ဂရုစိုက်တတ်ကြ၏။ မိမိတို့၏ဝတ္တရား ကျေ,မကျေမှုကား သတိမထား အမှတ်မဲ့ နေတတ်ကြလေသည်။

✿ မိန်းမသည် ကလေးနှင့်တူ၏။ ယောကျ်ားကစ၍ ဝတ္တရားကျေပွန်က ၎င်းတို့ကလည်း ဝတ္တရားကျေပွန်မြဲ ဖြစ်လေသည်။

✿ မသက်ာခြင်းနှင့် အချစ်သည် အတူတကွ မနေနိုင်။



✿ သားမယားအပေါ်၌ အယုံမရှိသူသည် အဆင်းရဲဆုံးသောလူ ဖြစ်သည်။

✿ မယားကိုကြောက်ရသော ယောကျ်ားထက် ကျက်သရေယုတ်သူ မရှိပေ။

✿ နည်းလည်းကျသော အရာတစ်ခုခုကို မိမိသဘောအတိုင်း မပြုလုပ်နိုင်အောင် မယားကိုကြောက်ရခြင်းထက် ရှက်ဖွယ်သောအရာ လောက၌ မရှိပေ။

✿ မိန်းကလေးများမှာ ယောကျ်ားအဆင့်အတန်းကို မီဖို့ရန် ပညာတတ်အင်္ဂလိပ်ကျောင်းသူ၊ ကောလိပ်ကျောင်းသူ ဖြစ်ဖို့မလို၊ စိတ်ကိုပြုပြင်ပြောင်းလဲဖို့ သဘောကြီးသော အမျိုးသမီးကလေး ဖြစ်ဖို့သာ လိုလေသည်။

✿ အကြည့်ရဲသော မိန်းမဆယ်ယောက်အနက် ဆယ်ယောက်ခန့်မှာ (စက္ကူ ရှုပေနသံဝါသာ) စိတ်ကင်းကြမည် မဟုတ်ပေ။

✿ ယောကျ်ားတစ်ယောက် ချွဲချွဲပျစ်ပျစ် ပြောသည့်အခါ ယုံလွယ်ကြသည်မှာ မိမိတို့ကိုယ်ကို အထင်ကြီးကြခြင်းကြောင့် ဖြစ်လေသည်။

✿ အရှက်နှင့် အကြောက်ဟူသော စကားသည် မှား၏။ အရှက်သည် မိန်းမတို့၏ကျက်သရေနှင့် ပတ်သက်၏။ အကြောက်နှင့် မဆိုင်ပေ။

✿ မိန်းမတို့၏ အဖိုးတန်ခြင်းသည် အကျင့်ကောင်းခြင်း၊ စိတ်ကောင်းခြင်း၌သာ တည်သည်။

✿ သမီးရည်းစားဘဝ၌ 'ဖွဲ့နှင့်သလဲ'ဟူသော စကားမျိုးတွေ၊ ကျိန်စာတွေ၊ သစ္စာတွေ အဘယ်မျှ ထားစေကာမူ ညီမလေးတစ်ယောက် စွတ်စွတ်ရွတ်ရွတ် ဘွားခနဲ ပေါ်ပေါက်၍ မလာနိုင်ချေဟု မည်သူ အာမခံနိုင်ပါမည်နည်း။

✿ မိန်းမများ၌ အကြီးဆုံးသော ရန်သူသည် ယုံတတ်သောစိတ် ဖြစ်သည်။

✿ မျက်ရည်ခံထိုးသူများနှင့် တွေ့လျှင် 'ကျွန်မ လင်လိုချင်တယ်။ မယားမလိုချင်ဘူး'ဟူ၍သာ ပြန်ပြောဖို့ ကောင်းသည်။

✿ မိန်းမပေါ့များကို ရှောင်နိုင်သမျှ ရှောင်ရမည်။ ပေါ့လျှင် အဘယ်အခါမျှ စိတ်ချရမည် မဟုတ်ပေ။

✿ ဣန္ဒြေရှိခြင်းသည်လည်း အခါတိုင်း မယုံသောအရာဖြစ်၏။ အမှန်စင်စစ် ဣန္ဒြေ လွန်နေစေကာမူ ဟန်ဣန္ဒြေလောက် စိုးရိမ်ဖို့ မရှိပေ။

✿ မသင်္ကာခြင်းသည် မသင်္ကာခြင်းမျှဖြစ်၏။ ပိုင်နိုင်သော ဒိဋ္ဌအသိ မဟုတ်ပေ။

✿ ရတနာသုံးပါးကို ကြည်ညိုသော မိန်းမထက် ရတနာနှစ်ပါးကို ကြည်ညိုသောမိန်းမက ပို၍ စိတ်ချရ၏။ သံဃာ ရတနာမှာ စိတ်မချရသော ရတနာဖြစ်၏။

✿ ခိုက်ရန်ဖြစ်ခြင်းသည် လေမုန်တိုင်း ထပြီးနောက် 'သာယာသော ပင်လယ်ပြင်ကို ဖြစ်စေသလို' အိမ်ထောင်ကို မကြာ မကြာ အိမ်သစ်စေ၏။



✿ စိတ်ကောက်တတ်သူ၊ စူတတ်၊ အောင့်တတ်သူသည် စိတ်လျှင်မြန်၍ မကြာခဏ ခိုက်ရန်ဖြစ်သော မိန်းမထက် ဆိုး၏။

✿ ငြိုငြင်မှောင်ကျသော စိတ်သည် ပင့်ကူအိမ်တွေ ကြပ်ခိုးစွဲလျက် မည်းနက်၍နေသောအိမ်ကို ဖြစ်စေ၏။

✿ မိမိမှာ မချမ်းသာသဖြင့် အခိုင်းအစေများ ထားနိုင်ဖို့ မရှိက ပျင်းသောမိန်းမကို သိ,ဖို့ရန် မခက်ပေ။

✿ မိန်းမပျင်းကို ခေါက်ဆွဲတစ်ခွက် ကျွေးရုံနှင့် သိနိုင်၏။ စားရာ၌ မေးကိုမလှုပ်ချင် လှုပ်ချင် မသတီသလိုလို စားသူသည် မိန်းမပျင်းဖြစ်သည်ဟု ပုံသေမှတ်ရမည်။

✿ စာတတ်သောမိန်းမနှင့် စာမတတ်သောမိန်းမ အဘယ်သင်းက ပို၍ကောင်းသလဲဟု မေးအံ့၊ ယုံကြည်စိတ်ချ၍ အိမ်ထောင်၏သုခချမ်းသာခြင်းကို ဖြစ်စေသော မိန်းမသည် အကောင်းဆုံးဟု ပြောရလိမ့်မည်။

✿ မပျင်းမရိ ရှိသူ၊ ဝီရိယရှိသူ၊ လက်မဖွာသူ၊ အရှက် အကြောက်ရှိသူ၊ မျိုးရိုးဇာတိကောင်းသူ၊ လင်ကိုချစ်သူ၊ အိုးအိမ်ကို ခင်မင်သူ၊ အတင်းမပြောသူ၊ အပျော်အပါးလွန်စွာ မမက်သူ၊ လင်နှင့်သားနှင့် အတူသွားရမှ ပျော်သူ၊ ဤမိန်းမမျိုးသည် စာတတ်ဖို့ မလို။

✿ တောင်မကျ၊ မြောက်မကျ စာရေးဆရာမလိုလို၊ အဘိဓမ္မာဆရာမလိုလို၊ လိုလိုမျိုးထဲမှ မိန်းမသည် အမြဲလိုနေပေလိမ့်မည်။

✿ ဝင်းခနဲ၊ လျှပ်ခနဲ၊ ဖျပ်ခနဲ၊ ဟာတွေကို ဝက်သနီချက် ထင်မှတ်ကြ၏။

✿ မိမိစိတ်ထဲ၌ ချောသည်၊ လှသည်ဟု ထင်လျှင် ပျံလွှားမ၊ လိပ်ပြာမ ဖြစ်ဖို့မလို။

✿ နံနက်စောစောထကာ အလုပ်တစ်ခုခုကို လုပ်၍နေသော မိန်းမမျိုးကိုမြင်လျှင် သတိပြု၍ မှတ်ရမည်။ ၄င်းမှာ မိန်းမမြတ်မျိုးစေ့ ရှိလေသည်။

✿ ပဆစ်ပစ်ခြင်း၊ ဂျိုကာဆွဲခြင်းဖြင့် ညဥ့်အချိန်ကိုများစွာ အသုံးပြုသော မိန်းမမျိုးသည် နေ့မျိုးမဟုတ်၊ ညဥ့်မျိုးဖြစ်၏။

✿ ညဥ့်မျိုးဖြစ်က လသာမှန်အိမ် (သို့မဟုတ်) ဓာတ်မီးရောင်၌ မှန်ထောင်သော အမျိုးအစားနှင့် ဆွေညာတကာ တော်တတ်လေသည်။ ထိုမိန်းမမျိုးကို မိန်းမပေါ့မျိုးဟုခေါ်လျှင် မမှားပေ။

✿ နံနက်နေမြင့်အောင် အိပ်တတ်သော မိန်းမကို အဘယ်မျှပင် အစ၌ ချစ်စေကာမူ တစ်လ၊ နှစ်လကြာလျှင် ရွံစရာဖြစ်၍ လာလိမ့်မည်။

✿ မျက်နှာချိုတိုင်းလည်း စိတ်ကောင်းရှိသည်ဟု အထင်အပ်ပေ၊ မျက်နှာချိုသောမိန်းမ၏ မျက်နှာကို ဉာဏ်မျက်စိနှင့် ပို၍ ကြည့်ရမည်။

✿ အသက်အဘယ်မျှကြီး၍ ကညာအို ဖြစ်စေကာမူ၊ အသက် ၁၃ နှစ်ကညာ မဟုတ်သော ဖပျိုထက် အဖိုးတန်လေသည်။



✿ အလွန်စင်ကြယ် လှပသော ကညာစစ် ဖြစ်လိုက၊ အတွေ့အကြုံများ၍ အားကျအောင် ပြောတတ်သော အဖော်အပေါင်းတို့၏ စကားကို နားထောင်ခြင်းမှ ရှောင်ကြဉ်အပ်လေသည်။

✿ အလှပြင်ခြင်းကို ကဲ့ရဲ့ရန် မဟုတ်ပေ။ အလှပြင်ရာ၌ စိတ်ကူးဉာဏ်ကို သုံးနိုင်သမျှ သုံးအပ်ပေသည်။

✿ မဝတ်ရမှာကို မပူအပ်။ မကျန်းမမာကို ပူအပ်လေသည်။

✿ ကျန်းမာနေလျှင် အလိုလို လှနေ၏။

✿ အနေမတတ်သဖြင့် ဝေဒနာကပ်သည့်အခါ ဘောလုံးမှ လေထွက်သလို ရှုံ့ပိန်သွားလေသည်။

✿ ကာမဂုဏ်စိတ်၏ လှုပ်ရှား ထကြွ သောင်းကျန်းခြင်းကို မခံရသေးသော မိန်းမပျိုကလေးများ၏ အမူအရာမျိုးသည် ချစ်စဖွယ်ကောင်းလျက် လုံးလုံးကြီး အပြစ်ကင်း၏။

✿ အိမ်ပေါ်မှ လွှားခုန်၍ လှေကားသုံးထစ် ကျော်ဆင်းခြင်းသည် အပြစ်မဟုတ်။ ကမြင်းမှသာ အပြစ်ဖြစ်၏။

✿ ယောက်ျားများသည် မိန်းကလေးများ၏ အကဲကို ရှေးဦးပထမခတ်ပြီးမှ စ,ဝံ့ကြသည်။

✿ စိတ်ကြမ်းများ ခေတ္တရှိက ခေတ္တမျှ မျက်နှာကြမ်းကြုတ်လျက် အရုပ်ဆိုးသော အသွင်ကို ပေါ်ပေါက်စေ၏။

✿ စိတ်ထား မထားတတ်ကြသည့်အတွက် အရုပ်ဆိုးမတွေ ဖြစ်ကြရသည်။

✿ အင်္ဂလိပ်လူမျိုးများမှာ တစ်လင်တစ်မယားသာ ရှိရ၏။ သို့ပါလျက်နှင့်ပင် လင်ကွာ မယားကွာ ရုံးများမှာ အလွန်အလုပ်များကြလေသည်။

✿ မျက်နှာထား ဆိုးသူကို လှအောင် မတတ်နိုင်ပေ။

✿ ခေတ်ပညာကို တတ်မြောက်ကြသော မြန်မာအမျိုးသမီးများမှာ အင်္ဂလိပ်အတုယူရာ၌ ရက်ရောလျှင်မြန်ခြင်း မဖြစ်စေဖို့ များစွာ သတိထားသင့်ပေသည်။

✿ လင်ယောက်ျား မောမောပန်းပန်းနှင့် ပြန်လာသည့်အခါ သန့်သန့်ရှင်းရှင်း၊ လှလှပပ ဇနီးဖြစ်သူ၏ မျက်နှာကလေးကို မြင်လိုက်ရခြင်းသည် အားဆေးတော်နှစ်တစ်မျိုး၊ ကော်ဒီးယားအဖျော်ရည်တစ်မျိုးနှင့် တူလေရာ နှလုံးသွေးကို ငြိမ်းချမ်းခြင်းဖြစ်စေနိုင်သည့် သတ္တိတစ်မျိုး ဖြစ်လေသည်။

✿ ငါ့ယောက်ျားနှင့် ငါဟာ ငယ်လင် ငယ်မယားပဲ၊ အရှုံးအမူး ချစ်ကြလို့ ညားကြတာပဲ၊ ဒီလောက်တောင် မှန်တော့ကာ 'သ'နေဖို့ မလိုပါဘူးဟူသော သဘောမျိုးနှင့် ပေါ့ပေါ့တန်တန် နေကြလျှင် (ချစ်လို့သာ နမ်းရတော့ မျက်ခမ်းက တာတေလန်၊ အာပုပ်စော် တန်နံ့နှင့်)ဆိုသော တေးလို ကြာကြာပေါင်းရသောအခါ စောင်း၍မျှ မကြည့်ချင်သော အခြေသို့ ဆိုက်တတ်သည်။

✿ ယောက်ျား၏ အဆင့်အတန်းကို ပညာတတ်ရုံနှင့် မီသည်မဟုတ်။ ပညာတတ်ပြီးနောက် ယောက်ျားများလို သဘောထား ကြီးမှသာ မီနိုင်သည်။



✿ မိန်းမတို့၏ ဣန္ဒြေသည် ကိုယ်မှာထက် စိတ်မှာပိုမိုများပြားလေသည်။

✿ ရိုးရိုးကြည့်၊ ရိုးရိုးပြော၊ ရိုးရိုးသွား၊ ရိုးရိုးလာ၊ လုပ်သမျှ အရာရာမှာ သန့်ရှင်းစင်ကြယ်သောစိတ်ကို ရိုးရိုးထားခြင်းသာ ဣန္ဒြေသိက္ခာကောင်း ဖြစ်သည့်ဟု သဘောရရှိအပ်ပေသည်။

✿ မိန်းမစိတ်များသော ယောက်ျားသည် ယောက်ျားစိတ်များသော မိန်းမကို နှစ်လိုတတ်၏။

✿ ယောက်ျားစိတ်များသော မိန်းမသည်လည်း မိန်းမစိတ်များသော ယောက်ျားကို ပိုမို၍ လိုလားတတ်လေသည်။

✿ ငယ်သောမိန်းမကို ယောက်ျားကြီးများ စွဲသလို၊ ကြီးသောမိန်းမများကိုလည်း ယောက်ျားငယ်များက စွဲတတ်လေသည်။

✿ အားနာရာမှသနား၊ သနားရာမှ အချစ်ပင်ကြီးတတ်လေသည်။

✿ မြို့သူ အင်္ဂလိပ်ကျောင်းသူကလေးများမှာ "ကြိတ်ထိုးခြင်း"အလုပ်မျိုးကို နားလည်ကြပါ့မလား၊ မပြောတတ်ပေ။

✿ မိန်းကလေးများ၏ ကျန်းမာခြင်း၏ အကြီးဆုံးရန်သူကား ငြိမ်ငြိမ်ကလေး နေတတ်ခြင်းပင် ဖြစ်၏။

✿ "ရည်းစား တစ်ထောင်၊ လင်ကောင်တစ်ယောက်" ဟူသော စကား၊ ငယ်ချစ်တိုင်း မမြဲကြောင်း ပါရှိပြီး ဖြစ်လေသည်။

✿ အချစ်သည် ဆိတ်ကွယ်ရာ၌ ကိလေသာဘက်ကို သာလွန်နိုးကပ်တတ်လေသည်။

✿ "ငယ်ကချစ် အနှစ်တစ်ရာ"ဟူသော စကားသည် အခါတိုင်း မမှန်ချေ။ အကြောင်းမူကား အကောင်းအဆိုး၊ အကျိုးအပြစ်ကို မသိသော ငယ်ချစ်သည် ကြီးသည့်တိုင်အောင် မြဲရိုးထုံးစံ မရှိပေ။

✿ ယောက်ျားဟူသမျှမှာ မိန်းမစိတ် အနည်းအများရှိ၏။

✿ ဖိုရွှယ်သူများသည် အကြိုက်ကို အချစ်ဟု အထင်မှားကာ လက်ထပ်ပြီးနောက်၊ အချစ်တည်းဟူသော ရေအေး မဟုတ်၊ အကြိုက်တည်းဟူသော ရေပူဖြစ်ကြောင်း သိရသောအခါ စိတ်ပျက်ကွဲကွာ၍ သောကတည်း ဟူသော ဘူတာသို့ ဆိုက်ကြလေသည်။

✿ တစ်ထောင့်ငါးရာ ကိလေသာ နတ်ဆိုးသည် ရွှေမင်းသားကလေး ဟန်ဆောင်ကာလှည့်ဖြားတတ်၏။ တစ်ထောင့်ငါးရာကို မေတ္တာစစ်ထင်သူများမှာ မစင်ကို နတ်သုဒ္ဓါထင်မိသလို စားကြည့်မှ ခါးကျိုကျိုဖြစ်ကြောင်း သိလေသည်။

✿ အိမ်ထောင်ရေးဟူသည် စိတ်ကူးယဉ်လောကမဟုတ်။ တကယ်လက်တွေ့ လုပ်ရသည့် ခက်ခဲသော ကိစ္စကြီးဖြစ်ရာ၊ စိတ်ကူးယဉ်သမားများ အိမ်ထောင်ပြုကြပါက တံလျှပ်ကိုရေထင်၍ ရွှေသမင်အလိုက်မှားသလို ဖြစ်တတ်လေသည်။

✿ အဖိုးတန်အောင် နေတတ်ကြလျှင် ရုပ်ပင်အင်မတန်ကြီး မလှစေကာမူ လှသည်ဟု ထင်မှတ်ရတတ်လေသည်။



✿ လင်မယားချစ်သည် ဆားမပါသော အချစ်ဖြစ်၏။ သားသမီးချစ်မှ တကယ့်အချစ်စစ်၊ အချစ်မှန်။ ဆားအင်မတန်လေးသော အချစ်ဖြစ်ရာ သားသမီး မရှိသေးသော အိမ်ထောင်သည် ဆားမပါသည့်ဟင်းသို့ ခံတွင်းတွေ့မည် မဟုတ်ချေ။

✿ ဖို,နှင့် မ,တို့ ချစ်ကြသည့် အချစ်မှန်သမျှ အချစ်စစ် မဟုတ်။ ထောင့်ငါးရာချစ် (ဝါ) ကာမချစ်၏။ သားနှင့်အမိ အမေနှင့်သမီးပင်လျှင် ထောင့်ငါးရာ၏ အရိပ်အရောင်ကလေးတွေ ပါတတ်လေသည်။

✿ အချစ်ဟူသည် လွန်စွာအထင်ကြီးသင့်သော အရာ မဟုတ်ချေ။ ဖိုနှင့်မ ညား၍ မျိုးဆက်ပြန့်ပွားစေရန် အချစ်ဟူသောစိတ်ကို သဘာဝက သွင်းပေးခြင်းဖြစ်ရာ၊ အချစ်၏ အရသာဆိုသည်မှာ ဝမ်းနာနေသည့်အခါ အိမ်သာတက်ရသည်နှင့် အတူတူပင် ဖြစ်လေသည်။

✿ "ကြာကြာဝါးမှ ခါးမှန်းသိသည်"ဆိုသော စကားမှာ ကိလေသာချစ်အတွက် ပို၍ မှန်လေသည်။ အကြောင်းမူကား ကိလေသာအချစ်မှာ ကြာကြာဝါးလျှင် ခါးရုံသာမက ပုပ်စပ်ညှီနံ့သနီလန်လျက် အင်မတန် စက်ဆုပ်ရွံမုန်း၍ သွားတတ်လေသည်။

✿ အချစ်အတွက် အသက်စွန့်လွှတ်သူများသည် လူရူးများဖြစ်ကြ၏။ အကြောင်းမူကား အသက်စွန့်လွှတ်ခြင်းသည် အချစ်စွန့်လွှတ်ခြင်း မဟုတ်ပါလော။

✿ လင်ကို မယားက လွန်စွာအထင်ကြီး၏။ မယားကို လင်က မိုးကျနတ်မယ်ကလေး ထင်တတ်၏။ သို့သော် သူလို ငါလို ဒီပုတ်ထဲက ဒီပဲတွေပင် ဖြစ်လေသည်။

✿ အချစ်သည် ဆေးခါးကို သကြားမန်းထားသည်နှင့် တူ၏။ အတန်ကြာလျှင် သကြားကွာကျကာ ခါးသက်သက် အရသာ ပေါ်လာတတ်မြဲ ဖြစ်လေသည်။

✿ အများအားဖြင့် ချစ်စာ၊ ကြိုက်စာ၊ မြှောက်ပင့်စာများမှာ ချစ်ကြိုက်သည်ဆိုသူများ၊ ကိုယ်တိုင်က မရေးတတ်ကြ၊ အူအသည်းထဲက ထွက်သော စကားများမဟုတ်။

✿ ယောက်ျားများက အပျိုဘော်ဝင်စာ မနူးမနပ်ကလေးများအား ကလေးလို သဘောထားကာ ကိုလော်ပေါ် ခြင်းလုံးတော့သလို၊ မာယာနှင့် တော့ချင်သလို တော့နိုင်ကြ၏။

✿ အချစ်ဟူသည် လွန်စွာအထင်ကြီးသင့်သော အရာမဟုတ်ချေ။ ဖိုနှင့်မ ညား၍ မျိုးဆက်ပြန့်ပွားစေရန် အချစ်ဟူသောစိတ်ကို သဘာဝက သွင်းပေးခြင်းဖြစ်ရာ၊ အချစ်၏ အရသာဆိုသည်မှာ ဝမ်းနာနေသည့်အခါ အိမ်သာတက်ရသည်နှင့် အတူတူပင် ဖြစ်လေသည်။

✿ မြန်မာအမျိုးသမီးကလေးများမှာ ရုပ်ကလေးလှလှ၊ မျိုးဂုဏ်၊ ဆွေဂုဏ်၊ ပညာဆိုတဲ့ ဂုဏ်ကလေး တစ်ခုခုရှိမှဖြင့် အလွန်တရာမှ ဟန်တက်ပြီး တော်ရုံဟန်ရုံ ယောက်ျားများကို မမြင် ဘဝင်မြင့်ပြီး အထင်ကြီးနှင့် ခုံကင်ကိုအိပ်ကာ စိတ်ကြီးဝင်တတ်ကြသည်။



✿ စားနေကြ ကြောင်ပါးအို ဆိုသည့်အလားလို မြူ၍ ကောင်းမှန်းသိလျှက် အမြူ့ခွဲကာ နောက်ဆုံး၌ အမြူလုပ်ရာမှ ပခြုပ်သည် ဖြစ်တတ်လေသည်။

✿ ပခြုပ်သည် စစ်လာသောအခါ လင်းမြွေရော၊ မြွေဟောက်ရော၊ ငန်းကြား ငန်းပုပ်ရောအောင်းတတ်လေသည်။

✿ အရိုးအရေ ကျောင်ကျောင်မြည်သည့်တိုင်အောင် မိမိတို့ ကိုယ်ကိုမြူ၍ မူနိုင် ယူနိုင်သေးသည် ထင်မှတ်ကာ ကလက်ကလေး အရှက်သေးလျှက်၊ မက်ဆေးနံ့သာ၊ ဖက်ဆေးနံ့သာ နှင့် မဆီမဆိုင်တာ လုပ်ကြလေရာ ထိုမိန်းမမျိုးမှာ သေသည့်တိုင်အောင် ကြွက်သရေမရှိ၊ မုန်းစက်၊ ရွံစရာနှင့် ခေါင်းရှုပ်ဖွယ်ရာ ဖြစ်တတ်လေသည်။

✿ အိမ်နီးပါးချင်းများမှာ ရုပ်ရည်ပင် မဆိုးမညံ့စေကာမူ မြင်နေကျ တွေ့နေကျရှိ၍ နေသောကြောင့် ချစ်ရမှန်း ကြိုက်ရမှန်း မသိ၊ မတော်တဆ ဆိတ်ကွယ်ရာ၌ တစ်စုံတစ်ရာ ဖြစ်မိမှသာ တကယ့်အချစ် ပေါ်တတ်ကြလေသည်။

✿ တစ်ရပ်သား ယောက်ျားကလေးများကို သနားသဖြင့် အရောဝင်ခြင်းသည်လည်း အသနားပိုသောအခါ သူ့လက်တွင်းသို့ရောက်အောင် အချစ်တု အချစ်ယောင်တစ်မျိုး ပေါ်ပေါက်တတ်လေသည်။

✿ ရပ်ဝေးသူ ရပ်ဝေးသားများ၊ သူစိမ်းများမှာ ရုပ်ရည် အသင့်အတင့်ရှိလျှင် အများကြီး ဟုတ်သည်ဟု ထင်မှတ်လျှက် တပ်မက်သောစိတ် ပေါ်တတ်သည်။

✿ အဆင်းသည် ကျက်သရေ မှန်သော်လည်း ဂုဏ်ဒြပ် မရှိလျှင် အဆင်း ပျောက်တတ်ကြောင်း သတိမူသင့်ကြသည်။

✿ လူသည် ဂုဏ်ကို လွန်စွာမက်မောသော သတ္တဝါဖြစ်ရာ ဂုဏ်ပကာသနမှကင်း၍ အခြားအရာများမှာ အဘယ်မျှပင် ကောင်းသော်လည်း ကောင်းကြောင်း မသိကြပေ။

✿ အသက်ကို ဉာဏ်စောင့် ဟူသော စကားသည် အပျိုဘော်ဝင်စ အမျိုးသမီးကလေးများနှင့် အထူးသက်ဆိုင်သော စကားဖြစ်လေသည်။

✿ တကယ်အချစ် ဆိုသည်မှာ တကယ်ချစ်နေခိုက်မှာသာ ရှိ၍ မုန်းသောအခါ၌ တကယ်အချစ်သည် တကယ်အမုန်း ဖြစ်ဖို့ ရှိသည်။

✿ ချစ်သောစိတ်သည် ကောင်းသော်လည်း ထိုချစ်စိတ်သည် ပိုလွန်၍ လာပါက ကျွန်ုပ်တို့အား နှစ်၍လာတတ်ပေ၏။

✿ ငယ်ရွယ်သူများမှာ ဘယ်လောက်ပင် စာပေကျမ်းဂန်တွေကို ဖတ်သော်လည်း အသက်အရွယ်ကြီး၍ အတွေ့အကြုံများသော မိဘများသိသော အသိကို ရဖို့ရန် လွန်စွာခဲယဉ်းသည်။

✿ လူကြီးမိဘများသည် အခါတိုင်း မှန်သည်ဟုမဆို။ အထူးသဖြင့် အချစ်နှင့် ပတ်သက်ရာမှ လူကြီးများက မှန်တတ်လေသည်။



✿ အချစ်နှင့် ကန်း၍နေသော အမျိုးသမီးကလေးများ မမြင်ရသည့် မုန်းစရာ အချက်တွေကို လူကြီးများက မြင်တတ်၏။

✿ စိတ်နှလုံးအတွင်းသို့ ဝင်ရောက်မိသော အချစ်ကို မုန်းစရာအဖြစ် လုံလောက်စွာမရှိက ဆူးကိုထွင်းသလို လွယ်ကူစွာထွင်၍ မရတတ်ပေ။

✿ ချစ်သာ ချစ်စေ မနစ်လေနှင့်။

❒

## စိတ္တဗေဒ

အပြုအမူသည် အတွေးအခေါ်၏ အရိပ်အရောင် ဖြစ်သည်။

(ဒန်-ဆန်)

* တစ်စုံတစ်ယောက်ကို တစ်ဦးနှင့် တစ်ဦးက မိုးထိအောင် မြှောက်ချေက တိုင်းပြည်တစ်ပြည်လုံး ဝိုင်း၍မြှောက်ကြ၏။ အမြှောက်ခံရသူသည် သူယုတ်မာ ဖြစ်သောအခါ တစ်မျိုးလုံး နစ်နာကြလေသည်။

* လူမှန်သမျှသည် အကျိုးနှင့် အပြစ် ဒွန်တွဲလျက်ရှိ၏။ အပြစ်မြူမှေး လုံးလုံးကင်းသော လူကောင်းစင်စစ် လောကမှာ မရှိနိုင်။ အကောင်းဟူ၍ လုံးလုံးကင်းမဲ့သော လူဆိုးသက်သက်ဟူ၍လည်း လောကမှာ မရှိနိုင်။

* ကိုယ်ချင်းစာတရား ဟူသော စကားကို လူတိုင်းသိ၏။ ထိုစကား၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိသူကား လွန်စွာနည်းပါးလေသည်။

* မိမိကိုယ်ကို သူတစ်ပါးမျက်စိနှင့် ကြည့်ရမည်။

* လူ့ပြည်သား ဟူသမျှတွင် လူသားစကားပြော၏။ သို့ဖြစ်လေရာ စကားသည် လွန်စွာအရေးကြီးလေသည်။



* လောက၌ စိတ်နှင့်ကင်းသော အလုပ်မရှိ။ အလုပ်ဟူသမျှမှာ စိတ်ကို သုံးနိုင်သလောက် ပေါက်ရောက် တွင်ကျယ်နိုင်လေသည်။ အလုပ်၌ စိတ်ကိုသွင်းခြင်းသည် စူးစိုက်ခြင်းပင် ဖြစ်လေရာ စူးစိုက်ခြင်းသည် ပေါက်ရောက်အောင်မြင်ခြင်းပင် ဖြစ်လေရာ၊ စူးစိုက်ခြင်းသည် ပေါက်ရောက်အောင်မြင်ခြင်းပင် ဖြစ်ကြောင်းကို အထူးပြောဖို့ မလိုချ။

* စိတ်ပညာကို စီးပွားရေး တစ်ခုခု၌ ထိထိရောက်ရောက် စ၍အသုံးပြုသည်မှာ ရောင်းဝယ်ခြင်းအလုပ်၌ ဖြစ်လေရာ ဤပညာသည် လူ၏စိတ်ကိုဆွဲခြင်း၊ မဝယ်ချင်သူကို ဝယ်ချင်အောင်လုပ်ခြင်း၊ အသုံးမလိုသေးဟု မှတ်ထင်ရသော ပစ္စည်းကို အသုံးလိုကြောင်း ထင်ရှားစွာပြခြင်း နည်းလမ်းများကို သင်ပြသောပညာဖြစ်လေသည်။

* အစ၌ စိတ်ပျက်စရာတွေကို များစွာ တွေ့တတ်လေရာ၊ ထိုစိတ်ပျက်စရာတွေကို မကြောက်လျှင်ဘဲ နေမှော်ကြီးကို အောင်ပြီဟု စိတ်ချရမည်။ သို့စိတ်ပျက်စရာတွေကို ခံနိုင်လျက် အားမငယ်ဘဲ ဖွဲသန်ချေက နောင်လွယ်ကူ၍ စားဖို့ရန်စခန်း တွေ့ရှိသော်လည်း၊ တိုက်ဖို့ရန်စိတ်ကိုကား အဘယ်မှ မလျှော့ရ။ စစ်တိုက်ရင်း သေရသော စစ်ဘုရင်များကဲ့သို့ သဘောထားရမည်။

* ကုန်ရောင်းသူသည် အခိုင်မာဆုံးသော စိတ်၊ ခွအကျဆုံးသော လူစိတ်တိုသူ၊ မခံချင်အောင် လုပ်တတ်သူတို့ကို မိမိဘက်ပါအောင် ကြိုးစားနိုင်သူ ဖြစ်လေရာ သည်းညည်းခံ

ခြင်း၊ ဖွဲ့ကောင်းခြင်း၊ အခက်အခဲကို မကြောက်ခြင်း၊ ရရင့်ခြင်းစသည့် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံဖို့ လိုလေသည်။

* အောင်မြင်လိုသူသည် "ကံ"ဟူသော စကားကို ဖျောက်၍ အလုပ်ဟူသော စကားကို သုံးရမည်။ အောင်မြင်ခြင်း၏ ပထမနည်းသည် အောင်မြင်သောစိတ် အောင်မည်ဟူသောစိတ် ဖြစ်၏။

* အလုပ်၌ ဝီရိယရှိသူသည် ဘုရင်မင်းမြတ်တို့၏ ခေါင်းပင့်ခြင်းကို ခံရ၏။ သတ္တဝါမှန်က ဖြစ်မြောက်ဖို့ မျိုးစေ့ပါ၏။ ထိုမျိုးစေ့ကို မြေတောင်မြှောက်ပေးဖို့သာ လို၏။

* မည်သည့်အလုပ်မှ လူ့ဘဝကို ရခြင်းထက် ပိုမို၍ မခက်ဟု မှတ်ပါလေ။

* စွန့်မှ စားရ၏။ စားလိုလျှင် စွန့်။

* လူ၏စိတ်သည် လူ၏ ကိုယ်လက်အင်္ဂါ ဦးခေါင်း မျက်နှာ မျက်လုံး ခြေလက် အသံ စကား မျက်နှာထားတို့၌ ပေါ်လွင်နေတတ်၏။ ပါးစပ်နှင့် နဖူးလည်း စိတ်ကိုများစွာ ပြတတ်လေသည်။

* ဉာဏ်သမား မဟုတ်သော မျောက်တိရစ္ဆာန်မှာ လူနှင့်ပင် တူသော်လည်း စိတ်ကို မျက်နှာဖြင့် ပေါ်အောင် မပြနိုင်။

* စိတ်အား ထက်သန်ခြင်းသည် ကိုယ်ကျင့်တရားကောင်းခြင်းနှင့်တွဲလျက် ရှိလေသည်။ ကိုယ်ကျင့် ကောင်းသူများမှာ လှို့ဝှက်စရာမရှိ၊ ရဲရင့်၏။ သို့ဖြစ်၍ တစ်ပါးသူ၏ စိတ်ကို ပိုမိုအစိုးရနိုင်လေသည်။



* ဂရုစိုက်၍ နားထောင်ရမည်။ မျက်လုံး၌ စိတ်၏ စေတနာအားလုံး ထင်ပေါ်လေသည်။ * တ

* မျက်လုံးသည် စိတ်၏တံခါး ဖြစ်၏။ မျက်လုံး၌ သံလိုက်ဓာတ်ရှိ၏။

* အသေးငယ်ဆုံးသော ပိုး၊ မမြင်နိုင်သော ပိုးမျိုးရှစ်ဆယ်မှသည် ဗုဒ္ဓမြတ်စွာအဖြစ်သို့ ရောက်သည့်တိုင်အောင် စိတ်သည် အမြဲဆောင်ခဲ့၏။

* ငါ့ကို မတရားပြုချေက ရှင်ဘုရင်ပင် ဖြစ်စေကာမူ နည်းလမ်း နည်းလမ်းရှိသရွေ့ ကလဲ့စားချေမည်ဟူသော စိတ်ကို အမြဲထားရမည်။

* စိတ်ပညာ၏နယ်သည် လောကကြီးတစ်ခုလုံးလောက် ကျယ်ဝန်းသဖြင့် ဆုံးဆမှုမရှိ။

* ပညာအပေါင်း၌ စိတ်ပညာသည် အမြတ်ဆုံးဖြစ်၏။ မိမိစိတ်ကို မိမိသိမြင်ခြင်းသည် အဖိုးတန်ဆုံး ဖြစ်ပေသည်၊

* လူသားသည် ကိုယ်တိုင်မကောင်းကြောင်းကိုလည်းကောင်း၊ ကိုယ်တိုင် ချွတ်ယွင်းမှုများကိုလည်းကောင်း၊ သိလည်း မသိ၊ သိလည်း မသိလို၊ သို့အတွက် သိမြင်အောင် ဂရုမစိုက်ကြပေ။

* ကိုယ်ကိုယ်တိုင် အပြစ်အနာအဆာကင်းအောင်နေဖို့ အလွန်အရေးကြီး၏။

* လူသည် အိမ်နီးချင်း၏အပြစ်ကိုသာ မြင်အောင်ရှုသည်မှာ လူ၏စိတ်သည် အစမှာပင် အလုပ်များ၍ နေခြင်းဖြစ်၏။

* ရုပ်ဝိညာဉ်မှ နာမ်ဝိညာဉ် မထွက်နိုင်၊ နာမ်ဝိညာဉ်မှလည်း ရုပ်မထွက်နိုင်၊ နာမ်ဝိညာဉ်တခြား၊ ရုပ်တခြားလည်း မဖြစ်နိုင်။

* နာမ်ကြွင်းက ရုပ်ဖြစ်၏။ ရုပ်နုက နာမ်ဖြစ်၏။

* သေရမည့်ဘေးကို မကြောက်သောသူမှာ လောက၌ ကြောက်စရာ တစ်စုံတစ်ရာမျှ မရှိတော့ပေ။

* လောက၌ မည်သူ့ဒ စော်ကားခြင်းကိုမှ မခံဟူသော စိတ်သည် လုံခြုံသောစိတ် ဖြစ်၏။

* အားနာခြင်းသည်လည်း ကြောက်ရွံ့ခြင်းပင် ဖြစ်လေသည်။ အားနာခြင်းသည် လူတစ်ဖက်သား၏ အထင်အမြင်ကို ကြောက်ရွံ့ခြင်းပင် ဖြစ်လေသည်။

* နည်းကျက တစ်စုံတစ်ရာ အားနာဖို့ မရှိပေ။

* အားနာခြင်းသည် ကုသိုလ်ရသောအလုပ် မဟုတ်။ အားနာ၍ ရသင့်သောဥစ္စာကို အားနာ၍ မရခြင်းသည် ကိုယ်တိုင် ညှဲဖျင်းခြင်း ဖြစ်သည်။

* လိပ်ပြာကဲ့သို့လည်းကောင်း၊ သစ်ပင်ပေါ်က မျောက်ကဲ့သို့လည်းကောင်း၊ ပြေးလွှားပျံသန်း၍နေသော စိတ်ကို ခဲယဉ်းစွာ ထိန်းနိုင်သည့် အခါမှသာ အကျိုးရှိလေသည်။

* ပါးစပ်သို့ ဟ,၍နေခြင်းသည် အားနည်းပါးခြင်း၏ အထိမ်းအမှတ်ဖြစ်၏။

* လူ၏စိတ်သည် အိပ်ရာဝင်စ၌ များစွာလွင့်ပါးလွယ်၏။ ထိုအချိန်သည် စူးစိုက်ရန် အခက်ဆုံးဖြစ်၏။



* ကိုယ်လက်ကို တင်းတင်းတောင့်တောင့် ထားသူများသည် စိတ်နိုင်မာသောသူများ ဖြစ်၏။ သေးငယ်သော အကြောင်းကလေးများသည် အကြီးအကျယ် ဖြစ်စေနိုင်၍ အကြီးအကျယ်ကို ပျက်စေနိုင်လေသည်။

* သေးငယ်သော အရာကလေးများအတွက် စိတ်ညစ်တတ်သူများသည် ကြီးသောအကြောင်းများထက် ဆယ်ဆမက အားအင်ကုန်ခန်းလျက် သံလိုက်ဓာတ် ပျက်စီးတတ်လေသည်။

* သင်ခန်းစာများကို ဖတ်သူတို့အတွက် မျက်လုံးကို ထိန်းခြင်းသည် စစ်ရေးပင် ဖြစ်သည်။

* စကားပြောရာ၌ ရပ်ဆိုင်းခြင်း မရှိဘဲ ပြောသူသည် တစ်ရာလျှင် တစ်ယောက်တလေမျှ မရှိပေ။

* လူတို့၏စိတ်ကို သံလိုက်ဓာတ်ဖြင့် ပါအောင်ပြောနိုင်သော စကားပြောကောင်း ပုဂ္ဂိုလ်များသည် ဟောပြောသော အခါမှသာ စကားပြောကြ၏။ အခြားအချိန်၌ လွန်စွာစကား နည်းသူများ ဖြစ်ကြလေသည်။

* မိမိ၏စိတ်ကို မထိန်းနိုင်ပါက သူတပါးကို ထိန်းနိုင်မည် မဟုတ်။ သူတစ်ပါးကို မထိန်းက လူကြီးမဖြစ်နိုင်။

* စကားနည်းခြင်း၏ အကျိုးသည် လွန်စွာများ၏။ လုံးလုံးစကားမပြောခြင်းသည် အရှက်အကြောက်များရာရောက်လေသည်။ အသင့်အတင့် ပြောခြင်းသည် အကျိုးများလေသည်။

* လူသည် စဉ်းစားသောသတ္တဝါ ဖြစ်သော်လည်း စဉ်းစားဉာဏ်ကို အမှတ်မဲ့ လွှတ်၍ထားလျက်၊ စိတ်လိုက်မာန်ပါ ပြုတတ်ခြင်းသည် လူကို ယုတ်နိမ့်သော အဟိတ် တိရစ္ဆာန်တို့၏ အဆင့်အတန်းများနှင့် များဖွာမခြားအောင် ပြုခြင်းပင် ဖြစ်လေသည်။

* စူးစိုက်ခြင်းသည် သမာဓိ ဖြစ်၏။ သမာဓိသည် ကောင်းသောအလုပ် မဟုတ်ပါလော…ဟု မေးကြပေမည်။ သမာဓိတိုင်း ကောင်းသည်ဟု မဆိုနိုင်ပေ။

* ချစ်သူရည်းစားကို တအားဖက်၍ နေသူ၏စိတ်သည် အဘယ်ကိုမျှမရောက်၊ ချစ်သူရည်းစား၏ ကိုယ်ခန္ဓာ ရူပါ အတွေ့ထဲမှာသာ စူးစိုက်လျက်နေ၏။ ကောင်းပါ၏လော။

* စိတ်ကို မထိန်းနိုင်သူသည် စိတ်အားသတ္တိ အမြဲဆုပ်ယုတ်ရသည့်ပြင်၊ စိတ်ကြောင့် ကိုယ်ခန္ဓာကျေနိုင်လေသည်။

* စိတ်လိုက်မာန်ပါ ပြုမူပြောဆိုသူများသည် အမြဲမငြိမ်မသက် လှိုင်းထနေသော ရေပြင်နှင့်တူ၏။ ထိုစိတ်မျိုးသည် ရှုးသွပ်သောရောဂါကိုပင် ဖြစ်စေနိုင်လေသည်။

* အပျော်အပါး၊ ပွဲလမ်းသဘင်၊ ပါတီပျော်ပွဲ စသည်များသည် စိတ်၏ချမ်းသာခြင်းကို အမြဲမပေး။

* စိတ်ကို အထားအသိုတတ်လျှင် အကောင်းဟူသမျှတတ်ကို ဆွဲယူတတ်လေသည်။

* လောက၌ အခြေအနေကို ထောက်သဖြင့် လူတို့၏ စိတ် အဘယ်ရောက်နေသည်ကို သိနိုင်၏။



* စိတ်ကောင်းထားလျှင် အကောင်းတကာ့ အကောင်းဆုံးများ စုလာတတ်သည်။ အဆိုးထားလျှင် အဆိုးတကာ့ အဆိုးတွေ စုလာပေမည်။

* တစ်ဦးတစ်ယောက် အလုပ်နှင့်ပတ်သက်၍ ပြောလျှင် မနာလွယ်နှင့်၊ မုန်းလျှင်လည်း မမူနှင့်၊ ချီးမွမ်းလျှင်လည်း ဝမ်းမသာနှင့်၊ ကဲ့ရဲ့ဆဲဆို ကြိမ်းမောင်းသည်ကိုလည်း မနာလေနှင့်…။

* ကာယဗလ စွမ်းသူတို့သည် စိတ်အားလည်း စွမ်းကြလေသည်။

* လူ၏စိတ်သည် နှစ်စွန်း နှစ်ဖက် ရှိ၏။ သိသောစိတ်၊ မသိသောစိတ် ဖြစ်လေသည်။ ထိုနှစ်မျိုးစလုံး မရှိက လူမဖြစ်နိုင်။

* ထူးထူးချွန်ချွန် အောင်မြင် ပေါက်ရောက်လိုလျှင် ဆင်းရဲငြိုငြင်မှုဖြင့် ကြိုးစားရင်းနှီးရပေမည်။

* ယနေ့လုပ်သော အလုပ်သည် နက်ဖြန်ခါ လုပ်ရမည်ဖြစ်သော အလွန်အရေးကြီးမားသော အလုပ်အတွက် လှေကားထစ်သဖွယ် ဖြစ်စေရာ၏။

* ယနေ့လုပ်ရမည့် အလုပ်ကို ကောင်းစွာလုပ်၊ သို့သော် ယနေ့အလုပ်၌ အဆုံးသတ်၍မရပေ။ ယနေ့လုပ်သော အလုပ်သည် နက်ဖြန်ခါကို လုပ်ရမည့် သာလွန်အရေးကြီးမားသော အလုပ်အတွက် တင်ကြိုပြင်ဆင်သလို ဖြစ်စေရာ၏။

* အထင်အမြင်စိတ်သည် ဖြစ်မြောက်အောင် ဖန်တီးထားသောစိတ် ဖြစ်လေသည်။

* အစွမ်းသတ္တိ ကြီးမားသော ပုဂ္ဂိုလ်များသည် ထောင်းထောင်းညက်ညက် ဖိစီးနှိပ်စက် ဆင်းရဲဒုက္ခများ၏အောက်၌ ဖွားမြောက်ကြလေသည်။

* ကြီးမြင့်လိုသော သူသည် အခက်အခဲများကို မကြောက်ပေ။ အခက်အခဲတွေ့သဖြင့် ပြောင်းလဲလုပ်ကိုင်သူသည် အချည်းနှီး အလဟဿဖြစ်၏။

* အခက်အခဲတို့သည် ကြီးမြင့်လိုသောသူကို သန်စွမ်းအောင် လုပ်ပေးသောသူများ ဖြစ်ကြလေသည်။

* ဆင်းရဲဒုက္ခ ငြိုငြင်ခြင်းတည်းဟူသော ပေပေါ်၌ အစွမ်းသတ္တိကို ထုလုပ်ရာ၏။

* မကျော်မလွှမ်းနိုင်အောင် ကြီးမားသော အခက်အခဲရှိခြင်းများသည် စွန့်စားလုပ်ကိုင်ရခြင်း၌ "စွဲသတ္တိ" ကို ဖြစ်စေ၏။

* "အကြံတူ ရန်သူ' ဟူသော စကားသည် အလွန်မှားလေသည်။ အကြံတူခြင်းသည် အပြိုင်လုပ်ခြင်း ဖြစ်၏။ အပြိုင်မရှိက လောကမှာ အနိုင်ရှိမယ် မဟုတ်ပေ။

အနိုင်မရှိပါက အောင်မြင်ခြင်း မရှိပေ။

* အကြံတူတွေများလေလေ အပြိုင်များလေလေ၊ အပြိုင်များလေလေ အနိုင်များလေလေ။ အနိုင်များလေလေ အောင်မြင်ခြင်းမှာ များလေလေ မှတ်ရမည်။



* အလုပ်တစ်ခုခုကို လုပ်သည့်အခါ အပြိုင်ပေါ်ပါစေဟု ဆုတောင်းရမည်။

* ပြိုင်မှ မြိုင်သည်ဟုမှတ်။

* ပြိုင်သူကို အနိုင်ရခြင်း၌ အနှစ်သာရ ရှိ၏။

* အလုပ်သည် အလုပ်ဖြစ်၏။ ပြိုင်ဆိုင်တိုက်ခိုက်ရခြင်းသည် လှုပ်ရှားခြင်းဖြစ်၏။

* အလုပ်မှန်က မသေသောအဖြစ်နှင့် အလှုပ်လှုပ်နေရသည်။

* ဇာပြည်၌ ပြိုင်သူနည်းပါး၍ တုနေသူတို့က ပို၍များလေ-ည်။

* အသက်မွေးခြင်းသည် အတ္တလန်တိတ်သမုဒ္ဒရာကို မရပ်မနား ကူးသူနှင့် တူသည်။

* ဒုံးပြေးရာ၌ တာရှူခြင်း အလုပ်သည် အထူးအရေးကြီးလေသည်။

လှုငယ်များသည် တာရှူသော အရွယ်များ ဖြစ်ကြပေသည်။

* နောင်တ သံဝေဂရသော လူဆိုးများသာလျှင် မိမိတို့ကိုယ်ကို လူသစ်ဖြစ်အောင် စ၍ပြုပြင်ရသည် မဟုတ်။

* စိတ်ပျက်ခြင်းသည် 'ဆန္ဒစိတ်ဓာတ်' ဖြင့် ကုစားနိုင်သည်။

* အဖိုးတန်သော ကျောက်မျက်ရတနာမှန်က အများအားဖြင့် အမှာရှိကြ၏။

* စိတ်သည် အနာကြောင့် ဖန်မဖြစ်နိုင်။

* မနုသ၏ဘဝသည် သတ္တဝါအပေါင်းတို့တွင် အထူးမြတ်ဆုံးသောဘဝဖြစ်၏။ အခြားမရေတွက်နိုင်သောသတ္တဝါသည် ကျော်ခဲသလဲနှင့်တူ၏။ လူကား စိန်ကျောက်ရတနာဖြစ်လေသည်။

* သတ္တဝါများ၏ ခြားနားခြင်းနှင့် အရာဝတ္ထုအမျိုးမျိုးကွဲပြားခြင်းကြောင့် မဟုတ်။ စိတ်တစ်ခုတည်း၌ သဏ္ဌာန်အမျိုးမျိုး ခြားနားခြင်းကြောင့်သာ ဖြစ်လေသည်။

* လောက၌ စိတ်တစ်ခုတည်း အစိုးရ၍ နေကြောင်းကို သိသော သူများသည် လူသတ္တဝါများ ဖြစ်မြောက်နိုင်သလောက် ကြိုးတိုင်းအောင် ဆောင်တိုင်းမြောက်သူများ ဖြစ်ကြလေသည်။

* လူ၏စိတ်၌ တန်ခိုးအကြီးဆုံးသော အရာသည် စိတ်၌ထင်မြင်ခြင်း ဖြစ်လေသည်။

* ကျိန်ဆဲခြင်းသည် ကျိန်ဆဲသည့်အတိုင်း ဖြစ်တတ်သည်ဟု သေသေချာချာ ယုံကြည်သော ရှေးအစွဲများမှ အစပြုလေသည်။

* အိမ်မက်သောစိတ်သည် အတွင်းစိတ်ဖြစ်၏။ ထိုစိတ်သည် အတွေ့အကြုံ အမျိုးမျိုးတို့၏ ရောထွေးစုပေါင်းရာဌာနဖြစ်လေသည်။

* ကိုယ်နှင့်စိတ်ကို အချိန်ကာလနှင့် အချိန်ကာလအတော်အတန်အတွင်း အားလပ်ခွင့်ပေးခြင်းသည် အရေးကြီး၏။



* ကွေကွင်းခြင်း အနက်ကိုဆောင်သော အိပ်မက်ရန်များကို မက်ချေက ကွေကွင်းလိုစိတ်၊ ကွာလိုစိတ် အများကြီးရှိနေသောသူ ဖြစ်သည်ဟု သိရမည်။

* ဥပမာ… ညက အိပ်မက်ထဲမှာ "ရှင်ပျောက်နေလို့ရှာလိုက်ရတာ" ဟူသော စကားများကိုပြောလျှင် ထိုမိန်းမသည် ထိုလင်နှင့် ကွဲချင်သောမိန်းမ ဖြစ်သည်ဟု သိနိုင်လေသည်။

* သိသောစိတ်သည် စဉ်းစားဆင်ခြင်သောစိတ်၊ စဉ်းစားဉာဏ်နှင့် အလုပ် လုပ်သောစိတ် ဖြစ်လေသည်။

* မသိသောစိတ်သည် သိသောစိတ်အောက်၌ နစ်မြုပ်ပျောက်ကွယ်၍နေသော မစဉ်းစား မဆင်ခြင်သောစိတ် ဖြစ်လေသည်။

* သိသောစိတ်သည် သိသောစိတ်၏ အစေခံဖြစ်လေသည်။

* မသိသောစိတ်သည် မြင်းနှင့်တူ၏။ မြင်းစီးသမားသည် အဟုတ်တကယ် နိုင်နင်းသူဖြစ်က မြင်းသည် မနာခံဘဲ မနေနိုင်ပေ။

* တစ်စုံတစ်ရာကို ကြိုးစည်လုပ်ကိုင်သည့်အခါ ငါနိုင်သည် ငါစွမ်းသည် ဟူသော စိတ်ချယုံကြည်သည့် အသိသည် စိတ်ရှိဖို့ လိုလေသည်။

* ကြောက်ရွံ့သောစိတ်သည် ကိုယ်ရော စိတ်ရော တင်းမာစေ၏။

* လောကကို အစိုးရသောစိတ်သည် နေရာတိုင်းမှာရှိ၏။ အဆုံးမရှိသော လေဟာပြင်သည် အဆုံးမရှိသောစိတ်ဖြင့် ပြည့်နှက်၍ နေလေ၏။

* ဒေါသ မောဟ မနာလို ဝန်တို - မရှုစိမ့်စေသော မကောင်းသော ဒုစရိုက်စိတ် ကြီးမားသူတို့သည် အောင်မြင်ခြင်း သုခ၏ ရှင်းသောလမ်းကို မမြင်ဘဲ ရှိတတ်ကြချေ၏။

* ငါသည် ငါ၏အပေါင်းအသင်းဖြစ်၏။ ငါသည် ငါ၏ လမ်းပြဖြစ်၏။ ငါသည် ငါ၏နိုကိုးရာဖြစ်၏။ ငါ့ကိုယ်ထက် မည်သူမျှ ငါ့ကို မကယ်နိုင်။ ငါ၏ဦးနှောက်၊ စိတ်၊ ဉာဏ်၊ လက်၊ ခြေတို့နှင့် လူဖြစ်၍လာ၏ဟု အားစိုက်၍ ကြချေက လုပ်ကိုင်ရန် လမ်းစ လမ်းနများကို တွေ့မြင်လာစေ၏။

* သခင်နှစ်ယောက်၏ အစေကို တစ်ယောက်တည်း မလုပ်နိုင်။ ခေါင်းတစ်လုံးတည်း ရေအိုးနှစ်လုံး မရွက်နိုင်။ လှေနှစ်စင်းကိုလည်း တစ်ပြိုင်တည်း မစီးနိုင်။ ထမင်းနှစ် လုတ်ကို တစ်ခါတည်း မစားနိုင်။ ထို့ကြောင့် အလုပ်တစ်ခု တည်းကို ဂရုပြု၍ လုပ်မှ ကြီးပွားနိုင်၏။

* ဆောင်ရွက်လုပ်ကိုင်သင့်သော အလုပ်ဟူသမျှတို့ကို ငယ်သည် ကြီးသည်ဟူ၍ ဂရုစိုက် မနေသင့်။

* အလုပ်၏ သေချာခြင်း ဆိုသည်မှာ 'စာ' စကားက လေး သုံးလေးလုံးသာ ဖြစ်သော်လည်း ရွှေငွေကျောက်သံ ပတ္တမြားတို့ထက် အဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန် လှ၏။



* ကောင်းသော ချိတ်တစ်ချောင်းကို လုပ်ကိုင်ပေးခြင်း သည် မကောင်းသော ဒိုင်နမိုအင်ဂျင်စက်ကြီးကို လုပ်ကိုင် ပေးသည်ထက် ပိုမိုကြီးမားလာနိုင်သည်။

* ကောင်းသော ဖိနပ်ချုပ်သမား တစ်ယောက်သည် အလုပ်မသေချာ အသေသပ် ပျင်းရိသော အင်ဂျင်နီယာတစ် ယောက်ထက် ပိုမိုကြီးမားလာနိုင်သည်။

* သတိကင်းမဲ့ခြင်း၊ သတိမေ့လျော့တတ်ခြင်း၊ အလုပ် မလေးစားခြင်း၊ အလုပ်ကို ဂရုမစိုက်ခြင်းတို့သည် ကမ္ဘာ လောက၌ ဆုံးရှုံးခြင်းတည်းဟူသော အကြောင်းတရားတွင် အကြီးဆုံးသော အကျိုးတရား ဖြစ်လေသည်။

* မည်သည့် အလုပ်အကိုင်၌မဆို တန်ဖိုးမဖြတ်နိုင်သော ရတနာ ရှိ၏။

* အသက်မွေးရခြင်းသည် တောင်ကို တက်ရခြင်းနှင့် တူ၏။

* ရေတို့သည် မငြိမ်မသက် မတည်မတန့် လှုပ်လှုပ် ရှားရှား အစီတစ်အကန် အတားအဆီး မရှိသည့်အခါ စီးဆင်း ရန်သာ မနေတကဲကဲ ပြင်နေသကဲ့သို့ရှိသော လူမှန်သမျှ စိတ်သည် ပျက်စီးရန်လမ်းကြောင်း ရှာကြံနေတတ်သည်နှင့် တူညီ၏။

* အမြဲမလစ်သော မျက်စိ၊ မလျော့သော စိတ်ဉာဏ်၊ မလွှင့်ပါးသော သတိတို့သည် အောင်မြင်ခြင်း၏ အကြီးဆုံး သော အကြောင်းတရားပင် ဖြစ်သည်။

* မတည်တံ့သော စိတ်ရူးနောက်သို့ လိုက်တတ်သူသည် လောက၌ မည်သည့်အလုပ်တွင်မှ ကောင်းစွာ အထမြောက်ခြင်း ရှိမည်မဟုတ်။

* အခက်အခဲ အနှောင့်အယှက် အခုအခံများကို တစ်ခုပြီးတစ်ခု တွေ့ခြင်းသည် အားအင်သတ္တိကို ပိုမိုတိုးတက်စေတတ်၏။

* ပထမအကြိမ် ကောင်းမွန်စွာ နိုင်နင်းလျက် နောက်ထပ် အကြိမ်ပေါင်းများစွာ ဆက်လက်အောင်မြင်နိုင်၏။

* ပန်းပဲသမားသည် သံကို မီးပူပူရှိစဉ်မှ ထု၍ ရတတ်၏။ သံအေးမှ ထုချေက လိုရာကိုထု၍ မရသည့်အပြင် အကျိုးပျက်စီးစေတတ်၏။

* လူတို့၏ ဉာဏ်စွမ်း သတ္တိ ကြီးမားခြင်းသည် အပင်ပန်းခံ၍ လုပ်ကိုင်ကြံစည်နိုင်ခြင်းပင် ဖြစ်လေသည်။

* အတတ်ပညာ တစ်ခုခု၌ အပင်ပန်းမခံဘဲနှင့် ကျော်ကြားခြင်း အထွတ်အထိပ်သို့ မရောက်နိုင်။

* အမြဲရဲသောသူမှ အဟုတ်ရဲသောသူ ဖြစ်၏။ ဒုက္ခအမြဲရှာသောသူသည် လူရဲမဟုတ်၊ လူမိုက်ဖြစ်လေသည်။

* အဆုံးမရှိသော လောကလုံးသည် အဆုံးမရှိသော စိတ်အစိုင်အခဲကြီး ဖြစ်၏။

❑



## စာပေနှင့်ပညာရေး

စာကို ကောင်းစွာရေးနိုင်သလောက် မရေးသော
သူသည် အဘယ်အခါမှ ကောင်းစွာရေးမည် မဟုတ်။
(ဂျေဗွာရင်ပလီ)

✧ လူလုပ်ခြင်း၌ သတင်းစာဖတ်ခြင်းသည် ပထမလိုအပ်သောအရေးဖြစ်သည် ဟူသော အကြောင်းကို တောင်သူလယ်သမားမကျန် မသိသေးသမျှ ကာလပတ်လုံး သတင်းစာစောင်ရေ တိုးမည်မဟုတ်ပေ။

✧ ဓားပြသည် လူအနည်းငယ်ကိုသာလျှင် တိုက်နိုင်၏။ ထက်ချွန်လှသော ကလောင်ဆရာ အယ်ဒီတာသည်ကား တစ်နိုင်ငံလုံး တစ်ပြည်လုံးကို တိုက်နိုင်ရုံမက မှောက်နိုင်လှန်နိုင်သော သတ္တိရှိလေသည်။

✧ စာပေတည်းဟူသော သံလှူက်တွင် ဟုတ်တိုင်းမှန်ရာ အားမနာတမ်း ဝေဖန်ခြင်းသည် ""သံချေး""ဖြစ်လေသည်။

✧ ပညာဆိုသည်မှာ ကျောင်းစာကို ဆိုလိုသည် မဟုတ်ပေ။ မိမိ အသက်မွေးမှု အတတ်တစ်ခုခုကို အများထက်ပို၍ အားလုံးထက် ထူးချွန်အောင် တတ်ချေက တန်ခိုးပင် ဖြစ်လေသည်။

✧ သတင်းစာ၊ စာပုံနှိပ်စက်တို့၏ ကျေးဇူးကြောင့်လည်းကောင်း၊ နိုင်ငံရေးရေစုန်တွင် မျော၍လာသော ပညာတတ်အလုပ်လက်မဲ့များ၏ ကျေးဇူးကြောင့်လည်းကောင်း၊ နန်းရင်းဝန်ကြီး၏ အသိဉာဏ်နှင့် ကူလီမယ်လီခေါင်းတစ်ယောက်၏ အသိသည် ထပ်တူထပ်မျှ ဖြစ်လာလေသည်။

✧ မြန်မာပြည်၌ အောက်တန်းစား စာများကို အဖြစ်ဆိုကြ၏။ အထက်တန်းစား စာများကိုကား မဖတ်ကြချေ။

✧ စာများဖတ်ခြင်းသည် စာအတွက်မဟုတ်။ လောကကြီးအကြောင်းနှင့် ပတ်သက်၍ အမှန်ကို သိလိုသောစိတ်နှင့် ဖတ်ခြင်းမျှဖြစ်၏။

✧ သတင်းစာစောင်ရေ များလေလေ၊ တိုင်းပြည်၌ မသိမလိမ္မာသူ နည်းပါးလေလေ။

✧ ဝါးရေနှပ်ရေရှိသူ များလေလေ အလိမ်အညာမိသူနည်းပါးဆုတ်ယုတ်လေလေ။ တိုင်းပြည်နှင့် အမျိုးသား၏အကျိုးစီးပွား၊ ကိုယ်ပိုင်အကျိုးစီးပွားကို သိသူများလေလေဖြစ်သည့်အပြင် သတင်းစာလုပ်ငန်းသည်လည်း ယခုထက်များစွာ ပိုမို၍ မြင့်ဖို့ရှိလေသည်။

✧ စာရေး စာဖတ်မျှ မတတ်လျှင် လူရာမဝင်ပေ။ သို့သော်လည်း ကျောင်းတွင်နေမှ စာကိုတတ်ရမည် မဟုတ်ပေ။

✧ ကလေးများကို ဆုံးမလျှင် ရ၏။ လူကြီးများကို ဆုံးမလျှင် မရ။ အယ်ဒီတာများကို ဆုံးမလျှင် ပြန်၍ဆဲလေသည်။ ထိုသုံးဦးအနက် မည်သူ အမိုက်ဆုံးနည်း။



✧ အိပ်ရာနား၌ စာကိုထား၊ အိမ်ကအလုပ်ရပ်၍ အချိန်အငိုအစ အိပ်ရာထ အိပ်ရာဝင် လည်ပတ်သွားလာရာ ငှင်းအချိန်များမှာ စာအုပ်တစ်အုပ် အမြဲပါလျှင် လိုရာပညာကိုတစ်နှစ်ကိုးလနှင့် ရနိုင်၏။

✧ ဉာဏ်ဝိုင်း လှည့်တိုင်းရသော အခွင့်ရေးကြီးကို ဝိတ်ပင်ခြင်း မပြုဘဲ ဟာလာဟင်းလင်း ဖွင့်၍ထားသူများကားအဘယ်နည်းဟု မေးပါက ပါတီသတင်းစာများနှင့် စောင်ရေတိုးနိုင်သမျှ တိုးအောင် မကြိုးစားသော သတင်းစာမဂ္ဂဇင်းများပင် ဖြစ်လေသည်။

✧ ပါတီသတင်းစာများသည်ကား ပြည်သူတို့၏ မျက်စိပွင့်မှာကို အမြဲစိုးရိမ်သည့်အလား၊ မိမိတို့ပါတီ အကျိုးစီးပွားနှင့်ဆိုင်သော စာများကိုသာ ပေးကြလေရာ၊ ထိုသတင်းစာများသည် တိုင်းပြည်၏အကျိုးကို စင်စင်ကြယ်ကြယ်ဆောင်သော သတင်းစာများ မဟုတ်ပေ။

✧ သတင်းစာသည် တိုင်းပြည်တိုးတက်ခြင်း၊ တိုင်းသူပြည်သားတို့၏ အသိအမြင် ဉာဏ်အလင်းမှာ တိုးတက်ခြင်း၏ ဒီဂရီပြခါးချိန်နှင့် တူလေသည်။

✧ အခြား ရိုးရိုးသားသား သတင်းစာများသည်ကား၊ တောသူ တောင်သား လယ်ယာချောင်းမြောင်း လုပ်ကိုင်အသက်မွေးသူများ ကျေးရွာသားများထံသို့ ပေါက်ရောက်အောင် မကြိုးစားဘဲ အေးအေးဆေးဆေး နေကြသောကြောင့် စောင်ရေများသင့်သလောက် မများဘဲနေကြသည်။

✧ ပလောပီနံနှင့် စင်ကာပူ၌ လန်ချားတရုတ်များပင် တရုတ်သတင်းစာကို ဖတ်ကြလေသည်။ ဂျပန်ပြည်၌ လယ်သမားများသည် အပန်းဖြေသည့်အခါ သတင်းစာကို လယ်ကန်သင်း၌ထိုင်၍ ဖတ်ကြ၏။

✧ မြန်မာပြည်မှာကား ဦးစော ပြောသလို ဟိုလိုမဟုတ် ဒီလိုဖြစ်နေသဖြင့် ငါးပွင့်ဆိုင်ဆိုက စကားဝါပန်းလား၊ တွမ်တီဝမ်းဆိုတာ(၁၀၉)လား၊ ကိုယ့်မင်းကိုယ့်ချင်းဆိုသူ နှစ်ယောက်ဟာ ညီအစ်ကိုလား၊ ဖာသာလဝါဆိုတာ ဖာသာလဖုံးထီးလားဟု ဇဝေဇဝါဖြစ်၍နေသူတွေ လွန်စွာများလျက်နေလေသည်။ ထိုတိုင်းပြည်မှာ နိုင်ငံရေးသူခိုးသူဝှက် မထူဘဲ နေနိုင်ပါမည်လော။

✧ ဆီမီးခွက်အကြောင်းကို ဖတ်၍ကောင်းအောင် ရေးခြင်းသည် အလောင်းစည်သူ၏ အတ္ထုပ္ပတ္တိကို ရေးခြင်းထက် ခက်ခဲ ကြီးလေးလေသည်။

✧ ဆူရင်ဒရယ်နတ်ဘာဂျီ ခေါ်သူသည် (Nothing) ခေါ် ဘာမျှမရှိ ဟူသော အကြောင်းကို တစ်နာရီ နှစ်နာရီ ပြောဟောနိုင်၏။ ကျမ်းတတ်ပုဂ္ဂိုလ်တိုင်း ရေးနိုင်ပြောနိုင်မည် မဟုတ်ပေ။ သို့ဖြစ်လေရာ နာမည်ကျော် စာရေးဆရာဖြစ်လိုက ဘာမဟုတ် ညာမဟုတ် အကြောင်းများကို ဟုတ်အောင် ရေးတတ်ဖို့ လိုလေသည်။

✧ လွန်လေပြီးသော အချိန်သည် နောက်ဆုံးထွက်သော ဓာပို့ရထားကြီးနှင့် တူ၏။



✧ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ ပါရှိသော စာများမှာ ဖတ်ရာ၌ အနှစ်သာရမရှိ၊ အသိဉာဏ်ကိုလည်း မတိုးစေရုံမက၊ အသိဉာဏ်ဖွင့်တော့မည့်ဆဲဆဲ သူတို့၏ ဉာဏ်မျက်စိကို သဲပက်ခါ ပိတ်ဆို့သည်နှင့် တူသော စာမျိုးတွေလည်း ရှိကြလေသည်။

✧ များစွာသော စာကောင်း ပေကောင်းတို့မှာ လက်ရေးမကောင်းသဖြင့် စာအုပ်ထုပ်သူတို့က လက်မခံကြသောကြောင့် အချည်းနှီး ဖြစ်ကြရလေသည်။

✧ ပညာရှာမှီး၍ ရလွယ်သော ဗိုလ်ရှုယ်စဉ်အချိန်၌ အပျော်လိုက်၍ မရှာဘဲ နေမိသူတို့၏ ပျော်ရွှင်ခြင်းသည် တစ်နှစ်ပြီးတစ်နှစ် ဆုတ်ယုတ်၍ အပျော်ထဲမှ ဆင်းရဲအပူတွေထွက်ပေါ်၍ လာလိမ့်မည်။

✧ ရာဇဝင်ဆရာကြီး "ဂျစ်ဘန်း"သည် ရောမတိုင်း၏ ရွေ့လျောပျက်စီးခြင်းအကြောင်း ဟူသော အကြောင်းကို အနှစ်(၂၀)ကြာ ရေး၏။

✧ နောအား-ဝက်စတားသည် မိမိ၏ ကျော်စောသော အဘိဓာန်ကြီးကို ၄၆-နှစ်ကြာ ရေး၏။

✧ လောကဓာတ်ပညာသည် တစ်နေ့တခြား တိုးတက်နေ၏။ လောကဓာတ်ပညာ တိုးတက်လေလေ အလုပ်များလေလေ လမ်းအခွင့်သာလေလေဟု ယုံကြည်ရမည်။

✧ မိမိနှင့် အနီးစပ်ဆုံးသော ပညာတစ်ခုခု၌ စိတ်ကို အကုန်သွင်းလေ။

✧ ကျော်စောသော လောကဓာတ်ဆရာကြီး "သောမှာ့စ် အေ အက်ဒီဆင်"သည် အမြဲအားဖြင့်အသုံးဆင်သော အတတ်ပညာအသစ်တို့ကို ရှာကြံ၍ အဘယ်အခါမှ ပေါ့ပေါ့ပဲဆဆ သဘောအထားဘဲ အမှန်အကျိုးရှိသော အရာတစ်ခုခုကို စဉ်းစားသည့်အခါ မပြီးမချင်း ထပ်ခါ ထပ်ခါ လုပ်ကိုင်ကြံစည်လေ့ရှိ၏။

✧ ဂျူဘာန်ကရှေသည် အမေရိကန်ရာဇဝင်ကို ၁၅-ကြိမ်ထပ်မံ၍ ရေး၏။ ခရစ်တော် နောက်ဆုံးညစာစား ရုပ်ပုံကားကို ၇-ခုနှစ်ပတ်လုံး နေ့စဉ်ရေး၏။

✧ လောကဓာတ်ဆရာကြီး နယူတန်သည် "လေးတွဲခြင်း"သဘောကို အနှစ်(၂၀)ကြာ ကြံစည်တွေးတောခြင်းပြု၍ ရေးသား၏။

✧ လေးထောင့်ဖြစ်သော အရာတစ်ခုသည် ဝိုင်းသော အရာတစ်ခုထဲ၌ ထပ်၍ အံမကျနိုင်။ ထို့အတူ ယောက်ျားပို့သည် ကြီးပွားလိုလျှင် မိမိတို့ ဝါသနာကြီးရ အလုပ်ကို လုပ်ရာ၏။ အားကျတစ်ချက် မှားချေက တစ်သက်လုံး ဆင်းရဲတတ်၏။

✧ ကျောင်းမှာ နေရမှ မှန်ရာကိုရောက်အောင် ကြံတတ်သည် မထင်နှင့်။ အသင့်မှာ မွေးကတည်းက ဉာဏ်ရှိ၏။

✧ ဤပြည်တွင် အဘယ်မျှပင် စာရေးကောင်းစေကာမူ စာကလေးတစ်ပုဒ် ကျမ်းကလေးတစ်အုပ်မျှနှင့် ထိပ်တန်းစာရေးဆရာ မဖြစ်နိုင်။



✧ ရှေ့နေဖြစ်မည့် သူသည် ငယ်ငယ်ကပင် ဘာသာစကား၌ တော်တတ်သည်။

✧ အတွက်ချက်ညံ့လျှင် ဘာသာစကား၌ သန်တတ်၏။ အင်ဂျင်နီယာဖြစ်မည့်သူသည် ငယ်စဉ်က စက်ကိရိယာနှင့် ကစားတတ်၏။ လက်နက်ကြိုးကြိမ်နှင့် ပျော်တတ်၏။

✧ အမျိုးမျိုးတတ်ချင်သော သူသည် မည်သည့်အရာမှာမှ ဖော်လိမ့်မည်မဟုတ်။

✧ ကမ္ဘာပေါ်၌ တစ်ခုကောင်းသမားများသာ ကျော်စောနိုင်၏။ အများတတ်သူတို့ မကျော်စောနိုင်ချေ။

✧ တစ်နေ့လျှင် ၈-နာရီပြည့်အောင် အိပ်ပျော်လျှင် တစ်နေ့လုံး မရပ်မနားဘဲ ကြံလေ ရေးလေ သင်လေ အံလေဦးနှောက် မပျက်နိုင်။ အပျော်အပါး ကျူးလွန်ခြင်းသာလျှင် ဉာဏ်အား စိတ်အား ကိုယ်အား ဆုတ်ယုတ်စေ၏။

✧ ပညာရသလောက်သော ဉာဏ်ရှိပါလျက် မရသူတို့သည် တဖြည်းဖြည်း ရပ်ကြီးပွားအောင် ကြိုးစားဖို့ရန် စိတ်မရှိ။ ယခုချက်ချင်း လျှင်မြန်စွာ ကြီးကျယ်လိုခြင်းကြောင့် ဖြစ်ကြလေသည်။

✧ သာမန်မျှသော စာရေးဆရာသည် အများကြီးရေးသဖြင့် အထူးကျော်ကြား ထင်ရှားနိုင်လေသည်။

❒

## ကျန်းမာရေး

ဥပါဒ်ဒါန်ကြောင့် ဥပါဒ်ရောက်သည်။

(မြန်မာစကားပုံ)

○ အသက်ရှည်လိုက ဝေဒနာရောဂါအကြောင်းမတွေးရ။

○ သောက ပူပန်ခြင်းဆိုသည်မှာ အပိုသက်သက်ဖြစ်လျက် အသက်ကို အန္တရာယ်ဖြစ်စေ၏။

○ ကျန်းမာရေး၌ စိတ်သည် လွန်စွာအရေးကြီး၏။ စိတ်ကျန်းမာမှ ကိုယ်ကျန်းမာသည်။

○ ဝေဒနာခံစားရခြင်းသည် မြန်မြန်သတိထား၊ မြန်မြန်ကုဟု သတိပေးခြင်း ဖြစ်လေရာ၊ ဝေဒနာခံစားရသည်နှင့် တစ်ပြိုင်နက် ဝေဒနာမတိုးရအောင် တကယ့် ဆေးဆရာများထံသို့ သွားရမည်။

○ လွန်မှ ကျွံမှ သွားလျှင်ကား ဆရာဝန်ဖြစ်သော်လည်း ကယ်နိုင်မည် မဟုတ်။

○ လောကဓာတ်ဆရာများအတွက် အကောင်းဆုံးသော အရွယ်သည် ၄၇-နှစ်၊ ကုန်သည်များအတွက် အကောင်းဆုံးသော အရွယ်သည် ၄၉-နှစ်ဖြစ်လေသည်။



○ လိမ္မာသော ဆရာဝန်ကို စောစောက ခေါ်လေ့ရှိသူတိုင်းမှာ လွယ်ကူစွာ မမှားနိုင်ပေ။

○ ကျန်းမာခြင်းသည် အဖိုးအတန်ဆုံးသော လာဘ်ကြီးဖြစ်သည်ဟု လူတိုင်းအသိဖြစ်လျက်နှင့် အဖိုးမတန်သကဲ့သို့ သဘောထားကြသည်မှာ၊ အဖိုးအခမရှိဘဲ အလကားရနိုင်သောကြောင့် ဖြစ်လေသည်။

○ အသက်ကိုသာ ဉာဏ်စောင့်သည် မဟုတ်၊ ကျန်းမာခြင်းကိုလည်း ဉာဏ်စောင့်သည်။

○ အလုပ်လုပ်သူမှာ အိပ်ရာသို့ အလုပ်ကို စိတ်ဖြင့်ဆောင်ယူရန်မလို။

○ ဆောင်ယူချေက မအိပ်ဘဲ အိပ်ရာ၌ အချိန်ပိုကုန်ကျပြီး ရောဂါရနိုင်လေသည်။

○ အစာကို ကြေညက်အောင်ဝါးကာ စည်းစိမ်နှင့် စားရမည်။ စားရာ၌ စာဖတ်ခြင်း၊ အလုပ်အကိုင် လုပ်ရာ၌ စာဖတ်ခြင်း၊ အလုပ်အကိုင်အကြောင်း တွေးတောပြောဆိုခြင်း၊ အရေးတကြီးစားခြင်း၊ ဤနည်းများသည်အသက်ကို 'တို' စေတတ်လေသည်။

○ အစား ကြူးခြင်းသည်လည်း အသက် တိုခြင်း၏ အကြောင်းတစ်ခု ဖြစ်လေသည်။

○ စိတ်ကြည်လင်ခြင်းသည်လည်း အသက်တိုခြင်း၏ အကြောင်းတစ်ခု ဖြစ်သည်။

o စိတ်ကြည်လင်ခြင်း၊ အကျင့်စာရိတ္တ ကောင်းခြင်းသည် ဩဇာတန်ခိုးကို တိုးတက်စေသဖြင့် ထိုသုံးချက်မှာလည်း လေ့ကျင့်ခြင်း ဖြစ်မြောက်နိုင်သည်။

o လူသုံးမျိုး ရှိ၏။
ငှင်းသုံးမျိုးကား...
(၁) ဉာဏ်သမား၊
(၂) ကိုယ်ခန္ဓာအလုပ်သမား၊
(၃) အာရုံသမားများ ဖြစ်၏။

o အမြဲမမာသူ၊ နေပူလျှင် ဖျားသူ၊ မိုးစိုလျှင် နှာစေးသူ၊ မိုးအုံ့လျှင် ခြေဖျားအေးသူ၊ တစ်ခုခုစားလျှင် ဝမ်းယောင်သူတို့မှ အကျသမား စိတ်တွေများကြ၏။ ထိုလူမျိုးမှာ အသက်တိုတတ်ကြ၏။

o ကျန်းမာခြင်းကို ကြိုးစားလေ့ကျင့်သူတို့သည် သေမှာရောဂါရမှာတို့ကို ကြောက်သောစိတ်နှင့် မကြိုးစားရ။

o အအေးမလေကောင်း၍ လျှင်မြန်ထက်မြက်သူတို့မှာ အသိအရာမဆို မြန်မြန်ဖြစ်မြောက်အောင် ကြိုးစည်းလုပ်ကိုင်နိုင်ကြလေသည်။

o ဥပါဒ်အန္တရာယ်ဖြစ်စေ၊ မသာအရပ်၊ ငှက်တောခွေးဖောက်ကို သွားချေက ကျန်းမာခြင်းကို ဂရုမစိုက်ဘဲ ထင်သလိုနေလျှင် "ငှက်သင့်"မည်ကား ယုံမှားဖွယ်မရှိ၊ "ကျွန်းရဲ့ရာ ကြမ္မာမရှိသော"။



o ရိုးရိုးသားသား အသက်ကို မှန်မှန်မွေးလျက် အဘယ်အရာမှာမှ မလွန်ခြင်းသည် ကျန်းမာခြင်းအတွက် နည်းကောင်းဖြစ်လေသည်။

o အသက်ရှည်လိုက အနေအထိုင်ကို သတိပြုရာသည်။

o မီးဖိုအညှော်သည် ညစ်ညူး၍ မသန့်ရှင်းသော အိပ်ရာခြင်ထောင်ထဲ၌ လှောင်၍ အိပ်ရသလောက် မဆိုးပါးချေ။

o အပျော်ကြောင့် သန့်ရှင်းခြင်းသည် ကိုယ်၏သန့်ရှင်းခြင်းကို ဖြစ်စေလျက်၊ စင်ကြယ်ခြင်းမှ ကျန်းမာခြင်းကိုဖြစ်ရလေသည်။

□

# ကြီးပွားရေးလမ်းညွှန်

## (၁)

### လူပေါင်းသင်းမှ ပွဲလယ်တင်

ပညာအရည်အချင်းနှင့် ပြည့်စုံပါလျက် ပညာဂုဏ်ရောက် စိတ်ထားမောက်ကာ မည်သူ့ကိုမှ မိမိထက်သာသည်ဟု အယူမရှိနိုင်ဘဲ မျက်နှာကြီးသူ၊ မ,စနိုင်သူ၊ မိမိအတွက် ငွေကုန်ခံ၍ ချီးမြှင့်နိုင်သူတို့နှင့် အပေါင်းအသင်း မပြုနိုင်ကြဘဲ နိမ့်ရာမှာသာ ကျက်စားကြသဖြင့် နိမ့်၍နေသူ များစွာရှိကြလေရာ ၎င်းတို့လောက်မှ အရည်အချင်း မရှိသူအချို့မှာ အထက်တန်းစား လူဂုဏ်တန်များနှင့် ချစ်ကျွမ်းဝင်အောင် ဆွေမျိုးရင်းခြာ တူသားနောင်မယ်ပမာ ရင်းနှီးဝင်ဆန့်အောင် ကြံကြသဖြင့် ကြီးပွား၍ နေကြလေသည်။

သို့သော် လူဝင်ဆန့်ဖို့ရန် နည်းကိုသိဖို့ အရေးကြီးလေသည်။ လူဝင်ဆန့်အောင် အနေအထိုင် အသုံးအနှုန်း စိတ်နေသဘောထား မတတ်လျှင် လူကောင်းထဲသို့ ဝင်ဖို့ရန် ခက်လေသည်။ ငွေကြေး ဥစ္စာ ပညာ ကြီးကျယ်စွာရှိမှ လူကုံထံ



အစုအဝေးထဲသို့ ရောက်နိုင်သည်မဟုတ်၊ ရှင်ဘုရင်မှ အနိမ့်ဆုံးသော အစေခံအထိ မိမိကိုချစ်ခင်အောင် လုပ်တတ်သောအတတ်ကို တတ်ဖို့ရန် အရေးကြီးလေသည်။ အချို့သောသူတို့မှာ ကုန်းကွရှိသေခြင်း၊ ကျွန်လေ့၊ ကျွန်မူ၊ ကျွန်စိတ်ထားခြင်းဖြင့် လူကြီးလူကောင်းများနှင့် ဝင်ဆန့်အောင်ပေါင်းတတ်သော်လည်း မိမိထက် နိမ့်သူများ၏ မုန်းထားခြင်းကိုခံကြရသဖြင့် တစ်နေ့သ၌ ယုတ်သော စိတ်သဘော ပေါ်ပေါက်လာကာ နိမ့်ရာမှတက်ပြီး နိမ့်ရာသို့ ပြန်၍ သက်ကြရလေသည်။ ပေါင်းသင်းဆက်ဆံရာ၌ စိတ်သဘောထားကောင်းနှင့် မျက်နှာပွင့်လင်းစွာထား၍ ရှင်ပျ လတ်ဆတ်ဖျတ်လတ် လျင်မြန် စိတ်အားထက်သန်ခြင်း ရှိရလေသည်။

အချို့သော ရှေ့နေများသည် အလွန်တရာ အပြောအဆိုမကောင်းသော်လည်း ရှင်ပျကြည်လင် လတ်ဆတ်ပွင့်လန်းသော မျက်နှာထား အမူအရာများ ရှိကြသဖြင့်၊ အမှုအောင်မြင်ကြလေသည်။ အဆင်းလှတိုင်း လူချစ်လူခင် များသည်မဟုတ်။ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေဟူသော ဆုတောင်းပြည့်သူတို့သည် အခါခပ်သိမ်း လူချောလူလှတွေ မဟုတ်ကြချေ။ ထိုဆုတောင်းနှင့် ပြည့်စုံသူများသည် ပညာကြီးလျက် ဥစ္စာရှိသူထက်ပင် လူထဲ၌ ထင်ရှားနိုင်လေသည်။ ပညာကြီးလျက် လူပေါင်းမတတ်သူ၊ အဆင်းလှလျက် လူချစ်လူခင် မများသူတွေ များစွာ ရှိကြလေသည်။ သို့ဖြစ်သောကြောင့် ပညာကြီးသူများကိုယ်တိုင် မပေါက်

မရောက်သော နေရာများ အလုပ်များ၌ ယဉ်ကျေးဖွယ်ရာ လျက် ချစ်ခင်အောင် လုပ်တတ်သူတို့မှာ လွယ်ကူစွာ ပေါက်ရောက်ကြလေသည်။

သို့ဖြစ်၍ ပညာရဲရင့် ပွဲလယ်တင့်သည် ဟူသောစကားသည် အခါခပ်သိမ်းမမှန်၊ တစ်ခါတစ်ရံသာ မှန်နိုင်ပေသည်။ "လူပေါင်းသင့်မှ ပွဲလယ်တင့်သည်"ဟု ပုံသေမှတ်ယူရမည်။ ထိုအတတ်သည်ကား ယဉ်ကျေးဖွယ်ရာခြင်း၊ လေးစားဂရုပြုခြင်း၊ ရွှင်လန်းကြည်လင်၍ လေပြည်ပမာ အေးချမ်းသာယာသော မျက်နှာရှိခြင်း၊ ကြင်နာတတ်ခြင်း၊ သူတစ်ပါး၏အကျိုးကို ကိုယ်စိတ်ပါပါ ဆောင်ရွက်ပေးတတ်ခြင်း၊ ကျေးဇူးပြုတတ်ခြင်းတို့ ဖြစ်ကြလေရာ အခါများစွာ မရိုးမသားသော အတွင်းစိတ်၌ အကောက်ဉာဏ်၊ ကလိမ်ဉာဏ်များသူပင်လျှင် အပြင်အပ အမူအရာများ၏ ကျေးဇူးကြောင့် "ခွေးရူးကောင်းစား တစ်မွန်းတည့်"ဟူသော စကားအရ အကောက်အလိမ် မပေါ်မီအတွင်း ကြီးပွားကောင်းစား၍ နေတတ်ကြလေသည်။

လောက၌ ကြီးပွားတိုးတက်ခြင်းလမ်းတွင် ဖော်ရွေခြင်း၊ ယဉ်ကျေးခြင်း၊ ရွှင်ပျခြင်း၊ ချစ်ခင်တတ်ခြင်း၊ အတွင်းတမ်မျိုး၊ အပြင်တစ်မျိုး မဟုတ်ဘဲ အဟုတ်တကယ် စိတ်ပါကိုယ်ရောက် ပေါင်းသင်းတတ်ခြင်း၊ စေတနာရှေ့ရှုခြင်းတို့သည် အကြီးဆုံးသော အထောက်အပံ့များ ဖြစ်ကြလေရာ ဘီအေ၊ အမ်အေ ပညာအရည်အချင်း ရှိသူတွေ မပေါက်



ရောက်သော နေရာများ၌ ယဉ်ကျေးဖျတ်လတ် လတ်ဆတ်လျှင်မြန် ကြည်လင်သော ရေလှိုင်လို ရွှင်လန်းထက်သန်သည့်သူတို့သည် ပေါက်ရောက်ကြလေသည်။ ၎င်းတို့သည် အခါများစွာ မိမိတို့၌ အဘယ်လို သတ္တိရှိကြသည်ကို မသိကြသဖြင့် ထိုကဲ့သို့ ချစ်ချင်သူ ပေါများလျက် အလုပ်ကိုင်မရှားသည်အဖြစ်ကို သိရသောအခါ အံ့အားသင့်၍ နေကြလေသည်။

ဤအတတ်သည် လူချစ်လူခင်များအောင် လုပ်တတ်သော အတတ်ဖြစ်လေရာ အချို့မှာ မွေးကတည်းကပါသဖြင့် 'မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ'ဟူသော ဆုတောင်းနှင့်ပြည့်သည်ဟု အပြောခံကြရလေသည်။ စင်စစ်မှာ ဆုတောင်းမဟုတ်၊ ကိုယ်တိုင်၏ စိတ်နေသဘောထားအသုံးအနှုန်း၊ အပြောအဆိုပင် ဖြစ်လေရာ 'ချစ်စေလို နှုတ်ခမ်းလက်နှစ်သစ်၊ မုန်းစေလို နှုတ်ခမ်းလက်နှစ်သစ်' ဟူ၍ ရှေးလူကြီးသူမများ ပြောခဲ့ကြသည်မှာ မှန်လေသည်။ အမြဲချဉ်စုပ်၍နေသော မျက်နှာ၊ သူတထူးကိုမြင်လျှင် မုန်းစရာကဲ့ရဲ့စရာကိုရှာ၍ ကြည့်တတ်သော မျက်နှာ၊ ဝမ်းထဲမှ တကယ့်စေတနာမပါဘဲ အပေါ်ယံ ရွှေမှုန်ကြဲထားသော မျက်နှာတို့မှာ မုန်းစရာအသွင် ပေါ်၍နေပြီးဖြစ်လေရာ ထိုလူမျိုးမှာ လူချင်လူခင် မများနိုင်၊ မုန်းသူများဖို့သာ ရှိသေသည်။

အချို့သော သူတို့သည် မဟုတ်မခံတတ်၊ မှန်ရာကို ဒိုးခနဲ ဒေါက်ခနဲ ပြောတတ်သည်ဟူသောသတ္တိမျိုး၌ ဂုဏ်ယူတတ်ကြ၏။ 'မခံချင်လို့ လဲသေသေ၊ ကျုပ်က မှန်တာပြောတတ်တယ်၊ ဘွင်းဘွင်းပဲ ပြောတတ်တယ်' ဟူသော ဝါဒကို လက်ကိုင်ထား၍ မညှာမတာ ပြောတတ်ကြသည်။ ၎င်းလူမျိုးမှာ အဘယ်မျှပင် ဉာဏ်ပညာ ကောင်းစေကာမူ၊ အဘယ်မျှပင် ရုပ်ဆင်းကြန်အင် ရှိစေကာမူ အပေါင်းအသင်း မတိုးဘဲ ပျက်ဖို့သာ ရှိလေသည်။

၎င်း လူချစ်လူခင်များအောင် လုပ်တတ်သော သတ္တိသည် မွေးကတည်းကပင်ပါ၍ မလာစေကာမူ သတိနှင့်ကျင့်လျှင် ရနိုင်လေသည်။ မည်သူမဆို လူချင်လူခင် များသူဖြစ်ရန် အလိုရှိကြ၏။ ထိုစိတ်သည် ကောင်းသောစိတ်ပင်ဖြစ်သော်လည်း အကယ် လူချစ်လူခင်များအောင် လုပ်သောနည်းကို အသုံးမပြုလိုကြချေ။

အကြောင်းမူကား ထိုအလုပ်သည် များစွာလွယ်ကူသောအလုပ်မဟုတ်။ အတော်အတန် ပင်ပန်းခံသော အလုပ်ဖြစ်လေသည်။ သို့ရာတွင် ကမ္ဘဋ္ဌာန်း ထိုင်သလို ထိုင်၍ ခက်ခက်ခဲခဲကြီး လေ့ကျင့်ယူရသောအလုပ်မျိုးလည်း မဟုတ်ပေ။ ပျင်းရိပေါ့ဆ တစ်ကိုယ်ကောင်းစိတ် ရှိသူတို့သည် ထိုအလုပ်ကို မလုပ်နိုင်ကြချေ။

သို့ဖြစ်၍ အများအားဖြင့် လူချစ်လူခင်များသောနည်းကို မသုံးကြဘဲ မုန်းစေတတ်သော အကြည်ညိုပျက်စေတတ်



သော အသုံးအနှုန်းများကိုသာ မကြာ မကြာ သုံးကြလေသည်။ အကြောင်းမူကား လူသည် မာနကြီးသောလူသတ္တဝါဖြစ်လေရာ မည်သည့်နေရာမဆို မာနအစွမ်းလေး ပေါ်တတ်သောကြောင့် သူတစ်ပါးအရေးထက် မိမိနှင့်တကွ၊ မိမိနှင့်ပတ်သက်သမျှတို့၏ ဂုဏ်သရေနှင့် သက်ဆိုင်သော စကားတို့ကိုသာ သုံးတတ်ကြလေသည်။

သို့ဖြစ်ရာ လူချစ်လူခင် ပေါများရန်အတွက် ဤအချက်ကို ကောင်းကောင်းသတိပြု၍ လျှပ်တစ်ပြက် ပေါ်လာသတ်သော မိမိအလိုကို ငြင်းဆန်ခြင်း၊ သူတပါးအလိုကို သိခြင်း၊ မာန်မာနကင်းခြင်း၊ မာန်မာနမကင်းသော အမူအရာ မှန်သမျှ သတိနှင့်ရှောင်ကြဉ်ခြင်း၊ ကြွားဝါဂုဏ်ပြိုင်ခြင်း၊ မနာလိုခြင်း စသည်တို့ကို သတိနှင့် ထိန်းသိမ်းကြရပေမည် ဖြစ်လေသည်။

ထို့အပြင် အရေးကြီးသော အချက်မှာ လူတစ်စုံတစ်ယောက်တွေ့လျှင် ၎င်းကို အထူးအရေးတယူပြုသော အမူအရာ ရှိစေခြင်း၊ ၎င်းလူ၏အလိုကို တတ်နိုင်သမျှ လိုက်လျောခြင်း၊ ၎င်းအပေါ်၌ ကြင်နာသော မေတ္တာစိတ်ကိုထားခြင်း ဖြစ်လေသည်။

မည်သူ့ကိုမှ အရေးမယူ အေးစက်စက်နှင့် မပြောချင်သလိုလို အပေါင်းအသင်း မလုပ်ချင်သလိုလို ဆိတ်ငြိမ်စွာ မိမိ၏အရေးနှင့် ပတ်သက်သော အကြောင်းအရာများကိုသာ စူးစိုက်၍နေသော သူ၌ လူချစ်လူခင်များဖို့ရန် ခက်လေသည်။

သို့ဖြစ်၍ လိုရင်းအချုပ်မှာ ကိုယ်ဖို့သာ သိတတ်သောလူ မဖြစ်စေရာ။

တိရစ္ဆာန်များနှင့် အရူးများသည် ကိုယ်ဖို့ အသိဆုံးဖြစ်ကြလေသည်။ "အရူး… အရူး… အိမ်ဦး ချေးယို" ဟူသော စကားသည် မှန်လွန်းအားကြီးသော စကားဖြစ်သည်ကို သတိထားမိကြဟန် မတူချေ။ အကြောင်းမူကား ရူးလျှင် အိမ်ဦးတက်သူချည်း မှတ်ရမည်။ ထိုသူတို့သည် ကိုယ့်ဖို့ သိအားကြီးသောကြောင့်သာ ရူးသည်ဟု ဆိုရပေမည်။

❒



(၂)

## ကမ္ဘာ့ရေသောက်မြစ်

ကမ္ဘာပေါ်ရှိ တိုင်းပြည်အရပ်ရပ်တို့၌ ဆင်းရဲသား အလုပ်သမားတို့သည် ယခုအခါ တညီတညာတည်း နိုးကြား၍ လာကြလေသည်။ ၎င်းတို့၏ မျက်စိ၌ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ မင်းစိုးတို့သည် မိမိတို့ကို အဘယ်ပုံ ကြီးစိုးလွှမ်းမိုး၍ နေကြသည်ကို သိမြင်ကြလျက် မိမိတို့၏ နိမ့်ကျသော အခြေအနေနှင့် သူဌေး၊ သူကြွယ်၊ မင်းစိုးရာဇာတို့၏ အခြေအနေ ကွာခြားပုံကို သူတို့ မြင်၍လာကြလေပြီ။

ရှေးအစဉ်အလာကား ဆင်းရဲသား အလုပ်သမားတို့သည် နှိမ့်ချသောစိတ် ရှိကြလျက် စဉ်းစားဉာဏ်ကို များစွာ အသုံးမပြုကြဘဲ ဖြစ်ရာဘဝ၌ တင်းတိမ်ကာ "ငါတို့၏ ကံကြမ္မာသည်။ ဤနေရာ၊ ဤအဆင့်အတန်း၌ ထား၏။ အဘယ်တွက် မဆိုင်သည့် အခြေအနေကို မှန်းရမည်နည်း" ဟူ၍ စိတ်ဖြေရောင်ရဲကာ အေးအေးနေခဲ့ကြလေသည်။

ထိုအခါသမယများ၌ ဆင်းရဲသားသည် ဆင်းရဲသားနှင့်တူအောင် နေခဲ့၏။ သူဌေး၊ မင်းစိုးတို့ကို ဂုဏ်ပြိုင်ခြင်း မပြုနိုင်ကြ။ အသိပညာ၊ အလိမ္မာအရာ၌လည်း ငါတို့၏အရာ

မဟုတ်ဟု ယူဆကာ တောင်လုံးပြန် ဆရာပြ၊ ခားပိန်ယိမ်း
ဆရာ ဦးအောင်ကြီးတို့၏ ''မောင်ဖိုးစိန်နှင့် မငွေစိန် ကပြ
သော ပဋ္ဌာန်ကျားရား ကုလားပြဇာတ်''၊ ''ဘုရားရှိခိုးအမျိုးမျိုး
မှုဟောင်း''၊ ''မြို့ပြင်ကြီး သင်္ဂြိုဟ်အကောက်ကျမ်း''တို့
နှင့် လက်ဖက်ရည်ကြမ်းပိုင်းတွင် ဆွေးနွေးရင်း တင်းတိမ်
ကာ လယ်, ချောင်း အလုပ်ရုံ ပိုင်ရှင်များထားရာမှာ နေကြ
သူများသာ ဖြစ်ကြလေသည်။

ယခုအခါသမယမှာမူကား အသိပညာ၊ အလိမ္မာဉာဏ်
ဟူသည် လူကုံထံနှင့် မင်းစိုးရာဇာ အရာရှိတို့၏ 'မိုနိုပိုလီ'
တစ်ဦးတည်းပိုင်ပစ္စည်း မဟုတ်တော့ဘဲ သတင်းစာ၊ စာပုံ
နှိပ်စက်တို့၏ ကျေးဇူးကြောင့်လည်းကောင်း၊ နိုင်ငံရေး ရေ
စုန်တွင် မျော၍လာသော ပညာတတ် အလုပ်လက်မဲ့များ၏
ကျေးဇူးကြောင့်လည်းကောင်း၊ နန်းရင်းဝန်၏အသိနှင့် ကူလီ
မယ်ဇလီခေါင်းတစ်ယောက်၏ အသိသည် ထပ်တူထပ်မျှ
ဖြစ်၍လာလေသည်။ သို့ဖြစ်လေရာ အထက်တန်းအခြေအနေ
၌ ဝင့်ဝါ၍ နေကြသူတို့မှာ ကျွဲ၊ နွားနှင့် အလားတူသော
အလုပ်သမားများ အသိဉာဏ်ဝင်လာသည်ကို မြင်ကြရသော
အခါ ဖိချင်တိုင်းဖိ၊ ဖိန်းချင်တိုင်းဖိန်း၍ မရသောကြောင့်
ဖိန့်ဖိန့်တုန်၍ နေကြလေသည်။

ထို့ပြင် ယခုခေတ် အခါသမယ၌ အသုံးအနှုန်းဟို့မှာ
မင်း၊ သူဌေး၊ အလုပ်သမား၊ ဆင်းရဲသားဟူ၍ ခြားနားခြင်း
မရှိသောကြောင့် ဆင်းရဲသားတို့သည်လည်း မိမိတို့ပင်ပန်း



သလောက် အကျိုးခံစားလိုသဖြင့် မနုဿလူသတ္တဝါတို့၏
ဓမ္မတာ အတိုင်း အရောင်အဝါတို့ကို အလိုရှိကြလေရာ
သူဌေး၊ အစိုးရတို့မှာ ထင်သလိုခံစား စံစားလျက် ဆင်းရဲ
သားတို့မှာကား ဆင်းရဲနွမ်းပါးစွာ နေကြရခြင်းကို အမြဲ
နေ့စဉ်မြင်၍ နေရခြင်းသကဲ့သို့ ဖြစ်သည့်ပြင် အသိပညာတိုး
၍လာခြင်းကြောင့်လည်း သူဌေးငွေရှင်တို့၏ ငါစားကြီးခြင်း၊
မတရားခြင်း၊ မမျှတခြင်း၊ အစစ အရာရာ၌ မင်းစိုးရာဇာတို့
က သူဌေးများဘက်ကိုသာ လိုက်၍နေခြင်းများသည်လည်း
ထိုမကျေချမ်းသောစိတ်ကို တိုးတက်ပြင်းထန်အောင်ပြု၍
နေသည်နှင့် တူလေသည်။ သို့ဖြစ်သောကြောင့် ကမ္ဘာတစ်
ဝှမ်းလုံးတွင် အရေ၊ အရောင်၊ အမျိုး၊ အရိုး မရွေးဘဲ ဆေးလံ
သော နိုင်ငံချင်းပင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်သွယ်ကာ
လေဘာယူနီယံအဖွဲ့ကြီးများသည် ကမ္ဘာချူအောင် ထကြွ
နိုးကြား၍ နေကြလေသည်။

ကမ္ဘာပေါ်၌ စစ်သုံးမျိုးရှိ၏။ ထိုသုံးမျိုးသည်ကား
(၁) တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူတစ်မျိုးနှင့်တစ်မျိုးတိုက်သော
စစ်၊ (၂) ပြည်တွင်းရေးစစ်၊ (၃) ဆင်းရဲသားနှင့် သူဌေး
စစ်ဖြစ်ကြလေရာ အစိုးရများက လက်နက်ရုပ်သိမ်းခြင်း၊
စစ်မက်ကင်းမဲ့ခြင်း အလုပ်တို့ကို အောင်မြင်အောင် မတော်
တဆ စီမံနိုင်စေဦးတော့ ပြည်တွင်းရေးစစ်ကိုမူ ပပျောက်
အောင် လုပ်၍ရမည် မဟုတ်ချေ။

ထိုပြည်တွင်းရေးစစ်၏ အစသည်ကား သူဌေးနှင့် ဆင်းရဲသားတို့၏စစ်က အစပြုဖို့ ရှိလေရာ သူဌေးတို့မှာ အစိုးရနှင့် တစ်ဂိုဏ်းတည်းသားများ ဖြစ်လေရကား ထိုစစ်မျိုးသည် သူပုန်စစ် ဖြစ်ရလေသည်။

သို့ဖြစ်၍ ကမ္ဘာပေါ်၌ ရှေ့လာမည့်ခေတ်များတွင် လူတစ်မျိုးနှင့် တစ်မျိုးတို့ တိုက်သောစစ်ထက် ဆင်းရဲသားနှင့် သူဌေးတိုက်သောစစ်က ပိုမိုအရေးကြီးဖို့ ရှိလေသည်။

တိုင်းပြည်ဟူသမျှ လူမျိုးကွဲမင်း အုပ်ချုပ်သည်ဖြစ်စေ၊ အမျိုးမင်း အုပ်ချုပ်သည်ဖြစ်စေ ယခု စီမံအုပ်ချုပ်ပုံ ဒီမိုကရေစီနည်းစနစ်များအရ ဆင်းရဲသားများ၏ အခြေအနေမှာ များစွာထူးခြားဖို့ မရှိကြောင်းကို ရုရှားပြည်၌ ဗိုလရှီဗျစ်ပေါ်လာခြင်း၊ အင်္ဂလန်ပြည်၌ အလုပ်သမားများ အကြီးအကျယ် အကြိမ်ကြိမ် လှုပ်ရှားခြင်း၊ ယခု ဘုံဘိုင်နယ်၌ အလုပ်သမားတွေ ထကြွနိုးကြားခြင်းများဖြင့် ထင်ရှားလေသည်။

အကြောင်းမူကား ဒီမိုကရေစီဆိုသော်လည်း အစစ်အမှန် ဒီမိုကရေစီမဟုတ်။ လူကြားကောင်း တရားနာ ချေးပုံးကို ဆေးသုတ်ထားသည့်ပမာ မျက်ပြူးဖင်ကောက် နဖူးမောက်နှင့် ဘယ်လောက်မှ မလှသူကို "မယ်လှ"ဟု မှည့်သည့်ပမာ သူဌေးများ၊ မင်းများ၏ ရွှေဘောတော်အတိုင်း ကိုယ်လိုရာ ကိုယ်ဆွဲ၍ အုပ်ချုပ်နေသော "ငါမိုကရေစီနည်းစနစ်များ"ဖြစ်လေကာ အဘယ်ပုံ မျှတအေးချမ်းနိုင်ပါမည်နည်း။



သို့ဖြစ်ရာ ကမ္ဘာပေါ်၌ လူမျိုးကွဲပြားခြင်းသည် ဆင်းရဲသားနှင့်သူဌေး ကွဲပြားခြင်းလောက် အရေးကြီးမည်မဟုတ်။ ဆင်းရဲသားမှန်က လူဖြူ၊ လူမည်း၊ ဥရောပသား၊ အာရှသားမရွေး ငွေရှင်သူဌေးတို့ကို လှဲဖြိုရန် စည်းလုံးပေါင်းသင်းကြရမည့်ခေတ်ကြီး ရောက်၍လာဖို့ရှိသည်ကို ယခုအခါ အိန္ဒိယတိုင်း၌ လှုပ်ရှား၍နေသော အလုပ်သမားတို့အပေါ်၌ အင်္ဂလန်ပြည်ရှိ လေဘာအလုပ်သမားအဖွဲ့များက ကြင်နာယိုင်းပင်းနေခြင်း၊ ရုရှားပြည် အလုပ်သမားများက အမြဲရေးယူ၍နေခြင်းတို့ကို ထောက်သဖြင့် သိနိုင်လေသည်။

အိန္ဒိယတိုင်း၊ ဖိလစ်ပိုင်ကျွန်း စသည်တို့သည် လက်အောက်နိုင်ငံဘဝမှာ လွတ်မြောက်ခြင်းရဖို့ အလုပ်ကိုကြိုးစား၍ နေကြရာ ကမ္ဘာ အဝန်းလုံးက သိသော်လည်း အခြားတိုင်းပြည်သားတို့က ထိုလက်အောက်ခံနိုင်ငံများ လွတ်မြောက်ရေးရမည့်၊ မရမည့် အကြောင်းနှင့် ပတ်သက်၍ များစွာကြောင့်ကြ အရေးယူခြင်း မရှိခဲ့သော်လည်း လေဘာအလုပ်သမားတို့၏ လှုပ်ရှားခြင်း အရေးတစ်ခုခု ပေါ်ပေါက်လာသော အခါ၌ကား တစ်ကမ္ဘာလုံးရှိ လူမျိုးကွဲလေဘာ အလုပ်သမားများကပါ ကူ၍ နာကြခြင်းကို ထောက်သဖြင့် ရှေ့လာမည့် ခေတ်သမယများ၌ ထိုအရေးသည် အဘယ်မျှလောက်ကြီးကျယ်သောအရေးဖြစ်၍ လာမည်ကို ဆင်ခြင်သိရှိနိုင်လေသည်။

လူတစ်မျိုးနှင့် တစ်မျိုးပင် စစ်မက်ကင်းမဲ့စေကာမူ ထိုဆင်းရဲသား စစ်မအေးသမျှ ကမ္ဘာကြီး မအေးနိုင်ချေ။ အကြောင်းကား မနုဿလူသတ္တဝါတို့မှာ ချမ်းသာခြင်းရဖို့ ဖြစ်လေသည်။

ယခုမှာမူ တိုင်းပြည်ဟူသမျှ ထိုရည်ရွယ်ချက်နှင့် ဆန့်ကျင်ကာ၊ လူများစု ချမ်းသာဖို့အစား လူနည်းစုမှာ ချမ်းသာ၍နေလေရာ တိုင်းပြည်တည်ထောင် နေထိုင်ခြင်း၏ လိုရင်းအချက်ကြီးနှင့် ဤမျှလောက် ဗီလာဆန့်ကျင်၍နေသော အခြေအနေသည် ကြာမြင့်စွာ နေနိုင်ဖို့မရှိ။ ကြီးစွာသော ပြောင်းလဲခြင်းဖြစ်ရမည်ကား မလွဲလေသော အထိမ်းအမှတ်တို့သည်ကား တစ်ကမ္ဘာလုံးမျက်စိသည် လေဘာအလုပ်သမားတို့၏ အပေါ်၌ စူးစိုက်၍ နေကြခြင်းဖြင့်သာ သိသာလေသည်။ အကြောင်းမူကား လေဘာသည် တိုင်းပြည်တည်းဟူသော သစ်ပင်ကြီး၌ ရေသောက်မြစ်ဖြစ်လေရာ ထိုရေသောက်မြစ်မှာ ရေမသောက်ရချေက တစ်ပင်လုံး ခြောက်ဖို့သာ ရှိသည်ကို ကောင်းစွာ သတိပြုအပ်ကြပေကြောင်း။



(၃)

## လူဆိုသည်ကား

လူတို့သည် လောကဓာတ်ပညာကို အဘယ်မျှပင် တတ်မြောက်ကြစေကာမူ မည်သည့်အကြောင်းအရာကိုမျှ အကုန်အစင် မသိနိုင်ကြပေ။ မည်သူပြောသော စကားကိုမှလည်း အကုန်အစင်မယုံအပ်။ ကျွန်ုပ်ကား အဘယ်ပရော်ဖက်ဆာကြီးက ဘာကိုပင် ပြောစေကာမူ ယုံချင်မှာယုံလေသည်။

လူတကာမှာ အစွဲတစ်ခုရှိ၏။ နံနက်မိုးလင်းအားကြီး အရေးတကြီးထပြီး ကန်တော်ကြီးကို ပတ်ရမှ အသက်ရှင်မည်ဟု ပုံသေစွဲမှတ်ကာ လူ့ဘဝ၌ ကန်တော်ကြီးကို ပတ်ခြင်းလောက် အဘယ်အရာမှ အရေးမကြီးသည့်အလား ဒုက္ခစရိယ ကျင့်တော်မူကြကုန်သူများလည်း ရှိကြ၏။ ပတ်ရင်းပင် ရပ်ခြင်းသို့ ရောက်သူတွေလည်း ရောက်ကြရလေသည်။

အချို့လည်း နံနက်အိပ်ရာမှ ထလျှင်ထခြင်း ရေဘယ်နှခွက် ပုံသေသောက်၊ အသက်ရာကျော်ရှည်သည် ဟူသော စကားတစ်ခုကို ဘုရားဟောဒေသနာကဲ့သို့ မှတ်ထင်ကာ ကမ္ဘာပေါ်၌ နံနက်စောစော ရေတစ်ခွက်လောက် အဘယ်အရာမျှ အရေးမကြီးသကဲ့သို့ မှတ်ထင်ကြလေသည်။

ဤလို အစွဲသန်သူတစ်ယောက်ကို တွေ့ဖူးလေသည်။ ညတစ်ညဌ် ဝမ်းနုတ်ဆေးသောက်၍ အိပ်၏။ နံနက်၌ ဝမ်းနှိုးသဖြင့် နိုး၍ အူယားဖားယား အိမ်သာသို့သွားရာ အိမ်သာအနီး ရောက်ခါမှ နံနက်စောစော ရေတစ်ခွက်မသောက်ရသေးကြောင်း သတိရဖြင့် သောက်ရေအိုးစင်သို့ ပြန်၍လာပြီး ရေသောက်၏။ သို့သော် သောက်ရင်းပင် အန္တရာယ်လွယ်၍ မရသဖြင့် အိမ်ဦးခန်း သောက်ရေအိုးစင်မှာပင် မဆင်ခြင်နိုင်၍ အိမ်သာသို့ တန်း၍ပြေးရာ သွားရာ၌ အကြောင်းထင်သော ပက်ကျိပမာ တန်းလန်းပါ၍ သွားသည်ကို မြင်ရဖူးလေသည်။

ယခု အနောက်တိုင်းမှာလည်း ကိုယ်လုံးပေါ် အသင်းတွက် နေစာလှုံအသင်းတွေ ထလျက် ကြွလျက် နေကြသည်။ ၎င်းတို့မှာလည်း လောက၌ ကိုယ်လုံးချွတ် နေရခြင်းလောက် အရေးပါ အရာရောက်သော အရာမရှိ။ နေ့ရော၊ ညဦးရော အားလပ်သည့် အခါတိုင်းရော ကိုယ်လုံးချွတ် တရားကို လက္ခဏာရေးသုံးပါးလို စွဲမြဲစွာ ဟောကြ၊ ပြောကြ၊ ကျင့်ကြလေသည်။ လူသည် အကောင်းကို စိတ်အားထက်သန်စွာ စွဲလေ့မရှိ။ အယုတ်တရားများကိုသာ စိတ်အားထက်သန်စွာ စွဲလေ့ရှိရာ အနောက်နိုင်ငံ၌ ထိုမျှလောက် စွဲ၍နေသော ကိုယ်လုံးကျွတ်နှင့် နေပူစာအလုပ်သည် မြတ်သောအလုပ် မဟုတ်နိုင်။ မမြတ်သောအလုပ်သာ ဖြစ်သည်ဟု ဆိုဖွယ်ရာရှိလေသည်။ ဥရောပဆန်လိုသော ကောလိပ်သူများ၊ အရာရှိသမီး



များအနက် အားကျ၍နေသူတွေ ရှိချေက "အားမကျကြနှင့်" ဟု တရားပြချင်လေသည်။

"လှေနံဓားထစ်" ပုံသေစွဲမှတ် ယုံကြည်သူများသည် လူလိမ္မာမဟုတ်၊ လူမိုက်သာဖြစ်ရာ၏။ ဆေးများ၊ အစာများ ကြော်ငြာ၍ ရောင်းသူတို့ကလည်း မိမိတို့ရောင်းသောပစ္စည်းတစ်ခုခုကို ဖက်ရှင်ဖြစ်အောင် ကြော်ငြာဉာဏ် သုံးတတ်ကြလေရာ အများအားဖြင့် ငွေကိုသုံးနိုင် ဖြုန်းနိုင်သဖြင့် မိမိတို့ကိုယ်ကို အသိ အလိမ္မာ လူ့ထိပ်တန်းစား မှတ်ထင်သူများသည် ထိုဖက်ရှင်ပစ္စည်းများကို သူ့ထက်ငါဝယ်၍ သုံးပြီး နေကြလေသည်။ အာစပီရင်ခေတ်ပါသော ဆေးသည် ဖက်ရှင်ဖြစ်ဖူးလေရာ ဂုဏ်သရေရှိမှန်က ထိုဆေးနှင့်မကင်းကြပေ။ အာစပီရင်လောက် ကြီးကျယ်သောဘုရား မရှိသကဲ့သို့ပင် ယခုကား ထိုဘုရားလည်း နန်းကျဘုရင်များလမ်းကို သွားရှာလေပြီ။

လူသည် လူ၏အကြောင်းကို မသိဆုံးသော သတ္တဝါဖြစ်၏။ ကောင်းကင်ရှိ နက္ခတ်တာရာတို့ကို တိုင်းတာနိုင်၏။ မြေလျှိုး မိုးပျံနိုင်၏။ နားကြပ်ကို ရ၏။ စကြာကို ရကြ၏။ သို့သော်လည်း လူ၏ကိုယ်နှင့် လူ၏အသက်အကြောင်းကို သိသောပညာမှာ လွန်စွာ သိမ်ဖျင်းလေသည်။ "ဗိုင်ယိုလက်ရေး" ခေါ် နေရောင်ခြည်ခေတ်၏တန်ခိုးကို ယေရှု၏တန်ခိုးမက ကြီးကျယ်သည်ဟု ဥရောပတိုင်း၌ မှတ်ထင်ကိုးကွယ်၍နေကြ၏။ ထိုခေတ်ကြောင့်ခံစားရသောအကျိုးက အဘယ်

မျှဟု အဘယ်လောကဓာတ်ဆရာကမျှ အသေအချာ ပြောနိုင်မည် မဟုတ်ပေ။ ဝိုင်ယိုလက်ရေးမပေါ်မီက အသက်ရာကျော်ရှည်သူတွေ ရှိကြလေသည်။

ယခုခေတ်မှာ လောကဓာတ်ပညာ၏ အစွမ်းဖြင့် သိသိသာသာ စိတ်ချလက်ချ ခံစားရသော အရာတစ်ခုသာ ကျွန်ုပ် မြင်ရ၏။ ထိုအရာကား အခြားမဟုတ်၊ ယခုကာလ လူများအနက် ကျောက်ပေါက်မ ထူသူ နည်းပါးခြင်းပင်ဖြစ်လေသည်။ ထိုကဲ့သို့ ဖြစ်ခြင်းမှာ ကျောက်ထိုးဆရာကို မကြောက်ကြခြင်းကြောင့် ဖြစ်လေသည်။ လောကဓာတ်ပညာမှာ များစွာတိုးတက်ခြင်းကြောင့် မဟုတ်ပေ။ ရှာကိုဘီလူးဝင်သလို ကျွန်ုပ်ကိုယ်တိုင် ပုန်းရ၊ ပြေးရဖူးလေသည်။



(၄)

## အကြံကြီးရမည်

အကြံကြီးမှ ကြီးမြင့်၏။ အကြံသေးလျှင် သေးသိမ်၏။ အကြံကြီးဖို့ရန်အတွက် လွန်စွာဉာဏ်ကြီးဖို့မလို။ အလုပ်ကြီး အကိုင်ကြီး လုပ်သူတို့သည် ဉာဏ်ထူးသူများ မဟုတ်ကြပေ။ အမှတ်သညာများခြင်း၊ မျက်စိနှင့် နားကို ပွင့်စွာထားခြင်း၊ အပေါင်းအသင်း ကောင်းခြင်း၊ အကျိုးအပြစ်ကို ဆင်ခြင်၍ အရှည်ကို မြင်တတ်ခြင်းသာ လိုရင်းဖြစ်၏။

ရွှေကိုသာလျှင် မရှုရ၊ ငွေမှာသာ အမြတ်အစွန်း အဖိုးအခဟု မထင်ရ။ တစ်စုံတစ်ရာကို လုပ်ရာ၌ ငွေထက်အဖိုးတန်သော အကျိုးစီးပွားတွေ များစွာရှိလေသည်။ ဂုဏ်သတင်း၊ အပေါင်းအသင်း၊ ဗဟုသုတ၊ အတွေ့အမြင်၊ ကိုယ်တွေ့အတတ်၊ အဆက်အသွယ်တို့သည် အဖိုးအခများပင် ဖြစ်ကြလေသည်။

ထိုအချက်ကို မသိမမြင်၊ ငွေဖြူဖြူကလေးကိုသာ မြင်သူတို့သည် ကြီးကျယ်ခြင်းအဖြစ်သို့ ရောက်ဖို့ ခက်လေသည်။ အလုပ်တစ်ခုခုကို လုပ်ရာ၌ ငွေထက် အဖိုးထိုက်တန်သော လမ်းအခွင့်တွေကို ရနိုင်လေသည်။

ကိုယ်ပိုင်ဉာဏ် မရှိကလည်း မကြီးပွားနိုင်၊ အကြီးအကျယ် မလုပ်နိုင်၊ မချွန်နိုင်ပေ။ သို့သော်လည်း 'ကိုယ်ပိုင်ဉာဏ်' ဆိုသည်မှာ အထီးကျန် မပေါ်လာနိုင်။ တစ်စုံတစ်ရာကိုမှီ၍ ပေါ်လာရမြဲ ဖြစ်လေသည်။ မီးခြစ်ကိုမှီ၍ ဓာတ်ဆီမီးခြစ်ကလေးများကို တစ်စုံတစ်ယောက်က ကြံစီခဲ့၏။ မိုတိုကားမှ လေယာဉ်ပျံ ထွက်ပေါ်ရလေသည်။

သို့ဖြစ်လေရာ လက်ရှိ အမြဲတွေ့မြင်ရသော အလုပ်အကိုင်များ၊ လုပ်ကိုင်နည်းစနစ်များ၊ ပစ္စည်းများကို ဂရုစိုက်ကြည့်ရှုမှတ်သားကာ ငါ ဘယ်ပုံထူးအောင် လုပ်ရမည်ဟူသော အကြံကို ထုတ်ရလေသည်။

ထိုအခါများစွာ၌ တစ်စုံတစ်ရာသို့ မြင်သဖြင့်လည်းကောင်း၊ စကားတစ်လုံးကို ကြားရသဖြင့်လည်းကောင်း၊ စာတစ်ပုဒ်ကို ဖတ်ရှုရသဖြင့်လည်းကောင်း၊ (Association of Ideas) ခေါ်နည်းအတိုင်း အကြံသစ် တစ်ခုခု ပေါ်တတ်လေသည်။ မမေ့မလျော့အောင် ရေးမှတ်၍ထား 'စကင်ပလန်' ကို စာရေး၍လည်းကောင်း၊ ပုံဆွဲ၍လည်းကောင်း လုပ်ရမည်။ လူတို့ ခေတ်အလိုက် အငိုကိုလည်းကောင်း၊ အသုံးကိုလည်းကောင်း သိရမည်။

တစ်စုံတစ်ခုကို စူးစိုက်၍ ဆင်ခြင်စဉ်းစားသောစိတ်နှင့်ကြည့်က အကြံသစ် ဉာဏ်သစ်ကို ရနိုင်၏။ မိမိ၏အစွမ်းကို ယုံကြည်ကာ ဖြစ်မြောက်အောင် လုပ်ရဲသော စိတ်ရှိက



(Initative)ခေါ် စတွင်တတ်သော အစွမ်းကို ရနိုင်လေသည်။ ကိုယ်ပိုင်ဉာဏ်နှင့် စတွင်မတတ်သော အစွမ်းရှိမှသာ ကြီးကြီးကျယ်ကျယ် ဖြစ်မြောက်အောင်မြင်နိုင်လေသည်။

အလုပ်ဟူသမျှမှာ တိုးတက်ရန်လမ်းအမြဲရှိ၏။ အလုပ်တစ်ခုခုကို လုပ်၍ဖြစ်ပြီး မပျက်နိုင်သော အခြေကို ရသောအခါ အဘယ်ပုံ တစ်ဆင့်တက်ရမည်ကို ရှာကြံရမည်၊ အတက်မြန်လွန်းက ဒုက္ခများတတ်၏။ မတက်လျှင်လည်း ဆုတ်ယုတ်တတ်လေသည်။ မဆုတ်နည်း မပျက်နည်း အကောင်းဆုံးမှာ တက်ဖို့ရန် အမြဲအားဖြင့် ဆင်၍နေခြင်း၊ အချက်အလက် ရှာ၍နေခြင်း ဖြစ်လေသည်။

ပျက်မှာ ကြောက်အားကြီးက မကြီးပွားနိုင်၊ ကြီးမြင့်ရန် ရှေ့လောကကြီးကလည်း ပျက်တတ်လေသည်။ အလုပ်၌ ကြီးမြင့်လိုသော မာနရှိ၍ မည်သူတစ်ပါးကို ချီးလိုသော မာန၊ မခံချင်သောစိတ်၊ အစွမ်းပြချင်သော စိတ်အားကြီးက အခါမရောက်မီ ခြေလှမ်းကျယ်သဖြင့် ပျက်စီးတတ်လေသည်။

မဆိုင်သောအလုပ်ကို မချဲ့နှင့်၊ ဆိုင်ရာအလုပ်တစ်ခုမှာ နိုင်လုံဖွံ့ထွား သန်မာအားကြီးသောအခါ မချဲ့လျှင် မနေနိုင်အောင် အတက်ပေါက်သလို ထွက်ပေါ်ရမည်ကား ဓမ္မတာပေ။ ထိုသို့အတက်ထွက်ပေါ်ချင်နေသည့်အခါ ချိုးဖဲ့၍ မပစ်ကောင်းပေ။ အတက်တွေ မများလွန်းစေရ၊ သတိပြုရမည်။

ပျားမွေးရာ၌ ပျားရည်တွေအောင်၍ ပျားကောင်များသည့်အခါ ပျားအုံမှ အတက်ထွက်၏။ ထိုအတက်တစ်ခုလျှင် တစ်အုံပွားဖို့ရန်အတွက် မ,တစ်ကောင် ဖြစ်လေသည်။ ထိုအခါ မ,အတက် အဘယ်မျှထွက်သည်ကို ကြည့်ရ၏။ သုံးတက်ထွက်သည့်အခါ "ငါ၏ပျားများသည် သုံးအုံခွဲလောက်ကဲ့လား။ နှစ်အုံသာ တော်မည်လား"ဟု ဆင်ခြင်စဉ်းစားပြီး နှစ်အုံလောက်သာ ခွဲဖို့တော်လျှင် မ,အတက်တစ်ခုကို ဖျက်ဆီးပစ်ရမည်။ ထိုနောက်မှ အုံခွဲ၍ ပေးရလေသည်။

အလုပ်မှာလည်း ထိုနည်းအတိုင်းပင်လုပ်ရန် သတိပြုရလေသည်။

အကြံဉာဏ်ကြီးခြင်းသည် စွဲမြဲခြင်း၊ ဝီရိယရှိခြင်း၊ နိုးကြားခြင်း၊ စွန့်စားခြင်း၊ မိမိကိုယ်ကို ယုံကြည်ခြင်း၊ လျင်မြန်စွာ ဆုံးဖြတ်တတ်ခြင်း၊ ဤအစွမ်းတို့၏ ပေါင်းစုခြင်းတို့မှ ထွက်ပေါ်လာလေသည်။

ထိုသတ္တိများကြောင့် သာမန်လူတို့သည် သာမန်အခြေအနေမှ အထွတ်အထိပ်သို့ ရောက်ကြလေသည်။

ကြီးမြင့်လိုသူတို့ အောက်ပါအချက်များကို မိမိတို့၏သဏ္ဌာန်၌ စစ်ဆေးရှာဖွေရမည်။

(၁) ကြံသောအကြံသည် အများလိုလားသော အကြံဖြစ်လေသလား။

(၂) အောင်မြင်ဖို့လမ်း အဘယ်လောက်များသနည်း။



(၃) ငါ့မှာ ထိုအလုပ်အတွက် အခြေခံ စုံလင်ပါ၏လား။

(၄) ငါ့အတွက် အဘယ်မျှ အကျိုးရှိမည်နည်း။

(၅) စ၍လုပ်ရန် အကောင်းဆုံးသော လမ်းများကား အဘယ်နည်း။

(၆) ငါ့အတွက် ဤအကြံထက် ကောင်းသောအကြံ ယခုအခါ ရှိသေးရဲ့လား။

(၇) အနှောင့်အယှက်၊ အဖျက်အဆီး၊ ဘေးအန္တရာယ် အဘယ်လောက် များသနည်း။

ဤမေးခွန်းများကို မေးရမည်။

ထိုကဲ့သို့ စစ်ဆေးပြီးသောအခါ၌ လုပ်သင့်၊ မလုပ်သင့် ဆုံးဖြတ်ရန် လွယ်ကူလိမ့်မည်။

ကြံစည်ရာ၌ Plan ပလန်ပုံစံကို စက္ကူ၌ ရေးချ၍ ကြံရမည်။

မလုပ်လျှင် မဖြစ်။ လုပ်ရမည့်အလုပ်ဖြစ်မူ နိုင်မှ နိုင်ပါ့မလားဟုတွေး၍ နေဖို့မလို၊ ချက်ချင်းထလုပ်ရမည်။ တစ်စုံတစ်ရာကို လုပ်ကြည့်မှ အစွမ်းသတ္တိတွေ ထွက်ပေါ်လျက် မခက်ကြောင်းကို တွေ့ရှိရတတ်လေသည်။

အောက်ပါစကားများကို ညဉ့်အိပ်ရာဝင်သည့်အခါ၌ဖြစ်စေ၊ အားလပ်သည့်အခါ၌ဖြစ်စေ စူးစိုက်ယုံကြည်စွာ စိတ်ပါပါ မိမိကိုယ်တိုင် ကြားအောင် ရွတ်ဆိုပါ။

ငါသည် တန်ခိုးဖြစ်၏။
ငါလုပ်လျှင် ဘာမဆိုဖြစ်သည်။
ငါသည် အောင်မြင်ခြင်းဖြစ်၏။
အောင်မြင်ခြင်းသည် ငါ့အဖို့ဖြစ်၏။
ငါသည် ဤတန်ခိုးကြီးသော လောကဓာတ်ကြီး၏ အစိတ်အပိုင်း ဖြစ်၏။
ငါ၏ အစွမ်းသတ္တိသည် အဆုံးမရှိနိုင်။

❐



(၅)

သူ့ချိုးလျှင်ကိုယ်ကျိုးတတ်၏

လောကဖြ ကြီးပွား၊ ထင်ရှား၊ ကျော်ကြားခြင်းမဖြစ်ဆိုသောသူ ဟူ၍ မရှိချေ။ လူဟူသမျှမှာလည်း ကြီးနိုင်သော သတ္တိထူးတစ်ခုစီ ရှိကြစမြဲဖြစ်လေသည်။

အချို့မှာ ခေါင်းဆောင်၊ အချို့မှာ သူရဲကောင်းနောက်ပါ အခြေအရံ၊ အချို့မှာ စီမံအုပ်ချုပ်ခြင်း၊ အချို့ကား လက်ရုံး၊ အချို့ကား လက်မှုပညာ၊ နှုတ်မှုပညာ၊ အချို့ကား အလုပ်ကြမ်းနှင့် အလုပ်နု စသည်တို့ဖြင့် အသီးသီး လက်နက်ကောင်း တစ်ခုစီ ပါစမြဲ ဖြစ်ကြလေသည်။

လူသတ္တဝါတို့သည် တစ်ဦးကိုတစ်ဦး အကျိုးဆောင်ကာ လူတို့၏ အခြေအနေကို တိုး၍မြင့်အောင် လုပ်ခြင်းဖြင့် အသက်မွေးကြလေရာ အခစား အလုပ်ဟူသမျှ၌ မခိုမကပ်ဘဲ မိမိရရှိသောအခနှင့် ထိုက်တန်သော အလုပ်ကို လုပ်၍ပေးလျှင် ကုသိုလ်ဖြစ်သည်ဟု ပညာရှင်များ အယူရှိကြလေသည်။ ထို့အတူ အခပေး၍ခိုင်းသော သူများသည်လည်း အခကို အလုပ်နှင့်မျှအောင်ပေးလျှင် ကုသိုလ်ရကြလေသည်။

ဤကဲ့သို့ မိမိတို့ ဆိုင်ရာဆိုင်ရာ တာဝန်ဝတ္တရားကို ဆောင်ရွက်သူတို့မှာ ကုသိုလ်ရရုံမက ဤလောက၌လည်း ကြီးပွားထင်ရှားခြင်း အဖြစ်သို့ ရောက်နိုင်လေသည်။ မိမိတို့နှင့်ဆိုင်သော အလုပ်၌ စိတ်ကောင်းစေတနာကောင်းကို မထားဘဲ ပေါ့ဆ၊ ပျင်းရိ၊ နိုကပ်ခြင်း၊ အတွက်အချက်အား ကြီးခြင်း၊ 'အကြံတူရန်သူ' ဟူသော စကားအရ မိမိတို့၏ အလုပ်ကို ကောင်းအောင်လုပ်ဖို့ စိတ်ကူးသည်ထက် သူတစ်ပါးကိုချိုးရန် ကြံခြင်းစသည်တို့ကြောင့် မထင်ရှားနိုင်ဘဲ နေကြရသူများစွာ ရှိနေခြင်း ဖြစ်လေသည်။

ထင်ရှားအောင်မြင်ခြင်းသည် ထက်သန်သောစိတ်နှင့် များစွာဆက်သွယ်၍နေ၏။ ထက်သန်သောစိတ်ကို အလုပ်၌မထား၊ မနာလိုမုန်းထား သူတစ်ပါးကို ချိုးဖို့ရန် တစ်ဖက်သတ်စူးစိုက်၍ ထားချေက ကြီးပွားရေး၌ အလွန်အသုံးဝင်သော လက်နက်ကြီးဖြစ်သည့် စိတ်အားအရှိန်ကို အလွဲသုံးစားရာ ရောက်သဖြင့် မိမိမှာ မကြီးပွားဘဲ တစ်နေ့တခြား ဆုတ်ယုတ်သော မိမိချိုးနှိမ်လိုသောသူမှာ မကျိုးမီ မိမိမှာ အရင်ကျိုးတတ်လေသည်။



(၆)

## စိတ်ထားတတ်ခြင်း

လူမွဲစိတ်ရှိလျှင် မွဲ၏။ သူဌေးစိတ်ရှိသူမှ သူဌေးဖြစ်မည်။ 'ငါလုပ်လျှင် ဖြစ်ရမည်။ ငါကြံလျှင် အောင်ရမည်။ ငါဆောင်လျှင် မြောက်ရမည်' ဟူသော စိတ်ကို အမြဲထားရမည်။ ထိုစိတ်သည် သံလိုက်စိတ် ဖြစ်၏။

- မိမိ၏အစွမ်းကို စိတ်ချလက်ချ မပေါ့ဆဘဲ ယုံကြည်သောသူသည် ဆောင်ရွက်လျှင် မြောက်မြဲဖြစ်လေသည်။ အပြော၌လည်းကောင်း၊ ဟန်အမူအရာ၌လည်းကောင်း၊ ဖြစ်မြောက်အောင်မြင်၍ နေသော လက္ခဏာကို ပေါ်စေရမည်။ ကိုယ်စိတ်အမူအရာမှာ ဖြစ်မြောက်အောင်မြင်သည့် အမူအရာ ရှိက တကယ်ဖြစ်မြောက်အောင်မြင်သူ၏ အဖြစ်ကို ရတော့မည်ဟု ပုံသေမှတ်ရမည်။

ထိုအမူအရာကို နေရာတိုင်း၌ ထင်ပေါ်စေရမည်။ အောက်ကျ နောက်ကျ အမူအရာ၊ အနေအထိုင်၊ အပြောအဆိုမျိုးကို အမြဲရှောင်ရမည်။ မိမိ၏ အနေအထိုင် အပြောအဆို အမူအရာ အသွားလာ အပေါင်းအသင်း ဟူသမျှနှင့် ပတ်သက်၍ မိမိကိုယ်တိုင် စစ်ဆေးကာ အပြစ်ကို ရှာရမည်။

တွေ့လျှင် မှတ်သား၊ ထိုအပြစ်အနာ ချွတ်ယွင်းမှုများကို ပြုပြင်ရမည်။

အပြောအဆို စင်ကြယ်သလို စိတ်လည်း စင်ကြယ်ရမည်။ သေးနုပ် သိမ်ဖျင်း၊ ညစ်ညမ်းခြင်းတို့ကို အတွေး မကြံအပ်ပေ။ အတွေးအကြံ မကောင်းက အပြော၌လည်း ကောင်း၊ အကျင့်၌လည်းကောင်း တစ်နေ့သ၌ ပေါ်ပေါက်ရမည်ကား မလွဲပေ။

အချို့သောသူများသည် ပြောင်လှောင်တတ်၏။ အချို့ကား မသေမချာ တစ်ဝက်တစ်ပျက် ဖြစ်သော ထင်မြင်ချက်များကို ပေးတတ်ကြ၏။ အချို့ကား မရသဖြင့် မိမိတို့ကိုယ်ကို သေးသိမ်ညှို့ဖျင်းဟန်ကို ဆောင်ကာ 'ကျုပ်တို့တော့ ဒီလောက်ကြီးကြီးကျယ်ကျယ် မကြံပါဘူးဗျာ၊ ဒီလောက် စွမ်းတယ်လို့ မဆိုဝံ့ပါဘူးဗျာ' ဟူသော စကားမျိုးကို ဆိုတတ်ကြ၏။ ထိုအကျင့်မျိုးကို လုံးလုံးကြီး ရှောင်ကြဉ်ရမည်။ မတုမပကောင်းသော အကျင့်များဟူ၍ မှတ်ရမည်။

□



(၇)

## အလုပ်၌ယဉ်ကျေးခြင်း

အလုပ်အကိုင် အရောင်းအဝယ်၌ ယဉ်ကျေးခြင်းသည် အထူးအရေးကြီးလေသည်။

ယဉ်ကျေးဖွယ်ရာခြင်း၊ သိမ်မွေ့နူးညံ့ခြင်းကို စိတ်ပျော့ခြင်း၊ ချွဲခြင်းဟု အချို့ မှတ်ထင်ကြသည်မှာ အများကြီးဖြစ်လေသည်။

အကြီးအကျယ်တို့မှာသာ မဟုတ်။ အသေးအဖွဲ့ဟူသမျှမှာ ယဉ်ကျေးဖွယ်ရာခြင်း ရှိရမည်။ ထိုအချက်ကို ဘတ်စ်ကား စပယ်ယာများပင် သိကြ၏။ ပါစင်ဂျာတစ်ယောက် ဘတ်စကားပေါ်က ဆင်းသည့်အခါ 'ခေါင်း၊ ဦးလေးခေါင်း' ဟု ပြောခြင်းသည် နဖူးကိုတိုက်မိမှာ ပူပင်သော စိတ်ကလေးဖြစ်ရာ တစ်ဖက်သား ဦးလေးအခေါ်ခံရသူမှာ အများကြီး ကျေနပ်ပြီး အကယ်၍ မှတ်မိလျှင် ထိုဘတ်စ်ကားကိုသာ စီးချင်ပေလိမ့်မည်။

'အက်တီကက်' ခေါ်သော လူမှုရေးရာကျမ်းများ၌ ပါရှိသော အချက်များမှာ အမြဲမဟုတ်၊ ခေတ်ကာလ ဒေသ

အလျှောက်ဖြစ်၏။ တကယ် ကြင်နာစိတ်မှထွက်သော ယဉ်ကျေးဖွယ်ရာခြင်းကား နယ်မရွေးပေ။

မြန်မာလူမျိုးမှာ ဆိုင်တစ်ဆိုင်ကို သားနားစွာ ဖွင့်လိုက်လျှင် ဒီစတြိတ်ရပ်စေးကလာသော ဖောက်သည်များ အပေါ်၌ အတုစိန်နားကပ်ကိုခါလျက် တိုက်ပိုင်သူဌေးကတော်ကြီး၏ဟန်နှင့် စတိုင်ကို ပြတတ်လေသည်။ ဤအရာ၌ ရွှေမန်းသူတို့ထံ ရန်ကုန်သူတို့ တပည့်ခံသင့်ကြလေသည်။

ကုလားဆိုင်၊ တရုတ်ဆိုင်၊ အချို့လည်း ဖောက်သည်ကို များစွာဂရုမစိုက်ကြပေ။ အဘယ်မျှပင် အလုပ်များ၍ နေစေကာမူ ဖောက်သည်ကို လေးစားဂရုပြုနိုင်ရမည်။

ထိုယဉ်ကျေးဖွယ်ရာ လိုက်လျောခြင်းသည် အကျင့်ရသောအခါ အလိုလိုဖြစ်၍ နေလိမ့်မည်။

ထိုအကျင့်သည် ကိုယ်ချင်းစာတရားမှ ထွက်ပေါ်လေသည်။ အခြားမှာသာမဟုတ်၊ ထိုအကျင့်ကို မိမိ၏ အိမ်မှာလည်း ရစေရမည်။

သူစိမ်းအပေါ်၌ လွန်စွာချို၍ မိမိတို့အချင်းချင်းမှာ အမြဲခါးသော လင်မယား၊ သားအမိ၊ သားအဖ၊ ညီအစ်ကို မောင်နှမတွေ များစွာရှိကြလေသည်။

နှုတ်၊ လျှာကို အထူးစောင့်စည်းရမည်။ ထွက်ပြီးသော စကားကို ပြန်ခေါ်၍ မရပေ။ မထွက်မီ သတိထား 'ဒေါသကိုရှောင်၊ အိုအောင်မဆင်းရဲ'ဟု မှတ်ပါလေ၊ စိတ်ဆိုးခိုက်မှာ စကားမပြောလေနှင့်၊ ယဉ်ကျေးဖွယ်ရာခြင်းသည် တိုးလျှိုး



ခြင်း အောက်ကျခြင်း မဟုတ်ပေ။ စိတ်အားထက်သန်ခြင်း၊ ဝမ်းမြောက် ရွှင်ပျခြင်းသည် ယဉ်ကျေးဖွယ်ရာခြင်းပင် ဖြစ်လေသည်။

စကားမပြော၊ မရယ်၊ မပြုံး အေးစက်စက် မျက်နှာထားမျိုးကို မည်သူမှ မေတ္တာမရှိပေ။ စကားပြောဆိုရာ၌ တတ်သိလိမ္မာခြင်းအစွမ်းကို ပြလိုသဖြင့် စကားလုံးအဆန်းများကို ပြောခြင်းသည် ယဉ်ကျေးဖွယ်ရာခြင်းမဟုတ် ကြွားခြင်းဖြစ်၏။ လိုရင်းမှာ စိတ်ပါကိုယ်ရောက် တွေ့ကြုံနှုတ်ဆက် ပြောဆိုဖို့သာ လိုလေသည်။

(၈)

လိုလုပ်ရ

အဖြစ်စိတ်၌ ငါးမျိုးသော အရေးအကြီးဆုံးသော အချက်ကြီးများ ပါဝင်လေသည်။

ထိုအချက်ကြီးများကား . . .

(၁) အကျိုးအပြစ်ကို ဝေဖန်ခြင်း၊

(၂) သေချာပြတ်သားစွာ တွေးကြံတတ်ခြင်း၊

(၃) ချိန်ဆ၍ လုပ်ခြင်း၊

(၄) စိတ်ကိုပြဋ္ဌာန်းခြင်း၊

(၅) ဝီရိယရှိခြင်း၊

ဤငါးချက်ဖြစ်၏။ 'ထိုငါးချက်ကြီး ငါးချက်နှင့် မိမိမှာ ပြည့်စုံပါသလား'ဟု နေ့စဉ် စဉ်းစားက ပြည့်စုံအောင် ကြိုးစားရမည်။

အောင်မြင်ခြင်းသည် လွတ်လပ်ခြင်း၊ ချမ်းသာခြင်း၊ ဩဇာတန်ခိုးရှိခြင်းကို ဖြစ်စေ၏။ အဖိုးထိုက်တန်ခြင်းကို သိရသောအခါ ကြီးပွားအောင်မြင်ခြင်းအတွက် ကြိုးစားရခြင်းကိုပင် ဝန်လေးသည်ဟု မှတ်ထင်၍ မရပေ၊ ကြိုးစား ထိုက်ပေသည်။



လိုရာကိုရခြင်း၏ အကောင်းဆုံးသောနည်းသည် ထို အရာ၌ စိတ်ကို အကုန်သွင်းပြီး ပေါက်ရောက်အောင် ထိထိ ရောက်ရောက်သွင်းပြီး 'ရလိမ့်မယ်'ဟု စိတ်ချလက်ချ ယုံကြည်ကာ လုံ့လ ဝီရိယကို မလျှော့ဘဲ ကြိုးကြိုးကုတ် ကုတ် လုပ်ကိုင်ခြင်းပင် ဖြစ်လေသည်။

အသင်၏သဏ္ဌာန်၌ ဖြစ်မြောက်အောင် လုပ်နိုင်သော တန်ခိုးသတ္တိရှိ၏။ ထိုသတ္တိကို အစွမ်းကုန်သုံးဖို့သာ လိုလေ သည်။

အသင်၏ အကျင့်အမူအရာများကို အမြဲမှတ်ထားရ မည်။ မသေချာခြင်း၊ ဝိုးဝါးမထင် စိတ်ကူးဉာဏ် မကြည် မလင်၊ မပြတ်သားခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်လွင့်ပါးခြင်း၊ သံသယဖြစ်တတ်ခြင်း ဤစိတ်များကို စာရေး၍မှတ်ပြီး နေ့ စဉ်ဖတ်ကာ နေ့စဉ် မိမိကိုယ်ကို စစ်ဆေးပြီး ပြုပြင်ရမည်။

ထိုစိတ်များသည် အပျက်စိတ်များဖြစ်၏။ ထိုအပျက် စိတ်တွေ ရှိနေသမျှ အဖြစ်စိတ် မထက်သန်နိုင်၊ ဘယ်အရာ မှလဲ ထိထိရောက်ရောက် ဖြစ်မြောက်မည် မဟုတ်ပေ။ တစ်စုံတစ်ခု ဖြစ်မြောက်အောင် ရအောင် လုပ်လိုသည့်အခါ ထိုအလုပ်ကို ဖြစ်မြောက်စေမည့် အကြံအစည် စိတ်ကူးများမှ တစ်ပါး အခြားအပိုစိတ်ကူးခြင်းများကို မရှိစေရ၊ ဖယ်ရှား ဖျောက်ဖျက်၍ ပစ်ရမည်၊ အသင့်ကိုယ်ကို စိတ်ချလက်ချ ယုံကြည်ရမည်။ သတ္တိအစွမ်း ရှိသမျှကိုသုံး၍ နည်းလမ်းရှိ သမျှကို ရှာကြံလုပ်ကိုင်ရမည်။ ဤအတိုင်းလုပ်လျှင် 'ဖြစ်ရ

မည်၊ ရ,ရမည်၊ ပိုင်ရမည်၊ ရောက်ရမည် မလွဲ'ဟု စိတ်ချယုံကြည်ရမည်။

အကြံမများစေရ၊ တစ်ခုခုကို ဖြစ်မြောက်ရရှိ ပိုင်နိုင်အောင်သာ ကြိုးစားရမည်၊ စိတ်ကို ထိုရည်ရွယ်ချက်ထဲသို့ စူးစိုက်စွာ သွင်းရမည်၊ အားစွမ်းရှိသမျှ အသုံးပြုရမည်၊ မြန်နိုင်သမျှမြန်စွာ ဖြစ်မြောက်စေရမည်။ "တစ်နေ့ တစ်လံ ပုဂံ ဘယ်ပြေးမလဲ'ဟူသောစကားဌ် ပျော့သောစိတ် ပါဝင်၍နေ၏။ ပုဂံကို ချက်ချင်းအရောက်သွားမည် ဟူသော စိတ်မျိုး ဒေါမျိုးကို နှိုးရမည်။ စိတ်မှာလည်း ထိုရည်ရွယ်ချက်တစ်ခုသာ ရှိစေရမည်။ ဤအလုပ်၌ စိတ်ကို ပျော်ပိုက်စွာ ဝင်စား၍ နေစေရမည်။

အခါများစွာ ထိုနည်းမျိုးဖြင့် တစ်နေ့အတွင်းမှာ ခက်ခဲသော အရာတစ်ခုခု ဖြစ်မြောက်အောင် လုပ်ရမည်။ သို့ဖြစ်မြောက်လေ့ရှိသောအခါ အသင်၏အောင်မြင်ရေးသတ္တိသည် သိသိသာသာ တိုး၍လာလိမ့်မည်။ ထိုအခါ ပိုမိုကြီးကျယ်သော အလုပ်များ၌ ဖြစ်မြောက်အောင်မြင်ပါလိမ့်မည်။ တစ်စုံတစ်ရာကို ဖြစ်အောင်လုပ်ဖို့ ကြိုးစားရာ၌ အရေးကြီးသော လိုရင်းအချက်များကို သိရ၏။ 'မျောက်အုန်းသီးရသလို'မဖြစ်စေရပေ။

စကားပြောရာ၌ ထိထိရောက်ရောက် ပွင့်ပွင့်လင်းလင်း လေးလေးနက်နက် စိတ်ပါကိုယ်ရောက် ပြောရမည်။ အလုပ်ကိုလည်း ထို့အတူ လုပ်ရမည်။ 'ယနေ့ ဘာကို ဖြစ်



မြောက်အောင်လုပ်ရမည်'ဟု ပြတ်ပြတ်သားသား သိရမည်။ လုပ်သမျှ အလုပ်တိုင်း အရုပ်ထုသော ပန်းပုဆရာ၏လက်ရာ တစ်ချက်ပြီးတစ်ချက် အရုပ်ဖြစ်ခြင်းဘက်သို့ နီးသလို ဖြစ်မြောက်အောင်မြင်ခြင်းဘက်သို့ နီးကပ်စေရမည်။ ရှေ့လောကြီးခြင်းဖြင့် အချိန်နှင့်အလုပ်ကို မဖြုန်းရ၊ တစ်ခုပြီးတစ်ခု သေသေချာချာ လုပ်ရမည်၊ စိတ်မှာ ချိန်ခွင်လျှာမှန်သလို မှန်၍နေစေရမည်၊ မိမိ၏အလုပ်နှင့် ပတ်သက်သမျှကို အကုန်အစင် သိနားလည်ရမည်။

ပျားသည် ထိုနည်းဖြင့် ပျားအုံကိုလုပ်၏။ စာကလေးသည် ထိုနည်းဖြင့် အသိုက်ကိုလုပ်၏။ ခြသည် ထိုနည်းဖြင့် တောင်ပို့ကို လုပ်၏။ လုမ်နေခိုက် အဖျက်အဆီး တစ်ခုခု ပေါ်၍ လာလိမ့်မည်ဟူသော သို့လော သို့လော စိတ်မျိုးမရှိစေရ။ အလုပ်၌ အတော်ဆုံး အနိုင်ဆုံး အစွမ်းဆုံးဖြစ်အောင် ကြိုးစားရမည်။ အမြဲနိုးကြား ဖျတ်လတ်၍ နေရမည်။ လုပ်ပုံနည်းလမ်းကိုလည်း တစ်ဆင့်ထက်တစ်ဆင့် ပို၍ကောင်းစေရမည်။ 'ကြီးကြီးကျယ်ကျယ် အလုပ်ကြီးများကို ငါဖြစ်မြောက်နိုင်သည်'ဟူသော ယုံကြည်စိတ်ကို အမြဲထား။

လုပ်သမျှ အလုပ်ကို အစွမ်းကုန်ကောင်းအောင် လုပ်ရမည်။ အများနှင့်လုပ်လျှင် မတွက်ဘဲ မချက်ဘဲ သူတစ်ပါး တွက်၍သော်လည်းကောင်း၊ သူတစ်ပါး ပေါ့လျော့လစ်ဟင်း၍သော်လည်းကောင်း၊ မိမိက ပိုမို၍ လုပ်ရလျှင် အမြတ်ဟုမှတ်ဟုမှတ်၊ ထိုကဲ့သို့ သဘောထားကာ အမြဲလုပ်လေ့ရှိ

သော ငယ်ရွယ်သူကို လူကြီးများ သိလွယ် မြင်လွယ်၍ ချီးမြှင့်ခြင်းကို ခံရလိမ့်မည်။ မိမိလုပ်သော အလုပ်ကို သေးသိမ်သည် မထင်နှင့်၊ ကြီးပွားအောင်မြင်ခြင်းဆိုင်ရာ တန်ခိုးသတ္တိကို အသိဉာဏ်နှင့်ယှဉ်ကာ အသုံးပြုခြင်းဖြင့် တိုးတက်စေနိုင်လေသည်။

လုပ်သမျှအလုပ်သည် နောင်တိုးတက်ကြီးကျယ်သော အလုပ်များအတွက် လှေကားထစ်ဖြစ်သည်ဟု သဘောထားရမည်။ မိမိကိုယ်ကို တစ်နေ့ထက်တစ်နေ့ တစ်လထက်တစ်လ ပိုမို၍ အသုံးဝင်အောင် အမြဲကြံစည် ကြိုးစားရမည်။ လုပ်သမျှ အလုပ်ကို မိမိကိုယ်တိုင် တိုးတက်ကြီးမြင့်ရေး အလုပ်ဟု သဘောထားရမည်။ သခု လတ်တလော ဝမ်းရေး အတွက်ဟူ၍ သဘောမထားရပေ။ အသင်၏အစွမ်းသတ္တိကို နှစ်နှစ်ကာကာ ယုံကြည်ရမည်။

တွေးပုံ ကြံပုံ ဟူသမျှကို စစ်ဆေးကာ မကောင်းသော လက်ဝဲစိတ်မျိုး ဟူသမျှကိုပင် ပျောက်အောင်ကြိုးစားရမည်။ ဝီရိယ လုံ့လကား အင်ဂျင်စက်ဖြစ်၏။ ယုံကြည်ခြင်းကား ဘွိုင်လာရေနွေးနှင့်ဟူ၏။

ဖြစ်မြောက်ရမည်ဟူသော ယုံကြည်စိတ်သည် မနုဿစက်အိမ်၌ အကြီးဆုံးသော သံပက်မကြီး ဖြစ်လေသည်။ စိတ်ကိုလည်း လက်ယာစာတ် ဖြစ်အောင် အမြဲဂရုစိုက်ရမည်။ အလုပ်၏အကျိုးကို ခံစားရလိမ့်မည်ဟု မျှော်လင့်



ယုံကြည်မည်၊ ခက်ခဲသော အလုပ်တို့ကို လုပ်ခြင်းဖြင့် သတ္တိတန်ခိုးကို အမြဲတိုးစေရမည်။

လွန်ခဲ့သောတစ်လ၊ လွန်ခဲ့သော ရက်သတ္တပတ်၌ အသင် အဘယ်မျှလောက် အောင်မြင်ခဲ့သည်၊ အဘယ် အလုပ်များ ပြီးပြတ်ခဲ့သည်၊ မပြီး မပြတ် တစ်ပိုင်းပစ် အလုပ်များ ရှိခဲ့သည် မရှိခဲ့သည်ကို ပြန်၍စစ်ပြီး ယနေ့က စ၍ အဘယ်အရာကိုမျှ တစ်ပိုင်းပစ် မလုပ်တော့ပြီ။ တစ်ခုခုကို စမိလျှင် ဖြစ်မြောက်ပေါက်ရောက်အောင် လုပ်ပါတော့မည်ဟူသော အဓိဋ္ဌာန်ကို ပြုရမည်။ တစ်စုံတစ်ခုကို စ၍ လုပ်ပြီး လမ်းတစ်ခုမှာ ရပ်ထားခြင်းသည် အပျက်စိတ်ဖြစ်၏။ ထိုအကျင့်မျိုး ကျန်ရှိသမျှ အဘယ်အခါမျှ မကြီးပွားနိုင်။

အတတ်တစ်ခုခုကိုစ၍ သင်ပြီးမှ အကျိုးများမည် မဟုတ်ဟု သဘောရအံ့၊ အဆုံးသို့ရောက်အောင် သင်ပါ။ တစ်နေ့သ၌ အကျိုးရှိလိမ့်မည်၊ ဖွဲသန်ခြင်းနှင့် စိတ်ပြဋ္ဌာန်းခြင်း အထုံကိုလည်း ဤဘဝ ထိုဘဝ ဆက်၍ရလိမ့်မည်။

□

## (၉)

## စိတ်ကိုမြှင့်နည်း

အကျိုးမရှိသော စကားကို မပြောနှင့်၊ တစ်စုံတစ်ယောက် ပြောလျှင်လည်း အလိမ္မာဉာဏ်ကို သုံးကာ အကျိုးရှိသော အကြောင်းအရာဘက်သို့ စကားရောက်အောင် ဆွဲဆောင်ရမည်။

အကျိုးများမည့် အကြောင်းအရာများကိုသာ တွေးကြံရမည်၊ အပျက်ကို မတွေးနှင့်၊ အဖြစ်ကိုတွေး၊ အဆိုးကို မတွေးနှင့်၊ အကောင်းကိုတွေး၊ စိတ်ညစ်စရာကို မတွေးနှင့် အားတက်စရာကိုတွေး၊ စိတ်ညစ်စရာကိုမတွေးနှင့် စိတ်ပျော်စရာကိုတွေး၊ သူတစ်ပါး မကောင်းကြောင်းကို မတွေးနှင့် သူတစ်ပါးကောင်းကြောင်းကို တွေးရမည်။

အကောင်းကို တွေးသူ၏စိတ်သည် လက်ယာစိတ်ဖြစ်၏။ လက်ယာစိတ်သည် လက်ဝဲစိတ်ထက် တန်ခိုးပိုမို၍ကြီးလေသည်။ နှုတ်မှ မကောင်းစကားကို မိမိနှင့်ပတ်သက်၍လည်းကောင်း၊ သူတစ်ပါးနှင့် ပတ်သက်၍လည်းကောင်း၊ လောကကြီးနှင့် ပတ်သက်၍လည်းကောင်း မထွက်စေရ။



လောကကြီး မကောင်းကြောင်းကို အများဆုံးပြောသူတို့သည် ကိုယ်တိုင်မကောင်းသူများ ဖြစ်နိုင်လေသည်။ သူတော်ယောင် ဟန်ဆောင်သူများလည်း ဖြစ်တတ်ကြ၏။ သို့အတွက် ထိုတရားမျိုးကိုဟောသော နာမည်ကျော်ပုဂ္ဂိုလ်တွေ ပျက်စီးသည်ကို အခါခါ တွေ့ရလေသည်။

စိတ်နေသဘောထားပုံ ရင့်သန်ကြီးမြတ်ခြင်းကို ဖြစ်စေသည့် စာအုပ်ကောင်းများကို အမြဲဖတ်ရမည်။ ကိုယ်၌အမြဲဆောင်ထားရမည်။ လောကုတ် လောကီ နှစ်ဖြာရေးရာစုံလင်သောကျမ်းများကို ဖတ်ရမည်။ အင်္ဂလိပ်စာကို နားလည်လျှင်ကား ဖတ်စရာစာအုပ် မရှား၊ လွန်စွာမှ ပေါများလေသည်။

ပညာရှိ သူတော်ကောင်းတို့၏ စာကောင်း စာမြတ်များကို ဖတ်ရာ၌ မိမိနားကြားအောင် အသံကျယ်စွာဖတ်ပြီး အနက်အဓိပ္ပာယ်ကိုရအောင် စူးစိုက်သောစိတ်ကို ထားရမည်။ စူးစိုက်သောစိတ်သည် ရေပြွန်နှင့်တူ၏။ အဖိုးတန်ကိုစုပ်ယူ၏။

ထူးမြတ်သော အလေ့အကျင့်တို့သည် အစ၌သာ ခက်သည် ထင်ရ၏။ အကျင့်ရသော် လွယ်ကူ၏။ ရှေးပညာရှိသူတော်ကောင်းတို့၏ စကားကို အမြဲဖတ်ရှုရမှတ်သား၊ နှုတ်ဖျားမှ ရွတ်ဆိုလေ့ရှိသော သူ၏စိတ်သည် မြင့်မြတ်ခြင်းအဖြစ်သို့ ကူးစက်ခြင်းဖြင့် အလိုလို ရောက်ရလေ၏။

'သတင်းစာဖတ်ရာ၌လည်း ရွေးချယ်ရမည်။ 'တစ်နေ့လျှင် အဘယ် နှစ်မိနစ်သာ သတင်းစာကို ဖတ်ရမည်' ဟု သတ်မှတ်ကန့်သတ်ရမည်။ လူသတ်မှု၊ မုဒိမ်းမှု၊ မယားခိုးမှု စသည့် အကျိုးမများသော သတင်းများကို ရှောင်ကျဉ်ရမည်။ သတင်းစာ ခေါင်းစဉ်ကိုကြည့်လျှင် အကျိုးများမည့် သတင်း၊ အကျိုးမများမည့် သတင်းဟူ၍ သိနိုင်လေသည်။ သတင်းစာကို အရမ်းဖတ်ခြင်းဖြင့် အချိန်ကို မဖြုန်းအပ်ပေ။

အထူးအဆန်း ကြားရတိုင်း သွား၍မကြည့်နှင့်။ စိတ်ကူး၍ ကြည့်နိုင်သော အဆန်းတွေ များစွာရှိကြလေသည်။ ဥပမာ··· အိုလံပစ်ကိုသွားသော တရုတ်ဘောသမားများကို သဘောဆိပ်သို့ တိုးဝှေ့၍ ကြည့်ကြ၏။ 'ငါသွားကြည့်လျှင် ခေတ်ဆန်ဆန် ပေါက်ဖော်တွေကို တွေ့ရမှာပဲ' ဟု စိတ်မှာ တွေးပြီး အေးအေးနေကာ အကျိုးရှိသော အလုပ်တစ်ခုခုကို လုပ်၍နေရမည်။

'အကျိုးစီးပွား ဖြစ်စေမည့် မဂ္ဂဇင်း၊ သတင်းစာများကိုသာ ဖတ်ပါမည်' ဟု စိတ်၌ အတည်သတ်မှတ်၍ ထားရမည်။

အပေါင်းအသင်းသည် အလွန်အရေးကြီး၏။ 'အသေဝနာစ ဗလာနံ' ဟူသော စကားရှိသော်လည်း 'လူမိုက်' ဟူ၍ ဆိုနိုင်သော အကျိုးယုတ်စေသော လူမျိုးတွေ များစွာရှိကြလေရာ ရွေးချယ်ရမည်။ 'လူမိုက်ကို မပေါင်းရ' ဟူသော စကားထက် 'လူပေါင်းကို ရွေးချယ်ရမည်။ လူကဲကိုခတ်



ရမည်' ဟူသော စကားကို ပိုမို၍ ဂရုစိုက်ရမည်။ လူကောင်း လူဆိုးကို လွယ်ကူစွာ မသိနိုင်ပေ။

ကြီးပွားအောင်မြင်သူတို့ ဝတ်ပုံ၊ စားပုံ၊ နေထိုင်ကျင့်ကြံ၊ ပြောဆို သွားလာပုံများကို ကြည့်ရှုမှတ်သားရမည်။ ၎င်းတို့ကို အားကျ တုပရမည်။

မိမိ၏ ချွတ်ယွင်းပျက်စီးခြင်း၊ လစ်ဟင်း မှားယွင်းခြင်းများ အကြောင်းကို မပြောနှင့်၊ အတိတ်ကို ပြန်၍မတွေးနှင့် မပြောနှင့် အတွေ့အကြုံများမှ အသိပညာ အလိမ္မာကို ရအောင် သတိပြုရမည်။

အကျိုးရှိသော အလုပ်များကို ဖြစ်မြောက်အောင်လုပ်ဖို့ အခြားသူများထက် ထူးဖို့ကိုသာ အမြဲတွေးကြံရမည်။ မကောင်းသော အကြံဟူသမျှ စိတ်နှလုံး၏ တံခါးဝကို မဝင်ရအောင် အမြဲစောင့်ကြပ်ရမည်။ မကောင်းမှုကို များစွာတွေးလျှင် မကောင်းမှုကို ပြုမိတတ်လေသည်။

စိတ်၏အလုပ်ကို နှစ်မျိုးခြားနား သိရာ၏။ တစ်မျိုးကား အဖြစ်၊ တစ်မျိုးကား အပျက်ဖြစ်၏။

အဖြစ်နှင့်ဆိုင်သော အလုပ်များကား တန်ခိုးသတ္တိ တိုးစေသည့် အတွေးအကြံများ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ရဲရင့်ခြင်း၊ စိတ်အားထက်သန်ခြင်း၊ ပြဋ္ဌာန်းဆုံးဖြတ်ခြင်း၊ ဖြောင့်မှန်ခြင်း၊ ဝီရိယရှိခြင်း စသည့် သတ္တိကောင်းတို့ကို တိုးတက်စေသော အတွေးအကြံများ ဖြစ်၏။

အပျက်နှင့်ဆိုင်သောအလုပ်များက စိတ်အားငယ်ခြင်း၊ ဆုတ်ခြင်း၊ ကြောင့်ကြခြင်း၊ ပူပန်ကြောက်ရွံ့ခြင်း၊ သို့လော သို့လော တွေးတော သံသယဖြစ်ခြင်း၊ စိတ်မချခြင်း၊ သတ္တိအစွမ်းကို ယုတ်နိမ့်အောင် လျှော့သိပ်ခြင်း စသည်များ ဖြစ်ကြလေသည်။

ထိုနှစ်မျိုးအနက် မိမိ၏စိတ်ကို ပထမအမျိုးဖြင့် အမြဲပြည့်စွက်နေစေရာ၏။ ထိုအခါ ဒုတိယစိတ်မျိုးများသည် အလိုလို ကွယ်ပျောက်ရာ၏။

စိတ်ကူးကြံစည်သမျှသည် အပျက်နှင့် အဆိုင်စေရ။ အဖြစ်နှင့်သာ ဆိုင်စေရမည်။ စိတ်အား သတ္တိ၊ စွမ်းရည်သတ္တိ တိုးတက်ခြင်းကို ဖြစ်စေသည့် အတွေးအကြံများ မိမိကိုယ်ကို ယုံကြည်ကိုးစားသည့် အတွေးအကြံများကိုသာ တွေးကြံရမည်။



## (၁၀)

## စိတ်ကိုစီစဉ်ခြင်း

အစွမ်းသတ္တိကို မွေးမြူဖွံ့စည်းခြင်းအလုပ်သည် လွန်စွာအရေးကြီး၏။ ထိုအလုပ်အတွက် ရှေးဦးပထမ စိတ်ကို စီစဉ်ရလေသည်။

စိတ်ကို စီစဉ်ခြင်းဆိုသည်မှာ စိတ်ကူး ကြံစည်ခြင်း၌ အစီအစဉ်ရှိခြင်းပင် ဖြစ်လေသည်။ ဤကား အထင်အမြင်ကြည်လင် ရှင်းလင်းခြင်းပေတည်း။

စိတ်ရှင်းမှ အလုပ်ရှင်း၏။ သို့မှသာ အလုပ်တွင်ကျယ်နိုင်လေသည်။ စိတ်မရှင်းသဖြင့် စိတ်ဝေခြင်း၊ စိတ်ပြန့်ခြင်း၊ စိတ်များခြင်း ဖြစ်၍နေသူမှာ အလုပ်မရှင်း အလုပ်တွင်ကျယ်ခြင်းလည်း ရှိမည် မဟုတ်ပေ။

တွေးရာ၊ ကြံရာ၌ စနစ်ရှိရာ၏။ စဉ်းစားရာ၌ ပြတ်သားရာ၏။ အရေးကြီးသော လိုရင်းအချက်တို့ကို သိရလေသည်။ တွေးကြံပုံမှာ 'လောဂျစ်နည်းမျိုး' ရှိရမည်။ ထိုနည်းမျိုးကို ရရှိအောင် 'လောဂျစ်ပညာ' ကို သင်ရမည် မဆိုလို။ အတွေးအကြံနှင့် ပြည့်သော စာကောင်း၊ ပေကောင်း၊ သတင်းစကောင်းတို့ကို တတ်ရမည်။ အဟော၊ အပြော၊

အယူအဆ၊ အတွေးအခေါ်၊ ကောင်းသူတို့၏စကားကို ကြားနာရမည်။ ထင်မြင်ချက်နှင့် အသိပညာကို ခွဲခြား၍ သိရမည်။

အထင်အမြင်ကို အသိ၊ အတတ်ဟု မဆိုနိုင်၊ မိမိ၏ အလုပ်နှင့် ပတ်သက်၍ နားမလည်သော အချက်များရှိက နားလည်အောင် ကြိုးစားရမည်။ အားလပ်သည့်အခါ အရေးရောက်၍ အကျိုးရှိသော အကြောင်းအရာတစ်ခုခုကို စဉ်းစားဆင်ခြင်ရမည်။ အရေးမရောက်သော သတင်းစာခေါင်းကြီး တစ်ခုခုကို ဖတ်ပြီး စဉ်းစားရမည်။

စာဖတ်ခြင်းသည် သစ်ပင်စိုက်ခြင်းနှင့် တူ၏။ စဉ်းစားခြင်းကား ရေလောင်းခြင်းနှင့် တူလေသည်။ စိတ်သည် ဓားနှင့်တူ၏။ ဓားမှာ ခုတ်မှ လှီးမှ ထက်၏။ မသုံးဘဲထားလျှင် သံချေးတက်၏။ စိတ်မှာလည်း ထို့အတူပင် မတွေးမကြံ အကျိုးမရှိသော စကားများကို ပြောခြင်း၊ အကျိုးယုတ်စေသော အတွေးအကြံတို့၌ အချိန်ဖြုန်းခြင်း၊ အကျိုးမဲ့ဂုဏ်တက်၍နေသော အတွေး၊ သူတစ်ပါးကို မျက်ကြွတ်ရန်လိုမုန်းထား ရှုတ်ချခြင်းများနှင့် တွေးရောသောအတွေး၊ ကိုယ်တိုင် မစဉ်းစား မဆင်ခြင်ဘဲ သူတစ်ပါးအကြံကိုသာ လိုက်ခြင်း စသည်များကို ရှောင်ကြဉ်ရမည်။ အလုပ်အကြံ၌ စဉ်းစားဉာဏ်ကို အစွမ်းကုန် သုံးသောအလေ့ ရှိရမည်။

အလုပ်အကြောင်း၊ ငွေအကြောင်း၊ အပေါင်းအသင်း၊ ကျန်းမာခြင်း၊ ကမ္ဘာ့အခြေအနေ၊ အိမ်၊ စာအုပ်၊ ဘာသာ



အယူဝါဒ တစ်ခုခု စသည်ဖြင့် အရေးပါ အရာရောက်သော တွေးစရာတွေ ကြံစရာတွေ များစွာရှိကြလေသည်။

အိမ်ဘေးက မိထူးသမီး လင်နောက်လိုက်ပြေးသော အကြောင်းမျိုးကို တွေးဖို့မလိုပေ၊ စိတ်အလုပ်ကောင်းမှ မြတ်မှ လူမြတ်၏။ အလုပ်အကိုင်လည်း ကြီးမြင့်နိုင်လေသည်။

လူမှန်သမျှမှာ အလုပ်ကောင်း ရှိရာ၏။ ထိုအလုပ်ကောင်းအကြောင်းနှင့် ပတ်သက်၍ အတွေး၊ အကြံကောင်းမှ ကြီးပွား၏။ မတွေး မကြံက မကြီးပွားနိုင်၊ နောင်ရေးနှင့် ပတ်သက်၍ တွေးစရာတွေ များစွာရှိလေသည်။

□

(၁၁)

## အကျင့်ကောင်း၊ အကျင့်ဆိုး

ကောင်းမြတ်သော အလေ့အကျင့်များကို အထုံဖြစ်အောင် လေ့ကျင့်ရမည်။ 'အကြင် အကျင့်သည် မသင့်မလျော်သော အကျင့်ဖြစ်ကာ ထိုအကျင့်ကို ငါ အမြဲရှောင်မည်။ အကြင် အကျင့်ကား မြတ်၏။ ထိုအကျင့်ကို ငါအမြဲကျင့်မည်''ဟူသော အဓိဋ္ဌာန်မျိုးကို ပြုရမည်။ အဓိဋ္ဌာန်အတိုင်း လျင်မြန်စွာ လိုက်နာကျင့်သုံးနေထိုင်ရမည်။ အလုပ်သည် အကျင့်ဖြစ်၏။

ဥပမာ… ''ငါသည် လုပ်စရာရှိသမျှကို အချိန်မရွေးဘဲ ချက်ချင်းလုပ်မည်။ နေ့အချိန်၌ ငါသည် ၁၀ မိနစ်ထက်ပို၍မအိပ်၊ ညဥ့် ၉ နာရီမှာအိပ်၍ နံနက် ၅ နာရီမှာ ထမည်''ဟူ၍ အဓိဋ္ဌာန်ပြုပြီး ဖြစ်မြောက်အောင် ကြိုးစားရမည်။ အဓိဋ္ဌာန် တစ်ခုခုကို ဖြစ်မြောက်အောင် လိုက်နာဆောင်ရွက်လေ့ရှိသော သူသည် ကြီးပွားမည့်သူဖြစ်၏။ သို့မဟုတ် မကြီးပွားနိုင်တောင် မတော်တဆ ခဏမျှ ချမ်းသာနိုင်၏။ အတော်တဆ တစ်သက်လုံး စားသုံးမကုန်နိုင်အောင်လည်း



ကြွယ်ဝသောအပေါက် တိုးမိနိုင်၏။ သို့သော်လည်း ဖြစ်ခဲလှ၏။

ကောင်းသောအလုပ်ကို ရှောင်ဖို့ မိမိကိုယ်ကို အမြဲနှုတ်ဖြင့် သတိပေးရမည်။ ''ဤအကျင့်ကို အမြဲကျင့်မည်၊ ငါ ထိုအကျင့် ဘယ်သောအခါမျှ မကျင့်''ဟူသော နည်းမျိုးဖြင့် မိမိကိုယ်တိုင်မိမိ မကြာ မကြာ အခါခါ ပြောရ၏။ သို့ပြောခြင်းသည် စိတ်၏အမိန့်ဖြစ်ရာ ထမြောက်အောင်မြင်လွယ်လေသည်။

ခက်ခဲသော အရာတစ်ခုကို ''ငါ ယနေ့ ဖြစ်အောင် လုပ်မည်၊ ဘာကိုလုပ်ရမလဲ''ဟု ရှာမည်။ ရှာပြီးလုပ်ရမည်။ လုပ်၍ တစ်ကြိမ်အောင်လျှင် နောက်တစ်ကြိမ် အောင်ဖို့ရန် လွယ်၍လာလိမ့်မည်။ အကျင့်ရသောအခါ၌ ''လောကမှာ ဘာမှခက်တာမရှိ''ဟူသော စိတ်ပေါ်လာ၍ လာလိမ့်မည်။

''အလုပ်ကို ချစ်ရမည်၊ အလုပ်၌ စိတ်အား အစွမ်းရှိသမျှကို သွင်းရမည်''ဟု ဝီလျံမက်သယူး ဆိုသူ ပြောဖူးလေသည်။ ဉာဏ်စွမ်းထက် သတ္တိစွမ်းက ပို၍ကြီး၏။ စိတ်မပါဘဲလုပ်က အဘယ်အရာမျှ ကောင်းစွာပြီးမည်မဟုတ်ပေ။

ပျင်းရိခြင်း၊ သည်းမခံနိုင်ခြင်း၊ ဤအကျင့်များကို ပြုပြင်လျှင် ရ၏။ ဖင့်နွဲ့ခြင်း၊ တောင်လိုလို မြောက်လိုလို ပေါ့လျော့ခြင်းကား တစ်စုံတစ်ယောက်၏သဏ္ဌာန်၌ အမြစ်တွယ်မိက လွှတ်ဖို့ရန် ခက်လှ၏။ ''အချိန်ကို စစ်စီ နှမြောရမည်''ဟု ဂလက်စတုန်းအမတ်ကြီး ပြောဖူး၏။

အသင်၏သဏ္ဍာန်ကို စစ်ဆေးက သတ္တိတစ်ခုခုရှိသည်ကို တွေ့ရလိမ့်မည်။ ထိုသတ္တိကို တိုးအောင် မြေတောင်မြှောက်ရ၏။ မြေတောင်မြှောက်ခြင်းကား အသုံးချခြင်းပေတည်း။

ဆုံးဖြတ်ခြင်း ဆိုသည်မှာ Plan Scheme "ပလင်စကင်း" ထုတ်ခြင်း၊ သတိရှိခြင်း၊ လျှင်မြန်စွာ ထိထိရောက်ရောက် အလုပ်ကို ပိုင်းခြား၍ တစ်ပိုင်းပြီးတစ်ပိုင် လုပ်ခြင်းဖြစ်လေသည်။ ပြတ်တောင်း ပြတ်တောင်းလုပ်ခြင်းထက် ဆက်တိုက်မှန်မှန် လုပ်ခြင်းက ပိုမိုတွင်ကျယ်၏။

❒



(၁၂)

## ဆန္ဒတန်ခိုး

ဆန္ဒတန်ခိုးသည် လူ၌ အကြီးဆုံးသော အောင်မြင်ရေးလက်နက်ဖြစ်၏။ ထိုတန်ခိုးသတ္တိ ကြီးလေလေ အောင်မြင်ပေါက်ရောက်လေလေ မှတ်ရမည်။ မိမိ၏အစွမ်းသတ္တိကို အမြဲယုံကြည်၍ နေခြင်းသည် ထိုတန်ခိုးကို တိုးတက်စေ၏။ "ငါ လုပ်လျှင် ဖြစ်မည်၊ ငါဆောင်လျှင် အောင်မည်" ဟူ၍ ဆင်ခြင်သုံးသပ်သည့်အခါတိုင်း တန်ခိုးတိုးတက်လေသည်။

တစ်စုံတစ်ရာကို နှစ်နှစ်ကာကာ တောင့်တ၍ ရမည်ဖြစ်မည်ဟု နှစ်နှစ်ကာကာ ယုံကြည်သည့်အခါ ထိုတန်ခိုးသည် ဖြစ်မြောက်ရရှိအောင် ပေါ်ပေါက်တူညီလေသည်။ ထိုတောင့်တသော အရာမှတစ်ပါး အခြား မည်သည့်အရာကိုမျှ စိတ်မကူးဘဲ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ စိတ်ကိုထားခြင်းသည် Will Power ခေါ် ဆန္ဒတန်ခိုးကို အကူအညီခေါ်ခြင်းပင် ဖြစ်လေသည်။

ထိုတန်ခိုးရှိကြောင်း အများက သိလေလေ ထိုတန်ခိုးပိုမိုတိုးတက်လေလေ ဖြစ်၏။ ထိုတန်ခိုးရှိကြောင်း သိသူတို့

သည် အရာရာ၌လျှော့၍ ပေးကြလိမ့်မည်။ ထိုတန်ခိုးသည် ခေါင်းမာခြင်းမဟုတ်။

"I Will ငါ၏ဆန္ဒတန်ခိုးသည် ကြီး၏"ဟု နေ့စဉ် ထက်သန်သောစိတ်နှင့် ပုတီးစိတ်သလို စူးစိုက်စွာ ရွတ်ဆို လျှင် ၇ ရက်အတွင်းမှာ ထိုတန်ခိုးသည် သိသိသာသာ တိုး၍ လာလိမ့်မည်။ ခက်ခဲသော အလုပ်တစ်ခုနှင့်ကြုံတိုင်း "ငါဖြစ်အောင် လုပ်ရမည်"ဟု စိတ်ထက်သန်စွာ အသံ ကျယ်ကျယ်နှင့် ထပ်ကာ ထပ်ကာဆိုပါ၊ 'ငါဟဲ့ယောကျာ်း' ဟူသော စကားသည် ထိုတန်ခိုးကိုရသော မန္တာန်ဖြစ်၏။ တကယ်နိုး၏။

အချိန်အခါကို မစောင့်နှင့် "အဘယ်သောအခါကျမှ ငါ ကြိုးစားမည်၊ ဖြစ်အောင်လုပ်မည်"ဟု အချိန်ကိုမရွေး နှင့်။ အခက်အခဲများကို ယခုရှာ၍ "ငါဟဲ့ယောကျာ်း"ဟု အကြိမ်ကြိမ်ဆိုကာ ဖြိုရမည်၊ ထိုအမြင်သည် ထုံဖန်များ သောအခါ ဆန္ဒတန်ခိုး၏ တောင်ကြီးသဖွယ်ဖြစ်၍ လာလိမ့် မည်။

မြင့်မြတ်သောအကြောင်းအရာ အလုပ်အကိုင်များကို သာ ကြံရမည်၊ သေးနုပ်သိမ်ဖျင်းသောစိတ်တွေ မပေါ်ပေါက် စေရ၊ ယုတ်နိမ့် သေးသိမ်သော စိတ်သည် ကြီးကျယ်သော အလုပ်ကို မလုပ်နိုင်ဟု မှတ်ရမည်။

အရာရာကို တတ်သည်၊ သိသည်၊ နားလည်သဖြင့် "မ"တစ်လုံးကြေသည်ဟူသော အထင်မျိုးကို မခံလိုနှင့်။



ယခုခေတ်သည် သိစရာ၊ တတ်စရာတွေများ၍ အသက်ကား တို၏။ တစ်ခုခုကိုသာ ထွင်းဖောက်အောင် လိုက်စားရမည်။

"တစ်ခုခုကိုလုပ်၍ ဖြစ်ပါ့မလား"ဟု မေးလျှင် 'ဖြစ်နိုင်ပါရဲ့၊ ဖြစ်မယ်ထင်တာပဲ'ဟူ၍ မပြောရ၊ 'ဖြစ်မယ်' ဟု ပိုင်နိုင်စွာ ပြောရမည်။

တူရကီအာဏာပိုင် မာစတာဖာကယ်မယ်သည် စစ် တိုက်ရာ၌ ဗုံးဆန် ကျည်ဆန်တွေ မိုးရွာသလို ရွာ၍နေသည့် အထဲတွင် ကော်ဖီပန်းကန်ကိုကိုင်လျက် သောက်ရင်း အမိန့် ပေးခဲ့လေသည်။ ထိုသူသည် ဘေးရန်အခက်အခဲနှင့် ရင်ဆိုင် တွေ့ရာ၌ "ငါမသေနိုင်၊ ငါမရှုံးနိုင်"ဟု စိတ်ချ ယုံကြည် သဖြင့် ချောက်ချားတုန်လှုပ်ခြင်း ကင်းခဲ့လေသည်။ သို့ဖြစ်၍ လည်း အောင်မြင်ခဲ့၏။

ရိုးမတ်တည်ကြည်ခြင်းသည် ထိုသတ္တိကို တိုးစေ၏။ နေ့စဉ် အလုပ်များ၌ အရင်မလိုဘဲ မောပန်းခြင်းလည်း မရှိစေ ဘဲ တစ်နေ့ထက်တစ်နေ့ ထူးချွန်အောင် မှန်မှန်ကြီး မရပ်မနား ဇွဲမြဲစွာ လုပ်ရမည်။

## (၁၃)

## အောင်မြင်ခြင်းအသက်

အရာရာကို သိရမယ်။ တစ်ခုခု၌ ချွန်ရမည်။ လောက၌ မိမိရောက်လိုသော အခြေအနေကို ပြဋ္ဌာန်းကာ ထိုအခြေအနေကိုရောက်အောင် အားသွန်ကြိုးစားရမည်။

ယခု အသက်လုပ်၍နေသော အလုပ်၌ အသင်ကျေနပ်ပါ၏လား။ မကျေနပ်လျှင် အဘယ်အလုပ်ကို ကြံစည်သလဲ။ ယခုအလုပ်သည် သင်၏ စိတ်နေသဘောထားပုံ၊ အသင်၏ အရည်အချင်း ရှိပုံနှင့် အပ်စပ်ပါ၏လား··· မအပ်စပ်လျှင် အဘယ်အလုပ် အပ်စပ်သည်ဟု သင်သိပါ၏လား။ ရောက်လိုသော အခြေအနေကို ထင်မြင်၍ ထိုအခြေအနေကိုရောက်အောင် စူးစိုက်သောစိတ်နှင့် စွဲစွဲလမ်းလမ်း အစဉ်တစိုက် ကြိုးစားရမည်။ စူးစိုက်သော သမာဓိစိတ်၏ လေ့ကျင့်ခန်းကို ရစေရမည်။ သို့မှသာ အခက်အခဲ အရှုပ်အထွေးများကို လျင်မြန်စွာ ရှင်းနိုင်လေသည်။

လူ၏စိတ်ကိုသိအောင် ကြိုးစားရမည်၊ လူများကို ညြဏာပေးတတ်ရမည်။ အချက်အလက်ကို သိရမည်။ ဆုံးဖြတ်ချက် လျင်မြန်စွာ ပြုတတ်ရမည်။ မိမိနှင့်ဆိုင်သော



အလုပ်ကို ရွေးချယ်ကာ "အဘယ်မျှလောက် ကြာလျှင် အဘယ်အခြေအနေ အဆင့်အတန်းမျိုးကို ရောက်အောင်ကြိုးစားရမည်" ဟူသော စိတ်တစ်ခုကို ထားရမည်။

အကြံကို မြင့်နိုင်သမျှ မြင့်မြင့်ကြံရမည်၊ စကားချောရမည်၊ ယဉ်ကျေးဖွယ်ရာ ရှိရမည်၊ လူပရိသတ်ထဲကို ဝင်ရမည်၊ အပေါင်းအသင်း ကောင်းရမည်၊ တစ်ကိုယ်တည်း ကိုယ့်မာန၊ ကိုယ့်ပညာအတတ်ကလေး·တစ်ခုခုနှင့် တက်ကြွ၍ မနေရ၊ လူကို မကြောက်ရပေ။

❐

(၁၄)

## ကျန်းမာခြင်း

ကျန်းမာရေးကိုလည်း မမေ့အပ်ပေ။ အစားကို ကြေညက်အောင်ဝါးကာ စည်းစိမ်နှင့် စားရမည်။ စားရာ၌ စာဖတ်ခြင်း၊ အလုပ်အကိုင်အကြောင်း တွေးတောပြောဆိုခြင်း၊ အရေးတကြီးစားခြင်း၊ ဤနည်းများသည် အသက်ကို တိုစေတတ်လေသည်။

နံနက်တိုင်း၊ နံနက်တိုင်း ရေချိုးရမည်၊ ပင်လယ်ရေမြှုပ်နှင့်ဖြစ်စေ၊ လက်ဝါးနှင့်ဖြစ်စေ၊ နာနာတိုက်ရမည်။ အမြဲအသက်ကို ရှိုက်၍ရှူရမည်။ ညဥ့်မှာ ရှစ်နာရီထက်မနည်းအိပ်ရမည်။

ကိုယ်လက်လှုပ်ရှားခြင်းမှ အကြောအခြင်တို့ကို တင်းခြင်းနှင့် လျှော့ခြင်းကို အလှည့်ကျလုပ်ခြင်းသည် အကောင်းဆုံးဖြစ်လေသည်။

အလုပ်မှာ အားချိန် နားချိန် ကိုယ်လက်အင်္ဂါများကို လျှော့ပြီး ချမ်းသာစွာနေသော အချိန်များလည်း ရှိစေရမည်။

မိမိကိုယ်တိုင် စာရေး၊ ကိုယ်တိုင်စာစီ၊ ကိုယ်တိုင်ဖောင်သွင်း၊ ကိုယ်တိုင်စက်နင်းသဖြင့် လျင်မြန်စွာအိုပြီး၊



မကြီးပွား မချမ်းသာဘဲ တစ်မျိုးတစ်မည် ဖောက်ပြန်၍ နေရရှာသူ ပညာတတ်ကြီး တစ်ယောက်၏ နှမြောဖွယ်ကောင်းသော အဖြစ်ကို တွေ့ရဖူးလေသည်။

၄င်းမပျက်စီးမီက "တယ်လုပ်တဲ့လူ၊ တယ်တော်တဲ့လူ၊ တီဟာတ်ထင်ပါရဲ့၊ ဘုရားဖြစ်သူတွေ ဤလူမျိုးဘဲ" ဟု ၄င်းအား ချီးမွမ်းကြရလေသည်။ စနစ်မှာလည်း အကျိုးရှိသောစနစ်မှ အရာရောက်၏။ အကျိုးမရှိလျှင် အချည်းနှီးသာမှတ်။

မြို့အုပ်တစ်ယောက်ကို တွေ့ဖူး၏။ ၄င်းက "ကျုပ်ကိုဘယ့်နှယ့်လူ မှတ်သလဲ… ကြည့်" ဟု ပြောကာ သေတ္တာထဲမှ ဒိုင်ယာရီစာအုပ်တွေ အစီတ်၊ သုံးဆယ်လောက်ကို ထုတ်၍ပြ၏။ ထိုဒိုင်ယာရီစာအုပ်များသည် ငယ်စဉ်ကစ၍ ယခုသို့တိုင်အောင် မပျောက်မပျက် စုဆောင်း၍ ထိုထက်အဖိုးတန်သောအရာ တွေ့ရှိကြောင်း စဉ်းစားမိဟန် မတူပေ။

ကျောင်းဆရာကြီး တစ်ယောက်သည် ခြစ်ပြီးသောမီးခြစ်ဆံတွေကို စုထား၏။ "ဘာလုပ်ဖို့လဲ" ဟု မေးသောအခါ နံရံမှာရှိသော ပိုးပေါက်ကလေးထဲသို့ မီးခြစ်ဆံကိုထိုး၍ထည့်ပြီး "အဲသည်လို အပေါက်ရှိရင်၊ မပိတ်မဆို့ပါလား၊ ဟင်… လှမိုက်" ဟု စာရေးသူကို ပြောဖူးလေသည်။

ထိုဆရာကြီးသည် လူချမ်းသာကြီးဖြစ်၏။ ၄င်း၏ အလိုအတိုင်းဆိုလျှင် လက်သမား လုပ်စားရသော ဆင်းရဲသားတို့မှာ အလုပ်ရှိတော့မည် မဟုတ်ပေ။

စနစ်ကြီးတိုင်း အကျိုးမရှိ၊ ရှုးသွပ်သော ဝေဒနာကို ဖြစ်စေတတ်သော စနစ်တွေလည်း ရှိကြလေသည်။

အလုပ်၌ စနစ်ဆိုသည်မှာ အလုပ်ပို၍ မများအောင် အလုပ်နည်း၍ အပြီးများအောင် Crad Index System ကဲ့သို့သော နည်းမျိုးကို အသုံးပြုခြင်း ဖြစ်လေသည်။ အချိန်မှန်ခြင်း၊ ယခုလုပ်ရမည့် အလုပ်ကို နောက်တစ်နာရီ၊ နောက်တစ်နေ့ မရွှေ့မဆိုင်းဘဲ ချက်ချင်းလုပ်ခြင်း၏ အကျိုးစီးပွားမှာ အဆုံးမရှိ များပြားကြီးကျယ်လေသည်။

❐



(၁၅)

## လူကဲခတ်နည်း

လူကို အကဲခတ်ရာ၌ ဦးခေါင်းကစ၍ ကြည့်ရမည်။ ဦးခေါင်းထိပ်ကစပြီး မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ မေးစေ့တို့ကို တစ်ခုပြီးတစ်ခု ကြည့်ပြီးလျှင် မျက်နှာတစ်ခုလုံးကို ကြည့်၊ ကြည့်လေ့ရှိသောအခါ လူရိုး၊ လူဖြောင့်၊ သစ္စာရှိသူ၊ မရှိသူ၊ ကောင်းသူ၊ ဆိုးသူ၊ စိတ်နိုင်သူ၊ စိတ်ပျော့သူ၊ အစွမ်းသတ္တိကောင်းသူ၊ မကောင်းသူ၊ ကဲ့ရဲ့တတ်သူ၊ ပြောတတ်သူ စသည်ဖြင့် အသိအမျိုးမျိုးတွေ ပေါ်၍လာလိမ့်မည်။

### (က) ဦးခေါင်းနှင့်နဖူး

ဦးခေါင်းသည် နားအထက် မြင့်၍တက်လျှင် လူကောင်းလက္ခဏာဖြစ်သည်။ ဦးခေါင်းအချိုးအစား ကျသည် မကျသည်ကိုလည်းကောင်း၊ နဖူးမြင့်သည် နိမ့်သည်ကိုလည်းကောင်း၊ နဖူးကျယ်သည် ကျဉ်းသည်၊ နဖူးနောက်လန်သည်၊ နဖူးရှေ့ကို ထွန်းထွက်သည်၊ နဖူးမတ်သည်၊ နဖူးမတ်၍ မြင့်ပြီး နားထင်ဘက်သို့ ဝိုင်း၍ဆင်းလျှင် အသိဉာဏ်နှင့် စူးစိုက်ခြင်းကို ပြ၏။

နဖူး လေးထောင့်ဖြစ်လျှင် စိတ်ခိုင်၏။ ရဲရင့်၏။ သစ္စာရှိ၏။ အမြင်ကျယ်၏။

နဖူးမြင့်လျှင် စိတ်ကူးဉာဏ် ကောင်း၏။ စိတ်နာတတ်၏။ နဖူးမြင့်ပြီး ဖူးထွက်လျှင် အထင်အမြင် ပေါက်တတ်၏။ လူ၏စိတ်ကို သိတတ်၏။

နဖူးမြင့်၍ ကျယ်လျှင် စိတ်သေး၏။ နဖူးနိမ့်လျှင် စိတ်မိုက်၏။ အ၏။ ထူ၏။

နဖူးကျယ်လျှင် အမြင်ကျယ်၏။ အစီအမံကောင်း၏။

နဖူးလေးထောင့်မှာ ဆင်ခြင် စဉ်းစားတတ်၏။

မျက်ခုံးနှစ်ဖက်အကြား၌ နဖူးမြင့်လျှင် အမှတ်သညာရှိတတ်၏။ သူတစ်ပါး မမြင်သော အရာကလေးများကို မြင်တတ် မှတ်တတ်၏။

နဖူးမတ်သူ အသိဉာဏ်ကောင်း၏။ စဉ်းစားဉာဏ်သန်၏။ နဖူးမောက်သူ ဉာဏ်နှေး၏။ နုံ၏။

အနည်းငယ် နဖူးနောက်ကို ဝင်နေသူ စိတ်ကူးဉာဏ်ကောင်း၏။ မပြောလျှင် နားလည်လွယ်၏။

ဦးခေါင်းနံဘေးကားလျှင် မှတ်ဉာဏ်နှင့် ဝေဖန်တတ်သောစိတ် ရှိတတ်၏။

## (ခ) မျက်လုံး

မျက်လုံးသေးငယ်လျှင် မကောင်း၊ စိတ်သဘောသေးသိမ်၏။ သို့သော်လည်း ပါးစပ်ကျယ်၍ နှုတ်ခမ်းပြည့်လျှင် မျက်လုံး၏အပြစ်ကို ပြေစေ၏။



မျက်လုံးငယ်လျှင် စဉ်းလဲ၏။ ချောင်းမြောင်းကြည့်တတ်၏။ ကျိတ်၍ ကြံတတ်၏။

မျက်လုံးကြီးလျှင် ရိုး၏။ ရဲတင်း၏။

စိမ်းစိမ်းလဲ့လဲ့ကြည့်လျှင် အေးစက်စက် ဉာဏ်ထုံ၏။ စိတ်အားမသန်။

မျက်လုံး မငြိမ်လျှင် ဆန္ဒစိတ်သန်၏။ စိတ်ဆိုးလွယ်၏။ စိတ်မငြိမ်။

မျက်လုံးနိမ့်လျှင် အေးစက်စက် စိတ်ရှိ၏။ စိတ်အားပျော့၏။ တစ်ကိုယ်ကောင်းရှိ၏။ အသက်ဓာတ်အား ပျော့ညံ့၏။

မျက်တောင်တဖျပ်ဖျပ်ခတ်လျှင် စိတ်မြန်၏။ အကြံဉာဏ်များ၏။ ကြောင့်ကြတတ်၏။

မျက်လုံးအရောင်တောက်လျှင် အပေါင်းအသင်း ခင်မင်၏။ ပေါ့ပါးလျှင်မြန် ရွှင်ပျော်၏။

မျက်လုံးမှိန်လျှင် စိတ်ပူတတ်၏။ စိတ်အားငယ်တတ်၏။ တွေး၍ ပူတတ်၏။

မျက်တွင်းချိုင့်လျှင် ထက်သန်စူးရှ၏။ အမှတ်သညာရှိ၏။ လိမ္မာ၏။

မျက်လုံးကျယ်လျှင် ရိုး၏။ စိတ်သဘောကြီး၏။

မျက်လုံးနှစ်လုံး နီးကပ်၍နေလျှင် ကြောက်တတ်၏။ စူးရှတတ်၏။ စိတ်သဘော ကျဉ်းမြောင်း၏။

## (ဂ) အသံနှင့် စကား

မတ်မတ်ရပ်၍ မတ်မတ်သွားသူသည် ရဲရင့်၏။ မာနရှိ၏။ ကိုယ်တိုင်၏ အစွမ်းကို သိ၏။

ဦးခေါင်းကို ခိုင်ခိုင်ထားတတ်သူသည် စိတ်ခိုင်မာ၏။ ဦးခေါင်းကို ငိုက်စိုက်ထားသူသည် အရှက်ကြောက်ကြီး၏။ ဦးခေါင်းကို နံဘေးသို့ စောင်း၍ထားသူသည် စိတ်အားပျော့၏။

ဒူးကွေးလျှင် စိတ်မခိုင်သူဖြစ်၏။ လက်ပိုက်ခြင်းသည် ကျုံ့နပ်၍ နေသူဖြစ်၏။ မကြာခဏ အနေအထားပြောင်းလျှင် စိတ်မငြိမ်ခြင်းကို ပြ၏။

ခြေလှမ်းကို ခိုင်ခန့်မှန်ကန်စွာ လှမ်းခြင်းသည် ခန့်ညားသူဖြစ်၏။ စဉ်းစဉ်းစားစား လုပ်တတ်၏။ ခြေလှမ်းစိပ်စိပ်နှင့် မြန်မြန်လှမ်းတတ်လျှင် သည်းမခံတတ်သူ စိတ်မြန်သူဖြစ်၏။

လက်၊ ခြေကို အမြဲလှုပ်ရှား ရွေ့ပြောင်းခြင်း၊ နှုတ်ခမ်းကို ကိုက်ခြင်း၊ မေးစေ့ကိုကိုင်ခြင်းသည် ချိန်သားမကျသူ၊ စိတ်၏စူးစိုက်ခြင်း မရှိသူဖြစ်၏။

ပါးစပ်ဟ၍ နေသူသည် မယဉ်ကျေး၊ မဖွယ်မရာ အသိဉာဏ်နည်းပါးသူ ဖြစ်၏။

အဝတ်အစားမှာလည်း စိတ်ကို မြင်နိုင်၏။ မစင်ကြယ်လျှင် ရိုးတတ်၏။ ပျင်းတတ်၏။



## (င) မျက်ခုံး

မျက်ခုံး ကိုင်းလျှင် ကြင်နာတတ်၏။ ရိုး၏။ တန်းလျှင် ရိုး၏။ ကောင်း၏။ ခေါင်းမာ၏။

အပြင်အစွန်းနှစ်ဖက်ကား၍ တက်လျှင် ထက်မြက်၏။ ဉာဏ်ကောင်း၏။

အတွင်းနှစ်ဖက်နိမ့်လျှင် အတိုက်အသက်ဝါသနာပါ၏။

မျက်ခုံးနှစ်ခုကျဲ၍ ခြား၍ နေလျှင် စိတ်သဘောပွင့်လင်း၏။

သဘောကြီး၏။ ဘွင်းဘွင်းသမား ဖြစ်၏။

ကပ်၍နေလျှင် မနာလိုတတ်။ မသင်္ကာတတ်၊ အများ၏အယူဝါဒ အထင်အမြင်နှင့်မတူ ကွဲပြား၏။

## (စ) နှာခေါင်း

နှာခေါင်းကြီးလျှင် စိတ်အားတန်ခိုးကြီး၏။ ခေါင်းဆောင်ဖြစ်တတ်၏။ ထကြွလုံ့လရှိ၏။ နှာခေါင်းသေးလျှင် စိတ်အားပျော့၏။

ရှည်လျှင် ချွေတာ၏။ ဝီရိယရှိ၏။ ရောမ၏နှာခေါင်း အတိုက်အခိုက် အပုတ်သန်၏။ လင်းယုန်နှုတ်သီးနှာခေါင်း ဆန္ဒစိတ်အား ထက်သန်၏။

နှာခေါင်းကျယ်လျှင် ကိုယ်ပိုင်ဉာဏ် ရှိ၏။ ကိုယ်ထိလက်ရောက် လုပ်တတ်၏။ နိုးကြား ထကြွ၏။ သိန်းငှက်နှုတ်သီး ရက်စက်ကြမ်းကြုတ်၏။

ချွန်လျှင် မိမိကိုယ်ကို အထင်ကြီး၏။ စိတ်သဘော ကျဉ်းမြောင်း၏။ ရွတ်ချတတ်၏။

နှာခေါင်းလန်လျှင် အရှက်နည်း၏။ ရဲတင်း၏။ ခေါင်းမာ၏။ ဂရိတ်နှာခေါင်း ယဉ်ကျေး၏။ အလှအပ ကြိုက်၏။

နှာခေါင်းပေါက်ကျယ်လျှင် ရဲ၏။ တိုတိုတုတ်တုတ် ပြောတတ်၊ ထကြွလှုံ့လ ရှိ၏။ အသက်ရှူ ပြင်း၏။ နှာမငယ် လျှင် ကြောက်တတ်၏။ ဖွဲ့မကောင်းတတ်။

## (ဆ) နှုတ်ခမ်း-ပါးစပ်

ပါးစပ်ကျယ်လျှင် သည်းခံတတ်၊ ကြင်နာတတ်၏။ စိတ်ထား ကောင်း၏။ ကျဉ်းလျှင် စိတ်အားပျော့၏။ သေး နုပ်၍ အယူသည်း၏။

နှုတ်ခမ်းပါးလျှင် ဝီရိယရှိ၏။ မချစ် မခင်တတ်၊ အပေါင်းအသင်း မရှိ။ အလွန် နှုတ်ခမ်းပါးလျှင် လှို့ဝှက်၏။ လောဘရမ္မက် ကြီး၏။

မထူမတင်း ချစ်တတ်၏။ စိတ်ထက်သန်၏။ ထူလျှင် ကိလေသာ အပျော်အပါး များတတ်၏။ အသက်အား ခိုင် ခန့်၏။

အောက်နှုတ်ခမ်း ရှည်ခဲ့လျှင် ရဲရင့်၏။ ဖွဲ့ကောင်း၏။ လက်ထိလက်ရောက်သမား အကြင်နာ နည်းပါး၏။

အပေါ်နှုတ်ခမ်းတိုလျှင် သည်းမခံတတ်။ ပွင့်ပွင့်လင်း လင်း ဟုတ်တိုင်းမှန်ကာ ပြောတတ်၏။



နှုတ်ခမ်း တင်းတင်းကျုပ်ကျုပ်စေ့နေလျှင် ဩဇာပေး တတ်၏။ ကိုယ့်ဖို့ ကိုယ်ကြံတတ်၏။ အပြစ်ရှာတတ်၏။

ရိုးရိုးစေ့နေလျှင် စိတ်သဘော ဟည်ငြိမ်ခန့်ညား၏။ စိတ်ကို ချုပ်တည်း၏။

နှုတ်ခမ်းကို နောက်ဆွဲထားလျှင် စိတ်ခိုင်၏။ သေချာ စေ့စပ်၏။ အကြင်နာ အချစ်ခင် နည်း၏။

အထက်သို့ကော့၍နေလျှင် ပျော်တတ်၏။

အောက်သို့ကိုင်း၍နေလျှင် စော်ကားတတ်၏။ မနာပို တတ်၏။

## (ဇ) မေးစေ့

မေးစေ့ မသန်လျှင် စိတ်ပျော့၏။

သို့သော်လည်း နှာခေါင်းထင်ရှားလျှင် မေးစေ့၏ အပြစ် ပျောက်၏။

မေးစေ့သေးလျှင် ကြောက်တတ်၏။ စိတ်ပျော့၏။ မေးချွန်လျှင် စဉ်းလဲ၏။ တစ်ကိုယ်ကောင်းကြံတတ် ချွေတာ တတ်၏။

မေးစေ့လေးထောင့်ရှိလျှင် စိတ်အားသန်မာ ခိုင်ခန့်၏။ ဖွဲ့မြဲ၏။ ရိုး၏။

မေးကျယ်လျှင် တည်မြဲ၏။ မှန်ကန်၏။ ဝီရိယနှင့် ဉာဏ်ကောင်း၏။ ကျဉ်းလျှင် စိတ်မဟည်၊ ပန်းပြားပင်စိတ် ရှိ၏။

မေးလုံးလျှင် စိတ်ကောင်းရှိ၏။ အလိုက်သင့် ပေါင်းတတ်၏။

မေးရှည်လျှင် စစ်စီ၏။ မေးရှေ့ကိုထွက်လျှင် မိမိကိုယ်ကို ယုံကြည်ကိုးစား၏။ စိတ်တင်း၏။ ထကြွလုံ့လရှိ၏။ မေးနောက်ဆုတ်လျှင် စိတ်အားပျော့တတ်၏။

ပီမိုးနင်း



# အောင်ဝင်း

## ယောဂ

## ဝေဒနာ

## ဖြေဖျောက်နည်း

သောကကိုမတွေးပါနဲ့

သောကကိုဖြေဖျောက်ပါ

ပြုံးခြင်းပျော်ခြင်းတရားကို

အမြဲသတိရှိပါ။

တစ်ဘဝတွင် တစ်ခါသာ (ဖခင်)အဖြစ် ကြုံတွေ့ခဲ့ရသော ကျွန်ုပ်၏ကျေးဇူးရှင် (ရာသက်ပန် မီးသတ်တပ်ဖွဲ့၊ လက်ပံတန်း) ကွယ်လွန်ခဲ့စဉ်က အဘက်ဘက်မှ အကူအညီပေးကြသော အဖွဲ့အစည်း အသီးသီးနှင့် အပေါင်းအသင်းမိတ်ဆွေများအားလည်းကောင်း၊ အထူးအကူအညီ ပေးကြသော လက်ပံတန်းမီးသတ်ဖွဲ့ တစ်ခုလုံးအား ကွယ်လွန်သူဖခင် (ဦးလှမောင် ကိုယ်စား အထူးတလည် ကျေးဇူးတင်ရှိပါကြောင်း...)

(အောင်ဝင်း)

တတိယသား

၁၈-၉-၈၃ ရက်နေ့တွင် ဘဝတစ်ပါးသို့ ကွယ်လွန်သွားရှာသော ကျွန်ုပ်၏ဖခင် ဦးလှမောင်(၇၆)နှစ် (လက်ပံတန်း-မီးသတ်)အား ဤစာအုပ်ဖြင့် ရိုသေစွာ ကန်တော့ပန်းဆင်ပါ၏။

အောင်ဝင်း



## သောကဝေဒနာ

လူရယ်လို့ ဖြစ်လာရင် သောကနဲ့ ကင်းဝေးတယ်ဆိုတာတော့ ခပ်ရှားရှားပဲ။ ဘာဖြစ်လို့လဲဆိုတော့ လောကီအမြင်နဲ့ကြည့်ကြည့်၊ လောကုတ္တရာအမြင်နဲ့ကြည့်ကြည့် လူ့ဘဝဆိုတာ ရုန်းကန်နေတာ မဟုတ်လား။ အဲဒီတော့ လူတွေဟာ အမိဝမ်းထဲမှာနေပြီး မွေးဖွားသန့်စင်လာကတည်းက ဘယ်နှယောက်များ ရယ်မောပြီး မွေးလာတယ်လို့ ကြားဖူးပါသလဲ။

ဆယ်ရေးကာစ်ရေး၊ ကိုးရေးတစ်ရာ ဆိုသလို တစ်ရာမှာ တစ်ယောက်လောက်များ မငိုဘဲ အမိဝမ်းတွင်းက မွေးဖွားလာရင်တောင်မှ မွေးဖွားပေးတဲ့ ကျေးဇူးရှင် လက်သယ်ကဖြစ်စေ၊ သူနာပြုဆရာ ဆရာမကဖြစ်စေ ကလေးကို မငိုလို့ ငိုအောင်ဆိုပြီး နို့ဘူရဲလေးတင်ပါးကို တစ်ချက်တလေ ခပ်ဆတ်ဆတ် ရိုက်ပေးကြသေးတယ် မဟုတ်လား။

အဲဒီတော့...

လူဟာ သေသေချာချာ လေ့လာကြည့်ရင် မွေးဖွားတုန်းကတည်းက ငိုကြွေးပြီး မွေးဖွားလာရတာဆိုတော့ လူ့

ဘဝတစ်လျှောက်လုံးမှာလည်း ငိုရ၊ ရယ်ရ၊ ပူရ၊ ပင်ရ လောကဝေဒနာတွေနဲ့ပဲ ရင်ဆိုင်နေရတာပေါ့။

အဲဒါတွေကို သိထားတော့ စိတ်ဓာတ်ကျလား၊ ဘဝကို အရှုံးပေးရမလားဆိုတော့ ဘဝကို အရှုံးပေးစရာလည်း မလိုဘူး။ စိတ်ဓာတ်ကျစရာလည်း မလိုဘူး။ ဘဝကို ရဲရဲစွာနဲ့ ရင်ဆိုင်ရဲဖို့သာ အဓိက ဖြစ်တယ်။ လောကဝေဒနာဆိုတာတော့ လူတိုင်းကို တစ်ခုမဟုတ်တစ်ခု၊ တစ်ကြောင်းမဟုတ်တစ်ကြောင်းနဲ့တော့ ရင်ဆိုင်တွေ့ကြုံရမှာပါပဲ။

စာရေးသူဟာ လောကဝေဒနာ အမျိုးမျိုးကို ခံစားတဲ့သူတွေနဲ့ နေ့စဉ်လိုလို ဆုံရ ကြုံရတယ်။ ဘာပြုလို့လဲဆိုတော့ စာရေးသူဟာ ငယ်စဉ်ကတည်းက လက္ခဏာပညာကို လေ့လာ လိုက်စားခဲ့တယ်။ စာရေးသူ လိုက်စားတာဟာ လက္ခဏာပညာရဲ့ သိပ္ပံနည်းကျ လက်တွေ့သက်သက်၊ ပြစရာ အရေးအကြောင်းတွေ ခိုင်မာလို့ပဲ ယူဆပြီး ဒီပညာကို ငယ်စဉ်ကပင် လေ့လာခဲ့တာပါပဲ။

လူတွေရဲ့ လက်ဝါးပုံစံ မျိုးစုံကို ပုံရိုက်ကူးပြီး လေ့လာခဲ့တယ်။ တွေးတောဆင်ခြင်ကြည့်တယ်။ ဟုတ်နိုင် မဟုတ်နိုင်ဆိုတာလည်း ဝေဖန်သုံးသပ်ကြည့်တယ်။

ဥပမာ ဆိုကြပါစို့။

ရှေးက လူကြီးများဟာ တောရွာတွေမှာ မြင်း၊ နွား ဝယ်တဲ့အခါမှာ မြင်းတစ်ကောင်၊ နွားတစ်ကောင်ရဲ့ အသွေးအရောင်၊ အမွေးအမှင်များကို လည်းကောင်း၊ သွား၊ ခွာတို့



ကို လည်းကောင်း လေ့လာသုံးသပ်ပြီးမှ ဒီမြင်း၊ ဒီနွားရဲ့ ကောင်းကျိုး မကောင်းကျိုးတို့ကို ဝေဖန်သုံးသပ်တယ်။

လက္ခဏာပညာဟာလည်း လူတစ်ယောက်ရဲ့ လက်အနေအထား၊ အဆစ်၊ အရေးအကြောင်း၊ အရောင်အသွေးတွေကို ကြည့်ရှုပြီးမှ ဒီလူရဲ့စရိုက်၊ ဒီလူရဲ့ ကျန်းမာရေး စတဲ့ စိတ်နေသဘောထားတွေကို လေ့လာပြီး ပြောဟော ဝေဖန်တဲ့ အတတ်ပညာပဲ ဖြစ်တယ်။ ဒီပညာကို တိုင်းပြည်တော်တော်များများက လက်ခံကြတယ်။

တစ်ခုတော့ရှိတယ်။ ဒီလက္ခဏာပညာဟာ ဟောပြောသူအားလုံး မှန်သလား၊ မှားသလား ဆိုတာတော့ အဟောခံပုဂ္ဂိုလ်နဲ့ အဟောပုဂ္ဂိုလ်တို့ပဲ သိကြမှာပဲ။ တစ်ခုတော့ ရှိတယ်။ ဒီပညာဟာ နှစ်အနည်းငယ် လေ့လာရုံ၊ စာအုပ်လေး၊ ငါး ဆယ်အုပ် ဖတ်ဖူး လေ့လာဖူးတာနဲ့တော့ ပြည့်စုံပြီလို့ မဆိုနိုင်ဘူး။

ဒီပညာအကောင်းကို ခဏထားပြီး လိုရင်းကို ဆက်လက်ပြောပါ့မယ်။ စာရေးသူဟာ လက္ခဏာပညာကို နှစ်ပေါင်း နှစ်ဆယ်ကျော် လေ့လာခဲ့တယ်။ အဲဒီကနေပြီး လက္ခဏာဟောဆရာ လုပ်ကြည့်တယ်။ (အပျော်တမ်းနဲ့ လေ့လာတဲ့သဘောပါ)။ အဲဒီလက္ခဏာ ဟောပြောတဲ့အခါမှာ လောကဝေဒနာသမားတွေချည်းပဲ တွေ့ရ ကြုံရတာ များတယ်။ လူတွေဟာ စိတ်ဝေဒနာ ခံစားလာရပြီဆိုရင် အားကိုးတကြီး ဗေဒင်တို့ လက္ခဏာတို့ မေးကြ မြန်းကြနဲ့ သူတို့

ရဲ့ မဖြေရှင်းနိုင်တဲ့ ပြဿနာတွေကို ကူညီ ဖြေရှင်းပေးစေတယ်။ သူတို့ ရှေ့ဘာဖြစ်မလဲ။ ဆိုးမလား ကောင်းမလား ဆိုတာတွေ သိချင် မြင်ချင်ကြတယ်ပေါ့။

ဒီတော့…

လက္ခဏာ ဗေဒင်ဆရာတွေရဲ့ဟောကိန်းဟာ ကောင်းတဲ့ဘက်မှာ ပိုရင်လည်း သူတို့ခမျာ ဝမ်းသာအားရဖြစ်ပြီး အားတက်ကြတာပဲ။ မကောင်းတဲ့ဘက်မှာ များရင်လည်း သူတို့ခမျာ မလာသေး။ မမြင်သေးတဲ့ မကောင်းမှုတွေအတွက် ကြိုတင်ပြီး စိတ်ဆင်းရဲတယ်။ သောကဝေဒနာတွေ များနေတော့တာပါပဲ။

မြတ်စွာဘုရား ဟောကြားသလို ပုထုဇဉ်တွေဟာ အရူးတစ်မျိုးစီတွေပါပဲလားလို့ တွေးတောမိတယ်။

ဒီနေရာမှာ တစ်ခုတော့ စဉ်းစားမိတယ်။ ဗုဒ္ဓရဲ့အလိုကျကျင့်စဉ်ဖြစ်တဲ့ သမထဝိပဿနာ ဆိုတာဟာ လူတွေရဲ့ မထိန်းသိမ်းနိုင်တဲ့ အာရုံခြောက်ပါးနောက်ကို လိုက်နေတဲ့ စိတ်ကို ထိန်းသိမ်းခြင်းအကျင့်ကို ကျင့်ကြံပေးတဲ့ တရားပါပဲလားလို့။ ဒါမှ လူတွေဟာ ကိုယ့်ရဲ့သောကဝေဒနာ အမျိုးမျိုးကို ခံစားလာရရင် ခံနိုင်ရည်ရှိကြမယ်။ စိတ်ဟာ ပရမ်းပတာ ဖြစ်မသွားဘူးပေါ့။

လူရယ်လို့ ဖြစ်လာရင်တော့ ငိုခြင်း၊ ရယ်ခြင်း၊ ဝမ်းနည်း ဝမ်းသာ၊ ဆင်းရဲချမ်းသာ ဆိုတာတွေဟာ ဘဝတစ်လျှောက်မှာ ခံစားနိုင်ရမှာပါပဲ၊ ဒီလို အကောင်းအဆိုးဘဝ



မှာ ကြုံတွေ့လာလို့ရှိရင် အကောင်းဒဏ်ကို ခံစားနိုင်သလို အဆိုးဒဏ်ကိုလည်း ခံစားနိုင်ရမယ်။ ခံစားနိုင်အောင် စိတ်ကိုကျင့်ကြံထားရမယ်။

လူတော်တော်များဟာ အကောင်းဒဏ်ကို အားပါးတရ ခံစားနိုင်ကြပေမယ့်လည်း အဆိုးဒဏ်ကျတော့ စစ်စစ်ထိ မခံစားနိုင်ကြတော့ဘူး။ စိတ်ကို မထိန်းသိမ်းနိုင်ကြတော့ဘူး။ အဲဒီတော့ ဒီလူဟာ သောကဝေဒနာသည် ဖြစ်တော့တာပေါ့။

စာရေးသူဟာ သောကဝေဒနာသည် တော်တော်များများကို တွေ့ကြုံ လေ့လာဖူးပါတယ်။ စာရေးသူဟာ လက္ခဏာပညာအပြင် စိတ်ပညာကိုပါ တော်တော်လေး လေ့လာလိုက်စားခဲ့ပါတယ်။ လူတွေဟာ ကိုယ့်စိတ် ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ခြောက်တတ်ပြီး၊ မရှိကိုလည်း အရှိထင်တတ်ကြသလို အရှိကြောင့်လည်း ရှိသင့်ရှိထိုက်တာထက်ပိုပြီး သောကရောက်တတ်ကြတာပဲ။

ပညာရေးကြောင့် သောကရောက်သူတွေဟာလည်း တစ်နှစ် တစ်နှစ် မနည်းကြဘူးပေါ့။ တချို့ကို စာပေးပွဲကျလို့ တစ်နှစ် တစ်နှစ်မှာ သတ်သေတဲ့အထိ ဘဝကို ရင်မဆိုင်ရဲတော့ဘဲ စိတ်ဓာတ်ကျပြီး ဖြစ်ချင်တာ ဖြစ်ကုန်တာလည်း မနည်းကြပါဘူး။

စာရေးသူထံကို စာမေးပွဲဖြေပြီးလို့ အောင်,မအောင် လက္ခဏာ လာမေးတဲ့သူတွေ၊ စာမေးပွဲဖြေပြီးလို့ အောင်

စာရင်း ထွက်ပြီးကာမှ စာမေးပွဲကျလို့ ကိုယ့်ကိုယ်ကိုယ် ဘာလုပ်မလဲဆိုတဲ့ သူတွေဟာ လာလာပြီး အကြံဉာဏ် တောင်းကြပါတယ်။ စာရေးသူလည်း သူတို့ရဲ့စိတ်ဓာတ်နဲ့ သူ့ရဲ့ လူ့စွမ်းလူစနဲ့ ပတ်သက်ပြီး သူတို့ရဲ့ ဝါသနာနဲ့အညီ အလုပ်လုပ်သင့်တဲ့ သူလည်း အလုပ်နဲ့ ဝါသနာနဲ့ သူ့အကျိုး ပေးနဲ့ ကိုက်ညီတဲ့ အနီးကပ်ဆုံးကို လိုက်ပြီး အကြံဉာဏ် ပေးခဲ့ရတည်။

ဒါပေမဲ့ လူကြီးတွေပဲဖြစ်ဖြစ်၊ လူငယ်တွေပဲဖြစ်ဖြစ် သူတို့ဟာ ဘဝရဲ့ဒဏ်ကို မခံနိုင်ကြဘူး။ ဆိုလိုရင်းကတော့ စာရေးသူ အကြံပေးသလို လုပ်တဲ့လူတွေလည်း ရှိတယ်။ လမ်းတစ်ဝက်မှာ ခါးကျိုးသွားတဲ့လူတွေ၊ ရည်ရွယ်ချက် ပျောက်သွားတဲ့ လူတွေလည်း အများကြီးပါပဲ။ အချို့ဆို တော်တော်ကို သနားစရာ ကောင်းပါတယ်။ သူတို့ရဲ့ဘဝကို လည်း တော်တော်လေးကို နှမြောစရာကောင်းတဲ့ ဝမ်းနည်း ကြေကွဲစရာကောင်းတဲ့ အခြေအနေမျိုး ဖန်တီးသွားတာကို တွေ့ရ ကြုံရတယ်။

"မခင်မျိုး"

ဒီ"မခင်မျိုး"ဟာ တော်တော်ကိုလှတဲ့ အမျိုးသမီး လေးပါပဲ။ အသားကလည်း ရွှေလိုဝင်းပြီး စိုပြည်နေတယ်။ သူမရဲ့နှာတံ၊ မျက်လုံး၊ မျက်ခုံးလေးတွေ ဖြူဖွေးညီညာနေ တဲ့ သွားလေးတွေဟာ သူမ ပြုံးလိုက်တိုင်း ပုလဲသွယ်လေး တွေလို အစီအရီနဲ့ နှစ်လိုဖွယ် ကောင်းပါတယ်။ ပြုံးလိုက်



တိုင်း ခွက်ဝင်သွားတဲ့ ပါးချိုင့်လေးနှစ်ဖက်နဲ့ မျက်နှာသွင် ပြင်ကအစ ကိုယ်လုံးကိုယ်ထည်ဟာဆိုလည်း ပြောစရာမရှိ လှအောင် သူ့နေရာနဲ့သူ အမို့အမောက် အချိုင့်အဝှမ်းလေးတွေ ဟာ ပီပီပြင်ပြင် ရှိလှပါတယ်။ အသက်ကလည်း ခုမှ ၁၇-နှစ် ရှိသေးတယ်။ အဲ… ဒါပေမဲ့ မိဘမျိုးရိုးကတော့ အသင့် အတင့်ပဲ စားနိုင်သောက်နိုင်ရုံလောက်ပဲ ရှိပါတယ် ဆိုတာ သိရတယ်။

"ကျွန်မ သည်နှစ် စာမေးပွဲ အောင်မလား"

အဲဒီမေးခွန်းကို စကင်မေးရင်းနဲ့ စာရေးသူနဲ့ မခင်မျိုး စတင် သိကျွမ်းခဲ့ရပါတယ်။ နောက်တော့လည်း စာရေးသူရဲ့ ပွင့်လင်းစွာ ဆက်ဆံမှု၊ ရိုင်းပင်း ကူညီမှုကြောင့် သူနဲ့ စာရေးသူ ခင်မင်သွားကြတယ်၊ သူနဲ့ တွေ့ကြုံနေတဲ့ အခါ မျိုး ဆွေးနွေးတိုင်ပင်တဲ့ အခါမျိုးမှာ တစ်ယောက်နဲ့ တစ် ယောက် ပွင့်လင်းကြတဲ့အတွက် ပျော်ဖို့လည်း ကောင်းပါ တယ်။ စိတ်လည်း ချမ်းသာကြပါတယ်။ ဒါပေမဲ့ ဘဝဆိုတာ ထာဝစဉ် ပျော်မွေ့နေတာမှ မဟုတ်ဘဲ။

ပျော်ရွှင်မှု ရှိခဲ့ကြသလို၊ ဝမ်းနည်းကြေကွဲမှုတို့ဆိုတဲ့ သောကဝေဒနာမျိုးတွေကလည်း တစ်ကြောင်းမဟုတ် တစ် ကြောင်းတော့ တွေ့ကြုံကြရသေးတာပဲ။

"မခင်မျိုး…"

မခင်မျိုး… သူ စာမေးပွဲကျတယ်။ ဆယ်တန်းစာမေး ပွဲ အောင်စာရင်းထွက်တော့ မခင်မျိုး ငိုရပြီ။ စိတ်မောပြီ။

သောကဝေဒနာကို ရင်ဝယ်ပိုက်ပြီး စာရေးသူထံကို ရောက်လာရတယ်။

"မျိုး စာမေးပွဲကျတယ် ဆရာ"

"မျိုး ဘာလုပ်မလဲ ဆရာရယ်"

"မျိုးကို ကူညီပါဦး ဆရာရယ်"

"မျိုးကို ကူညီမယ် မဟုတ်လား ဆရာ..."

မခင်မျိုး ရင်ဝယ် သောကဝေဒနာကို ခံစားရင်းမှ ရင်ထဲရှိသမျှကို ဖွင့်ဟလာသည်။ အကြံဉာဏ် အကူအညီ တောင်းလာသည်။ မျက်ရည်လေး တစမ်းစမ်းနှင့် ငိုသည်။

မခင်မျိုး ယခင်က ရယ်ခဲ့သည်။ ပျော်ခဲ့သည်။ မြူးထူးရွှင်ပျခဲ့သည်ကို စာရေးသူ မြင်ခဲ့၊ တွေ့ခဲ့၊ သိခဲ့ရသည်။

ဟော...

ယခုတော့ မခင်မျိုးတစ်ယောက် ဝမ်းနည်းခဲ့သည်။ ငိုကြွေးခဲ့ရသည်။ သူ့ရင်မှာ သောကမီးတွေ တောက်လောင်နေခဲ့ပါပြီကော။ သူ့ဘဝအတွက် စာမေးပွဲလည်း အရေးကြီးခဲ့သည်။ တစ်နှစ်မအောင်ပါက တစ်နှစ်ဆိုသော အချိန်ကာလနှင့် တစ်နှစ်အတွက် ကျောင်းစရိတ်သည် မနည်းဟု သူ တွေးခဲ့ဟန်တူသည်။ သူတို့ရဲ့ဘဝကလည်း အသင့်အတင့် စားနိုင်သောက်နိုင်ရုံသာရှိသော အခြေအနေမျိုးပင် ဖြစ်သည်။

"စာမေးပွဲ ကျတာနဲ့ ဒီလောက်တောင် စိတ်ဓာတ် မကျပါနဲ့၊ ကိုယ်တစ်ယောက်တည်းမှ မဟုတ်တာပဲ။ ကျောင်းသားဆိုတာ အောင်တာလည်း ရှိမယ်။ ကျ



တာလည်း ရှိမှာပေါ့။ ဒီနှစ်မအောင် နောင်နှစ်အောင်အောင် ကြိုးစားရမှာပေါ့"

"မျိုးတို့မှာ တစ်နှစ်ဆိုတဲ့ ကျောင်းစရိတ်ဟာ မသက်သာဘူး ဆရာရယ်။ မျိုးလေ သိပ်စိတ်ညစ်တာပဲ။ သေသာ သေလိုက်ချင်တယ် ဆရာရယ်။ ဒီနှစ် စာမေးပွဲနှအောင်မယ်လို့ တစ်ထစ်ချ တွက်ထားတာ ဆရာ။ ခု... မျိုး ဘယ်လိုလုပ်ရမလဲ ဆရာရယ်"

"ဆရာ အကြံဉာဏ် ပေးချင်တာကတော့ ဒီနှစ် ကျောင်းပြန်နေပါ။ ရှေ့နှစ်ဆို အောင်အောင်ကြိုးစားပေါ့။ ကျောင်းစရိတ်နဲ့ ကျူရှင်လခကို ဆရာ ကူညီပေးပါ့မယ်။ ဘာမှ အားငယ်ပါနဲ့။ စိတ်ဓာတ်မကျပါနဲ့။ လူဆိုတာ ကြိုးစားရင် ဖြစ်ပါတယ်။ ဖွဲတော့ မလျှော့နဲ့ပေါ့"

စာရေးသူက မတတ်နိုင်ဆုံး အားပေးစကား ပြောသည်။ နှစ်သိမ့်ခဲ့သည်။ ထိုနှစ် ကျောင်းအစမှာ သူမ ကျောင်းပြန်တက်သည်။ စာရေးသူတို့ အိမ်သွားသည်။ သူ့မိဘတွေနဲ့ တွေ့သည်။ စာရေးသူက စာအုပ်တွေက အစ ကူညီထောက်ပံ့သည်။ ကျောင်းနှစ်လလောက် တက်ရသေးသည်။ နောက် မခင်မျိုး တစ်ယောက် လင်နောက်လိုက်ပြေးကြောင်း စာရေးသူ သိလိုက်ရသည်။

သူ့လင်တော်မောင် ကောင်လေးကလည်း သူနဲ့တစ်တန်းတည်းသားတဲ့။ အလုပ်အကိုင်လည်း မရှိ။ ပညာက

လည်း မပြည့်စုံသေး။ မခင်မျိုး ဘာရည်ရွယ်ချက်နဲ့များ ခုလို လုပ်သွားသည်မသိ။ စာရေးသူတောင် လူတွေရဲ့စိတ်ကို အတွေးရ ခက်သွားသည်။

မခင်မျိုး… သူပြောပုံ ရည်ရွယ်ချက်က ပညာရေး၊ လက်တွေ့ အသုံးချသွားတာက အိမ်ထောင်ရေး။ အင်း… မခင်မျိုး တစ်ယောက် လှေလှော်ရင်းပဲ တက်ကျိုးသလား။ လှေလှော်ရင်းပဲ လမ်းကြောင်းပြောင်းသွားသလား ဆိုတာ မသိရတော့…။

"ခင်မင်လေးစားအပ်သော ဆရာ…

မျိုး ခုလို အိမ်ထောင်ပြုသွားတာကိုတော့ ဆရာ တော်တော်ပဲ အံ့အားသင့်သွားမယ် ထင်တယ် ဆရာ။ အံ့သြမယ်ဆိုလည်း အံ့သြမှာပါပဲလေ။ မျိုး ပြောတော့ တစ်မျိုး၊ လုပ်တော့တစ်မျိုးလို့ ဆရာ ထင်ကောင်း ထင်မှာပဲ။ ဆရာရဲ့ ကူညီမှုတွေကို မျိုး အထူးပဲ ကျေးဇူးတင်ပါတယ်။ မျိုး စဉ်းစားကြည့်တယ် ဆရာရယ်။ မျိုးအနေနဲ့ ဒီနှစ်စာမေးပွဲအောင်,အောင် တော်တော်ပဲ ကြိုးစားရမှာပါ။ တကယ်လို့ မျိုး စာမေးပွဲ အောင်သည့်တိုင်အောင် ရှေ့ဆက်ပြီး တက်ဖို့ဆိုတာလည်း သိပ်တော့ မလွယ်ကူတော့ပါဘူး။ မျိုးအနေနဲ့ အရေးကြီးတာကတော့ စီးပွားရေးပဲ ဆရာ။ အဲဒီတော့ မျိုးအနေနဲ့ မျိုးရဲ့ချစ်သူနဲ့ပဲလက်တွဲပြီး အရောင်း



အဝယ် စီးပွားရေးတစ်ခုခုကို လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်လေ။

ဒါကြောင့်ပဲ မျိုးဟာ မျိုးရဲ့ချစ်သူနဲ့ လက်ထပ်လိုက်ပြီး စီးပွားရေးပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ရခြင်း ဖြစ်ပါတယ်။

ဆရာတစ်ယောက် ထာဝရ ရွှင်လန်းချမ်းမြေ့ပါစေလို့ မျိုး ဆုတောင်းပါတယ်။

မျိုး"

လူကြုံဖြင့် ပေးပို့လာသော စာကို ကျွန်တော် ဖတ်ကြည့်မိသည်။ သူမရဲ့ အတွေးအခေါ် ပြောင်းလဲပုံများကို လေ့လာ သုံးသပ်မိပါသည်။ လူ့စိတ်ဆိုတာ ခက်သားလား။ ပုထုဇဉ်ဆိုတော့ ဒီနေ့တစ်မျိုး၊ နောက်နေ့တစ်မျိုး ဖြစ်ချင်လည်း ဖြစ်တတ်တာပဲ။ ဒီခေတ် လူငယ်တွေ ပိုခက်သည်။ သူတို့စိတ်တွေက သိပ်မြန်ချင်ကြသည်။ စာရေးသူကာ တစ်ခါတစ်ရံ သီချင်းတွေ ကြားဖူးသည်။

စနေနေ့မှာ ချစ်သူ၊ တနင်္ဂနွေနေ့မှာ မုန်းသည် ဆိုလား ဘာလား မသိ။ သိပ်ကို အပြောင်းအလဲ မြန်သည်။ သူတို့ကို ကြည့်ရတာ ရေရှည်လောကဓံကို ခံနိုင်ကြဟန် မတူပေ။ ဒီနေ့ ပညာရေး မကောင်းရင် နောက်နေ့ ကောင်းအောင် ဒုက္ခခံမည်လို့ မရှိ။ နောက်နေ့ အိမ်ထောင်ရေးကို ပြောင်းပစ်လိုက်သည်။

ဤသို့ ခုခေတ် တော်တော်များများ ရှိသည်။ သမီး ရည်းစား ပြောင်းလဲသွားတာကို မပြောနဲ့။ ကလေးတွေရနေ ကြတဲ့ အိမ်ထောင်ရှင်တွေတောင် ဒီတစ်ယောက်နဲ့ သာယာမှု မရှိတော့ဘူးဆိုရင် နောက်တစ်ယောက် ပြောင်းပစ်လိုက် သည်။ ဘယ်သူ့မျက်နှာ ဘယ်ဝါ့မျက်နှာ ထောက်စရာ မလို တော့။

တချို့ သတင်းစာတွေထဲမှာ တွေ့ရသည်။ ဒီနေ့ နေ့စပ်ကြောင်းလမ်း ကြော်ငြာပါသည်။ ဟော... မကြာမီ နေ့စပ်ကြောင်းလမ်း ပြန်လည်ဖျက်သိမ်းလိုက်ကြောင်း ပါ လာပြန်သည်။

အများအားဖြင့် စိတ်အပြောင်းအလဲ မြန်ခြင်းပမာ ဆုံး ဖြတ်ချက်တစ်ခုကို ချမှတ်ပြီး ထိုဆုံးဖြတ်ချက်ကို အပြီးတိုင် မလုပ်ဘဲ လမ်းတစ်ဝက်ကျမှ ပြောင်းလဲသွားခြင်းသည် အများအားဖြင့် လောကခံကို ရင်မဆိုင်ရဲရာလည်း ကျသည်။ အမှန်ကိုဆိုရသော် လူတော်များများသည် ရေဆန်ကို မလိုက် ရဲဘဲ ရေစုန်ကို မျှောချင်သောသူသာ ရှိသည်။

တစ်နည်းပြောပါမူ ရေသာခိုချင်ကြသည်။ စိတ်ပင် ပန်းမခံချင်ကြသော သဘောလည်း သက်ရောက်သည်။ လူရယ်လို့ ဖြစ်လာရင် ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင် ရေး၊ အချစ်ရေး၊ လူမှုရေး စသော အချက်အားလုံးသည် ပြည့်စုံနေသည်ဟူ၍ မရှိကြပေ။ တစ်ခုမဟုတ် တစ်ခုတော့ ချွတ်ယွင်းချက် ရှိရပေမည်။



ဆင်းရဲသည်ဖြစ်စေ...
ချမ်းသာသည်ဖြစ်စေ...
အာဏာရှိသည်ဖြစ်စေ...
အာဏာမရှိသည်ဖြစ်စေ...

လောကမှာရှိသော လူတိုင်းသည် အားလုံးပြည့်စုံနေ ပြီဟူ၍ မရှိ။ တစ်ခုမဟုတ် တစ်ခုတော့ ကြောင့်ကြခြင်း၊ ပူပန်ခြင်းတော့ ရှိစမြဲပင် ဖြစ်၏။

ကြောင့်ကြသည် ပူပန်သည် ဆိုကတည်းက ထို တစ်ခုခုမပြည့်စုံသည့်အတွက် (ဝါ) ကိုယ်မျှော်မှန်း တောင့်တ သလို ဖြစ်မလာသည့်အတွက် စိုးရိမ်ခြင်း၊ ပူပန်ခြင်း ဆိုသော သောကဝေဒနာကို ခံစားရပေမည်။

မပြည့်စုံခြင်း၊ လိုအင်ဆန္ဒ မပြည့်ဝတာနှင့် သောက ဝေဒနာကို ခံစားနေပါက လူသာလျှင် စိတ်ပင်ပန်း ကိုယ် ပင်ပန်း ဖြစ်ပေမည်။ ၎င်းမပြည့်ဝသောကိစ္စကို အတတ်နိုင် ဆုံး ပြည့်စုံအောင် ပြည့်ဝအောင် ကိုယ်လိုချင်[illegible]ရအောင် ကံ၊ ဉာဏ်၊ ဝီရိယ၊ ဇွဲကို ရှေ့ထားပြီး ကြိုးစားသွားရပေ မည်။

ကြိုးစားခြင်းသည် အချည်းအနှီး ဖြစ်မည် မဟုတ် ကြောင်းတော့ လူတိုင်းအသိပင် ဖြစ်ပေမည်။ ကြိုးစားခြင်း သည် ရာနှုန်းပြည့် ကိုယ်ရည်မှန်းသလို ဖြစ်မလာသည့်တိုင် အောင် မကြိုးစားခြင်းထက်စာလျှင် ကြိုးစားခြင်းရဲ့ အကျိုး ကျေးဇူးလေးကိုတော့ ခံစားရမည် ဖြစ်ပေသည်။

ဥပမာအားဖြင့် ...

လူတစ်ယောက်သည် ဌာနတစ်ခုခုမှ အလုပ်အတွက် စာပေးပွဲကိုဖြစ်စေ၊ ပညာရေးစာမေးပွဲကိုဖြစ်စေ ဝင်ရောက်ဖြေဆိုပါက ၄င်းစာမေးပွဲတွင် အောင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ စာမေးပွဲ၏ အတွေ့အကြုံ သင်ခန်းစာလေးတော့ ရရှိပေမည်။

တိုက်ပွဲတစ်ခုကို ဝင်ရောက် ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ အရှုံးလည်း ရှိနိုင်သည်။ အနိုင်လည်း ရှိနိုင်သည်။ ဒါကို စောစောကပင် ကြိုတင် သိထားရပေမည်။ ငါနိုင်အောင် ကြိုးစားမည်။ အကယ်၍ မတော်တဆများ ရှုံးသွားခဲ့သော် ငါ စိတ်ဓာတ်ကျစရာ မလိုဘဲ ထိုတိုက်ပွဲ ဘာကြောင့်ရှုံးသလဲ ဟူသော ချွတ်ယွင်းချက်ကို လေ့လာသုံးသပ်ပြီး နောက်နောင် ဤကဲ့သို့ မဖြစ်အောင် သတိထားခြင်းအားဖြင့် သင်ခန်းစာကို ရယူရပေမည်။

တိုက်ပွဲတိုင်း ရှုံးနိမ့်သည်ဟူ၍တော့ ရှိမည်မဟုတ်။ ကိုယ်နိုင်သည့်အခါလည်း ရှိမည်၊ ရှုံးနိမ့်သည့်အခါလည်းရှိမည်ပေါ့။ အတတ်နိုင်ဆုံး ကိုယ့် ကံ ဉာဏ် ဝီရိယနှင့် လိုက်ဖက်တူညီမည့် တိုက်ပွဲများကို ဘဝတစ်လျှောက်လုံး တိုက်ခိုက်နေရမည်။

ဥပမာအားဖြင့် ...

ရှင်ဘုရင်သည် ရှင်ဘုရင်ရဲ့ ကံ-ဉာဏ်-ဝီရိယ အားဖြင့် သူတောင်းစားလည်း သူတောင်းစားရဲ့ ကံ-ဉာဏ်-



ဝီရိယဖြင့် ကိုယ်နှင့် လိုက်ဖက်တူညီမှု ဟူသော ကြိုးစားမှုကိုတော့ ယှဉ်ပြိုင်ရဲရပေမည်။

လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် ယှဉ်ပြိုင်တိုက်ခိုက်မှုသာ ထူးကဲသော အောင်မြင်မှုကို ရရှိပေမည်။

လောကရှိ သက်ရှိသတ္တဝါအားလုံးတို့သည် ယှဉ်ပြိုင်၍ နေကြမှသာ တိုးတက်မှုဆိုတာ ရှိပေမည်။ မယှဉ်ပြိုင်ရဲသော သူများမှာ တိုးတက်အောင်မြင်မှု နည်းကြပေသည်။ လူရယ်လို့ ဖြစ်လာရင် လူ့ဘဝမှာ သူများတန်းတူ နေနိုင်စားနိုင်ရေး အတွက် ကြိုးစားရပေမည်။ ဒါမှသာလျှင် လူချင်းကူတူ၊ သူချင်းမျှမျှ နေထိုင်နိုင်ကြပေမည်။

ကြိုးစားမှုမရှိဘဲ အရာရာကို ကြောက်ရွံ့နေမည်ဆိုပါက ထိုသူ၏ဘဝသည် တိုးတက်မှုရှိမည် မဟုတ်ပေ။ မည်သည့်အလုပ်အကိုင်၊ ပညာရပ်မဆို အခက်အခဲတော့ ရှိကြပေမည်။ ထိုအခက်အခဲများကို တွန်းလှန်ဖြိုဖျက်ရင် ဘဝကို ရဲဝံ့စွာ ရင်ဆိုင်သွားရမည်မှာ ကျွန်ုပ်တို့ လူသားအားလုံး၏ တာဝန်တစ်ရပ်ပင် ဖြစ်ပေမည်။

လောကဝေဒနာများသည် အများအားဖြင့် ပူပန်တတ်သူများ၌ ပိုမို၍ ခံစားရပေသည်။ လူတိုင်းမှာ တစ်ခုမဟုတ် တစ်ခုဆိုသော ပူပင်မှုတွေ ရှိကြစမြဲဖြစ်သည်။

အတတ်နိုင်ဆုံး ကိုယ့်ရဲ့ဉာဏ်ရှိသလောက် တွေးခေါ်၍ ပူပင်သင့်သည်ထက် ပို၍ မပူပင်ရန်နှင့် ပိုမိုတွေးခေါ်မှုမျိုးကို မပြုလုပ်သင့်ပေ။

အမျိုးသမီးများများ စာရေးသူ တွေ့ကြုံဖူးပါသည်။ သူတို့သည် ပူပင်သင့်သည်ထက် ပို၍ပူပင်သောက ရောက်ကြ၏။

ဒေါ်မိကို စာရေးသူ စတင်တွေ့ကြုံစဉ်ကပင် ဒေါ်မိသည် အပူသည်သက်သက်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

ဒေါ်မိဟာ လင်သားအတွက် တွေး၍ ပူပန်၏။

သူ့လင်ယောကျ်ားမှာ ရုံးတစ်ရုံးမှာ ဌာနခွဲစာရေးကြီးဖြစ်၏။ သူ့လင်သား အလုပ်ပြုတ်မှာကို တွေးတောပူပင်၏။ ရုံးအမှုထမ်း အချင်းချင်းလည်း မပြေလည်မှာကို စိုးရိမ်၏။ အထက်အရာရှိက မိမိခင်ပွန်းကို အပြစ်တင်မှာ ငြိုငြင်မှာကို စိုးရိမ်၏။

အဲဒီနောက်...

လင်သား ရုံးမှာသော်လည်းကောင်း၊ တစ်နေရာရာမှာသော်လည်းကောင်း တခြားမိန်းကလေးများနှင့် ခြေရှုပ်မှာကိုလည်း စိုးရိမ်၏။

ရုံးပြန်နောက်ကျရင် အိမ်ဝထွက်ထွက်ပြီး မျှော်နေတတ်၏။ ဘတ်စ်ကားပေါ်မှာ တစ်ခုခုများ ဖြစ်မလား၊ ကားမှ ရပ်ါမလား၊ အချိန်ပိုများ အလုပ်ဆင်းနေရသလား၊ တစ်နေရာရာများ ဝင်နေသလားနဲ့ ဒေါ်မိ အပူက မသေး။

သားသမီးသုံးယောက်ရှိ၏။ အပျိုလူပျိုတွေဖြစ်ပြီး အထက်တန်းကျောင်းသား၊ ကျောင်းသူတွေဖြစ်ရာ အတန်းထဲမှာ စာမရမှာ စိုးရိမ်၏။ စာမေးပွဲကျမှာ ပူပင်၏။ သမီး



ရည်းစားထားမှာ ကြောက်နေ၏။ တစ်နေ့ တစ်နေ့ ဒေါ်မိအပူတွေက မနည်းတော့။

အိမ်သားတွေ ဖျားနာမှာလည်း တွေးပူသည်။

ဒေါ်မိ ဘုရားဝတ်တက်ရင် တစ်အိမ်သားလုံးကို ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ စာမေးပွဲတွေ အောင်ပါစေ။ သိန်းထီကြီး ပေါက်ပါစေနဲ့ ဆုတောင်းလိုက်သည်မှာလည်း နာရီနှင့်အမျှ ကြာ၏။

သူ့ခမျာ သူများတွေအတွက် ပူပန်လွန်းသဖြင့် သူ့ရုပ်မှာ ပိန်လှီသေးကွေးလာ၏။ ကြာတော့ မစားနိုင်၊ မအိပ်နိုင်နှင့် ဒေါ်မိ တစ်ယောက် နောက်ဆုံးတော့ စိတ္တဇဆေးရုံ ရောက်ရရှာသည်။

သူမရဲ့ သောကဝေဒနာတွေဟာ မဖြစ်ခင်ကပင် တွေးကော ပူပင်ခဲ့၏။ တွေးတော ကြောက်ရွံ့ရ၏။ နောက်ဆုံး သူ့ရဲ့စိတ်ရောဂါက ထိခိုက်လာ၏။ ကျန်တဲ့အိမ် သားတွေမှာ သူ ပူပန်ခဲ့သလို ဘာမှမဖြစ်ခဲ့။

ကျောင်းသား ကျောင်းသူတွေမှာလည်း နှစ်စဉ်အောင်တဲ့သူ အောင်ခဲ့သလို ကျတဲ့သူလည်း ကျ၏။ သူ့ခင်ပွန်းကလည်း ရုံးမှန်မှန်တက်ခဲ့ပြီး ကားနောက်ကျလျှင်လည်း နောက်ကျသည်။ ကားအဆင်ပြေလျှင်လည်း စောစောလေး အိမ်ရောက်ခဲ့၏။ ဘယ်သူမှ ဘာမျှ ထွေထွေထူးထူး မဖြစ်။

လူ့လောကမှာ ဖြစ်သင့် ဖြစ်ထိုက်တာတွေသာ ဖြစ်နေကြကြောင်း ဒေါ်မိ မသိမဟုတ်၊ သိပါ၏။ ဒါပေမဲ့ ဒေါ်မိ

ဟာ မိမိ မွေးဖွားစဉ်ကတည်းကပင် သောကသည် တစ်ယောက် ဖြစ်ခဲ့ဟန်တူ၏။

သူကသာ တစ်အိမ်သားလုံးအတွက် ပူပင်သောကတွေ ရောက်ခဲ့၏။ သူတို့အိမ်သားများကတော့ သွားမြဲသွား၊ စားမြဲစား၊ လာမြဲလာ စသည့် သူတို့လုပ်ရမည့် အလုပ်တာဝန်များကိုသာ မှန်မှန်လုပ်ကိုင်သွားကြ၏။ ဘာမှလဲ ထွေထွေထူးထူး သူတို့မှာ ပူပင်သောက မဖြစ်ကြ။

ဒေါ်မိ စိတ္တဇဆေးရုံမှာ တက်နေတော့လည်း သူတို့သွားကြ လာကြ၏။ ပို့စရာရှိတာ ပို့၏။ ပေးစရာရှိတာ သွားပေး၏။ ပြုစုစရာရှိတာကို ပြုစုကြ၏။

ဒေါ်မိ နောက်ဆုံး ဆေးရုံက ပြန်ဆင်းလာ၏။ အိမ်မှာ တစ်နှစ်လောက်ကြာပြီး ဆုံးသွားရှာ၏။ သူ့ရဲ့သားသမီးတွေ ငိုကြ၏။ ဝမ်းနည်းကြ၏။ သူ့ခင်ပွန်းလည်း စိတ်သောက ရောက်ရ၏။ စာရေးသူလည်း ရောက်ခဲ့ပါ၏။ နောက်တစ်လ လောက်အကြာမှာတော့ သူ့သားသမီးတွေ ပူပင်သောက ပျောက်ကုန်ကြ၏။

ဒေါ်မိအကြောင်း သိပ်မပြောကြ။ တစ်ခါတစ်ရံ ပြော၏။ အမေဟာ သူ့အပူက သူ့ကို နှိပ်စက်သွားတာပါတဲ့။

သူ့ခင်ပွန်းက ပြောသေးသည်။

''အေးပေါ့ဗျာ… သူလည်း ငြိမ်းချမ်းသွားတာ ကောင်းပါတယ်… တဲ့''



အမှန်တော့ လောကမှာ သူများထက်ပိုပြီး ပူတတ်ဆွေးတတ် ကြောက်တတ်သူဟာ သူများထက် ပိုပြီး ဒုက္ခခံရတာပဲ။

လူတိုင်း လူတိုင်းမှာတော့ ကြောက်ရွံ့စိုးရိမ်မှု ပူပင်သောက ဆိုတာတော့ ရှိမှာပါပဲ။ ဒါပေမဲ့ အတတ်နိုင်ဆုံး ဖြစ်ပျက်သဘောကို လက်မလွှတ်ဖို့ အရေးကြီးတယ်။ ဘယ်အရာမှ လောကမှာ တည်မြဲမှု မရှိဘူးဆိုတာ လူတိုင်းသိထားရမယ်။

သက်ရှိသတ္တဝါတိုင်းရဲ့ အသက်ဟာ မတည်မြဲဘူး။ ရာထူး အာဏာ ဆိုတာဟာလည်း မမြဲဘူး။ လုပခြင်း မလှပခြင်း ဆိုတာလည်း မတည်မြဲဘူး။ ဆင်းရဲခြင်း ချမ်းသာခြင်း ဆိုတာလည်း မတည်မြဲဘူး။ လောကအလယ်မှာ မြင်မြင်သမျှ အားလုံး၊ ရှိရှိသမျှအားလုံးဟာ သခါရသဘောတွေပဲ မဟုတ်လား။

ဒါကို နေ့စဉ် အချိန်ရသမျှ လုပ်သမျှ ပြုသမျှတွေမှာ တရားကို လက်မလွှတ်ဘဲ ဆင်ခြင်သုံးသပ်သွားနေမယ်ဆိုရင် လူ့လောကမှာ လူဖြစ်ကျိုးနပ်တယ်။ မရှိတော့လည်း ပူပင်ကြောင့်ကြရတယ်။ ရှိတော့လည်း ပူပင်စိုးရိမ်ရတယ်။ ရာထူးအာဏာ မရှိတော့လည်း သူများကို အောက်ကျရတယ်။ ရာထူးအာဏာ ရှိတော့လည်း ထာဝစဉ် တည်မြဲပါ့မလားလို့ စိုးရိမ်ရတယ် မဟုတ်လား။ အစစအရာအရာမှာ ပူပင်သာ နေရရင် လူတွေဟာ ဒေါ်မိလို ဖြစ်ကုန်ကြမှာပေါ့။

အဲ... ဒါပေမဲ့လည်း လူ့နပိန်း၊ လူပေါ့တွေ ဖြစ်ချင်သလိုဖြစ် ဆိုပြီး ဘာမှ ကြိုးစားမှု မရှိတော့လည်း ဘဝဟာ သေတာပဲ။ လူဖြစ်ကျိုးလည်း မနပ်ဘူးပေါ့။

ချဉ်ဟင်းစားချင်တဲ့သူဟာ ချဉ်ဟင်းလောက်ပဲ ကြိုးစားရမယ်။

ကြက်သားဟင်း စားချင်တဲ့သူဟာ ကြက်သားစားနိုင်လောက်တဲ့ ကြိုးစားမှု၊ ပူပင် တွေးခေါ်မှုလေးတော့ ရှိရမှာပေါ့။

လူတွေဟာ လုပ်တိုင်းမှာ ဖြစ်ကြသလား။ ရည်ရွယ်တိုင်း ပေါက်ရောက်ကြသလားဆိုတော့...

လုပ်တိုင်း မဖြစ်တောင်မှ ဖြစ်သလိုတော့ လုပ်ကြရတာပဲ။ ရည်ရွယ်ချက်ဆိုတာတော့ ရှိရမယ်။ ရည်ရွယ်ချက်နဲ့ ပူပင်သောကဆိုတာက တခြားစီပဲ။ ရည်ရွယ်ချက်၊ မျှော်မှန်းချက်၊ ဦးတည်ချက် ဆိုတာက ကိုယ့်ဘဝရဲ့ အောင်မြင်မှုလမ်းစ၊ ကိုယ့်ဘဝကို ကိုယ်လိုချင်သလို ဖန်တီးမှု ရပ်တည်မှုပဲပေါ့။

အဲဒီလို ရည်ရွယ်ချက်နဲ့ အလုပ်လုပ်တဲ့အခါမှာ ပူပင်သောကဆိုတာ ရှိသင့်တာထက် ပိုမရှိစေရဘူး။ တကယ်လို့ တစ်ဖက်ကမ်းကို လှေလှော်မယ် ဆိုပါတော့။ လမ်းမှာများ လှော်တက်ကျိုးသွားခဲ့သော်... ဆိုတာမျိုးတော့ စဉ်းစားသင့်ပါတယ်။ အဲ... လှော်တက်များ လမ်းတစ်ဝက်မှာ ကျိုးသွားရင် ငါဘာလုပ်မလဲ။ ရွက်လွှင့်သွားမလား။ တက်အပိုယူ



သွားမလား ဆိုတဲ့ စဉ်းစားတွေးတောမှုနဲ့ ကြိုတင်ပြင်ဆင်ထားမှုမျိုးကိုတော့ ရှိသင့်ပါတယ်။

တစ်လှမ်းခရီးလုံး သွားတဲ့အချိန်ပဲဖြစ်ဖြစ်၊ မသွားရသေးဘဲ သွားရမယ့်ဟာကိုပဲဖြစ်ဖြစ်၊ ဖြစ်မှ ဖြစ်ပါ့မလား၊ ရောက်မှ ရောက်ပါ့မလားနဲ့ တွေးတောပူပင်နေရင်တော့ ဒီလူမှာ သောက ဝေဒနာတွေ ဗျာများနေတာနဲ့ ကိုယ့်အလုပ်လည်း ဖြစ်မှာမဟုတ်ဘူး။ ကြာရင် ရောဂါပဲ ရလာမယ်။

အလုပ်တစ်ခုခုကို လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် , ဒီအလုပ်ကို ဘယ်လိုအခက်အခဲရှိရှိ ရဲရဲဝံ့ဝံ့ ဇွဲရှိရှိနဲ့ လုပ်ကိုင်နိုင်တဲ့ စိတ်ဓာတ်မျိုးကို မွေးရမယ်။ တကယ်လည်း ဆုံးဖြတ်ချက်အတိုင်း လုပ်ရဲရမယ်။ ဇွဲရှိရှိနဲ့ လုပ်မယ်ဆိုပြီး စိတ်ကူးယဉ်ပြီးတော့မှ လက်တွေ့ မလုပ်ရင်လည်း ဘာမှ အောင်မြင်မှုရှိမှာ မဟုတ်ဘူး။ အစိုးရိမ်လွန်ကဲပြီး မလုပ်ရင်လည်း ဘာမှ အောင်မြင်မှာ မဟုတ်ဘူး။

ပူပင်သောကဆိုတာက နေရာတကာတိုင်းမှာ မထားရဘူး။ ဒါပေမဲ့ ကိုယ်လုပ်မယ့် အလုပ်ရဲ့ အခက်အခဲကိုတော့ ကြိုတင်စဉ်းစားသင့်ပါတယ်။ ဒါပေမဲ့ လုပ်ပြီးမှတော့ ပူပင်သောက ရောက်နေလို့လည်း အလကားပါ။

စာရေးသူရဲ့ မိတ်ဆွေတစ်ယောက်ဟာ ဘာပဲလုပ်လုပ် ပူပင်သောက သိပ်ရောက်တတ်တဲ့သူပါ။ ငယ်စဉ်က သူ ပညာသင်တုန်းကလည်း ကျောင်းမှာ စာမရမှာ စာမေးပွဲကျမှာ ဆရာရိုက်မှာကို တွေးပြီး ပူပင်တတ်လေ့ ရှိတယ်။

ကျောင်းကို အစောကြီးလာတယ်။ ကျောင်းပြန်တော့ အားလုံးထက် နောက်ကျပြန်တယ်။ စာဆိုလည်း အတန်းထဲမှာ သူအတော်ဆုံးပဲ။

စာရေးသူနဲ့ သူဟာ ဆဋ္ဌမတန်းကစပြီး တွဲခဲ့တာ ဒသမတန်းအထိ ဖြစ်ပါတယ်။ အဲ… အတန်းတိုင်းမှာ သူဟာ ပထမ၊ ဒုတိယ၊ တတိယကနေပြီး အဆင့်ကျတယ်ကို မရှိဘူး။ အဲ… ဒါပေမဲ့ သူကတော့ အမြဲပဲ ပူပန်သောကရောက်နေတယ်။

ကြည့်လေ… စာရေးသူတို့ အပေါင်းအသင်းတွေဟာ သတ္တမတန်းစာမေးပွဲကို အစိုးရစစ်အပြီးမှာ ရုပ်ရှင်သွားကြည့်တယ်။ သူလည်း ပါတယ်။ စာရေးသူတို့ အပေါင်းအသင်းတွေဟာ စာမေးပွဲကလည်း ဖြေပြီးတော့ ပျော်ကြပါးကြနဲ့ ရုပ်ရှင်ရုံထဲမှာလည်း စိတ်လွတ်ကိုယ်လွတ်နဲ့ တစ်နှစ်တာအတွက် ကြိုးစားရတာတွေကို ဝမ်းသာတယ်။ ပျော်တယ်ပေါ့။ သရေစာတွေစားပြီး ရုပ်ရှင်ကို ဇိမ်နဲ့ကြည့်နေကြတယ်။

"ဟေ့… ဟေ့… အောင်ဝင်း လုပ်ပါဦးကွ"

ဘေးက သူငယ်ချင်း စိုးမြင့်က ရုပ်ရှင်ကြည့်နေရင်း တစ်ဖက်အစွန်ဆုံးမှာ ကြည့်နေတဲ့ အပူသည် လှမျိုးကို မေးငေါ့ပြတယ်။

"နေပါစေကွာ။ ဒီကောင်ကတော့ သေတဲ့အထိပူဆွေးနေမယ့် အကောင်ပဲ။ ဘယ်တော့မှလဲ သူ့မျက်နှာက မရွှင်ပျဘူး။ စာမေးပွဲ မပြီးသေးတော့လည်း မပြီး



သေးလို့ စိတ်ပူတယ် ပြောတယ်။ စာမေးပွဲပြီးတော့လည်း ဘာဖြစ်ပြန်တာလဲ မသိပါဘူးကွာ။ အတန်းထဲမှာလဲ သူပဲ ပထမရနေတာ။ တို့လို နောက်ဆုံးကဆိုသေပဲသေမလား မသိပါဘူးကွာ"

စာရေးသူက ပြန်ပြောရင်း ရုပ်ရှင်ကို အာရုံမရောက်ဘဲ ပိုငေး သည်ငေး ကြည့်နေသော အပူသည် လှမျိုးကို လှမ်းကြည့်ရင်း စိုးမြင့်က ပြောလိုက်သည်။

ဒီတော့ စာရေးသူရဲ့ ဘေးဘက်ခုံမှာ ထိုင်ကြည်နေရင်း ပါးစပ်က အစာကို မပြတ်စားနေသော ခွေးလှေးယားသီးထွန်းရွှေက သူခုံနှစ်ယောက်ကြားက လှမျိုးကို လှမ်းခေါ်လိုက်သည်။

"ဟေ့… လှမျိုး၊ ဒီလာဟေ့"

ပြောပြောဆိုဆို သူက စာရေးသူဘေးက ထသွားရင်း လှမျိုးနဲ့ နေရာလဲသည်။

အဲ… အဲ… စောစောကပြောတဲ့ ခွေးလှေးယားသီးထွန်းရွှေဆို သူ့အမေ နာမည်ပေးထားတာက ထွန်းရွှေပါပဲ။ အဲ… ဒါပေမဲ့ တစ်နေ့မှာ စာရေးသူတို့ရဲ့ ရှေ့ဆုံးအတန်းစာသင်ခန်းထဲက ကျောင်းသူလေးတွေရဲ့ ထိုင်ခုံမှာ ခွေးလှေးယားသီးတွေ သုတ်ထားတယ်ပေါ့။ အဲဒီမှာ မုန့်စားကအပြန်ကျောင်းတက်လို့ ကျောင်းသူလေးတွေလည်း ထိုင်ရော ရှုံးတိုးရှန့်တန့်တွေ ဖြစ်ကုန်ကြပြီး နောက်ဆုံး ထွန်းရွှေပဲ လက်သည်ပေါ်ပြီး ဒဏ်ထိရှာတယ်။ အဲဒီကစပြီး သူ့နာမည်ရှေ့မှာ

ခွေးလှေးယားသီးဘွဲ့ တိုးလာတာပါပဲ။ ခွေးလှေးယားသီး ထွန်းရွှေက နေရာလဲပေးတော့ အပူသည် လှမျိုးဟာ စာရေးသူ နံဘေးခုံကို ရောက်လာတာပေါ့။

"ဟော့ကောင်… အပူသည်၊ ဘာဖြစ်လို့ မှိုင်နေတာလဲ"

စာရေးသူက သူ့ကိုခေါ်နေကျအတိုင်း ခေါ်ပြီး မေးလိုက်သည်။

"စာမေးပွဲ အောင်စာရင်း မထွက်သေးဘူးကွ"

"ဟော… သေလိုက်၊ သေလိုက်၊ အံ့ပါကွာ။ ဒီနေ့မှ စာမေးပွဲ ဖြေပြီးတယ်၊ မင်းဟာက မလွန်လွန်းဘူးလားကွာ။ ဒီတစ်သက်တော့ မင်းဘဝဟာ အပူသည်ပဲ ဖြစ်နေမှာပဲ။ မင်းမှ မအောင်လည်း တို့ဆိုဝေလာဝေး၊ ပျော်ပျော်နေစမ်းပါ၊ မင်း အောင်ပါတယ်ကွ…"

"မတော်တဆ မအောင်ရင် ဘယ့်နှယ့်လုပ်မလဲ"

အပူသည်က သည်အထိ ပူနေသည်။

"ကဲ… မအောင်လည်း မြစ်ထဲဆင်း သေလိုက်ကွာ၊ ဒီလောက်တောင် ပူနေမှတော့ လူလုပ်မနေပါနဲ့တော့"

စာရေးသူက စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်သည်။

"ဟော့ကောင်… လှမျိုး။ မင်း အောင်တယ်၊ ပူမနေနဲ့၊ မင်း အောင်တယ်။ ကျိန်းသေတယ်ကွ၊ စာစစ်တုန်းက ငါတောင် မင်းနောက်ကနေ မဖြေနိုင်တာတွေ ကူးချရသေးတယ်။ အပြင်မှာ တိုက်ကြည့်တော့ မှန်



နေတယ်ကွ၊ အဲဒီတော့ ငါတောင် အောင်ရင် မင်းက ပထမလောက်တော့ ကျိန်းသေနေတာပဲ၊ ဘာမှမပူနဲ့၊ တို့ကို ကျွေးစရာ ရှိရင့်လည်း ခုတည်းက ကျွေးထားကွာ။ တော်တော်ကြာ စာမေးပွဲအောင်လို့ မင်း ဝမ်းသာလုံးဆို့ပြီး တက်သေသွားရင် တို့ဘာမှ မစားလိုက်ရဘဲ နေဦးမယ်"

ခွေးလှေးယားသီးထွန်းရွှေက ရုပ်ရှင်ကြည့်နေရာမှ လှမ်းပြောလိုက်သည်။

လှမျိုးဘဝသည် ကျောင်းသားဘဝကတည်းက ပူတတ် ပင်တတ်သည်။ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်တာကအစ သူ့မှာ မကြည်သာ။ တစ်ခါက ဟသ်ာတမြို့ ဗိုလ်ချုပ်လမ်း လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်သောက်နေကြစဉ် ပူတင်းမုန့်ကိုင်ပြီး မစားဘဲ တွေကြည့်နေသည်။

"ဟော့ကောင်… ဘာကြည့်နေတာလဲ။ မုန့်ထဲမှာ မင်းရည်းစားကို မြင်နေလို့လား"

စိုးမြင့်က ပေါက်စီစားရင်း လှမ်းပြောလိုက်သည်။

"ဟုတ်ပါဘူးကွာ၊ သေသွားတဲ့ တို့အမေ ဒီမုန့်မျိုး စားမသွားရလို့ပါ"

"ဒါဖြင့် သချိုင်းကုန်း လိုက်ကျွေးပါလားကွ"

နန်းဦး (ယခု ကာတွန်းဆရာ နန်းဦး)က ခေါ်ပွပွဖြင့် လှမ်းပြောလိုက်သည်။ ဒီတော့လည်း လှမျိုး တစ်ယောက် ငိုင်ကျသွားသည်။

ဒီလိုနဲ့ အပူသည် လှမျိုး အထက်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်ကို ရောက်လာသည်။

စာရေးသူတို့အဖွဲ့လည်း ရန်ကုန်မြို့မှာ ပြန်ဆုံကြပြန်သည်။ ကျောင်းနေတဲ့သူကလည်း နေကြသည်။ အလုပ်လုပ်တဲ့သူကလည်း အလုပ် လုပ်ကြသည်။ မိန်းမရသူကလည်း ရကုန်ကြသည်။

တစ်နေ့ စာရေးသူတို့အဖွဲ့ ရန်ကုန်ပျော်ပွဲစားရုံတစ်ခုမှာ ဆုံကြသည်။ ဆုံရခြင်း အကြောင်းကလည်း လှမျိုးတစ်ယောက် ဗိုလ်သင်တန်းက ကျောင်းဆင်းလာပြီး စာရေးသူတို့အဖွဲ့အား ရှာဖွေပြီး ဧည့်ခံကျွေးမွေးခြင်း ဖြစ်သည်။

"ဘယ်လိုလဲ လှမျိုး၊ မင်း အရင်ကလို ပူတတ်သေးသလား"

စာရေးသူက ထမင်းဝိုင်းမှာ လှမ်းမေးလိုက်သည်။

"စစ်ဗိုလ်ကြီး ဖြစ်နေမှတော့ ဘယ်ပူတော့မလဲကွ။ ဟုတ်တယ်မို့လား လှမျိုး"

ခွေးလှေးယားသီးထွန်းရွှေ (ယခု ဆရာဝန်ထွန်းရွှေ) က ဘဲကင်ကို ပလုပ်ပလောင်းစားရင်း ပြောလိုက်သည်။

ဒီတော့...

"ဟော့ကောင်တွေ... ပူတော့ ပူတာပဲကွ၊ ဗိုလ်ကြီးမကလို့ ငါ ဗိုလ်မှူးပဲဖြစ်ဖြစ် ပူနေမှာပဲ၊ အခု မင်းတို့ ငါ လာကျွေးမွေး တွေ့ဆုံတာတောင် ငါတို့ ငယ်ငယ် ဟသ်ာတမှာ ကျောင်းနေရတာလောက်တော်င ငါ



မပျော်ဘူး၊ ငါတော့ မကြာမီ သေမှာပဲလို့ ထင်နေတယ်"

"ဟာကွာ... မင်း တော်တော် ခက်တာပဲ လှမျိုး၊ မင်းဘဝဟာ ကျောင်းသားဘဝကတည်းက သောကဝေဒနာကို ခံစားလာခဲ့တယ်။ မင်း ပူသလို ဘာတွေဖြစ်ခဲ့သလဲ၊ စာမေးပွဲတွေလည်း နှစ်စဉ်ပဲ အောင်လာခဲ့တယ်၊ ခုလည်း ဗိုလ်ကြီး ဖြစ်ခဲ့ပြီး၊ နောက်ဆို မင်း မိန်းမ ရမယ်၊ သားသမီးတွေ ရလာမယ်၊ အဲဒါမှဆက်ပြီး ပူပင်သောက ရောက်နေရင်လည်း ခက်မယ်၊ မင်းဘဝက လူဖြစ်ကျိုးနပ်မှာ မဟုတ်ဘူး"

စာရေးသူက ကရုဏာဒေါသောဖြင့် ပြောလိုက်သည်။ ထိုနေ့က သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး စားသောက်ခဲ့ကြသည်။ ငယ်စဉ်က ဟသ်ာတမြို့၊ အမှတ်(၂)အထက်တန်းကျောင်းမှာ နေခဲ့စဉ်က စာရေးသူတို့ တစ်စုမှာ တော်တော်လေး ပွေတောခဲ့ကြသည်။ ဒီအထဲမှာ အပူသည် လှမျိုးက ကန့်လန့် ကန့်လန့် ပါဝင်ခဲ့သည်။

စာရေးသူတို့ အချစ်ဆုံး ဆရာဦးလှရွှေ၊ ဆရာဦးသက်တင်၊ ဆရာမကြီး ဒေါ်ခင်ကြည်တို့ စာရေးသူတို့အဖွဲ့ကို အမြဲပဲ ဆိုဆုံးမခဲ့သည်။ ချစ်လည်း ချစ်ကြသည်။ ထိုစဉ်က ကျောင်းနေရသည်မှာ ပျော်ဖို့လည်း ကောင်းသည်။

လောကမှာ ကျောင်းသားဘဝဟာ အပျော်ဆုံးအချိန်၊ အပူပင်သောက အကင်းဆုံးအချိန်ပင် ဖြစ်ပါသည်။ စာရေးသူ

ငယ်ငယ်က စာရေးဆရာ ဖြစ်ချင်သောစိတ်က များသည်။ စာတွေ ရေးခဲ့သည်။ အခက်အခဲ အမျိုးမျိုး တွေ့သည်။ ဆက်လက်ကြိုးပမ်းလာခဲ့သည်။

လောကမှာ ဖြစ်အောင်လုပ်ရင် ဖြစ်တာပါပဲ။ မဖြစ်ပါဘူးဆိုတာ လူညံ့လို့ ဖြစ်မှာပေါ့။ ကံမရှိလို့လား၊ ဉာဏ်မရှိလို့လား၊ ဝီရိယ ဗွဲ မရှိလို့လား။ တစ်ခုခုကြောင့်သာ မအောင်မြင်တာပါ။ ကံ၊ ဉာဏ်၊ ဝီရိယ ရှိရင် လောကမှာ မဖြစ်ဆိုတာ မရှိဘူးလို့ စာရေးသူ ယုံကြည်သည်။ မကြာမီကတော့ စာရေးသူ ပြဿနာတစ်ခု ကြုံရသည်။ အိမ်က သားကြီးပေါ့။ အသက်(၁၃)နှစ်၊ ပညာက (၈)တန်း။ တစ်နေ့ စာရေးသူ စားပွဲကိုလာပြီး မေးသည်။

"ဖေဖေကြီး… (…..)ဖြစ်အောင် ဘာလုပ်ရမလဲ"

"ဟာ…"

စာရေးသူ မောရသည်။ ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်ချင်တယ်ဆို စာရေးသူ အကြံဉာဏ် ချက်ချင်းပေးမိပေမည်။

ခုတော့ သားအမေးကို ရုတ်တရက် မဖြေရဲ၊ မဖြေရဲဆိုတာထက် မဖြေတတ် ဖြစ်ခဲ့ရသည်။ သားကို ဟိုလိုလို ဒီလိုလိုနဲ့ စကားလွှဲ ပြောခဲ့သည်။

"ငါ့သား… လောကမှာ ကံ၊ ဉာဏ်၊ ဝီရိယ ရှိရင် ဘာမဆို ဖြစ်ပါတယ်ကွာ။ လောလောဆယ်တော့ မင်း ကျောင်းစာကိုပဲ ကြိုးစားသင်ပေါ့။ အခုအရွယ်မှာ မင်းလုပ်ရမှာကတော့ ဒါပဲ…



အေး… ကျောင်းကထွက်လို့ အလုပ် လုပ်စားတဲ့အခါမှာတော့ တစ်ခုအရေးကြီးတယ်။ မင်းတို့ခေတ်မှာ ပေါ်နေတဲ့ သီချင်းလို ဘယ်သူသေသေ ငတေမာပြီးရော ဆိုတာမျိုးတော့ မဖြစ်စေချင်ဘူး။ ကိုယ်ရရာအလုပ်၊ ကိုယ်ဝါသနာပါရာ ပညာနဲ့ ကျရာတာဝန်ကို ထမ်းဆောင်ပြီး သမာအာဇီဝ မျှတတဲ့ အလုပ်မျိုးနဲ့ တိုင်းပြည်အတွက်ရော ကိုယ့်အတွက်ရော အကျိုးရှိရှိ လုပ်သွားဖို့သာ အရေးကြီးတယ်…

အေး… အစိုးရအလုပ် မရလို့ရော စိတ်ဆင်းရဲစရာ၊ စိတ်ညစ်စရာ မလိုဘူး၊ အပြင်လောကမှာ လုပ်စားစရာ ကြီးပွားစရာ အလုပ်တွေဟာ ပုံနေတာပဲ။ လူရယ်လို့ ဖြစ်လာရင် လူလူချင်း လေးစားတတ်တဲ့ စိတ်ရှိဖို့ပဲ အရေးကြီးတယ်…

ငါဘာတုံး… ငါ့မှာ အစွမ်းရှိတုန်း ဇ စ်ဖက်လူကို၊ အောက်လူကို နာနာထုထားရင် သံသရာဆိုတာ လည်တတ်တယ်။ တို့ရဲ့ မြတ်စွာဘုရားသခင်တောင်မှ သူများအပေါ် မတရားပြုခဲ့တဲ့ ဝဋ်ကြွေးဟာ သံသရာ လည်သေးတယ်…

ခုခေတ် အတ္တများတဲ့ လူတွေအဖို့ ဆိုတာတော့ ပြောဖို့မလိုတော့ပါဘူး။ နောက်ပြီး လူ့သက်တမ်းဆိုတာလည်း တိုတိုလေးပါ။ လောကမှာ ဘယ်သူ့ပဲ

မကောင်းကောင်း၊ ကိုယ်ကတော့ ကောင်းဖို့အရေးကြီးတယ်…

ငါ့သား… တချို့လူတွေက ဒီဘဝမှာ ဒီကိုယ်နဲ့ခံပြီး နောင်ဘဝမှာ နောင်ကိုယ်နဲ့ခံမယ်လို့ ပြောကြတာပဲ။ အဲဒီလို လူ့ကျင့်ဝတ် လူလိုနားမလည်တဲ့ လူစားမျိုးတွေနဲ့တော့ မပေါင်းနဲ့ဟေ့…

သူတို့က တစ်ဘဝသမားတွေပဲ၊ အဖေတို့ကတော့ ဘိုးဘွားဘီဘင်ကအစ ဘာသာတရားကို ကိုင်ရှိုင်းလာတော့ လူချင်း လေးစားတဲ့စိတ်ပဲမွေးဖို့ အရေးကြီးတယ်။ ကဲ… ကဲ… ငါ့သား၊ မင်းတာဝန်က စာကျက်ရမယ် ဆိုတော့ စာသွားကျက်ပေတော့”

တစ်ခါ တစ်ခါ ဒီခေတ်လူငယ်တွေက ကတ်သီးကတ်သတ် မေးတတ်သည်။

၁၃-ရက်၊ ၂-လ၊ ၆၅-ခုနှစ်က စာရေးသူ အိမ်ထောင်ကျသည်။ သူငယ်ချင်းတွေနဲ့ ပြန်ဆုံကြပြန်သည်။

“လူမျိုးတစ်ယောက် ဆုံးသွားပြီ”ဆိုတဲ့ သတင်းကို ထွန်းရွှေ ယူလာသည်။ စာရေးသူတို့အဖွဲ့ တော်တော်စိတ်ညစ်ခြင်း၊ ဝမ်းနည်းခြင်းတော့ ဖြစ်မိသည်။

“ဘာဖြစ်လို့လဲ တိုက်ပွဲမှာ ကျတာလား”

နိုးမြင့်က မေးကြည့်သည်။

“မဟုတ်ဘူး။ ဈေးထဲမှာ ခွေးကိုက်တာတဲ့။ ကိုက်တုန်းကလည်း ဒဏ်ရာမများပါဘူး။ တစ်ချက် နှစ်ချက်ပါတဲ့။ သူက သိပ်ကြောက်ပြီး သူတော့ သေမှာပဲ၊ သေမှာပဲ တဖွဖွ ပြောနေတာပဲတဲ့။ ဆေးရုံကဆင်းပြီး အိမ်မှာ တစ်လကျော်ကျော် ခံသေးတယ်။ သူသေတော့မယ်၊ သေမှာပဲဆိုပြီး သူ့ဆွေမျိုးတွေ ခေါ်ထားသေးတယ်၊ အဲ… နောက်ဆုံး သူ့သံသယစိတ်နဲ့ပဲ ဆုံးသွားတာလို့ ပြောတယ်”

စာရေးသူ တော်တော်လေး စိတ်မကောင်း ဖြစ်မိသည်။ ဆုံးတာကလည်း တစ်မြို့မှာဆိုတော့ သွားရေးလာရေးကလည်း မလွယ်။ တွေ့တောင်မှ စကားပြောနိုင်တော့မည် မဟုတ်။ အကျိုးလည်း သိပ်မရှိလှ။

အမှန်တော့ လူမျိုးတစ်ယောက် ဆုံးရခြင်းမှာ မဆုံးသင့်ဘဲ ဆုံးရခြင်းသာ ဖြစ်သည်။ သူ့ရဲ့ သောကဝေဒနာ အယူသည်းမှုက သူ့ကို လူ့လောကထဲမှ အမြန်ဆွဲထုတ်သွားခဲ့ချေပြီ။ စာရေးသူတို့ ငွေစု၍ သူ့ဆွေမျိုးများမှ တစ်ဆင့် နောက်ဆုံး ကူညီခြင်းမျိုးဖြင့် ကူညီခဲ့ကြသည်။

ပူပန်ခြင်းသောက ဆိုတာ လူက လုပ်တာပဲ။ လူ့လောကဟာလည်း သုခဘုံလိုမှ ဘုရားသခင်က မဟောခဲ့ဘဲ။ လက်တွေ့ကော စာတွေ့ကော ဆင်ခြင်သုံးသပ်ကြည့်ပါ။ ဘာတွေ တွေ့ကြသလဲ။ ဒုက္ခအဝဝကိုပဲ တွေ့ရတယ် မဟုတ်လား။

အဲဒါ ဘာကြောင့်လဲ။ သူက သူများအပေါ် တစ်ချိန်က မကောင်းကျိုးတွေ သူများစိတ်ဆင်းရဲအောင် လုပ်တာ

တွေက သူ့ကိုပြန်ပြီး ဒုက္ခပေးတာပဲ။ ရှင်းရှင်းပြောရရင် သူ့စေတနာတွေ သူ့ကိုပြန်ပြီး အကျိုးပေးတာပေါ့။

လူဆိုတာ ကိုယ်က မြင့်တဲ့အခါလည်း ရှိမယ်။ နိမ့်တဲ့ အခါလည်း ရှိမယ်။ ကိုယ်က မြင့်လို့ 'တူ'လို သဘောထားပြီး တစ်ဖက်သားကို နာနာ'ထု'ရင် တစ်နေ့ ကိုယ်ကနိမ့်ကျလို့ 'ပေ'ဖြစ်တဲ့အခါမှာလည်း အထုခံနိုင်တဲ့ သတ္တိရှိသလား ဆိုတာ ကိုယ့်ကိုယ်ကိုယ် အထုခံနိုင်တဲ့ သတ္တိရှိသလား ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ဖို့ လိုတယ်။

ဗုဒ္ဓရဲ့ တရားတော်အရ လူဟာ ကိုယ့်စေတနာ ကိုယ်ပြန်အကျိုးပေးကြတာပါပဲတဲ့။

အလုပ်လုပ်တဲ့ နေရာမှာ ဘယ်တော့မှ စိတ်ဓာတ်မကျပါနဲ့။ ဘာပဲလုပ်လုပ်ပေါ့။

ပညာရေးပဲဖြစ်ဖြစ်...

ကျန်းမာရေး...

အချစ်ရေး...

အိမ်ထောင်ရေး...

လူမှုရေး...

စတဲ့လုပ်ရပ် လုပ်ငန်းတွေမှာ အခက်အခဲ ပြဿနာတွေတော့ အနည်းနဲ့အများ ရှိကြမှာပဲ။ အဲဒီလို ပြဿနာတွေကို ရဲရဲဝံ့ဝံ့နှင့် ရင်ဆိုင်ဖြေရှင်းနိုင်ရမယ်။ သောကဝေဒနာတွေ မထားနှင့်။ စိတ်ညစ်စရာ ပူပင်စရာတွေကို အတတ်နိုင်ဆုံး မေ့ပစ်လိုက်။



ပြီးတာတွေကော...

မပြီးသေးတာတွေကော...

လာမှာတွေကော...

စတဲ့ ဒုက္ခအဝဝကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ သတ္တိဟာ လူတိုင်းမှာ ရှိရမယ်။ တစ်ခုတော့ ရှိတယ်။ သူများပေါ် တရားတဲ့ အပြုအမူမျိုး၊ အနိုင်ကျင့်တဲ့ အပြုအမူမျိုးတော့ မလုပ်သင့်ဘူး။ လူဆိုတာ ဆင်းရဲ ဆင်းရဲ၊ ချမ်းသာ ချမ်းသာ တစ်နေ့တော့ သေမျိုးတွေချည်းပါပဲ။

ဘယ်လောက်ချမ်းသာလို့ ဘယ်လောက်နာမည်ကြီးနေပါစေ။ ဘယ်လောက် အာဏာရှိနေပါစေ။ တစ်နေ့တော့ ဒီလူလည်း သေရမှာပဲ။ သေတဲ့တစ်နေ့မှာ ဒီလူရဲ့အလောင်းကိုလည်း ဘယ်ဆွေမျိုး ဘယ်မိတ်ဆွေကမှ အမြတ်တနိုးမထားကြတော့ပါဘူး။ ဘယ်သူကမှ ဒီအပုပ်ကောင်ကြီးနားကို မကပ်ချင်ကြပါဘူး။

လူဆိုတာ အာဏာရှိတုန်း၊ မသေခင်လေးမှာပဲ လူတွေက ခင်ကြတယ်၊ မြတ်နိုးကြတယ်ပေါ့။ သေပြီးတော့လည်း ဘာမှ ခင်တွယ်မြတ်နိုးစရာ မဟုတ်တော့ပါဘူး။ တရားတော်အရ သင်္ခါရ သဘောတရားတွေပဲပေါ့။

ဥပမာအားဖြင့်...

မရှိလို့ မစားရခြင်း ဒုက္ခ။

ရှိအောင်လုပ်လို့ စားရခြင်းဒုက္ခ၊ ကြောင့်ကြရခြင်း ဒုက္ခ။

ပညာတတ်ပြီး အလုပ်အကိုင် မရလို့ စိတ်ဆင်းရဲရခြင်း ဒုက္ခ။

ချစ်သူနှင့် ကွေကွင်းရခြင်း ဒုက္ခ၊ မချစ်သူနှင့် ပေါင်းသင်းရခြင်း ဒုက္ခ။

မဝတ် မစားရတဲ့ ဒုက္ခ။

ဝတ်စားရပြီး ပျက်စီးပျောက်ပျက်မှာ စိုးရတဲ့ ဒုက္ခ။

မလှတဲ့ ဒုက္ခ။

လှလွန်းအားကြီးလို့ အန္တရာယ်ပေါများလှတဲ့ ဒုက္ခ။

အာဏာမရှိလို့ လူအောက်ကျတဲ့ ဒုက္ခ။

အာဏာရှိလို့ 'ပြုတ်သွားမှာ' စိုးရတဲ့ ဒုက္ခ။

ကဲ… လူရယ်လို့ ဖြစ်လာရင် ပူပင်သောကဆိုတာ ဘယ်မှာ ကင်းပါ့မလဲ။

ဖြစ်လာတဲ့ ဘဝမှာ အတတ်နိုင်ဆုံး လူဖြစ်ကျိုးနပ်အောင် နေရမယ်။ မှန်ကန်သော နည်းလမ်း၊ သူတစ်ပါးကို မထိခိုက်သော လုပ်ငန်းမျိုးနဲ့ ဘဝကို သာယာစိုပြည်အောင် နေနိုင်စွမ်း ရှိရမှာပေါ့။ တွေးသာ ပူရမယ်၊ တွေးသာ ကြောက်ရမယ်ဆိုရင်တော့ လူ့ဘဝမှာ ဘာကိုမှ လုပ်လို့ရမှာ မဟုတ်ဘူး။ ကိုယ်လုပ်မယ့် အလုပ်တစ်ခုကို ကိုယ်ရည်ရွယ်တဲ့ လုပ်ငန်းတစ်ခုကို စောစောကပြောသလိုပဲ မလုပ်ခင်က ကြိုတင်ပြီး စဉ်းစားတွေးခေါ်ရမယ်။ အကြံဉာဏ်ရှိရမယ်။ လုပ်ပြီဆိုရင်တော့ ရှေဆုံး ကုန်းဆုံး လုပ်ပေတော့။ ဘယ်တော့မှ နောက်မဆုတ်နဲ့။ ဉာဏ်နဲ့ ဝီရိယ မလျှော့နဲ့။ အားများလိုပေါ့။



ခုတ်ပါများရင်တော့ အရောင်တက်လာမှာပါပဲ။ မခုတ်ဘဲ ရပ်ထားမယ် ဆိုရင်တော့ ပစ်ထားမယ် ဆိုရင်တော့ ဒီဓား ဟာ သံချေးတက်မယ်။ ပစ်သွားရမယ်ပေါ့။

ဘယ်တော့မှ စိတ်အားမငယ်ပါနဲ့။ ဘယ်တော့မှ စိတ်ဓာတ်မကျနဲ့။ ဘယ်တော့မှ မကြောက်နဲ့။ သောကဝေဒနာကို ဘယ်တော့မှ ရင်ထဲမှာ မွေးမထားနဲ့။ လူ့လူချင်း ကြောက်စရာဆိုတာ ဘာမှ မရှိဘူး။

ဘာမှလဲ ထာဝစဉ်တည်မြဲမှုဆိုတာ မရှိပါဘူး။ အနိမ့် အမြင့် ဆိုတာကတော့ မမွတာတရားပဲ။ ထာဝရ ငါဟာဖြင့် မြင့်နေမယ်လို့ တွေးတဲ့လူဟာ လူရူးရင်လည်း ဖြစ်ရမယ်။ တရားသဘောကို လုံးဝနားမလည်တဲ့ လူရင်လည်း ဖြစ်ရမှာ ပဲ။ အဲဒီလို အထင်ကြီးပြီး ငါ ထာဝရသူများထက် ချမ်းသာ နေမှာပဲ။ ငါဟာ ထာဝရ သူများအပေါ် အနိုင်ရမှာပဲလို့ အထင်ကြီးတစ်လုံးနဲ့ ဘဝင်ကိုင်နေတဲ့ သူတစ်ယောက်ဟာ တစ်နေ့နေ့ ကျသွားရင် တစ်နေ့နေ့ စီးပွားပျက်သွားရင် အာဏာရူး၊ ဥစ္စာရူး ရူးလေတော့တာပါပဲ။ တရားသဘော အရ သင်္ခါရ သဘောတရားတွေပဲပေါ့။

အဲဒီတော့ လူဟာ ကိုယ်အာဏာရှိတဲ့ နေရာမျိုး၊ နေရာကောင်းကိုများ ရသွားရင်လည်း အောက်လူကို သိပ်ပြီး မနှိမ်သင့်ဘူး။ ဘာပြုလို့လဲဆိုတော့ စောစောက ပြောခဲ့သလို သင်္ခါရသဘောတရားဟာ ဘယ်ခေတ် ဘယ်အခါမှ ပျောက်ပျက်သွားလိမ့်မယ် မဟုတ်ဘူးဆိုတာ မြဲမြဲသတိရှိဖို့ လိုတယ်။

လူရယ်လို့ ဖြစ်လာရင် ကိုယ်က အတတ်နိုင်ဆုံး လူတစ်ဖက်သားကို ကူညီရိုင်းပင်းတာဟာ တရားတော်အလိုကျပဲဖြစ်ဖြစ်၊ လူမှုရေးရှုထောင့်ကပဲကြည့်ကြည့်၊ သိပ်ပြီးမွန်မြတ်လှပါတယ်။ လူကောင်း သူကောင်းတွေကလည်း သာခုခေါ်ကြမှာပဲ။ ကိုယ်က ကြည့်ရှုလို့ ကူညီလို့ လူတစ်ဖက်သားစိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိသွားတယ် ဆိုတာမျိုးဟာ ပြုသူအဖို့ နှစ်လိုဖွယ်သော အပြုအမူပဲ ဖြစ်ပါတယ်။

ကိုယ်က ကောင်းလျက်သားနဲ့ ကိုယ်က ကြည့်ရှုလျက်သားနဲ့မှ တစ်ဖက်လူက ကိုယ့်အပေါ် ပြန်ပြီးမကောင်းတတ်တာ။ ကျေးဇူးမသိတတ်တာတွေဟာ ကိုယ့်အလုပ်မဟုတ်ဘူး။ သူ့အလုပ်ပဲ။ သူ့ရဲ့စေတနာ သူ့ကိုပဲ ပြန်အကျိုးပေးမှာပေါ့။ ကိုယ်က ကောင်းမွန်စွာ ကြည့်ရှုစောင်မခဲ့တဲ့သူက ကိုယ့်ကိုပြန်ပြီး ကျေးဇူးကန်းတယ်။ သားရေပေါ်အိပ်သားရေနှား စားတယ် ဆိုလို့လည်း စိတ်သောက မရောက်ပါနဲ့။ သူ့ရဲ့မကောင်းမှုက တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူပဲပြန်ခံရမှာပါပဲ။ ကျေးဇူးတရားကို မေ့တတ်တဲ့သူဟာ ရေရှည်မှာ မကောင်းနိုင်ပါဘူး။

သာဓကတစ်ခုကို ပြလိုပါတယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဆိုကြပါစို့။

ဟင်္သာတမြို့မှာ ဦးဘမောင်ရဲ့ ပွဲရုံဟာ အကြီးအကျယ်ပဲ။ အရောင်းအဝယ်ကို လုပ်ကိုင်ခဲ့တဲ့ မြစ်ဝကျွန်းပေါ်ကထွက်တဲ့ ပစ္စည်းမျိုးစုံကို ရောင်းဝယ်ဖောက်ကားနေ



တဲ့ ဦးဘမောင်ကို မသိတဲ့လူ ခပ်ရှားရှားပဲပေါ့။ ဦးဘမောင်ဟာ စိတ်သဘောထား ပြည့်ဝသူ၊ လူတစ်ဖက်သားကို သနားကြင်နာတတ်သူ တစ်ယောက်လည်း ဖြစ်တယ်။

တစ်နေ့ ဦးဘမောင်ပွဲရုံကို အသိမိတ်ဆွေတစ်ယောက်နှင့် ပတ်သက်ပြီး သိန်းမောင် ဆိုတဲ့ လူငယ်တစ်ယောက်ကို လာပြီး အလုပ်သွင်းပေးတယ်။

"ဦးဘမောင် ခိုင်းချင်တာ ခိုင်းပါဗျာ။ ဒီကလေးခမျာ အဖေမရှိ အမေမရှိနဲ့ ဆင်းရဲလွန်းလို့ပါ။ ရွာမှာလည်း သူများအိမ်ကြိုအိမ်ကြား လျှောက်ပြီး တွေ့ရာခိုင်း၊ တွေ့ရာ လုပ်နေရတယ်။ နောက်ဆုံးတော့ အိမ်သာကျင်းကအစ တူးပေးရတယ်။ သူ့ခမျာ သိပ်ပြီး ဆင်းရဲလွန်းလို့ အလုပ်ကလည်း မည်မည်ရရ မရှိတော့ ခက်တာပေါ့ဗျာ။ အဲဒါ ကျွန်တော်လည်း ဦးဘမောင်ဆီ လာရင်း သူ့ကိုများ အလုပ်ခိုင်းနိုင်မလား လို့ပါ"

ဦးဘမောင်ရဲ့မိတ်ဆွေ ကုန်သည်က ပန်းတနော်မြို့မှလာရင်း သူနဲ့အတူပါလာတဲ့ လူငယ်တစ်ယောက်ကို အလုပ်သွင်းပေးဖို့ ပြောသည်။

လူငယ်မှာလည်း တော်တော်လေး ဆင်းရဲပုံရှိသည်။ ဝတ်ထားသည့် အဝတ်အစားများမှာလည်း ခပ်နွမ်းနွမ်းမျှသာ ဖြစ်သည်။ ဦးဘမောင်တို့နဲ့ ခပ်လှမ်းလှမ်း ခွေးခြေကလေးပေါ်မှာ ခပ်ယို့ယို့လေး ထိုင်နေသည်။

"ကောင်းပါတယ်လေ ထားကြည့်ဦးပေါ့၊ ကျွန်တော် အလုပ်ခိုင်းကြည့်မှုဦးမယ်၊ မပျင်းဖို့တော့ အရေးကြီး တယ်။ မလုပ်တာက ပြောလို့ ခိုင်းလို့ ရတယ်။ တတ် ပါတယ်။ အဲ… ပျင်းတဲ့လူကျတော့ မလွယ်ဘူး။ သူ့ဗီဇက ပျင်းနေတာကိုး"

ဦးဘမောင်က ပြောဆိုရယ်မောရင်း 'ထိုသူငယ် သိန်း မောင်ကို အလုပ်လုပ်ဖို့ လက်ခံလိုက်သည်။

လူသည် ခက်သည်။ စကားပုံ ခပ်ရိုင်းရိုင်းတစ်ခုကို ကြားဖူးပါသည်။ ဘာတဲ့… ထမင်းဝတော့ ဆိုသလို လူတွေ ဟာ ငတ်တုန်း ဒုက္ခရောက်တုန်း အဖေကယ်ပါ အမေကယ် ပါ ပြောရလောက်အောင် အကူအညီ တောင်းသည်။ အသနား ခံသည်။ အဲ… မိမိအလိုဆန္ဒပြည့်ဝပလား၊ ပြည့်ဝပြီဆိုတော့ ကျေးဇူးရှင်မှန်း မသိ။ ကျေးဇူးသိတတ်ရမှန်းမသိ ကန်ချင် ကြသည်။ ကျေးဇူးကန်းချင်ကြသည်။ ဒါဟာ လူတော်တော် များများရဲ့ မွေးရာပါ အကျင့်လားမသိ။

သိန်းမောင် တစ်ယောက် ရောက်ခါစမှစပြီး သုံး, လေး,ငါးလတိုင်တိုင် ကျိုးနွံစွာဖြင့် ဦးဘမောင် ပွဲရုံမှာ အလုပ်လုပ်ခဲ့သည်။ ဦးဘမောင်က သူ့ကို ယုံကြည်လာ သည်။ ဒီတော့ ငွေရေးကြေးရေးကအစ တူသားလို သဘော ထားပြီး ကိုင်တွယ်စေသည်။ ဝယ်ချမ်းစေသည်။

လူသည် ငွေရေး ကြေးရေး ပါလာရင် ငွေဒဏ်ကို မိမိအကျင့်စာရိတ္တက မခံနိုင်တော့ပေ။ သိန်းမောင်ကလည်း



ဒီလိုလူစားမျိုးဆိုတော့ ပထမတော့ ရိုးသားသည်။ ကြိုးစား သည်။ အဲ… ငွေတွေကို မိမိကိုယ်တိုင် မြင်ရ တွေ့ရ ကိုင်ရတော့ လောဘရမ္မက် ထွက်လာသည်။

ငွေတွေမြင်မြင်နေရတော့ ဖျားချင်သလို ရင်တွေတုန် သလို ဖြစ်လာဟန်တူသည်။ နောက်ဆုံး ပွဲရုံက ငွေသုံး,လေး ထောင်ကို ခိုးပြီး ပန်းတနော်ကို ပြန်ပြေးသည်။ ဦးဘမောင် တစ်ယောက် တော်တော်စိတ်ထိခိုက်သွားသည်။ ယူကျုံးမရ ဖြစ်ခဲ့သည်။ ရှက်လည်း ရှက်မိသည်။

"ကျုပ်တို့ ပြောတယ် မဟုတ်လား။ ခြေနှစ်ချောင်း မကာယ်နဲ့လို့"

"တော်သေးတာပေါ့၊ သမီးပါ ခိုးမပြေးလို့"

"သားရေပေါ်အိပ် သားရေနားစားတဲ့ အကောင်မျိုး"

စသည် စသည်ဖြင့် လူတွေက ပြောကြသည်။ ဝေဖန် ကြသည်။ အပြစ်တင်ကြသည်။ ဦးဘမောင် ဒီကောင့်နောက် လိုက်ရန် ကြိုးစားရသည်။ တွေ့လျှင် ထုထောင်းပစ်လိုက် ချင်သည်။ ဒေါသထွက်နေတော့သည်။

သို့သော် ဦးဘမောင်တစ်ယောက် သိန်းမောင်ကို မထု ထောင်းလိုက်ရ။ မကြိမ်းမောင်းလိုက်ရ။ ဦးဘမောင်၏ ဒေါသတွေသည် ကရုဏာတောင် ပြန်ဖြစ်သွားသေးသည်။

အဘယ်ကြောင့်ဆိုသော် သိန်းမောင်တစ်ယောက် ငွေ တွေလစ်ပြေးပြီး နောက်တစ်နေ့မှာပင် ပန်းတနော်မှာ လှေ မှောက်၍ သေသွားကြောင်း သိရသည်။

သိန်းမောင် တစ်ယောက် သူ့ရဲ့ကျေးဇူးကန်းမှု၊ သူ့ရဲ့ မကောင်းသော စေတနာက သူ့ကို တန်ပြန် အကျိုးပေးသွားသည် မဟုတ်ပါလား။

လောကမှာ ကျေးဇူးကန်းသူများဟာ ကောင်းစားတယ်။ သက်ဆိုးရှည်တယ် ဆိုတာ ခပ်ရှားရှားပါပဲ။ ဒါပေမဲ့ ဒီခေတ်မှာတော့ လူတွေလောက် ကျေးဇူးကန်းကာ သစ္စာမဲ့တာဟာ သတ္တဝါတွေထဲမှာ လိုက်ကြည့်ရင် လူတွေပဲရှိတာကို တွေ့ရတယ်။

ပြဿနာတစ်ခုရယ်လို့ ဖြစ်လာရင် ဘယ်တော့မှ သွေးပူတုန်းမှာ မဆုံးဖြတ်ပါနဲ့၊ မလုပ်ပါနဲ့။ အတတ်နိုင်ဆုံး အချိန်ဆွဲနိုင်သမျှ ဆွဲထားပါ။ အဲဒီ ရတဲ့အချိန်လေး အတွင်းမှာပဲ ပြဿနာကို သွေးအေးအေးထားပြီး ဖြေရှင်းရတယ်။ သူသူကိုယ်ကိုယ် ထူပူပြီး ပြောချင်ရာပြော၊ လုပ်ချင်တာလုပ်ပစ်တာပဲ။ အဲဒီတော့ အမှားတစ်ခုဟာ ကိုယ့်စကားတစ်ခွန်းကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့လုပ်ရပ် တစ်ခုခုကြောင့်ပဲဖြစ်ဖြစ် ပိုပြီးဆိုးသွမ်းသွားတာကို မကြာခဏ တွေ့ကြုံရတယ်။

စိတ်ဆိုတာ သွေးအေးနေတုန်းမှာ တွေးခေါ်ကြံဆမှ မှန်တတ်ပေမယ့် သွေးပူနေတဲ့အခါကျတော့ ဘာမှမစဉ်းစားတော့ဘူး။ အဲဒီတော့ စိတ်ကို အမြဲထိန်းသိမ်း တည်ငြိမ်နိုင်အောင် ကျင့်ကြံထားရပါတယ်။ စာရေးသူဟာ စိတ်ကို မထိန်းနိုင်လို့ ဘဝတစ်လျှောက်လုံး စိတ်သောကရောက်သွားရတဲ့ သူတွေကို အများကြီး ကြုံဖူး တွေ့ဖူးပါတယ်။



တစ်ခါကလည်း သူငယ်ချင်း တစ်ယောက်ဟာ ဘာမဟုတ်တဲ့ ပြဿနာတစ်ခုကြောင့် ဘဝမှာ တော်တော်လေး စိတ်ဆင်းရဲသွားရရှာတယ်။

သူ့နာမည်က...

ကိုအေးသန်း...။

ကိုအေးသန်းနဲ့ စာရေးသူဟာ တော်တော်လေး ခင်မင်ကြတဲ့ သူငယ်ချင်းပဲ။ သူက ခပ်အေးအေးပဲ။ သဘောကောင်းတယ်။ ဒါပေမဲ့ စိတ်တော့ သိပ်မြန်တဲ့သူ ဖြစ်တယ်။

စိတ်ကို မထိန်းသိမ်းတတ်ဘဲ ဘွင်းဘွင်းပဲ ပြောတတ်တယ်။ ပြောပြီးတော့လည်း စိတ်ပြေသွားတတ်တဲ့လူမျိုး။ တစ်နေ့ သူတို့လင်မယား စကားများကြတယ်။ အဲဒီနေ့က စနေနေ့။

ကိုအေးသန်းက ရုံးနေ့ဝက်ပြန်တော့ အိမ်မှာ သူ့ဇနီးကို မတွေ့ဘူး။ သူ့ဇနီးက မိဘတွေအိမ် သွားလည်နေတယ်။ ကိုအေးသန်းကလည်း သူ့မပြောဘဲ လျှောက်သွားနေတယ် ဆိုပြီး ဒေါသထွက်တယ်။ စိတ်တိုနေတာပေါ့။ သူ့ဇနီးက သူ့အမေအိမ် ဘောက်ထော်ကနေပြန်အလာ အိမ်ပေါ်အတက် ကိုအေးသန်းက စိတ်တိုတိုနှင့် အိမ်ပေါက်ဝက အစောင့်...။

"ဟော့... မင်းဟာက ဘယ်လိုလဲ၊ ဘယ်ကိုအလေလိုက်နေတာလို့ ဒီလောက်တောင် ကြာနေရတာလဲကွ။ ဘာလဲ... ပိုက်ဆံရှာနေတာလား။ ပြန်မလာချင်ရင်လည်း အပြီးသွားတာ ကောင်းတယ်"

ကိုအေးသန်းက စိတ်တိုတိုဖြင့် အပေါက်ဝအိမ်အကာက်မှ ဆီးပြီး ရန်တွေ့တယ်။

"ကျုပ် အမေ့အိမ် သွားတာတော့။ ပျော့ကပ်ပြီးအလေလိုက်နေတာ မဟုတ်ဘူး။ ရှင်တို့ အမျိုးသာ အလေလိုက်ရင် လိုက်မှာ၊ ကျုပ်တို့မှာ မျိုးရိုးမရှိဘူး"

"ဒီလို လျှောက်သွားနေချင်တယ်ဆိုရင် တစ်ခါတည်းသွားပေ့။ ဘယ်တော့မှ အိမ်ပြန်မလာနဲ့။ မင်းလိုအိမ်မှန်းမသိ၊ လျှောက်သွား လျှောက်လည်နေတဲ့ မိန်းမမျိုးကို မပေါင်းချင်ဘူး"

"အို… ကျုပ်ကလည်း ဒီလို ပစိပစပ်များတဲ့ လူမျိုးကို မပေါင်းဘူး၊ စိတ်ချ… စိတ်ချ"

အဲဒီနေ့ကစပြီး ဘာမဟုတ်တဲ့ ပြဿနာလေးကြောင့် ဒီနေ့ဆိုရင် ကိုအေးသန်းတို့ လင်မယား ကွဲသွားတာ သုံးနှစ်ကျော်ခဲ့ပြီ။ ဘယ်သူမှလဲ သူ့မိန်းမကို နားချလို့မရခဲ့။ အဲဒီဖြစ်ရပ်ကလေးဟာဆိုလည်း ဘာမှ မဖြစ်လောက်ပါဘူး။ အဲ… ဒါပေမဲ့ ဘေးဘန်းက အညှီအဟောက် ပယောဂတွေလည်း ပါသွားကြမှာပေါ့။ ဒီတော့ကာ လူတွေဟာ အိမ်ထောင်ရေး ပြဿနာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထားပြီးမှ ပြောကြဆိုကြ တိုင်ပင် ဆွေးနွေးကြတာ အကောင်းဆုံးပဲ။

○



စိတ်ဟာ လောကမှာ အရေးကြီးဆုံးပဲ။ ပြဿနာတစ်ခုကို ကောင်းအောင်လုပ်တာလည်း သူပဲ။ မကောင်းအောင်လုပ်တာလည်း သူပဲ။ စိတ်ကို ပျော်အောင်လုပ်တာလည်း သူပဲ။ စိတ်ညစ်အောင် လုပ်တာလည်း သူပဲ။

အဲဒီတော့ ဘာပဲလုပ်လုပ် စိတ်ကို အကောင်းဆုံးဖြစ်စေရန် ကြိုးစားရမယ်။ စိတ်ကိုကောင်းအောင် ထားရမယ်။ ကောင်းအောင် ဖြေသိမ့်နိုင်ရမယ်။ အလုပ်တစ်ခုခု အကြံအစည် တစ်ခုခုကို လုပ်တဲ့အခါမှ ကိုယ်မှန်းသလိုလည်း ဖြစ်ချင် ဖြစ်မယ်။ မဖြစ်ချင်လည်း မဖြစ်ဘူးပေါ့။ မဖြစ်လို့လည်း သောကရောက်စရာ မလိုဘူး။ ဒီတစ်ကြိမ် မဖြစ်ရင် နောက်တစ်ကြိမ်ဖြစ်အောင် ကြိုးစားရမယ်။ နောက်တစ်ကြိမ် မဖြစ်ရင် နောက်တစ်ခါ ထပ်ကြိုးစားရမယ်။ နောက်တစ်ခါ မဖြစ်သေးရင်လည်း ဆက်ပြီး မဖြစ်မနေ ကြိုးစားသွားမယ်ဆိုရင် တစ်နေ့နေ့ တစ်ကြိမ်ကြိမ်မှာတော့ ဖြစ်ကြရမှာပေါ့။ လူဆိုတာ ဘယ်တော့မှ ဖွဲလုံ့လ ဝီရိယကို မလျှော့ရဘူး။

လက်ကျိုး၊ ခြေကျိုး၊ မျက်မမြင်တဲ့ လူတွေတောင်မှ ကြိုးစားရင် လူကောင်းတွေထက်အောင်မြင်တာတွေ အများကြီးရှိပါတယ်။ မကြာသေးခင်ကပဲ စာရေးသူဟာ လုပ်သားသတင်းစာထဲမှာ တွေ့လိုက်ရတယ်။

ရက်စွဲကတော့ (၅-၇-၈၁)ရက်နေ့ကပဲ ဖြစ်ပါတယ်။ မသန်စွမ်းတဲ့ လူကိုးဦးဟာ ဝါရှင်တန်ပြည်နယ်ရှိ ပေ ၁၄၄၀၀ (၄၃၈၀)မီတာ အမြင့်ရှိတဲ့ မောင့်ရိန်းနားတောင်ထိပ်ပေါ်ကို ငါးရက်ကြာ တက်ခဲ့ပြီး အမေရိကန် ကုလသမဂ္ဂအလံများကို တောင်ထိပ်ပေါ်မှာ အောင်မြင်စွာနှင့် စိုက်ထုတ်ခဲ့ကြတယ်တဲ့။ အဲဒီကိုးဦးဟာလည်း သာမန်လူတွေလို ခြေကောင်း၊ လက်ကောင်း မဟုတ်ကြဘဲ မျက်စိမမြင်တဲ့လူ၊ ခြေတု လက်တု တပ်ထားကြရတဲ့ လူတွေပဲ ဖြစ်ကြတယ်။ သူတို့ဟာ မျက်စိ၊ ခြေ၊ လက်တွေ မကောင်းကြပေမယ့် သူတို့ရဲ့ ယုံကြည်တဲ့စိတ်ဓာတ်နဲ့ ဇွဲ၊ လုံ့လရဲ့ အားမာန်ကြောင့်ပဲ အောင်မြင်မှုကို ရခဲ့ကြတယ် မဟုတ်လား။

အဲဒီတော့ လူသတ္တဝါတွေရယ်လို့ ဖြစ်လာရင် ဘယ်တော့မှ စိတ်ဓာတ် မကျရဘူး။ လောကမှာ ဖြစ်သင့်ဖြစ်ထိုက်တာ မှန်သမျှဟာ ဖြစ်အောင်လုပ်ရင် ဖြစ်ရတာပါပဲ။

ဇွဲ၊ လုံ့လနှင့် အကြံဉာဏ်ရှိဖို့တော့ အရေးကြီးတယ်။

ဝ



လင်သား၊ မယား၊ မိဘ စလို့ သေဆုံးတဲ့အတွက် သောကဝေဒနာ ရောက်နေစရာ ပူဆွေးနေစရာ မလိုဘူး။ ဒါပေမဲ့ ရုတ်တရက် ချစ်ခင် ကြင်နာသူတွေနှင့် ခွဲခွာသွားရတဲ့အတွက်ကြောင့် စိတ်ထိခိုက်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းဆိုတဲ့ ခဏတာဖြစ်ပေါ်မှု ဒုက္ခဝေဒနာကိုတော့ လူတိုင်းလိုလို ခံစားကြရတာပေါ့။ ဒါပေမဲ့ စာရေးသူ ဆိုလိုတာက လိုအပ်မှုထက် ပိုမိုပြီး သောကဝေဒနာတွေ မဖြစ်ပေါ်စေချင်ဘူး။ ဒုက္ခဝေဒနာတွေ လိုတာထက် ပိုမခံစားစေချင်ဘူး။

တချို့ လူများများကို တွေ့ဖူးတယ်။ လင်သား သေဆုံးလို့ နှစ်ရှည်လများ တတမ်းတတနှင့် ပူဆွေးသောကရောက်ပြီး လူတွေတွေ့တိုင်း တဲတွတ်တွတ် ပြောဆိုငိုကြွေးနေတာကို တွေ့ရတယ်။ သေသူက သေသွားပေမယ့် ကျန်ရစ်သူမှာ သောကတွေရောက်ပြီး လူတွေ့တိုင်း တတွတ်တွတ်ပြောဆို ငိုကြွေးနေတာကို တွေ့ရတယ်။ သေသူက သေသွားပေမယ့် ကျန်ရစ်သူမှာ သောကတွေရောက်ပြီး ကျန်းမာရေးကိုပါ ထိခိုက်ပြီး နောက်ဆုံး လုံးပါးပါးသွားတာကို တွေ့ရတယ်။

စာရေးသူငယ်ငယ်ကာ လက်ပံတန်းမြို့မှာနေတယ်။ စာရေးသူတို့ရဲ့အိမ်နှင့် သုံးအိမ်ကျော်လောက်မှာ ဦးဘသန်း၊ ဒေါ်မြင့်မြင့်တို့ လင်မယားဟာ ကြင်ကြင်နာနာနှင့် သိပ်ပြီး ခင်မင်ကြပါတယ်။ စာရေးသူနှင့်လည်း ခင်မင်နေတော့ စာရေးသူဟာ ကျောင်းအားတိုင်း အဲဒီမှာ သွားပြီးနေတာ များတယ်။ သူတို့လင်မယားဆီမှာ သားသမီးမရှိ၊ မထွန်းကားတော့ စာရေးသူကိုပဲ သားသမီးလို ခင်မင်နေတယ်။ စာရေးသူလည်း အိမ်မှာဆို ညီအစ်ကိုမောင်နှမ များတာကြောင့် အဲဒီအိမ်မှာပဲ သွားနေတာ များတာပေါ့။

သူတို့လင်မယားဟာ သိပ်ပြီး ခင်မင်ကြင်နာတယ်။ ထမင်းစားတာတောင် တစ်ယောက်နဲ့တစ်ယောက် ဟင်းထည့်ပေးနေတာနှင့်ကို မပြီးတော့ဘူး။ ရေချိုးရင်လည်း အတူတူချိုးတာ များတယ်။ တစ်ယောက်နှင့် တစ်ယောက် ချေးတွန်းပေးတာကအစ ယုယကြတယ်။

တစ်ယောက် အိမ်သာသွားရင် တစ်ယောက်က အိမ်သာနားမှာ ထိုင်စောင့်ပေးနေတာ။ တစ်ယောက်တစ်လှည့် နှင်းနှိပ်ပေးနေတာနဲ့၊ အို… တော်တော်ကို ယုယကြပါတယ်။

အဲ… အဲဒီလိုနေတုန်း ဖြူန်းဆို လင်ဖြစ်သူ ဦးဘသန်းဟာ ဝမ်းရောဂါနဲ့ သေဆုံးသွားပါတယ်။

ဒေါ်မြင့်မြင့် တစ်ယောက်ဟာ အရူးမီးဝိုင်းခံရသလို ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး သူ့ယောက်ျား အလောင်း မြေကျတာတောင် ငိုလို့မဆုံးခဲ့ဘူး။ နေ့ရော ညရော မအိပ်ဘဲ



သောကဝေဒနာတွေ ခံစားနေခဲ့တာဟာ ရက်လည်ဆွမ်းသွတ်တဲ့နေ့ အထိလည်း မအိပ်နိုင် မစားနိုင်နဲ့ နေခဲ့တယ်။ ဆွေမျိုးအပေါင်းအသင်းတွေက အမျိုးမျိုး အားပေးနှစ်သိမ့်ခဲ့ကြတယ်။ ဒေါ်မြင့်မြင့်ဟာ ဘူ့ခင်ပွန်းဆုံးတာ၊ လေးငါးခြောက်လရှိသွားပေမယ့်လည်း သူ့မှာ ပူဆွေးသောက ရောက်လို့မပြီးသေးဘူး။

နောက်မကြာမီမှာဘဲ သူ့ရဲ့အအိပ်မမှန် အစားမမှန်မှုကြောင့် အိပ်ရာထဲမှာ လဲတော့တာပဲ။ အိပ်ရာထဲမှ လဲနေရင်း ခင်ပွန်းအကြောင်းပဲ တတွတ်တွတ် ပြောနေခဲ့တယ်။ မကြာမီမှာပဲ သူလည်းပဲ ဒီသောကဝေဒနာကြောင့် သေဆုံးသွားခဲ့ရှာတယ်။

လူ့ရယ်လို့ ဖြစ်လာရင် လောကကြီးမှာ သောကရောက်စရာတွေ အများကြီးနဲ့ ကြုံတွေ့ရမှာပဲ၊ အဲဒီလိုအဘက်ဘက်ကနေပြီး ရောက်ရှိလာတဲ့ သောကဝေဒနာတွေကို ကိုယ်က ခံနိုင်ရည်ရှိရမယ်။ ဒါမှလည်း ကိုယ့်မှာ မှသာခံသာ ရှိမှာပေါ့။

ဘယ်အရာမဆို တရားလက်လွှတ် မလုပ်သင့်ဘူး။ တရားကို လက်ကိုင်ထားရမယ်။ တရားလက်လွှတ် ဖြစ်တဲ့သူဟာ ခံစရာမရှိရင် မသက်သာဘူး။ တရားလက်လွှတ်မဖြစ်သူ့ထက် ပိုပြီးခံစားရတတ်တယ်။

လူ့ဘုံဟာ ဒုက္ခဘုံဆိုတာ သိမှတော့ ကျရောက်လာတဲ့ ဒုက္ခမျိုးစုံကို ကြုံကြုံနိုင်နိုင်။ တွန်းလှန်ပစ်ရဲရမှာပေါ့။

ဒါမှသာ ဘဝမှာ အနိုင်ရမှာပေါ့။ ခံနိုင်ရည်မရှိရင် ဒုက္ခဝေဒနာကို ခံစားရမယ်။ သူများထက် သောကရောက်ရမယ်။ ပူဆွေးပူပန်ရမယ်။ ဘယ်မှာ လူဖြစ်ကျိုးနပ်တော့မလဲ။

နေရာတကာမှာ စိတ်ခတ်ကို မကျပါစေနဲ့။ စိတ်ဓာတ်ကို အမြဲပဲ တင်းမာအောင် ကြိုးစား။ စိတ်ဓာတ်ပျော့ညံ့သွားရင် ခံရတတ်တာပဲ။

သောကတစ်ခု ဝင်လာရင် စိတ်ကို သိပ်ပြီး အရင်ကလို မဆုံးဖြတ်ဖို့ဟာ အရေးကြီးတာပဲ။ စိတ်ကိုတည်ငြိမ်မှုရအောင်လုပ်ပြီးမှ ကိုယ်လုပ်သင့်တာ လုပ်ထိုက်တာကို စဉ်းစားဆင်ခြင်ပြီးလုပ်ပါ။ တစ်ခုတော့ ရှိတယ်ပေါ့။ လုပ်ရမယ့်အလုပ်ရဲ့ အခြေအနေပေါ်မှာ ကြည့်ပြီး ဆုံးဖြတ်ဖို့ပေါ့။ မြန်မြန်လုပ် မြန်မြန်ဆုံးဖြတ်သင့်တာကျတော့လည်း မြန်မြန်ပဲ ဆုံးဖြတ်လိုက်ပါ။

ဥပမာ…

ကားမောင်းနေစဉ်မှာ အန္တရာယ်တစ်ခုခုနဲ့ တွေ့ပြီဆိုရင်တော့ ရုတ်တရက်ပဲ အသက်သာဆုံး နည်းလမ်းကိုပဲ လိုက်ပြီး ဆုံးဖြတ်လုပ်ကိုင်လိုက်ပါ။ ဒီကိစ္စမျိုးဟာတော့ ချက်ချင်း ဆုံးဖြတ်ရမှာမျိုး။

မိတ်ဆွေတစ်ယောက်ဟာ ကားမောင်းသွားရင်း ရုတ်တရက် လမ်းတစ်ခုကို လူငယ်တစ်ယောက်က ဖြတ်ပြေးတယ်။ သူ့ကားဟာ အရှိန်မသတ်နိုင်တော့တဲ့အတွက် ဒီသူငယ်ကို ရှောင်လိုက်ရာမှာ တစ်ဖက်ကားကို ဝင်တိုက်မိသွားတယ်။



တကယ်လို့ ဒီသူငယ်ကိုဝင်တိုက်မိရင် သူဟာ ထောင်ကျသွားနိုင်တယ်။ တစ်ဖက်ကကားကို ဝင်တိုက်မိတဲ့အတွက်ကျတော့ သူ့အနေနဲ့ တစ်ဖက်သားကို ဘော်ဒီပြုပြင်ရန် လျော်ကြေးပေးလိုက်ရတယ်။ သူ့ရဲ့အဆုံးအဖြတ်ဟာ မှန်သွားတာပေါ့။ ဒီလိုနေရာမှာ အသက်သာဆုံး အကောင်းဆုံးကို ရုတ်တရက် စဉ်းစားပြီး ပြုလုပ်သင့်ပေါ့။

သူငယ်ချင်းတစ်ယောက်ရဲ့သမီးဟာ အိမ်နီးနားချင်းကကောင်လေးနဲ့ ခိုးရာလိုက်ပြေးတယ်။ သူဟာ ဒေါ်တော်ဒေါသဖြစ်သွားတဲ့အတွက် ကောင်လေးရဲ့အဖေကို အိမ်ပေါ်မှာတက်ပြီး ရိုက်တယ်။

သူ့ကို တစ်ဖက်က ပိုင်နက်ကျူးလွန် ရိုက်နက်မှုနှင့် တရားစွဲတယ်။ သူကလည်း သမီးကို သွေးဆောင်ခိုးယူမှုနဲ့ တရားပြန်စွဲတယ်။ နှစ်ဦးနှစ်ဖက် ရုံးပြင်ကနား ရောက်ကြတယ်။ လူချင်းလည်း မုန်းတယ်။ ငွေကုန်တယ်။ ကလေးချင်းကတော့ ညားသွားကြတယ်။ နောက်တစ်နှစ်မှာပဲ လူချင်းတွေလည်း ပြန်ပြေလည်သွားကြတယ်။

အဲ… အဲဒီတော့ ပထမက မဆင်မခြင် မစဉ်းစားမတွေးတောဘဲ စိတ်လိုက်မာန်ပါ ပြုလုပ်လိုက်တဲ့အတွက် ဘာအကျိုးရှိသွားသလဲ။ အကျိုးပဲ ယုတ်သွားတယ် မဟုတ်လား။ ဒါကြောင့် သွေးအေးအေးနှင့် စဉ်းစားသင့်တာတွေ

ကျတော့လည်း စိတ်ငြိမ်ငြိမ်ထားပြီးမှ စဉ်းစားလုပ်တာဟာ အကောင်းဆုံးပဲ။

သောကအပူဟာ သိပ်ပြီးကြောက်စရာကောင်းတယ်။ ဒီသောကအပူကို ဖြစ်အောင် လုပ်တာတည်း ဒီစိတ်ကလေးပဲ။ ဒီသောကအပူကို အေးချမ်းပပျောက်အောင် လုပ်တာလည်း ဒီစိတ်ကလေးပဲ။ အဲဒီတော့ ဒီစိတ်ကလေးကို နိုင်အောင်ထိန်းကြမှပေါ့။ ဒီသောကအပူတွေကြောင့် တချို့ဆိုရင် စိတ္တဇဆေးရုံကိုတောင် ရောက်သွားကြတာတွေ အများကြီး ရှိတယ်။

စာရေးသူရဲ့အိမ်နှင့် မနီးမဝေးမှာနေတဲ့ အဒေါ်ကြီးတစ်ယောက်ဟာ သူ့မှာ သားတစ်ယောက်ရှိတယ်။ သားကလည်း တစ်ယောက်ဆို တစ်ယောက်ပဲ။ ငယ်စဉ်ကတည်းက ဆိုးလိုက်တေလိုက်တာ။ စာရေးသူရဲ့ အိမ်ရှေ့မှာ အစိုးကအလယ်တန်းကျောင်း ရှိတယ်။ အဲဒီကျောင်းမှာ ဒီသူငယ်လေး ကျောင်းတက်ချိန်ကဆိုလည်း သူ့ရဲ့အမေဟာ တုတ်တစ်ချောင်းနဲ့ အမြဲတမ်းလိုလိုလိုက်ပြီး ဆုံးမနေရတယ်။ သားက ကျောင်းမတက်လို့ ကျောင်းပြေးလို့နဲ့ သူ့ခမျာ သားသောကတွေ များနေလိုက်ရတာ။ နောက် သား စစ်ထဲဝင်သွားတော့လည်း သားအတွက် ပူလွန်းလို့ ရပ်ကွက်ထဲ အမြဲပဲ သူ့သားလေးအကြောင်း ပြောပြီး ငိုရ ပူဆွေးရနဲ့ပေါ့။ တစ်ခါ တစ်ခါတော့လည်း သားလေးနေတဲ့ အလုပ်ကို လိုက်လိုက်သွားရှာတယ်။ သူ့ဘဝတစ်လျှောက်လုံးမှာ ဒီသား



အတွက်နဲ့ ပူပင်လိုက်ရတာ။ တစ်လမ်းလုံးက ဤအဒေါ်ကြီးကို သနားလာကြတယ်။ နောက်တော့ ဒီအဒေါ်ကြီးလည်း သားအတွက် နှလုံးရောဂါရတယ်။ ဒီနောက် တစ်နေ့မှာ ရှေ့တန်းမှာ တိုက်ပွဲတွေ ဖြစ်တဲ့အကြောင်း ကြားပြီး သူ့သားအတွက် စိတ်ထိခိုက်ပြီး ရုတ်တရက် သေဆုံးသွားရှာတယ်။

စာရေးသူရဲ့ဘဝမှာ ဒီလိုသောကသမားတွေကို တော်တော်လေး တွေ့ခဲ့ရတယ်။ ကြုံခဲ့ရတယ်။ စာရေးသူကတစ်ဖက်က လက္ခဏာဆရာ ဆိုတော့လည်း လူတွေရဲ့ဘဝမျိုးစုံကို တွေ့ကြရတယ်။ ဆုံကြရတယ်ပေါ့။

သူတို့ဟာ သူတို့ရဲ့ အပူသောကတွေကို လာပြီးတိုင်ပင်ကြ၊ ဆွေးနွေးကြ၊ ဓာတ်ရိုက်ကြနှင့်ပေါ့။ လူတွေဟာ တော်တော်အတ္တကြီးတာ တွေ့ရတယ်။ လူ့ဘဝဟာ အနတ္တပဲမဟုတ်လား။ ဒါတွေကိုလည်း သူတို့သိသားနှင့်။ သူတို့ရှေ့မှာ လူ၊ တိရစ္ဆာန်တွေ အားလုံးဟာ အဖျုပ်ဖျုပ်နှင့် သေနည်းမျိုးစုံနှင့် သေ,သေနေကြတာတောင်မှ သူတို့မှာ အနတ္တလက္ခဏာကို မမြင်ကြဘူး။

ကိုးကွယ်တော့လည်း ဗုဒ္ဓဘာသာတဲ့။ ဗုဒ္ဓဘုရားသခင်ကိုယ်တော်မြတ်ကြီးတောင်မှ အနိစ္စ၊ ဒုက္ခ၊ အနတ္တက ကင်းရဲ့လား။ ဝဋ်ကြွေးတွေကော ကင်းရဲ့လား။

ဓာတ်ရိုက်ဓာတ်ဆင်လို့ကော ရရဲ့လား။ နေမကောင်းတာကို ဓာတ်ရိုက် ဓာတ်ဆင်လို့ကော ပျောက်ပါ့မလား။

ခဏာတာရဲ့ ရသေ့စိတ်ဖြေ သဘောမျိုးနဲ့ အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ ကံရဲ့အကျိုးကိုပဲ ခံစားရတာ မဟုတ်လား။

ရုပ်မလှသူကို လှအောင်လို့ သိပ္ပံနည်းနှင့် လုပ်ပေမယ့်လည်း ခဏပန်း အတုတော့ ရမှာပေါ့။ ထာဝရ သဘာဝအလှကို ရပ့ါမလား။ သိပ္ပံနည်းနဲ့ ပြုလုပ်ပြောင်းလဲလို့ ရတာတွေ ရှိပါတယ်။ ကျန်းမာရေးက အစပေါ့။ ဒါပေမယ့် နောက်ဆုံးတော့ အနတ္တပဲ အဆုံးသတ်ရတာပဲ မဟုတ်လား။

စာရေးသူထံကို လူမျိုးစုံ လာပါတယ်။ အချို့ဆို ဒိတ်ဒိတ်ကြဲ အာဏာရှိသူတွေလည်း ပါတယ်ပေါ့။ သူတို့ဟာ သူတို့ရဲ့ လက်ရှိအာဏာတွေ ပြုတ်မှာစိုးလို့ လာပြီးအကြံဉာဏ်တောင်းကြတယ်။ စာရေးသူက သူတို့ကို အကြံဉာဏ်ပေးလိုက်တယ်။ သိပ်ပြီး သောကရောက်နေရင် အလုပ်ပြုတ်မှာ၊ အာဏာမရှိမှာ စသည်တွေနဲ့ သိပ်ပြီး ပူပင်သောကရောက်နေရင်···

တစ်နေ့ကို သုံးကြိမ်လောက် အချိန်ယူပါ။ တစ်ကြိမ်ကို ၁၅-မိနစ်၊ မိနစ်-၂၀ ပဲ ကြာပါတယ်။ ဘုရားတန်ဆောင်းပေါ်မှာပဲဖြစ်ဖြစ်၊ တိတ်ဆိတ်တဲ့ ရုံးခန်းထဲမှာပဲဖြစ်ဖြစ်၊ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေဘက်တစ်ကြိမ် ငြိမ်သက်စွာထိုင်ပြီး မိမိရဲ့ ထွက်သက် ဝင်သက်ကို နှာသီးဖျားမှာထားပြီး မှတ်နေပါ။ စိတ်ကို ဘယ်မှမလွှင့်ပါစေနဲ့။ တခြားကို လွှင့်သွားရင် စိတ်ကိုပြန်ပြီး နှာသီးဖျားမှာထားပါ။ အဲဒီအချိန်မှာ လောဘ၊ ဒေါသ၊ မောဟတွေ



မှာထားပါ။ အဲဒီအချိန်မှာ လောဘ၊ ဒေါသ၊ မောဟတွေ အားလုံးနဲ့ ပူပင်သောကတွေ အားလုံးဟာ ပျောက်နေပါလိမ့်မယ်။ အဲဒီအချိန်ကလေးဟာ တဒင်္ဂပဲဖြစ်ဖြစ်၊ တစ်မိနစ်ပဲ တစ်စက္ကန့်ပဲဖြစ်ဖြစ် သိပ်ပြီးတော့ အေးချမ်းမှုကိုပေးပါလိမ့်မယ်။

အဲဒီအချိန်ဟာ အမွန်မြတ်ဆုံးအချိန်လေး၊ အအေးမြဆုံးအချိန်လေးပဲ ဖြစ်ပါတယ်။ အဲဒါမျိုး များများပွားများပေးရင် များများ အကျိုးရှိပါတယ်။ သားသမီးသောက၊ အလုပ်အကိုင်သောက၊ ရန်သူမျိုးငါးပါးသောကတွေကအစ အေးငြိမ်းနေပါတယ်။

“ဆရာ··· ကျွန်မယောက်ျား အလုပ်အကိုင်လေး ကြည့်ပေးပါဦး။ ရာထူးတက်အောင်၊ အလုပ်မပြုတ်အောင် ဘာတွေများ လုပ်စရလိုလဲ ဆရာ၊ အားမနာပါနဲ့ ပြောပါဆရာရယ်”

လက္ခဏာဆရာလုပ်ရတာ သိပ်တော့မဆိုးလှ။ လူမျိုးစုံက သူတို့ရဲ့အစွဲတွေကို တင်ပြကြသည်။ စာရေးသူက ဖန်ဆင်းတတ်သူ မဟုတ်။ သူတို့ရဲ့ လက်ဝါးပြင်က အရေးအကြောင်းသာ နားလည်သူ ဖြစ်တယ်။ ဘယ်အရေးအကြောင်းပါရင် ဘာဖြစ်မယ်သာ ပြောတတ်တယ်။

အလုပ်ရှိသူ အလုပ်မရှိအောင်လည်း အလုပ်တတ်။ အလုပ်မရှိသူ အလုပ်ရှိအောင်လည်း မလုပ်တတ်။ ဒီတော့ အလုပ်ပြုတ်မှာ ကြောက်သူကိုလည်း အလုပ်ရှိဖို့၊ အာဏာရှိနေတဲ့ အချိန်မှာ ကိုယ့်အောက်ငယ်သားတွေပဲဖြစ်ဖြစ်၊ ကိုယ်

နေတဲ့ ပတ်ဝန်းကျင်မှာပဲဖြစ်ဖြစ် နေတဲ့သူတွေနဲ့ တည့်အောင် ပေါင်းပါ။ အဆင်ပြေအောင် နေပါ။ ကိုယ်က ကူညီနိုင်ရင်လည်း ကူညီပါ။ ပေးကမ်းနိုင်ရင်လည်း ပေးကမ်းပါ။ လူလူချင်း နှုတ်၏ဆောင်မခြင်း၊ လက်ဆောင်မခြင်းဖြင့် အကူအညီပေး၊ လူကို လူလို မြင်တတ်ပါ။ ဒါမှသာ တစ်နေ့ ကိုယ့်မှာ အကူအညီ လိုတဲ့အခါမှာလည်း လူတွေက ပြန်ပြီး အကူအညီ ပေးလာမှာပါ။

လူတိုင်းကို ကိုယ်က အကူအညီတွေ ပေးလာခဲ့ရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ကိုယ် အကူအညီပေးခဲ့တဲ့ လူ ၁၀ ယောက်က ကိုယ့်ကိုပြန်ပြီး အကူအညီ မတုံ့ပြန်ပေမယ့် သုံးလေးယောက်ကတော့ ပြန်ပြီး ကူညီပါလိမ့်မယ်။ ကိုယ်တတ်နိုင်တဲ့ အချိန်တုန်းက ကိုယ်က လူတစ်ယောက်တလေကိုမှ အကူအညီ မပေးခဲ့ဘဲ ကိုယ့်အာဏာနဲ့ကိုယ် အောက်ခြေလွတ်ပြီး အောက်လူကော ပတ်ဝန်းကျင်ကောကို လူမထင်ခြင်း၊ အကူအညီ မပေးခြင်း၊ မထေမဲ့မြင်နဲ့ နေလာခဲ့ရင် တစ်နေ့နေ့မှာတော့ အနတ္တနှင့် ကြုံဆုံရလို့ ကိုယ့်ဘဝများ အကျနာသွားရင် ကိုယ့်အောက်ငယ်သားတွေကကော ဘေးပတ်ဝန်းကျင်ကကော ကိုယ့်ကို နှုတ်ဆက်ဖို့ နေနေသာ လှည့်တောင်ကြည့်ချင်မှာ မဟုတ်တော့ပါဘူး။ အဲဒီအချိန်မှာ နောင်တရရင် အလကားပဲ။

စာရေးသူဟာ ဌာနတစ်ခုမှာ အမှုထမ်းခဲ့စဉ်ကပေါ့ စာရေးသူနဲ့ခင်တဲ့ အရာရှိကြီးတစ်ယောက်ကို စာရေးသူဟာ



အမြဲပဲ အောက်ခြေမလွတ်ဖို့နဲ့ ကိုယ်က တတ်နိုင်ရင် ကိုယ့်လက်အောက်ငယ်သားတွေကို အတတ်နိုင်ဆုံး အကူအညီပေးဖို့ တဖွဖွ ကြုံတိုင်း ပြောဖူးပါတယ်။

ဒီအရာရှိကြီးကလည်း တော်တော်လေးကို ဩဇာကောင်းပါတယ်။ အာဏာရှိပါတယ်။ စာရေးသူ ပြောစကားကို သူက သိပ်ပြီး ဂရုမပြုဘူး။ ဆက်ဆံရေး မာတယ်။ သိပ်ပြီး အောက်ခြေလွတ်တယ်။ နောက်တော့ ပြဿနာတစ်ခုကြောင့် ပြုတ်သွားတယ်။ နောက် ပင်စင်ရတယ်။ အဲ… သူ့ကို ဘယ်သူကမှ အာဏာမရှိတော့လို့၊ သူ့ကျေးဇူးပြုခဲ့တဲ့သူ မရှိခဲ့လို့ သူ့ကိုလည်း ဘယ်သူကမှ အရေးမစိုက်တော့ဘူး။ လမ်းမှာတွေ့တာတောင် မျက်နှာလွှဲသွားတဲ့သူတွေက ရှိသေးတယ်။

လူ့ဘဝဆိုတာ ဘယ်တော့မှ ကိုယ်က 'တူ'ဖြစ်မနေဘူး ဆိုတာ သိဖို့ကောင်းပါတယ်။ ကိုယ့်ရှေ့မှာလည်း သင်ခန်းစာတွေက အများကြီးမဟုတ်လား။ ဒါပေမယ့် စာရေးသူတို့ရဲ့ လူမျိုးတွေဟာ နည်းနည်းအာဏာရှိရင် များများပါဝါပြချင်ကြတာက ခက်တယ်။ ဒါတောင် ကိုယ့်ပြည်လေးက သေးသေးလေးထဲမှာမို့သာပေါ့။ ဘာပဲဖြစ်ဖြစ် လူဟာ လူတွေကို ကိုယ်ချင်းစာတတ်ဖို့ပဲ အရေးကြီးပါတယ်။

ကိုယ် အာဏာရှိချိန်မှာပဲဖြစ်ဖြစ်၊ အာဏာမဲ့ချိန်မှာပဲ ဖြစ်ဖြစ် ကိုယ်ကသာ စိတ်ကောင်းလေးတစ်ခုထားပါ။ ကိုယ့်အောက် 'ငယ်သားတွေအပေါ်မှာ အနိုင်မကျင့်ခဲ့ပါနဲ့။ ချီး

မြှောက်သင့်သူကို ချီးမြှောက်ပါ။ ကျောသား ရင်သား မခွဲခြားပါနဲ့။ အောက်ခြေလွှတ်သင့်တာထက် မလွှတ်ပါနဲ့။ ပတ်ဝန်းကျင်က လူတွေကို ကိုယ်ချင်းစာပါ။ တကယ်လို့ ကိုယ့်အလုပ်ကပြုတ်ပြုတ်၊ ကိုယ်အာဏာရှိရှိ၊ ဘယ်သူ့ကိုမှ ကြောက်စရာ၊ စိုးရိမ်စရာ မရှိပါဘူး။ လူ့လောကဟာ အနတ္တလောကပဲ။ အတ္တလောကမှ မဟုတ်ဘဲ။ ဒါကိုသိထားဖို့ပါပဲ။

လောကဝေဒနာဟာ လူကို သိပ်ပြီး ဒုက္ခပေးတတ်ကြတာပါပဲ။ လူရယ်လို့ ဖြစ်လာရင် သောကတော့ ရှိကြမှာပေါ့။ ဒီသောကတွေကို ကြောက်နေလို့ကတော့ ပြဿနာတွေက ပြီးမြောက်သွားမှာမှ မဟုတ်ဘဲ။ အဲဒီတော့ သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ ဥပေက္ခာပြုရမှာပေါ့။ သောကရောက်နေမယ်ဆိုရင်တော့ လူဆိုတာ မွေးလာကတည်းက သောကနဲ့ငိုပြီး မွေးလာရတာ မဟုတ်လား။ အတတ်နိုင်ဆုံး ဒီအပူသောကတွေကို ဖြေသိမ့်ပါ။ ကိုယ်လုပ်စရာရှိတာတွေကိုသာ ကိုယ်လုပ်သွားပါ။ ဖြစ်ချင်တာတွေဟာ ဖြစ်လာမှာပဲ။ ပျက်ချိန်တန်တော့လည်း ပျက်သွားမှာပဲ။ နောက်ဆုံး မိမိရဲ့ခန္ဓာကိုယ်ကြီးတောင်မှ အစိုးမရဘဲ ပျက်စီးသွားတာပဲ မဟုတ်လား။

လောကမှာ လုပ်လို့ဖြစ်တာတွေလည်း အများကြီးရှိတယ်။ လုပ်တိုင်းမဖြစ်တာတွေလည်း ရှိတတ်ကြတာပဲ။ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်လို့ ဖြစ်တာကတော့ ဝမ်းသာစရာပေါ့။ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်လို့ မဖြစ်တာကြတော့ ဝမ်းနည်းစရာ မလိုပါဘူး။ ဘာပြုလို့လဲဆိုတော့ ကိုယ်ကဖြစ်ချင်လို့ ကြိုးစားသားနဲ့မှ ဖြစ်မလာတာကို ဘာလို့ ဝမ်းနည်းရမလဲ။ ဘာလို့ စိတ်မကောင်း ဖြစ်ရမလဲ။



တရားတော်အရဆို ကံ-ကံ၏ အကျိုးတရားအကြောင်းတရားပဲ မဟုတ်လား။ လူတွေဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ အကျိုးအကြောင်းတွေက ပြုခဲ့တဲ့ ကိုယ့်ရဲ့အကြောင်းကံကြောင့်ပဲ အကျိုးကံကို ခံစားရတာပဲ။ ဒါကြောင့် ဘယ်သူမပြု မိမိမှုလို့ပဲ ဆိုထားကြတာပေါ့။

ကိုယ်က ကောင်းသောစိတ်ထား၊ ကိုယ်ကကောင်းသောအမှု၊ ကောင်းသောအပြုကို ပြုလုပ်ရင်၊ ကောင်းသောအကျိုးကိုပေးကိုသာ ခံစားရမှာပဲ။ ကိုယ်က စိတ်ကောင်းမထားသော အပြုအမူပြုရင်လည်း ဒီအကျိုးပေးဟာ ကိုယ်ပဲတစ်ချိန်ချိန်မှာ ခံစားရမှာပါ။

ကိုယ်ပဲ ဘဝသုံးပါးမှာ ကောင်းကောင်းမပြုမူရင် ဒီဘဝ သုံးပါးမှာပဲ ကိုယ်လည်း မကောင်းတာပဲ ခံစားရမှာပဲ။ ကိုယ်က မကောင်းအောင် တစ်ချိန်တစ်ဘဝက ပြုလုပ်ခဲ့ပြီး ယခုဘဝမှာ ကောင်းသောအကျိုးပေးကို ခံစားချင်လို့ကြလို့ လုပ်လို့ကော ကံဆိုတဲ့ ပြုလုပ်ခဲ့တဲ့ အတိတ်အကျိုးပေးက ခံစားရပါ့မလား။

ဒါကြောင့် လူဆိုတာ ကိုယ်ချင်းစာတရားရှိပါ။ တချို့လူတွေဟာဆိုရင် ကြီးကြီးငယ်ငယ် တစ်ဘဝစံ အပြုအမူ

မျိုးကိုသာ လုပ်တာများကြတယ်။ အဲ... ဒါပေမဲ့ သူတို့ရဲ့ တစ်ဘဝစံကျင့်ခဲ့ ကြံခဲ့တဲ့ အပြုအမူတွေဟာ သူတို့သေခါနီး အခါမှာပဲဖြစ်ဖြစ်၊ မသေမီ နာတာရှည်ရောဂါနဲ့ အိပ်ရာထဲကို လဲနေတဲ့အခါမှာပဲဖြစ်ဖြစ် ရှိတော့မှ သူတို့အမှားတွေကို သိလာကြမယ်။ ဒီတော့မှ ဘုရားတကြလိမ့်မယ်။

ဘုရား၊ တရား၊ သံဃာနဲ့ ဆရာစစ် မိဘစစ်ကို မသိခဲ့တဲ့သူ၊ ကျေးဇူးတရားကို နားမလည်တဲ့သူတွေဟာ ဘယ်ဘဝမှာမှ ကောင်းစားတယ်လို့ မကြားမိခဲ့ဘူး။ ဒါဟာ ဘုရားဟောပဲ။ နိပါတ်တော်တွေထဲမှာ တွေ့ရတာပဲ။

လက်တွေ့ဆိုရင်လည်း ဒီဘဝမှာပင် ကျေးဇူးတရားကို နားမလည်တဲ့သူ၊ ရတနာသုံးပါးနဲ့ မိဘစစ်၊ ဆရာစစ်ကို စော်ကားခဲ့တဲ့ သူတွေဟာ ဘယ်မှာများ ဘုန်းကြီးလို့သက်ရှည်သလဲ။ သက်ရှည်ရင်လည်း ဘုန်းမကြီးပါဘူး။ ဘုန်းကြီးရင်လည်း သက်မရှည်တတ်ပါဘူး။

ဒါကြောင့် လူဆိုတာ လူ့ဘဝကို ရရှိခိုက်ကလေး ဘဝတာကာလမှာ တိုင်းပြည်အကျိုးနဲ့ လူအများရဲ့အကျိုးကို စိတ်ကောင်းစေတနာထားပြီး လုပ်ကိုင်ကြံစည်သွားရမယ်။ သူတစ်ပါးရဲ့ ကျေးဇူးတရားကိုလည်း မမေ့ရဘူး။ ကိုယ်ကလည်း လူတစ်ဖက်သားကို တတ်နိုင်တဲ့ဘက်ကနေပြီးအကျိုးပြုနိုင်သလောက် ပြုရမည်။ ကူညီနိုင်သလောက် ကူညီခဲ့ရမယ်။ လူဟာ လူစိတ်ပဲ ထားသွားမယ်ဆိုရင် ဘယ်ဘဝရောက်ရောက် ရောက်ရာဘဝမှာ ဒီလူဟာ သူ့ရဲ့ တစ်ချိန်က



ကောင်းမှုပြုခဲ့တဲ့ အကျိုးကျေးဇူးတွေကို ခံစားရမှာပဲ။ လူတစ်ဖက်သားကို ကူညီခဲ့တယ်။ ယိုင်းပင်းခဲ့တဲ့အတွက် တစ်ချိန်မှာလည်း ကိုယ့်ကို အကူအညီ ပြန်ပေးတဲ့ ပုံပြင်ဝတ္ထုတွေနဲ့ ဘုရားဟော တရားတော်တွေလည်း အများအပြား ရှိခဲ့သားပဲဆိုတာ လူတိုင်းသိသင့်ပါတယ်။

လူဟာ တစ်ဖက်သားကို အတတ်နိုင်ဆုံး စေတနာထား ကူညီခဲ့ရင် တစ်နေ့ကျ ကိုယ်လည်းပဲ တူသောအကျိုးကို ခံစားရပါတယ်။ ကျေးဇူးသိတတ်တဲ့သူ ကျတော့လည်း သူ့စေတနာနှင့်သူ အကျိုးပေးသွားတာပေါ့။

လောလောဆယ် ကိုယ်ပြုရမှာကတော့ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်နဲ့။ ကိုယ်ကသာ စေတနာမှန်ပါစေ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကိုယ့်ရဲ့စေတနာဟာ အချည်းနှီး မဖြစ်သွားပါဘူး။

လူ့အချို့ဟာ သူတို့မျှော်မှန်းထားတဲ့ အခြေအနေတွေ ထက် ရာထူးတွေ၊ ဂုဏ်ထူးတွေကို ရုတ်တရက် ရ[illegible] ဟယ် ဆိုရင်ပဲ ဒီလူတွေဟာ မိုးမမြင် လေမမြင် ဖြစ်တတ်ကြ တာပါပဲ။ သူတို့တွေတင်ပဲလားဆို မဟုတ်သေးဘူး။ သူတို့ရဲ့ ပတ်ဝန်းကျင် ဆွေမျိုးအသိုင်းအဝိုင်းတွေကပါ စိန်နားကပ် ရောင်နဲ့ ပါးပြောင်တာမျိုး။ ဒီလိုမျိုးဟာ သူတို့ရဲ့ အတိတ် ဘဝ ကံကောင်းလို့ ဒီဘဝမှာ ခံစားရတာပဲဖြစ်ဖြစ်၊ ယခု ဘဝမှာ အမှီအတွယ်ကောင်းလို့ပဲဖြစ်ဖြစ် မမျှော်လင့်တဲ့ နေရာမျိုးကို ရသွားလို့ အောက်ခြေလွတ်တဲ့ သူတွေဟာ တစ်

နေ့နေ့ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ သင်္ခါရဆိုတဲ့ မမြဲတဲ့ တရားနဲ့ တွေ့ပြီဆိုရင်တော့ နောင်တရသွားကြမှာပါပဲ။

လူတွေဟာ အတ္တသမားပဲ။ ဒါပေမဲ့ အတ္တဟာ ရှိသင့်တာထက် ပိုရှိသွားရင်လည်း တစ်နေ့နေ့မှာ ဒုက္ခလှလှကြီး တွေ့သွားတတ်ကြတယ်ဆိုတာ လူတွေအားလုံး အသိပဲ။

ကုန်သည်ပွဲစားလောကပဲဖြစ်ဖြစ်...

စီးပွားရေး လုပ်ငန်းရှင်ပဲဖြစ်ဖြစ်...

အာဏာရနေတဲ့ အမှုထမ်းပဲဖြစ်ဖြစ်...

အတ္တရှိသင့်တာထက် ရှိသွားရင်တော့ ဒီလူဟာ တစ်နေ့နေ့မှာ ကြောင်ကျ ကျမှာတော့ မဟုတ်ဘူး။ လူ့လောကထဲမှာ ဒီအတ္တကြောင့် မိမိကိုယ်ကိုမိမိ ဒုက္ခရောက်နေတာတွေလည်း ရှိကြတာပဲ မဟုတ်လား။ အတ္တလွန်ကဲလွန်းလို့ သောကဝေဒနာ တက်နေတဲ့ လူတွေလည်း စာရေးသူ အများကြီး တွေ့ဖူးပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့။ လူဟာ အတ္တသမား ဆိုပေမယ့် လူဟာ လူ့သိက္ခာ၊ လူ့ကျင့်ဝတ်နဲ့ညီတဲ့ အတ္တမျိုးလောက်နှင့် သူတစ်ပါးကို မထိခိုက်၊ မပုတ်ခတ်ဘဲ ရှိတဲ့ အတ္တမျိုးလောက်တော့ ထားသင့်ပါတယ်။

ဥပမာပြရရင်...

လက်ဝှေ့သမားတစ်ဦးဟာ တခြားလက်ဝှေ့သမားတစ်ဦးနှင့် သူသေကိုယ်သေထိုးလို့ အနိုင်ရပြီ ထင်ပေါ်ကျော်ကြားတာ ဆုငွေတွေ ရတာမျိုးဟာ မှန်ကန်တဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးပဲဆိုတာ လူတိုင်း လက်ခံကြမှာပါပဲ။



ဘောလုံးအသင်း တစ်ခုက အခြားဘောလုံးအသင်းတစ်ခုကို ယှဉ်ပြိုင်ကစားလို့ အနိုင်ရသွားတာနှင့် အနိုင်ရတဲ့အသင်းက ခေါင်းဆောင် ငါ့ကြောင့်လို့ ဆိုတာမျိုးကတော့ မမှန်ကန်တဲ့ အခွင့်အရေးမျိုးပဲ ဖြစ်ပါတယ်။

ထိုနည်းအတူ ရုံးတစ်ရုံး အဖွဲ့အစည်းတစ်ခုခုရဲ့ လုပ်ငန်းတစ်ခု အောင်မြင်သွားတာဟာလည်း ဒီရုံး ဒီအဖွဲ့အစည်းက လူကြီးတစ်ယောက်တည်းက ကောင်းလို့ မဟုတ်ပါဘူး။ ဒီရုံး ဒီအဖွဲ့အစည်းမှာ ပါဝင်တဲ့ အောက်ဆုံးက လူတွေ၊ အလယ်က လူတွေ၊ အထက်က လူတွေ၊ အားလုံးရဲ့ စွမ်းပကားကြောင့်ပဲ ဖြစ်ပါတယ်။

ထို့အတူပဲ တိုင်းပြည် တစ်ပြည်မှာ ဆိုရင်လည်း ပြည်သူရဲ့ စည်းလုံးညီညွတ်မှုကြောင့် အဲသည်တိုင်းပြည်ဟာ တိုးတက်အောင်မြင်တာပါပဲ။ လူဆိုတာ ဘယ်လိုအဆင့်အတန်းမျိုးကလူပဲဖြစ်ဖြစ် သူ့ဟာနဲ့သူတော့ တန်ဖိုးရှိကြတာပါပဲ။ လူဟာ လူပဲပေါ့။ ဒါကြောင့် လူချင်း အထင်မသေးဖို့ အရေးကြီးပါတယ်။

အတန်းအစားအလိုက် ကွာခြားချက်ကတော့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ဘဝသုံးပါးရဲ့ ပြုလုပ်ခဲ့တဲ့ ကံတွေကြောင့် ကားစီးတဲ့ အတန်းအစား၊ ကားမစီးရတဲ့ အတန်းအစား စသည်ဖြင့် အစားအသောက် အနေအထိုင်တွေကအစ မတူညီတာတော့ ရှိကြမှာပေါ့။ အဲ... ဒါပေမဲ့ ဖွဲ့စည်းထားတဲ့ ဒီခန္ဓာရုပ်ရဲ့ ဓာတ်သဘာဝကတော့ အတူတူချည်းပါ။

သေတော့လည်း ချမ်းသာတဲ့လူပဲသေသေ၊ ဆင်းရဲတဲ့လူပဲသေသေ၊ အာဏာရှိသူပဲသေသေ ဘယ်သူကထူးပြီးမွေးနေတယ်လို့ ကြားဖူးသလဲ။ ဒီအလောင်းကောင်ကြီးကို ဘယ်သူကများ ဘဲသေ ကြက်သေလောက် တန်ဖိုးထားကြသလဲ။

သက်တမ်းအားဖြင့်ကရော သူဌေးတွေက နောက်ကျသေ၊ ဆင်းရဲသားတွေက စောစောသေလို့ ရှိကြသေးလား။ အာဏာရှိသူတွေက နောက်ကျသေ၊ အာဏာမဲ့သူက စောစောသေလို့ကော ရှိခဲ့သလား။ ဒါတွေကို လေ့လာမယ်၊ အမှန်ကို အမှန်အတိုင်း သိကြမယ်၊ ယထာဘူတကျကျ လေ့လာမယ် ပြောမယ် ဆိုရင် လူတွေဟာ သူ့ဟာနှင့်သူတော့ တန်ဖိုးရှိတာပါပဲ။

စာရေးသူဟာ လူတစ်ယောက်ကို တော်တော်ပဲ ချီးကျူးမိပါတယ်။ ဒီပုဂ္ဂိုလ်ကို စာရေးသူ တွေ့ခဲ့စဉ်က သူဟာ ဆရာဝန်တစ်ယောက်ပါပဲ။ အဲဒီတုန်းကလည်း သူဟာ လူတိုင်းကို ဖော်ဖော်ရွေရွေနှင့် ဆက်ဆံတုတ်ခဲ့တယ်။

သူဟာ အဆင့်ဆင့် ရာထူးတက်သွားနေတာပါပဲ။ စာရေးသူနှင့်လည်း တစ်ခါတစ်ရံ တွေ့တွေ့နေပါတယ်။ သူဟာ စာရေးသူနှင့် တွေ့စက ဆရာဝန်တစ်ယောက်အနေနှင့်တွေ့ခဲ့ရပြီးနောက် သူ ဝန်ကြီးဘဝ ရောက်သွားခဲ့တယ်။ စာရေးသူကလည်း သူ့ကို အဲဒီဘဝမှာ ပြန်တွေ့ရပြီး သူဟာ ဘာမှ ပြောင်းလဲမှု မရှိဘူး။ ဝတ်စားပုံ၊ စကားပြောပုံတွေက



အစ အလျှင်က အတိုင်းပဲ။ ရိုးသားဖော်ရွေတာပါပဲ။ ဒီလိုပုဂ္ဂိုလ်မျိုးကိုတော့ စာရေးသူတင် မကဘူး။ သူ့ရဲ့အသိုင်းအဝိုင်းတွေကတော့ ခင်မင်ကြမှာပါပဲ။ ကူညီချင်စရာရှိလည်း ကူညီချင်ကြမှာပါပဲ။ ခေတ်စကားနဲ့ ပြောရရင် သူဟာ ဘဝကို မမေ့တဲ့ လူစားမျိုးပဲ ဖြစ်ပါတယ်။ လူကို လူလိုပဲ မြင်တတ်တဲ့ လူစားလို့ ခေါ်သင့်ပါတယ်။

စာရေးသူရဲ့ အသိထဲမှာပဲ တစ်ချိန်က အာဏာရှိတဲ့ ရဲအမှုထမ်းကြီးတစ်ဦး ရှိတယ်။ သူ အာဏာရှိချိန်၊ ရာထူးရှိချိန်မှာတော့ အရပ်ထဲမှာကော၊ သူ့ရုံးမှာကော၊ သူ့ပတ်ဝန်းကျင်မှာကော သူဟာ ထင်ပေါ်ပြီး မောက်ကြွားခဲ့တယ်။ လူတွေကို လူလိုမထင်ခဲ့ဘူး။ မြင်မြင်သမျှ လူတွေကို သူက မသက်သာတဲ့ အကြည့်မျိုး၊ တစ်နည်းအားဖြင့် တရားခံကြည့်ကြည့်ချင်တယ်ပေါ့။

ဥပမာနှင့် ပြောရရင်တော့ ဘုန်းကြီးလူထွက်မျိုး၊ ကျောင်းဆရာ ပင်စင်သမားမျိုးများလိုပေါ့။ နေရာဟာကာ ဩဇာပေးချင်တယ်။ နေရာတကာမှာ ဆရာကြီးပဲ လုပ်ချင်တယ်ပေါ့။ စောစောက ပြောခဲ့တဲ့ ရဲအရာရှိကြီးလည်း တစ်ချိန်ကတော့ ကားတဝီဝီနှင့် မော်ကြွားခဲ့တယ်။ ရွာထဲကလူတွေကိုလည်း လူလိုမမြင်ခဲ့ဘူးလေ။

အဲ... ဒါပေမဲ့ သင်္ခါရဆိုတဲ့ မြတ်စွာဘုရားတောင် မလွန်နိုင်တဲ့ တရားမျိုးနှင့်လည်း ဒီအရာရှိကြီး ကြုံခဲ့ရပြီး ရာထူးလည်း မရှိရော ရပ်ထဲကရော၊ သူ့ပတ်ဝန်းကျင်ကရော

ပါ ဘယ်မှာ အရေးလုပ်ပါ့မလဲ။ သူရဲ့ ဩဇာအာဏာဟာ လွင့်ခဲ့ ပျောက်ခဲ့ပြီ မဟုတ်လား။ ဒါကြောင့် လူဆိုတာ လူလူချင်း ဆက်ဆံတဲ့နေရာမှာ လူကို အထင်မသေးတတ်ဖို့နှင့် ကိုယ်ချင်းစာတရားရှိဖို့ လိုတယ်။

သောကဝေဒနာသမားတွေမှာ ရာထူးပြုတ်မှာတို့ ရာထူးကျမှာတို့ ပူပင်သောကရောက်ပြီး ဟိုဆရာသမားတွေ၊ ဘုန်းကြီးတွေနဲ့ ဓာတ်ရိုက် ဓာတ်ဆင်တဲ့ အရာရှိ မင်းစိုးရာဇာတွေဟာ တစ်ခေတ်ကဆို သိပ်ပေါတာပေါ့။ မယုံမရှိနဲ့။ စာရေးသူ ကိုယ်တွေ့ပါ။ စာဖတ်သူတွေလည်း တွေ့ဖူးမြင်ဖူးမှာပေါ့။

သူတို့ရဲ့ သောကဝေဒနာကလည်း ကြောက်စရာကောင်းတာပဲ။ ဒီသောကဝေဒနာဟာ သိပ်ပြီး မထိန်းသိမ်းနိုင်ရင် စိတ္တဇဆေးရုံကိုတောင် ရောက်သွားနိုင်ကြတယ်လေ။ စာရေးသူကိုယ်တိုင်လည်း စိတ္တဇဆေးရုံမှာ တော်တော်လေ့လာခဲ့ပါတယ်။

ရှေ့နေရူး ရူးတဲ့သူတွေ၊ ဆရာဝန်ရူး ရူးတဲ့သူတွေ၊ လင်တရူး ရူးတဲ့သူတွေ၊ မယားတရူး ရူးတဲ့သူတွေဟာ ပြောလို့ပဲ ကုန်တော့မှာမဟုတ်ဘူး။ သူတို့တွေဟာလည်း သောကဝေဒနာသမားတွေ မဟုတ်လား။ သောကတွေ သိပ်ထားလာရင် ဒီလိုလူစားမျိုးဟာ ရူးကြတာ များတယ်။ ဒါမှမဟုတ်လည်း စိတ်ဝေဒနာတွေကို ခံစားကြရတယ်။ ဒီတော့



အတတ်နိုင်ဆုံး လူဆိုတာ တွေ့ကြုံဆုံကြရမယ့် သောကတွေကို အတတ်နိုင်ဆုံးရင်ဆိုင်ကြရမယ်။ စိတ်ကို အတတ်နိုင်ဆုံးရင်ဆိုင်ကြရမယ်။ စိတ်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းပြီး ဘယ်လိုသောကမျိုးကိုမဆို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲကြရမယ်ပေါ့။

ပြဿနာတစ်ခု ဖြစ်လာပြီဆိုရင် ဒီပြဿနာဟာ သွေးအေးအေးနဲ့ ဖြေရှင်းရမှာလည်း ရှိတယ်။ လောလောဆယ် အကြံကောင်းယူပြီး ဖြေရှင်းရမှာလည်း ရှိတယ်။ လောလောဆယ်ဆယ် ထိုပြဿနာမျိုးကျတော့ အတတ်နိုင်ဆုံး ဖြတ်ထိုးဉာဏ်ကိုသုံးပြီးတော့ ဖြေရှင်းကြရတယ်။ အများအားဖြင့်တော့ ပြဿနာတွေကို အချိန်က ဖြေရှင်းပေးသွားကြတာတွေ ရှိတယ်ပေါ့။

ဥပမာ…

တစ်ဦးနှင့်တစ်ဦး အထင်လွဲမှားမှုတွေ၊ မကျေနပ်ချက်တွေ၊ သံသယတွေ ခိုက်ရန်ဒေါသဖြစ်မှုတွေ၊ နိုင်ထက်ကလူတွေ ပြုမူမှုတွေ၊ အလှဂုဏ် မာန်တက်ပြီး မခံချင်အောင် တစ်ဖက်သားကို ပြောမှုတွေ၊ ပညာဂုဏ်၊ ရာထူးဂုဏ်တက်ပြီး ပြောခံရသဖြင့် ဒေါသမခံချင်စိတ်မျိုးနဲ့ ကြုံခဲ့ရတာတွေ၊ စီးပွားရေးနှင့် အနိုင်ကျင့်ခံရတာတွေ ဒါတွေမျိုးကို လူတော်တော်များများပဲ ကြုံတွေ့ကြရမှာပဲ။

ဥပမာ…

ရုံးတစ်ရုံး၊ ဌာနတစ်ခုခု၊ စက်ရုံတစ်ရုံမှာ ဆိုပါစို့။ အာဏာရှိတဲ့ အုပ်ချုပ်ရေးပိုင်းကလည်း ဦးဘတုတ်ဟာ သူ့

လက်အောက်က မောင်ဖြူကို အမြဲတစေပဲ အာဏာပြပြီး မတရားနိုင်းခဲ့တာပဲဖြစ်ဖြစ်၊ သူလုပ်ပိုင်ခွင့် ရှိတာကို တစ်ယောက်နှင့် တစ်ယောက်ကို လူလိုမမြင်ဘဲ အထက်နှင့် အောက်ဆိုပြီး မတူမတန် သဘောထားပြီး ရရှိတဲ့အာဏာကို အသုံးပြုပြီး မောင်ဖြူကို ယဉ်ယဉ်ကျေးကျေး မဆက်ဆံဘဲ အထက်ဆီးနှင့် အာဏာကုန် အသုံးချပြီး နိုင်းခံခဲ့ရတယ်ဆိုရင် မောင်ဖြူအနေနှင့် ဘယ်ကျေနပ်နိုင်ပါ့မလဲ။ ဘယ်မှာ စိတ်ချမ်းသာနိုင်ပါ့မလဲ။ အဲဒါမျိုး ပြဿနာကျတော့ အချိန်ယူပြီး သည်းခံစောင့်ပါ။ အချိန်ကနေပြီး အဖြေပေးသွားမှာပါပဲ။

ခု စာရေးသူပြောတာကို မယုံမရှိပါနဲ့။ စာရေးသူရဲ့ ဘဝမှာ တော်တော်များများကို ဒါမျိုးနှင့် ပတ်သက်ပြီး ရုံးတွေ အုပ်ချုပ်ရေးပိုင်းတွေမှာ ကြုံခဲ့ရတယ်။ ဘယ်ဌာနမှာ ဖြစ်ဖြစ် ဒါမျိုးတွေကတော့ ရှိကြမှာပဲ။ မိုးပေါ်ကရုံးတွေမှာလည်း ဒါမျိုးပြဿနာတွေ ရှိကြတာပဲ။ မြေပြင်လောက အုပ်ချုပ်ရေးပိုင်းမှာလည်း ဒါမျိုးတွေ ရှိကြတာပဲ။

အဲ… ဒါပေမဲ့ ကိုယ်က ဒီအလုပ်က မထွက်သေးဘူးဆိုရင် အတတ်နိုင်ဆုံး သည်းခံနေပါ။ တစ်နေ့နေ့တော့ ဒီလူလည်း မမြဲပါဘူး။ သင်္ခါရလောကပဲ။ သူလည်းပဲ တစ်နည်းနည်းနဲ့ လွင့်သွားမှာပါပဲ။ စာရေးသူဟာ ဒီလိုလူမျိုးတွေကို အထက်မှာကော အောက်မှာကော နေရာမျိုးစုံမှာ ကြုံဖူး



ပါတယ်။ တော်တော်ကြာ အချိန်ကပဲ တစ်နေ့မဟုတ်တစ်နေ့ အဖြေပေးသွားကြတာပါပဲ။

သံသယတစ်ခုကြောင့် ပြဿနာဖြစ်ရင် ဒီပြဿနာအတွက် စိတ်မစောပါနှင့်။ သံသယကြောင့် မခံချင်စိတ်နှင့် ရုတ်တရက် တစ်ဖက်လူကို ပြောမှား ဆိုမှား၊ ပြောလွယ်ဆိုလွယ် မလုပ်လိုက်ပါနှင့်။ ဒီသံသယကို အချိန်ယူပြီး အေးအေးထားလိုက်ပါ။ အချိန်ဟာ တစ်နေ့နေ့မှာ အဖြေပေးသွားမှာပါပဲ။

ဥပမာကတော့…

လူငယ်တို့ဘာဝ ပြဿနာပဲဖြစ်ဖြစ်၊ လူမှုရေးပြဿနာပဲဖြစ်ဖြစ်၊ စီးပွားရေးပြဿနာပဲဖြစ်ဖြစ်ပေါ့။ ကိုယ်ကသာ မှန်မှန်နှင့် အေးအေး အနေမှန်မှန် နေသွားပါ။ တစ်နေ့နေ့ လိပ်ပတ်လည်သွားမှာပါပဲ။ အောင့်နိုင်လျှင် အကျိုးရှိတယ်ဆိုတာမျိုးပေါ့။

အချိန့်ကပဲ ကုစားသွားတာပဲ မဟုတ်လား။ အောင့်နိုင်တာနဲ့ ပတ်သက်လို့ ပြောရဦးမယ်။ စာရေးသူ ငယ်ငယ်က ကြားဖူးတယ်။ လူတစ်ယောက်ယောက်ဟာ ခရီးဝေးက အလာမှာ မိုးချုပ်လို့ လမ်းခရီးမှာ တွေ့တဲ့ဇရပ်တစ်ခုမှာ ဝင်တည်းပြီး သူအိပ်ဖို့လုပ်တုန်း၊ လူဆိုးသုံးဦးဟာ ဒီဇရပ်ကို ရောက်လာကြပြီး ဇရပ်နှင့် မနီးမဝေးမှာရှိတဲ့ သစ်ပင်တစ်ပင် အောက်မှာ သူတို့ရဲ့ ခိုးဝှက်တိုက်ခိုက်လာတဲ့ ရွှေ၊ ငွေ ပစ္စည်းတွေကို တွင်းတူးပြီး မြှုပ်ကြတယ်။

ဒါတွေကို ဇရပ်ပေါ်က ခရီးသည်ဟာ မှုန်မှုန်ဝါးဝါး လရောင်အလင်းရောင်နှင့် မြင်နေရတယ်။ သူ့အနေနှင့်လည်း ပြေးဖို့ဟာ အချိန်လည်း မရဘူး။ ထွက်ပေါက်ကလည်း လူဆိုးတွေနေတဲ့ဘက်မှာ ဖြစ်နေတယ်။ ဒါကြောင့် သူဟာ ရုတ်တရက် အကြံရပြီး ဇရပ်ပေါ်မှာပဲ ခရီးသွားရင်း သေနေတဲ့ပုံစံမျိုးနဲ့ နေလိုက်တယ်။

လူဆိုးတွေဟာ သူတို့ရဲ့ပစ္စည်းတွေ ဝှက်ထားပြီးတော့ ဇရပ်ပေါ်ကိုလာပြီး ပါလာတဲ့ အရက်တွေနဲ့ အစားအစာတွေကို စားမယ်အလုပ်မှာ သေချင်ယောင်ဆောင်နေတဲ့ ခရီးသည်ကိုကြည့်ပြီး အံ့သြသွားကြတယ်။ သူတို့က ခရီးသည်ကို ကန့်ကျောက်ကြည့်တယ်။ သေသလား၊ ရှင်သလားပေါ့။ ခရီးသည်ကလည်း အောင့်ပြီး သည်းခံနေတာပေါ့။

နောက်ဆုံး လူဆိုးတစ်ဦးက ပါလာတဲ့ဓားနဲ့ ခရီးသည်ရဲ့ နားရွက်တစ်ဖက်ကို ဖြတ်ကြည့်တယ်။ ခရီးသည်ဟာလည်း အောင့်ခံနေခဲ့တယ်။ ဒီတော့မှ လူဆိုးတွေဟာ ဒီလူဟာ တကယ့် လူသေဆိုပြီး ပစ်ထားကြပြီး သူတို့ပါလာတဲ့ အရက်နဲ့ အစားအသောက်တွေကို စားသောက်ပြီး ပြန်ထွက်သွားကြတယ်။

သူတို့လည်း ပြန်ရော ခရီးသည်ဟာ လူဆိုးတွေဖွက်ထားခဲ့တဲ့ ရွှေငွေတွေကို တူးဖော်ပြီး ဒီနေရာကနေ အမြန်ဆုံး ထွက်ခွာခဲ့တယ်။ ဒီလိုနဲ့ တစ်နှစ်လောက်ကြာတော့ ရွာတစ်ရွာက ဖဲဝိုင်းတစ်ခုမှာ ခရီးသည်နဲ့ လူဆိုးအဖွဲ့တွေ



တုန်းက ခရီးသည်ကို နားရွက်တစ်ဖက် ဖြတ်ခဲ့တဲ့ လူဆိုး တစ်ဦးဟာ ဆုံမိကြတယ်။ ဒီတော့ ဖဲရိုက်ရင်း လူဆိုးက…

"တူလိုက်တာလို့"

ဘေးလူတွေ မသိအောင် ပြောတယ်။ ဒီတော့ ခရီးသည်ဟာလည်း…

"တူဆို ဟုတ်တာကိုးလို့"

ဖဲရိုက်ရင်း ပြောတယ်။

ဒီတော့ လူဆိုးဟာ…

"အောင့်ပဲ အောင့်နိုင်တယ်"လို့

ပြောတယ်။

"အောင့်နိုင်ရင် အကျိုးရှိတယ်လေ"

လို့ ပြောပြီး ဖဲဝိုင်းက ထပြန်လာခဲ့တယ်ဆိုပဲ။

လောလောဆယ် ဖြေရှင်းရမယ့် ကိစ္စမျိုးဆိုရင်တော့ အတတ်နိုင်ဆုံး အကောင်းဆုံးသော အကြံဉာဏ် ဖြတ်ထိုးဉာဏ်မျိုးကိုယူပြီး ဖြေရှင်းလိုက်ပါ။ မလွဲမသွေ ရင်ဆိုင်ရမယ့် ပြဿနာမှန်သမျှကို ချက်ချင်းပဲ ရင်ဆိုင်ဖြေရှင်းလိုက်ပါ။ ရှောင်မနေပါနဲ့။ ရှောင်လို့ရမယ့် ပြဿနာမျိုးကျတော့ ရှောင်နေရင်း တစ်နေ့နေ့ကျတော့ ပြဿနာဟာ ပြေလည်သွားမှာပါပဲ။

ကြာတော့ ကြာပါပြီ။

သူငယ်ချင်းတစ်ယောက်ဟာ သူ့သူငယ်ချင်းရဲ့နှမကို ခိုးပြေးတယ်။ နှမအတွက် အစ်ကိုလုပ်သူဟာ ဒေါသထွက်

ပြီး သူ့သူငယ်ချင်းနှင့် နမကို သတ်ပစ်မယ်ဆိုပြီး လိုက်ရှာတယ်။ ဒီတော့ သူတို့နှစ်ယောက်သားဟာ တစ်မြို့ကိုထွက်ပြေးပြီး ပုန်းအောင်းနေကြတယ်။ တစ်လကျော်ကျော်ကြာမှ မိဘတွေက ပြန်ခေါ်ပြီး လက်ထပ်ပေးလိုက်တယ်။ အဲဒီ မင်္ဂလာလက်ထပ်ပွဲမှာ ညှိခံသူကတော့ စောစောပိုင်းက နမနဲ့ယောက်ဖကို သတ်မယ်ဆိုတဲ့ ကောင်မလေးရဲ့အစ်ကိုပေါ့။

ဒါကြောင့်မို့ ပြဿနာတစ်ခုဟာ ချက်ချင်း ရင်ဆိုင်ဖြေရှင်းရတာလည်း ရှိတယ်။ နောက်ကျမှ အချိန်ယူဖြေရှင်းရတာလည်း ရှိတယ်။ ဒါမျိုးပြဿနာကို စောစောကသာ မခံချင်စိတ်နဲ့ ရင်ဆိုင်ကြမယ်ဆိုရင် အခြေအနေဟာ စိုးဆိုးဝါးသွားနိုင်ကြတာပေါ့။

လူငယ်တစ်ယောက်ကို ပြဿနာတစ်ခုအတွက် သူ့ရဲ့ ဌာနအကြီးအကဲက သူနဲ့လာတွေ့ဖို့ ခေါ်ထားတယ်။ ဒီ သူငယ်ဟာ သူ့အပြစ်ကြောင့် ဒီပြဿနာကို ရင်မဆိုင်ရဲဘဲ ရှောက်နေခဲ့တယ်။ ခွင့်ယူခဲ့တယ်။ နောက် စာရေးသူကို အကြံဉာဏ်တောင်းလို့ ရင်ဆိုင်ဖို့ တိုက်တွန်းအားပေးလိုက်တော့မှ သူဟာ အထက်အရာရှိနဲ့ တွေ့ဆုံပြီး ပြဿနာကို ဖြေရှင်းလိုက်တယ်။ သူ မှားတာကို ဝန်ခံတယ်။ ပေးတဲ့ အပြစ်ကို ယူလိုက်တယ်။

အဲဒီတော့ ပြဿနာဟာ ပူပင်မနေရတော့ဘူး။ သူလည်း တရှောင်ရှောင် လုပ်မနေရတော့ဘူး။ ဘယ်လောက်



စိတ်ချမ်းသာသလဲ။ ဒါမျိုးပြဿနာကျတော့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်စမ်းပါ။ ဘာလို့ သောကကို ရင်ဝယ်ပိုက်ထားရမှာလဲ။ ဖြေရှင်းမှ ရင်ဆိုင်မှ ပြီးမယ်ဆိုရင် မြန်မြန်ဖြေရှင်း ရင်ဆိုင်လိုက်စမ်းပါ။ ဒီအပူကို နောက်နေ့ နောက်နေ့တွေအထိ သယ်ပိုးမထားချင်စမ်းပါနဲ့။

ဒါထက် တစ်ခါတည်း ပြဿနာတစ်ခုကို တင်ပြပါရစေ။

စာရေးသူနဲ့ ခင်မင်နေတဲ့ သူငယ်ချင်းမတစ်ယောက်ရှိတယ်။ သူဟာ ဘွဲ့ရပြီးသားပါ။ အလုပ်တော့ မရှိသေးဘူး။ သူ့ကို မိဘတွေက ချမ်းသာတဲ့ သူငယ်တစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ကြိုးစားတယ်။ တိုက်တွန်းတယ်။ သူကလည်း ဒီသူငယ်ကို မယူချင်ဘူး။ သူ့မှာ ငယ်ချစ်တစ်ယောက်ကို မေတ္တာမျှထားတာ ရှိတယ်။ ကောင်လေးကတော့ အလုပ်ရှိတယ်။ မချမ်းသာဘူး။ သူ့မှာ မိဘကိုလည်း မပြောရဲတော့ ခက်နေတယ်။ နောက်ဆုံး သူ့ချစ်သူနဲ့ ခိုးရာလိုက်ပြေးမယ် လုပ်တယ်။

စာရေးသူက သူ့ကို အကြံဉာဏ်ပေးတယ်။ မိဘကို ဖွင့်ပြောပြလိုက်ပါ။ ရဲရဲရင်ဆိုင်လိုက်ပါ။ မိဘက မကျေနပ်ဘူး သဘောမတူဘူး ဆိုတော့မှ ကိုယ်ကြိုက်တာ ကိုယ်လုပ်ပေါ့လို့ ပြောလိုက်တယ်။

နောက်ဆုံး ကောင်မလေးက သူ့ကအဖေကို ဖွင့်ပြောတယ်။ သူ့ချစ်သူပဲ သူယူချင်ကြောင်း၊ တခြားလူကို မေတ္တာ

မရှိကြောင်း ပြောလိုက်တယ်။ ရုတ်တရက်တော့ သူ့မိဘက သဘောမတူဘူး။ နောက်ဆုံး ပြောမရတော့မှဘဲ သူ့ထိုက်နဲ့ သူ့ကံပဲဆိုပြီး ကောင်မလေးချစ်သူနဲ့ပဲ လက်ဆက်ပေးလိုက်ကြတယ်။

တကယ်လို့သာ ကောင်မလေးက ဒီကိစ္စကို ရင်မဆိုင်ရဲဘဲ အိမ်ကထွက်ပြေးရင်လည်း မကောင်းဘူး။ သူ မကြိုက်မနှစ်သက်တဲ့သူနဲ့ လက်ထပ်ရမယ်ဆိုလည်း ဒီအိမ်ထောင်ရေးဟာ ကောင်း,မကောင်း၊ သာယာ,မသာယာ ဆိုတာ မသိနိုင်ဘူး။ တစ်ဖက်က ငယ်ရည်းစားခများလည်း စိတ်သောက ရောက်နေရမှာပေါ့။ အဲဒီတော့ ရင်ဆိုင်လိုက်စမ်းပါ။ ဘာလို့ ဝေ့လည်ကြောင်ပတ် လုပ်နေမှာလဲ။

ကုန်သွယ်ရေးခေတ်က ကုန်သွယ်ရေးလက်အောက်က အခြေခံဆိုင်တစ်ဆိုင်က အရောင်းစာရေးတစ်ဦးဟာ ဆိုင်ကငွေတွေကို သုံးပစ်တယ်။ စာရင်းစစ်တဲ့အခါမှာ ငွေကွာလို့ သူ့ကို အရေးယူတယ်။ သူငယ်က ရှောင်ပြေးနေတယ်။ တစ်လလောက်ကြာတော့ စာရေးသူက သူ့ကို လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ခေါ်ပြီးနားချတယ်။ ခုလို မိကွဲဖကွဲ ပြေးနေမယ့်အစား ပြဿနာကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခိုင်းတယ်။ ပေးတဲ့အပြစ်ကို ခံယူဖို့နှင့် ရှေ့နေငှားခိုင်းပြီး အမှုကိုရင်ဆိုင်ခိုင်းတယ်။

သူလည်း မကြာမီ ရက်ပိုင်းမှာ အဖမ်းခံရပြီး အမှုကို ရင်ဆိုင်တယ်။ သူ့တကယ် ငွေတွေသုံးတာ မှန်နေတော့



တရားရုံးမှာ အပြစ်ရတာပေါ့။ တစ်နှစ်လောက်တော့ အထဲမှာ နေပြီး ပြန်ထွက်လာတယ်။

အဲ… ခုတော့ သူလည်း လွတ်လွတ်လပ်လပ် နေနိုင်သွားပြီပေါ့။ ဘာမှလဲ ပုန်းလျှိုးကွယ်လျှိုး နေစရာ မလိုတော့ဘူး။ ရင်ဆိုင်ရမယ့်ဟာ ရင်ဆိုင်။ ဘာမှ နောက်တွန့်နေစရာ မလိုဘူး။ ရဲရဲသာ ရင်ဆိုင်လိုက်ပါ။ မြန်မြန်ရင်ဆိုင်ဖြေရှင်းလိုက်ရင် မြန်မြန်ပြီးသွားကြတာပေါ့။

အိမ်ထောင်ရေး တစ်ခုနှင့် ပတ်သက်ပြီး လူတစ်ယောက်ဟာ စာရေးသူထံကို အကြံဉာဏ်လာတောင်းတယ်။ ပြဿနာကတော့ သူရဲ့မိန်းမဟာ ကလေးသုံးယောက်မိခင်ဖြစ်ပေမယ်လို့ လင်ငယ်နေတဲ့ ပြဿနာပါပဲ။ လင်ဖြစ်သူကလည်း မယားကို ပြောမရ ဆိုမရ။ ကိုယ်ကလည်း မပြတ်နိုင် ဖြစ်နေတယ်။ သူ့မှာ တော်တော်ပဲ သောကရောက်နေရရှာတယ်။

ဒီကိစ္စမျိုးက တော်တော်လည်း ဖြေရှင်းရခက်တဲ့အလုပ်ပဲ။ ရန်ကုန်မြို့ပေါ်မှာရော နယ်တွေမှာရော ဒါမျိုးပြဿနာတွေဟာ ရှိကြတာပါပဲ။ တချို့လည်း တရားစွဲ၊ တချို့လည်း ရိုက်ကြ နှက်ကြနဲ့ပေါ့။ စာရေးသူက အကြံဉာဏ်တောင်းလာတဲ့သူကို ပြောပါတယ်။ ခင်ဗျား တရားစွဲမလားလို့။ သူ ဒါလည်း မလုပ်ချင်ဘူး ပြောတယ်။ မိန်းမကို ပြတ်နိုင်သလားလို့ မေးတော့လည်း မပြတ်နိုင်ဘူးတဲ့။

ဒီတော့… ပြဿနာဟာ ဘေးလူအနေနဲ့ ဖြေရှင်းရမှာ တော်တော်ပဲ ခက်တဲ့ကိစ္စမျိုးပဲ။ သူများလင်မယားကြား ဝင်ရမှာက တော်တော်ကို မလွယ်တဲ့ကိစ္စ။ နောက်ဆုံး စာရေးသူက မိန်းမကို ပျောင်းဖျမရတဲ့အဆုံး သူ့ကို လွှတ်သာထား လိုက်ဖို့ပဲ ပြောရတာပေါ့။ သူ့ဘာသာသူ တစ်ချိန်ချိန်မှာ နောင်တရရင်လည်းရ၊ မရရင်လည်း ကိုယ့်ကုသိုလ်ပဲလို့ ဖျောင်းဖျအားပေးခဲ့တယ်။

သူ့ကို နောက်မိန်းမ ယူနိုင်းရအောင်လည်း သားသမီး လေးတွေ မျက်နှာက ရှိသေးတယ်။ သူ့ကို သွေးတိုးစမ်း ကြည့်တော့လည်း သူက ဒီမိန်းမမှ ဒီမိန်းမ ဆိုတော့ ခက် သားလား။ စာရေးသူက သူ့ကို သည်းခံဖို့ပဲ တိုက်တွန်းရ သည်။ ရုံးတက် တရားစွဲလို့လည်း သူ့မှာ ငွေကြေး မပြည့်စုံ၊ ငွေကြေး ပြည့်စုံသည်ပဲထားဦး။ ဒီမိန်းမ ကိုယ်တိုင်က ပြင် မှပဲ ရမယ့်ကိစ္စမျိုး မဟုတ်လား။ စာရေးသူ ဒီလိုမိန်းမမျိုးတွေ ကို ရန်ကုန်မြို့ပေါ်မှာ တော်တော်လေးတွေ့ဖူးသည်။ သူတို့ စိတ်က အမျိုးမျိုးရှိသည်။

- တချို့က စီးပွားရေးကြောင့် ဖြစ်သည်။
- တချို့က ဝါသနာဗီဇကြောင့် ဖြစ်သည်။
- တချို့က အခြေအနေအရပ်ရပ်ကြောင့် ဖြစ်ရသည်။

ဒီအထဲမှာ ဝါသနာဗီဇကြောင့် ဖြစ်သော မိန်းမျိုးက တော့ ပြန်လည်ပြုပြင်နိုင်ဖို့ တော်တော်ပဲ ခက်သည်။ တစ် ယောက်မဟုတ် တစ်ယောက်နှင့်ပဲ ဖောက်ပြန်နေမည်ဖြစ်



သည်။ သည်လိုမိန်းမမျိုး ရထားသော ယောက်ျားများအဖို့ တော့ သောကကို ခံစားရမှာ သေချာသည်။

ဒါပေမဲ့ သားသမီး မရသေးရင် (ဝါ) သားသမီးရလို့ တခြား မိကြီး ဘကြီးတွေနှင့် ခွဲထားနိုင်ရင် ပို့ထားနိုင်ရင် တော့ ကိုယ်နဲ့လိုက်ဖက်မယ့် နောက်အိမ်ထောင်သစ်တစ်ခုကို တည်ထောင်ဖို့ပဲ အကြံညာဏ်ပေးရ၍ ရှိတော့သည်။

စာရေးသူလည်း တစ်ခါတစ်ခါ လူ့လောကမှာ တွေ့ ကြုံရပါတယ်။ မဖြစ်နိုင်ဘူးလို့ လူအများက ထင်တာတွေ လည်း လက်တွေ့မှာ ဖြစ်နေကြတာတွေကို တအံ့အသြ တွေ့ ကြုံရတတ်ပါတယ်။

လူဆိုတာကလည်း ခက်သားလား။ တစ်ယောက်နှင့် တစ်ယောက် အတွေးအခေါ်ချင်း အယူအဆချင်း မတူကြ တော့ ကိုယ်စိတ်ကြိုက်ရာ ကိုယ်ကောင်းမယ် ထင်တာဆို ဘာပဲဖြစ်ဖြစ် ဘယ်သူကောင်းကောင်း၊ ဘယ်သူကြိုက် ကြိုက် မကြိုက်ကြိုက် ကိုယ်ကြိုက်ရင် ကိုယ်လုပ်ကြတဲ့ သူတွေ ရှိကြသလို ပတ်ဝန်းကျင်ကို ဓိနှိပ်ခေါ်တဲ့သူတွေလည်း ရှိကြတာပါပဲ။

လူတိုင်းမှာတော့ တစ်နည်းမဟုတ် တစ်နည်း ဆိုသလို သောကတွေ ရှိကြပေမယ့် ဒီသောကကို ကိုယ့်နည်းကိုယ့် ဟန်နဲ့ ဖြေရှင်းနေကြရတယ်။ ဘယ်လိုပြောပြော ကိုယ်က ဖန်တီးလို့ရတဲ့ သောကပဲဖြစ်ဖြစ်၊ သူတစ်ပါးက ဖန်တီးလို့ ရတဲ့ သောကပဲဖြစ်ဖြစ် အတတ်နိုင်ဆုံး ရင်ဆိုင်ရဲရမှာပေါ့။

ကြုံကြုံခိုင်ခိုင်တဲ့ သတ္တိရှိရမှာပေါ့။ ဒါမှလည်း သောကခံကို ရင်ဆိုင်ရဲမှာပဲ။ တချို့ဆိုရင် သောကခံကို ရင်မဆိုင်ရဲလို့ ကိုယ့်ကိုယ်ကိုယ် ဘဝကို အရှုံးပေးသွားရတာတွေ အများကြီးကို တွေ့ဖူးပါတယ်။

တစ်ခါကလည်း ဇနီးဖြစ်သူ နောက်ယောကျ်ားယူသွားတာကြောင့် မိမိစိတ်ကို မထိန်းနိုင်ဘဲ ကလေးငယ်နှစ်ယောက်နဲ့အတူ လင်ဖြစ်သူ မြစ်ထဲကို ခုန်ချပြီး ဘဝကို အရှုံးပေးသွားတာ သိလိုက်ရတယ်။

အမှန်တော့ ဒီလိုနေရာမှာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကလည်း လိုတယ်။ လူတစ်ယောက် အိမ်ထောင်တစ်ခုဟာ ဒီလိုပြဿနာမျိုး ဖြစ်လာတာ ကြုံတွေ့လာတာသိရင် ဝိုင်းဝန်း မိတ်ကောင်းဆွေကောင်းပီပီပဲဖြစ်ဖြစ်၊ လူလူချင်း ကိုယ်ချင်းစာစွာနဲ့ပဲဖြစ်ဖြစ် ဝိုင်းဝန်းအားပေးရမယ်။ တရားချရမယ်။ ကူညီသင့်တယ်ပေါ့။

အများအားဖြင့်တော့ ရန်ကုန်မှာနေကြတဲ့ သူတွေဟာ ရိုင်းပင်းကူညီမှု နည်းပါးကြတယ်။ တစ်လမ်းထဲမှာပဲဖြစ်ဖြစ်၊ နေကြတာချင်း အတူတူတောင်မှ တစ်ယောက်နှင့်တစ်ယောက်၊ တစ်အိမ်နှင့်တစ်အိမ် စီးပွားရေးကအစ မနာလို ဝန်တိုတတ်ကြတယ်။ သူများအိမ်က စားနိုင်သောက်နိုင်ရင်တောင် အလကားနေရင်း ကြည့်မရ ဖြစ်နေတယ်။

ဗုဒ္ဓရဲ့ အလိုတော်အရပဲဖြစ်ဖြစ်၊ သိတတ်တဲ့လူတွေအနေနှင့်ဖြစ်ဖြစ်၊ ဒီလို မနာလိုစိတ် မွေးတာကို မကြိုက်ကြ



ဘူး။ ကိုဖြူ ကားစီးသွားလို့ ကိုယ်ကားမစီးနိုင်တာနှင့် မနာလိုစိတ်မျိုး၊ သွားပုပ်လေလွင့် စကားမျိုး မပြောသင့်၊ မထားသင့်ဘူး။ ဒီလိုစိတ်မျိုးထားတဲ့သူဟာ ဒီဘဝကော၊ နောင်တမလွန်ဘဝကော မကောင်းဘူးဆိုတာ လူတွေလည်း သိကြပါတယ်။

ဘာသာတိုင်းကလည်း ဟောကြားထားကြပါတယ်။ ဒါကြောင့် မနာလိုစိတ်မွေးပြီး သောကဝေဒနာကို မခံစားပါနှင့်။ ခုခေတ်လူတွေကတော့ တခြား သူစိမ်းတစ်ရံစာကောင်းစားတာကို မဆိုထားနှင့် ကိုယ့်ညီအစ်ကို မောင်နှမချင်း ကောင်းစားတာတောင်မှ တယ်ပြီး မလိုလားကြဘူး။ အဲဒီလို မနာလိုစိတ်မွေးလေ ကိုယ်ပဲ သောကရောက်လေပါပဲ။

ဥပမာကတော့...

ရေးဘုရင်လက်ထက်က ခဝါသည်တစ်ယောက်ဟာ မိမိရဲ့ကြိုးစားမှုကြောင့် ကြီးပွားချမ်းသာလာသတဲ့။ ဒီတော့ သူတို့အိမ်အနီးမှာနေတဲ့ ခဝါသည်ရဲ့သူငယ်ချင်း အိုးလုပ်သည်ဟာ တော်တော်လေးကို မနာလိုဖြစ်နေသတဲ့။ ခဝါသည်ရဲ့ မိန်းမ ဝတ်တာ၊ စားတာကအစ အိုးလုပ်စားတဲ့သူရဲ့ မိန်းမကပါ မနာလိုဖြစ်ပြီး စောင်းမြောင်း ပြောဆိုသတဲ့။

ဒါပေမဲ့... ခဝါသည် လင်မယားကတော့ သဘောထားကြီးကြီးနှင့် အသိချင်ဟန်ဆောင်နေသတဲ့။ သဘောကတော့ ခွေးဟောင်တိုင်း ခေါင်းထောင်မကြည့်ဘူး ဆိုတဲ့

သဘောပေါ့လေ။ ဟုတ်တော့ ဟုတ်တာပေါ့။ ပတ်ဝန်းကျင်ဆိုတာမျိုးဟာ ဘယ်ခေတ်၊ ဘယ်မြို့၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ့်ထက်သာရင် မနာလိုတာ ထုံးစံပဲ။ နောက်ပြီး တစ်ဖက်လူကို ဝေဖန်ရမလားဆိုလည်း အပ်ထောက်ပြီး အပြစ်ရှာကြတာကိုး။

ကြည့်ပါလား…။

တစ်ခါက သားအဖနှစ်ယောက် မြင်းတစ်ကောင်နှင့် ခရီးသွားတာကိုး။ အဖေက သားကိုချစ်တော့ မြင်းကို သားပေးစီးစေပြီး အဖေက ခြေလျင်လိုက်သတဲ့။

ဒီတော့ လမ်းမှာတွေ့တဲ့သူတွေက ပြောသတဲ့။

"ဒီသားဟာ တော်တော်ရိုင်းတယ်။ အဖေကိုတော့ လမ်းလျှောက်ခိုင်းပြီး သူကတော့ မြင်းပေါ်ကကြော့လို့"

ဒီတော့ သားက မြင်းပေါ်ကဆင်းပြီး အဖေကိုစီးစေသတဲ့။ လမ်းတစ်ဝက်ရောက်တော့ လူတစ်စုနှင့် တွေ့သတဲ့။

"ဒီအဖေဟာ တော်တော်ရက်စက်တဲ့ အဖေပဲ။ သားကတော့ ခြေလျင်လျှောက်ရတယ်။ သူကတော့ မြင်းပေါ်က အခန့်သားလိုက်လို့"

လို့ ပြောကြပြန်သတဲ့။

ဒီတော့ သားအဖနှစ်ယောက်က မြင်းပေါ်ကို နှစ်ယောက်သား တက်စီးပြီး သွားကြပြန်သတဲ့။ မကြာမီ လူ တွေနဲ့တွေ့ကြတော့…



"ဟောဗျို… ဟောဗျို… ဒီသားအဖ မြင်းကို နှိပ်စက်တာပဲ။ တော်တော် အကြင်နာမဲ့တဲ့ သားအဖပဲ။ မြင်းကတော့ သေတော့မှာပဲ"

လို့ ပြောသတဲ့။

ဒီတော့ သားအဖလည်း မြင်းပေါ်က ခုန်ဆင်းကြပြီး ခရီးမှာတွေ့တဲ့ နွားလှည်းတစ်စီးကိုငှားပြီး မြင်းကိုတင်၊ သူ့တို့သားအဖ လှည်းပေါ်တက်ပြီး ခရီးဆက်ခဲ့ကြသတဲ့။ ရွာတစ်ရွာကိုရောက်တော့ လူတွေက ဝိုင်းအုံကြည့်ပြီး ရယ်မောပြောဆိုကြပြန်သတဲ့။

"တော်တော် ရယ်စရာကောင်းတဲ့ သားအဖပဲ။ မြင်းတစ်ကောင်လုံး ရှိတာတောင် ခရီးမသွားတတ်ဘူး။ လှည်းငှားစီးကြသတဲ့။ တော်တော်ဉာဏ်မရှိတဲ့ သားအဖလို့"

ဝိုင်းပြောကြပြန်သတဲ့။

ဒီတော့ အဖေလည်း စဉ်းစားမိလာတယ်။ လူတွေဟာ တော်တော်ပဲ အပြစ်တင် ဝေဖန်ချင်ကြတာပဲ။ လောကမှာ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် လုပ်တာပဲ ကောင်းပါတယ်။ လူတွေ ပြောတိုင်း၊ လူတွေ ဝေဖန်တိုင်းသာ လျှောက်လုပ်နေရမယ်။ နားထောင်နေရမယ်။ ဂရုစိုက်နေရမယ် ဆိုရင်တော့ ဘာဆိုဘာမှလဲ အလုပ်ဖြစ်မှာ မဟုတ်တော့ဘူးလို့ ညည်းတွားပြီး လှည်းပေါ်ကဆင်းပြီး မြင်းပေါ်ကို သားအဖနှစ်ယောက် တက်စီးပြီး ခရီးနှင်လာတယ်။

သူတို့နှစ်ယောက်ရဲ့ နားထဲမှာလည်း ဥမ်းတွေဆို့ထားတယ်။ ဒါကြောင့် လမ်းခရီးမှာ တွေ့တဲ့သူတွေက ထပ်ပြီး ဝေဖန်ကြ၊ ပြောကြပေမယ့် သူတို့သားအဖကတော့ ဘာမှ မကြားရတော့ဘူးလေ။ သူတို့သားအဖ ရည်ရွယ်လာတဲ့ ခရီးပန်းတိုင်ကိုလည်း အောင်မြင်စွာနဲ့ပဲ ရောက်ရှိခဲ့ကြတယ်။

ထိုနည်းအတူပဲ ပတ်ဝန်းကျင်က ဘာပဲပြောပြော ကိုယ်လုပ်စရာရှိတာကိုသာ လုပ်ပါ။ သူတို့တွေရဲ့ မနာလိုမှုပြစ်တင်မှုတွေကို ဂရုမပြုပါနဲ့။ ခဝါသည်လင်မယားကလည်း အိုးလုပ်တဲ့ လင်မယားရဲ့ ပြုစုစောင်းမြောင်းခြင်းကို ဂရုမပြုဘူးတဲ့။ ဒီတော့ အိုးလုပ်သူ လင်မယားက တယ်ပြီးဘဝင်မကျဖြစ်လာပြီး ဒီလင်မယားကို ခုခေတ်စကားနဲ့ဆိုင် အတို့အထောင်လုပ်ဖို့ စဉ်းစားနေတယ်။

အဲ… နောက်ဆုံးတော့ သူ့လက်လှမ်းမီရာ အပေါင်းအသင်းဖြစ်တဲ့ ဆင်ဦးစီးကို သတိရပြီး တိုးတိုးတိတ်တိတ် တိုင်ပင်သတဲ့။ သူ့ရဲ့အကြံဉာဏ်ကို ရှင်ဘုရင်ရဲ့ ဆင်ဦးစီးကလည်း မဟာပညာရှိကြီးတစ်ဆူ အနေနဲ့ ရှင်ဘုရင်ကို လျှောက်ထားသတဲ့။

"နေလို လလို ဘုန်းတန်ခိုး အရှိန်အဝါ တောက်ပသော…"

ဘာဲဘာညာညာနဲ့ ရှင်ဘုရင်ကို အမျိုးမျိုး အမွှန်းတွေတင် မြှောက်ပင့်ပြီး ချီးမွမ်းခန်းတွေ အမျိုးမျိုးဖွင့်နေမှာပေါ့။ ဘုရင်ကလည်း ဆင်ဦးစီးရဲ့ အချီအမွှမ်း အပင့်အမြှောက်တွေကြားမှာ ရတနာပီတိ ဥမ်းဆီထိသလို နစ်မြောနေတုန်း ဘုရင်ကြီးရဲ့ ဆင်မည်းတော်ကို ဆင်ဖြူတော်ဖြစ်အောင် ခဝါသည်ကို ခဝါတင် လျှော်ပေးဖို့ အမိန့်ပေးခိုင်းသတဲ့။



ရှင်ဘုရင်ကလည်း မိုးမမြင် လေမမြင် မြှောက်နေတုန်းမှာ အမှားအမှန် မစဉ်းစားနိုင်ဘဲ အဲ… ဟုတ်တယ်။ ငါလည်း ဘုန်းသမ္ဘာရှင် ဖြစ်ရဲ့သားနှင့် ဆင်မည်းကို မစီးချင်တော့ဘူး။ ခဝါသည်ကို ဆင်မည်း ဆင်ဖြူဖြစ်အောင် ခဝါတင်စေလို့ အမိန့်ချလိုက်တယ်။

ကဲ… ဘာတတ်နိုင်မှာလဲ။ ခုခေတ်လို ကိုယ်နဲ့မတည့်သူကို ကိုယ်အမြင်ကတ်သူ၊ ကိုယ့်ထက်သာလို့ အနာလိုတာနဲ့ ဟုတ်တာကော မဟုတ်တာကောကို လုပ်ကြံပြီး ပစ်စာပို့နေတာ မဟုတ်။ တိုက်ရိုက်လျှောက်ထားလိုက်တဲ့ ခေတ်ဆိုတော့ ခဝါသည်လည်း အငိုက်မိသွားတာပေါ့။

အဲ… ဒါပေမဲ့ …

မြွေမြွေချင်း ခြေမြင်ဆိုသလို ခဝါသည် လင်မယားကလည်း အိုးလုပ်သည့် လင်မယား ဆင်ဦးစီးအိမ် ခဏခဏသွားပြီးနေတာ မြင်ထားမိတော့ အင်း… ဒီစနက်ဟာ သင်းလက်ချက်ပဲ။ ငါ့ဘက်လာတဲ့ မြားဦးကို ငွေ့ရှောင်ပြီး သူ့ဘက်ပြန်ခွေပေးလိုက်မယ် ဆိုပြီးတော့…

"အရှင်… ဘုန်းရှင် ကံရှင်" ဘာညာပေါ့လေ။ နောက်ဆုံးတော့ ဆင်မည်းကြီးကို ခဝါတင် ပြုတ်လျှော်ဖို့

ဆင်ဝင်နိုင်တဲ့ အိုးကြီးတစ်အိုး လုပ်ပေးရန် လျှောက်ထားတယ်။

ဒီတော့ ဘုရင်က အိုးလုပ်သည်ကို ဆင်ပြုတ်ဖို့ ဆင်ဝင်နိုင်တဲ့ အိုးကြီးတစ်အိုး လုပ်ပေးရန် လျှောက်ထားတယ်။

ဒီတော့ ဘုရင်က အိုးလုပ်သည်ကို ဆင်ပြုတ်လျှော်ဖို့ ဆင်ဝင်နိုင်တဲ့ အိုးလုပ်ပေးရန် အမိန့်တော် ချမှတ်တယ်။

"ဟိုက်... မြတ်စွာဘုရား ဒုက္ခပါလား" လို့ တ,ပြီး အိုးသည်ဟာ မတ်တတ်က လဲကျသွားတယ်။

ဒီတော့ အိုးလုပ်သည်ရဲ့မိန်းမက သူ့ယောက်ျားကို နှာနှပ်ပြီး သတိရတော့ ပြောတယ်။

"ဘာဖြစ်လို့ ဒုက္ခကို ခဏခဏညည်းရသလဲ။ ဒီနေ့ လုပ်စရာရှိတာ ဒီနေ့လုပ်မှပေါ့" လို့ ပြောတယ်။ ဒီတော့မှ အိုးလုပ်သည်လည်း ဆင်ဝင်နိုင်အောင် အိုးတွေ လုပ်ပေး။ ဆင်ကဝင်လိုက် အိုးကကွဲလိုက်။ နောက်ထပ် လုပ်လိုက် ဆင်ကဝင်လိုက် အိုးကကွဲလိုက်နှင့် သံသရာလည်နေတာပဲ။ နောက်ဆုံးတော့ မနာလိုစိတ်မွေးမိတဲ့သူဟာ ပျက်စီးဆုံးရှုံးသွားရတယ်။

ဒါကြောင့်ပဲ လူတွေဟာ မနာလိုစိတ်ဆိုတာ မမွေးသင့်ဘူး။ မနာလိုစိတ် မွေးတဲ့သူဟာ ဒီဘဝလည်း စိတ်ဆင်းရဲတယ်။ နောင်ဘဝလည်း မကောင်းဘူး။ အဲ... သူ့လိုဖြစ်ချင်ရင် သူ့လိုလုပ်ပေါ့။ သူ့လို ကြိုးစားပေါ့။ ဘာလို့မဖြစ်ရမှာလဲ။ လုပ်ရင်ဖြစ်မယ်ဆိုတဲ့စိတ်ကို အမြဲမွေးရတယ်။



"ဒီနေ့ မဖြစ်ရင် နောက်နေ့ ဖြစ်ရမယ်" လို့ အမြဲယုံကြည်စမ်းပါ။ လုပ်စမ်းပါ။ ကြံစမ်းပါ။ ဉာဏ်ထုတ်ပါ။ ဖွဲ့ရှိပါ။ ဝီရိယထားပါ။ သူက ကိုယ့်ထက် အကြံဉာဏ်သာသွားလို့ ဒီနေ့ဖြစ်ရင် ဒီနေ့အောင်မြင်ရင်လည်း ဒီနေ့မဖြစ်ရင် တောင်မှ မနက်ဖြန် ဖြစ်ရမှာပဲ။ အကယ်၍ "သင့်တား တိုသော်" ရှေ့တစ်လှမ်းတိုးခုတ်ပါ။

ကံ၊ ပါရမီ ဆိုတာ လူက လုပ်ယူရတာပါ။ ကိုယ်က မလုပ်ဘဲနဲ့တော့ ကံ၊ ပါရမီဆိုတာ ဘယ်ဘဝမှ ရမှာမဟုတ်ဘူး။ ပူနေမယ်။ တွေးတောနေမယ်။ သောကရောက်နေမယ် ဆိုရင်တော့ ဘယ်တော့မှလဲ အောင်မြင်မှာ မဟုတ်ဘူး။

အတတ်နိုင်ဆုံး ဘာပဲလုပ်လုပ် ပြတ်ပြတ်သားသားနဲ့ ဆုံးဖြတ်ချက်ကို လမ်းဆုံးအထိလိုက်ပါ။ လမ်းခုလတ်က လှည့်မပြန်ချင်ပါနှင့်။ ဖြစ်ချင်တာ ဖြစ်လာပါစေ။ လမ်းခုလတ်က လှည့်မပြန်ချင်ပါနှင့်။ ဖြစ်ချင်တာ ဖြစ်လာပါစေ။ ရင်ဆိုင်ရဲရမှာပေါ့။ လူဆိုတာ နောက်ဆုံး ဘဝဆုံးရမှာပဲ မဟုတ်လား။ ဒီထက် ကြောက်စရာ၊ သောကရောက်စရာတော့ မရှိတော့ပါဘူး။

□

"ကျွန်မကို ကလေးမွေးရင် သေမယ်လို့ ဗေဒင်ဟော ထားတယ် ဆရာရယ်။ တကယ် ဟုတ်လားဆိုတာ လက္ခဏာ တွက်ပေးပါ ဆရာ"

တစ်နေ့ အမျိုးသမီးတစ်ယောက် စာရေးသူထံ လာပြီး ပြောသည်။ စာရေးသူက သူမရဲ့ လက္ခဏာကို စိတ်ကျေနပ် အောင်ကြည့်ပြီး...

"ဘယ်ကလာ ဟုတ်ရမှာလဲ။ မသေပါဘူး။ ညီမ သေချင်တယ် ပြောတောင် ဘယ်နည်းနဲ့မှ သေမှာ မဟုတ်ဘူး"

စာရေးသူက အားပေးစကား ပြောသည်။ သူမကို ကြည့်ရသည်မှာ တော်တော်ကို ကြောက်ရွံ့ဟန်လည်း ရှိလေ သည်။

ဗေဒင်ကို တော်တော်ယုံကြည်ပုံရသည်။

"ဘာလဲ... ဗေဒင်ဆရာက မင်းကို မသေအောင် လုပ်ပေးမယ်။ ဘာတွေ ချောင်ရမယ်။ ဘာတွေခုတ် ရိုက်ရမယ်လို့ မပြောဘူးလား"

"ပြောပါတယ် ဆရာရယ်။ အားလုံး နှစ်ရာကျော် ကျော် ကျမယ်တဲ့။ တစ်ရာကျော်ကျော်နေရမယ်လို့ ပြောတယ်"



"တယ်ဟုတ်ပါလား။ မြတ်စွာဘုရားတောင်မှ လူတွေ ကို သက်တမ်းရှည်ရှည်နေရအောင် လုပ်လုပ်ပေးတာ မတွေ့ရဘူး။ ညည်း ဗေဒင်ဆရာကတော့ သိပ်စွမ်း တာကိုး"

လို့ စာရေးသူက ပြောရင်း သူ့ကို စိတ်ဓာတ်အား ကောင်းအောင်နှင့် သူများပြောတိုင်း မယုံရန် တိုက်တွန်း အားပေးခဲ့သည်။ စာရေးသူ ဒီမိန်းကလေးကို အားပေးနှစ် သိမ့်စကားပြောစဉ်က ဒီမိန်းကလေးဟာ အိမ်ထောင်ကျစ ဖြစ်သည်။

ခုတော့ ဒီမိန်းကလေးမှ ကလေးသုံးယောက် ရနေ ချေပြီ။ သိမ်ကြီးဈေးထဲမှာ အထည်ရောင်းသည်။ ခုတော့ ယခင်ကထက် ဝလို့ လှလို့ တစ်သွေးတစ်မွေးပင် လှနေ သည်။ သူတို့လင်မယားက ဖော်ရွေ ခင်မင်လေးစားစွာ ဆက်ဆံပါသည်။ စာရေးသူက သူမကိုတွေ့တိုင်း ပြောရ သည်။

"ကလေးတွေ သိပ်မမွေးနဲ့နော်။ တော်တော်ကြာ"

သူမတို့ဇနီးမောင်နှံ နှစ်ယောက်က သဘောကျစွာ ရယ်ကြသည်။

စာရေးသူဟာ သူတို့တွေ ရယ်သံမပျောက်မီ ပြန်လာ ခဲ့သည်။

"ဩော်... လူတွေဟာ ကိုယ့်ကိုယ်ကိုယ် ဉာဏ်စွမ်း နဲ့ နိုင်းယှဉ် ဝေဖန်မှု မပြုကြဘူး။ သူများခေါင်း

သူများ အကြံဉာဏ်ကိုပဲ အားကိုးယုံကြည်ချင်တဲ့သူ
တွေလည်း ရှိပါသေးလား''

လို့ တွေးရင်း…။

တစ်နေ့နေ့ သောကသမားတွေနဲ့ပဲ သံသရာလည်နေရသည်။ ''ယောက်ျားက ကိုယ့်ကို ကြင်နာပါ့မလား။ အသောက်အစားသမားများ ဖြစ်မလား'' စတဲ့ အတွေးအခေါ်တွေနဲ့ ခေတ်ပညာတတ်တဲ့ မိန်းကလေးတွေက စာရေးသူကို လာပြီး အကြံဉာဏ်တောင်းသည်။ တိုင်ပင်ကြသည်။ စာရေးသူကို သူတို့လေးတွေ နှစ်နဲ့ချီပြီး ခင်မင်နေကြသည်။ သူတို့လေးတွေရဲ့ အိမ်ထောင်ရေး၊ အတွင်းရေးကအစ အိမ်ထောင်ကျနေတဲ့ မိန်းကလေးတွေက တိုင်ပင်ကြသည်။

တချို့လည်း စီးပွားရေး။
တချို့လည်း အိမ်တွင်းရေး။
တချို့လည်း ကျန်းမာရေး။
တချို့လည်း ပညာရေး။
ဩော်… စုံလို့ပါပဲ။

စာရေးသူက အတတ်နိုင်ဆုံး ပြဿနာတစ်ခုကို သဘာဝကျကျ တင်ပြဆွေးနွေးပေးသည်။ သူတို့လေးတွေရဲ့ ကိုယ်ပိုင်ဉာဏ် အတွေးအခေါ် ဆန္ဒကိုလည်း ခံယူကြည့်သည်။ စိတ်ဓာတ်ကို ရင့်ကျက်စေသည်။ အတွေးအခေါ် မှန်ကန်စေချင်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စေချင်သည်။ သူများဦးနှောက်ကို အားကိုးမည့်အစား ကိုယ့်



ဦးနှောက်ကို ကိုယ်ယုံကြည်စေချင်သည်။ သူများဆိုတာက တစ်ခဏ၊ ကိုယ့်ဘဝက ထာဝရဖြစ်သည်။

သူများက အမြဲ ကိုယ့်ကို အားပေးတိုက်တွန်းမည် မဟုတ်။ ကိုယ်ကသာ ကိုယ့်ရဲ့လောကတွေကို အတတ်နိုင်ဆုံး ရှေ့နောက်တိုင်းထွာပြီး သောကအေးငြိမ်းအောင် ပြုလုပ်ပေးရမည်။

တစ်ခါက တောင်ပေါ်သွား ကားတစ်စီးကို စီးရင်း အမျိုးသမီးကြီး တစ်ယောက်က ပွပင်ပြီး မေးဖူးသည်။

''တကယ်လို့ ကားဘရိတ်ပေါက်သွားရင် ဘယ့်နှယ်
လုပ်မလဲတဲ့''

ကားဆရာက ပြန်ပြောသည်။

''ဂီယာနဲ့ တိုးဖမ်းမှာပေါ့တဲ့''

ဒီတော့ အမျိုးသမီးကြီးက…

''ဂီယာက ပျက်သွားရင်ကော''တဲ့။

ဒီတော့ ကားဆရာက…

''တောင်နံရံနဲ့ ပွတ်တိုက်ပြီး ကားကိုရပ်စေမှာပေါ့''
တဲ့။

''ရုတ်တရက်မို့ တောင်နံရံနဲ့ ပွတ်တိုက်ချိန် မရရင်ကော''တဲ့။

ကားဆရာက…

''ဘာမှ ဆက်လုပ်စရာ မလိုတော့ပါဘူး''

''အို့ကွယ်… ဘာဖြစ်လို့လဲ''

အမျိုးသမီးကြီးက တအံ့တဩ ပြောလိုက်သည်။ ဒီတော့ ကားဆရာက ခပ်ပြုံးပြုံးပဲ အမျိုးသမီးကြီးကို ပြန်ပြောလိုက်တယ်။

"ကားက တောင်အောက် တစ်နေရာရာ ရောက်သွားပြီပဲ၊ ဘာလုပ်စရာ လိုတော့လဲ"

အဲ… ဒါသာကြည့်တော့။

လူတွေဟာ ကြံဖန် ပူပင်တတ်၊ သောကရောက်တတ်ကြတာကို။ နောက်ဆုံး တစ်နေ့ လူတွေဟာ နေ့ပဲဖြစ်ဖြစ်၊ ညပဲဖြစ်ဖြစ် သေမယ်ဆိုတာ သူတို့များ သတိမေ့နေသလားတော့ မသိဘူး။

တရားသဘော လက်တွေ့မျက်မြင်သဘောအရတော့ မနက်ဖြန်ဆိုတာတောင် ခပ်ခက်ခက် ပြောရမယ့်စကားမျိုးပဲ။ မြတ်စွာဘုရားရဲ့ တရားတော်အရ ဘာဖြစ်ဖြစ် လက်တွေ့သဘောအရပဲဖြစ်ဖြစ်၊ သေခြင်းသဘောတရားဆိုတဲ့ သင်္ခါရဟာ ကွေးအောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီလို့ဆိုထားတယ် မဟုတ်လား။ လက်တွေ့မျက်မြင်မှာတော့ မဟုတ်လို့လား။

အဲဒီတော့…

လူတွေမှာ အနတ္တဆိုတာကို မေ့နေကြတယ်။ အတ္တကိုပဲ စွဲလမ်းနေတော့ ခက်တာပေါ့။ မပူရမှာကိုတွေးပြီး ပူပန်နေကြတယ်။ နောင်ဘဝကူး ကောင်းဖို့အတွက်ကျတော့ တွေးပြီးပူပန်ခြင်း မရှိကြဘူး။



ဒီဘဝမှာ ဘယ်သူသေသေ ငါတို့မိသားစု ကောင်းစားရင်ပြီးရောဆိုပြီး လုပ်ချင်တာတွေသာ လုပ်နေကြတာပဲ။ လောကီပဲဖြစ်ဖြစ်၊ လောကုတ္တရာပဲဖြစ်ဖြစ် တရားသောအလုပ်ဟာ အကောင်းဆုံး၊ အအေးမြဆုံး၊ သောကအကင်းဝေးဆုံးပါပဲ။

ပူပင်သောကဆိုတာ အနည်းနဲ့အများ၊ လူတိုင်းမှာ ရှိကြတာပါပဲ။ ဒါပေမယ့် ဒီသောကဝေဒနာကို အတတ်နိုင်ဆုံး တွန်းလှန်ပစ်ရမယ် ဆိုပါက ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ဖျက်ပစ်လိုက်ပါ။ မလွဲမသွေ ရင်ဆိုင်ရမယ့် ပြဿနာတစ်ရပ်ကို ဝေ့လည်ကြောင်ပတ် လုပ်မနေပါနဲ့။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းရင် ရမလဲဆိုတဲ့ အကြံဉာဏ်ကို ယူပါ။ ရင်ဆိုင်ဖြေရှင်းပါ။ အတတ်နိုင်ဆုံး လောကဓံကို ရင်ဆိုင်ရဲပါ။

ဥပမာ…

ပညာရေးကြောင့် စိတ်သောက ရောက်တယ်ဆိုရင် ကိုယ့်ပညာရေး အဆင့်အတန်း နိမ့်ကျသူတွေကို ပြန်ကြည့်ပါ။ ဖြေသိမ့်ပါ။ ကိုယ့်အနေနဲ့ ဆက်လက် ကြိုးစားနေခွင့်ရရင်လည်း ဆက်လက်ကြိုးစားပါ။

စီးပွားရေးကလည်း တစ်ဖက်ဆိုရင် အလုပ်လုပ်ရင်းစာကိုကြိုးစားသွားရင် ဖြစ်ပါတယ်။ ဒီခေတ်မှာ တချို့ဆိုရင် ညဘက်ကို ဒရဝမ်လုပ်ပြီး နေ့ဘက်မှာ ကျောင်းနေတာတို့၊ တချို့ဆိုရင် နေ့ဘက် အလုပ်လုပ်ရင်း ညဘက်မှာ ကျောင်းနေတာတို့ဆိုတာ ရှိပါတယ်။

ဒီတော့ကာ...

ကိုယ်က ပညာရေးကြောင့် စိတ်သောက ရောက်နေတယ်လို့ ဆိုရင် ဒီပညာရေးကို ဆက်လက်ကြိုးစားနိုင်အောင် အကြံဉာဏ်ယူပြီး ဖြေရှင်းရင် ရပါတယ်။ စိတ်ဓာတ်မပျော့ညံ့ပါနဲ့။ သူများဖြစ်ရင် ငါလည်း ဖြစ်နိုင်မယ်ဆိုတဲ့ သတ္တိကို မွေးပါ။ ခွဲရှိပါ။

နောက်တစ်ကြောင်းက...

အိမ်ထောင်ရေး ကံမကောင်းဘူးဆိုရင်လည်း အတတ်နိုင်ဆုံး ကိုယ့်စိတ်ကို ဖြေပါ။ သည်းခံပါ။ အတတ်နိုင်ဆုံး ကိုယ်စိတ်ချမ်းသာမယ့် ပုံစံမျိုးရအောင် တဖြည်းဖြည်းချင်း ကြိုးစားကြည့်ပါ။ ရှေ့ဆက် သွားရမယ့် ခရီးအတွက် သာယာမှု ရှိဦးမလား။ ပြုပြင်လို့ ရဦးမလား။ ကိုယ့်ဘက်က ချို့ယွင်းချက် ရှိမလား ဆိုတာ ပြန်လည်ဆန်းစစ်ပါ။ တစ်ဖက်သတ်တော့ မတွေးပါနဲ့။

အဲ... တစ်ယောက်ယောက်က ဖောက်ပြန်လို့ ဖြစ်တာတို့၊ ဗီဇပါပြဿနာမျိုးတို့ကျတော့ ကိုယ့်အကြောင်းနဲ့ ကိုယ်မို့ ကိုယ့်ဘာသာပဲ ဖြေရှင်းကြပေါ့။ ရှေ့ဘဝလမ်းခရီးကို ဆက်ပြီး တွဲသွားရင် ကောင်းနိုင်သလား။ မကောင်းနိုင်ကြဘူးလား ဆိုတာတော့ လေးလေးနက်နက် စဉ်းစားပြီးမှ ဖြေရှင်းကြပေါ့။

ခွင့်လွှတ်နိုင်မယ့် ပြဿနာလည်း အိမ်ထောင်ရေးမှာ ရှိမှာပဲ။ ခွင့်မလွှတ်နိုင်မယ့် ပြဿနာလည်း ရှိမှာပဲ။ ဒါက



တော့ ကာယကံရှင်တွေရဲ့ ဆန္ဒအလျောက် စိတ်ချမ်းသာမှုကိုယူပြီး နှစ်ဦးနှစ်ဖက် ဆွေးနွေးဖြေရှင်းကြည့်လိုက်ပါ။ သောကဝေဒနာကို ရင်ဝယ်ကြာရှည်စွာ သိမ်းပိုက်မထားပါနဲ့။

အဲဒီလို ပြဿနာဝင်လာရင် မခံနိုင်တဲ့သူ၊ ခံနိုင်ရည်မရှိတဲ့သူဟာ အသည်းကွဲရောဂါရပြီ၊ သောကဝေဒနာကို ရင်ဝယ်ပိုက်ပြီး ပိုမိုဒုက္ခရောက်ကြတာကို တွေ့ရပါတယ်။ တချို့ ကလည်း စာရေးသူနဲ့ခင်ရင် အကြံဉာဏ် တောင်းပါတယ်။ စာရေးသူကကော သူတို့ကြားမှာ ဘာလုပ်ရမလဲ။

အဲဒီတော့ ကောင်လေးကပဲ လာပြီး ပြဿနာကို တင်ပြသည်ဖြစ်စေ၊ ကောင်မလေးကပဲ ပြဿနာကို လာပြီး တင်ပြသည်ဖြစ်စေ၊ စာရေးသူကတော့ ကောန်းသေ ငွေလာဦးမှာပေါ့။ ဘာဖြစ်လို့ သစ္စာမရှိတဲ့ သူ့အတွက်ကြောင့် သောက ရောက်နေရမလဲလို့ အားပေးဖျောင်းဖျပြောရုံပဲ ရှိတော့မပေါ့။

အကယ်၍...

ကျန်းမာရေးမကောင်းသဖြင့် သောကဝေဒနာရောက်နေပါက ၎င်းရောဂါကို ကုသပျောက်ကင်းစေမည့် ဆရာကောင်း သမားကောင်းကို ရှာဖွေရပေမည်။ ရရှိသော ရောဂါဝေဒနာကို အတတ်နိုင်ဆုံး စိတ်ရှည်လက်ရှည် ကုသရပေမည်။ စိတ်ဓာတ်ကို မည်သည့်အခါမှ မကျရပေ။

ငါ့ရောဂါ ပျောက်ရမည်။ မကြာမီသက်သာလာမည်။ လူတိုင်းသည် ရောဂါတစ်ခုမဟုတ် တစ်ခုတော့ ရှိကြတာပဲ။

ငါပဲ ရောဂါရှိတာ မဟုတ်ပါဘူး။ လူဆိုတာ နောက်ဆုံးတော့ သေကြရတာပဲ။ ငါ ဘာလို့ အားငယ်ရမလဲ။ ငါ ဘာလို့ စိတ်သောက ရောက်နေရမလဲ။ စိတ်သောက ရောက်လို့လည်း ကျန်းမာ ပျောက်ကင်းမှာလား။ အတတ်နိုင်ဆုံး ငါ ပျော်ပျော်နေမယ်။ အတတ်နိုင်ဆုံး ငါဆရာကောင်း သမားကောင်းနှင့် ကုသမယ် ဆိုပြီး စိတ်ဓာတ်ကို မကျစေရဘူး။ ဘေးကလူကလည်း အတတ်နိုင်ဆုံး အားပေးစကား ပြောရမယ်ပေါ့။

အကယ်၍ ဝဋ်နာ ကံနာမျိုး ဆိုရင်တော့ ကိုယ့်စိတ်ကို ဖြေသိမ့်ရမပေါ့။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးတောင်မှ ဝဋ်နာ ကံနာ ဆိုတာ ရှိသေးတာပဲ။ လူတွေလည်း ကိုယ်အတိတ်ကပြုခဲ့တဲ့ (ဝါ) အလုပ်ရဲ့ ပြုလုပ်ခဲ့တဲ့ စေတနာဟာ လာပြီးအကျိုးပေးကြတာပဲ။

အဲဒီတော့ လူဆိုတာ အတတ်နိုင်ဆုံး စိတ်ကောင်းလေးတစ်ခု ထားကြပါ။ အဲဒီတော့ လူဆိုတာ အတတ်နိုင်ဆုံး စိတ်ကောင်းလေးတစ်ခု ထားကြပါ။ ကိုယ်ပြုတဲ့ကံ ကိုယ်ပဲခံရတာပေါ့။ ဒါကြောင့် သူများတွေအပေါ် စေတနာကောင်းလေးတစ်ခု ထားကြပါ။ ကိုယ်မကြိုက်တဲ့စကား ကိုယ်မကြိုက်တဲ့ အလုပ်မျိုးကိုလည်း သူများကို သွားမလုပ်ပါနဲ့။

ဒီဘဝမှာ ဝဋ်နာ ကံနာ ပါလာတယ်ဆိုရင် အတတ်နိုင်ဆုံး ကောင်းမှုကုသိုလ် လုပ်ပါ။ တရားဘာဝနာ ပွားများပါ။ အတိတ်ကဖြစ်တဲ့ ဝဋ်ကြွေးကို ဒီဘဝ ၂ဘ်ပဲ ကျေအေးအောင်



ပြုလုပ်ကြပါ။ လူ့ဘဝဆိုတာ ရခဲပါတယ်။ ရတဲ့လူ့ဘဝလေးကို ကိုယ့်အကျိုး၊ တိုင်းပြည်အကျိုးတွေကို သယ်ပိုးလုပ်ကိုင်ကြတာဟာ လူတွေရဲ့ တာဝန်ပဲ။

အဲဒီတော့ တိုင်းပြည်အပေါ်မှာ စေတနာသန့်သန့်နှင့် ကိုယ့်တိုင်းပြည် ကြီးပွားရေး၊ ကိုယ့်လူမျိုးတိုးတက်ရေးကို ကူညီလုပ်ကြတာဟာ အကောင်းဆုံးပါပဲ။ ကျန်းမာရေးနှင့် ပတ်သက်ပြီး ကုသရသော ဝေဒနာမှန်သမျှကို ဆရာကောင်း သမားကောင်းနှင့် ကြိုးစားပြီး ကုကြပါ။

ကုမရတဲ့ ဝဋ်နာ ကံနာ ဆိုရင်လည်း တရားတော် အလိုကျ ကောင်းသော တရားဘာဝနာများ တရားနှင့်ဖြေသိမ့်ပေးပါ။ တရားအားထုတ်ရင် သီလ၊ ဒါန၊ ဘာဝနာကို ကျင့်ကြံရင်း စိတ်ချမ်းသာ အေးမြအောင် ကြိုးစားပါ။ စိတ်ဓာတ်တော့ မကျပါနှင့်။ ဒီဘဝမှာ ကျန်းမာရေးမကောင်းရင်လည်း နောင်သောဘဝမှာ ကောင်းအောင် အများအပေါ် စေတနာကောင်းလေးတွေ ထားသွားကြရင်း လောက ဝေဒနာကို ပယ်ဖျောက်ပစ်ကြပါလို့ စာရေးသူအနေနဲ့ အကြံဉာဏ်ပေးချင်တာပါပဲ။

လူတစ်ယောက်ဟာ ငယ်ငယ်က အကောင်းပဲ။ အသက်ကြီးလာလို့ လေငန်းဖြတ်သွားရတယ်။ မျက်စိကွယ်သွားရတယ်။ နားထိုင်းသွားရတယ် ဆိုတာမျိုးဟာ ရှိကြတာပဲ။ ဒီလိုရောဂါကို အတတ်နိုင်ဆုံး ကုသတယ်။ ကြိုးစားပြီး သမားကောင်းတွေကို ရှာတယ်။ ကုတယ်။ ဒါပေမဲ့လည်း

မရဘူး။ မပျောက်ဘူး ဆိုရင် ဒါဟာ ဝဋ်နာ ကံနာလည်း ဖြစ်နိုင်တာပဲ။

ဒါမှမဟုတ် ဒီရောဂါကိုက ကုမရတဲ့ ရောဂါမျိုးဆိုရင်လည်း ကိုယ် ဘယ်တတ်နိုင်မှာလဲ။ ဘာသာရေးဆိုင်ရာ ကောင်းမှုတွေ လုပ်ရင်းလည်း ဘဝကို နှစ်သိမ့်သွားရမှာပေါ့။ စိတ်သောက ရောက်နေလို့လည်း ကိုယ်ပဲ ပိုပြီး ဝေဒနာကို ခံစားရမှာပေါ့။ အဲဒီတော့ စိတ်ဓာတ်မကျပါနဲ့။ စိတ်ကောင်းကောင်း အများအပေါ်မှာ ထားပါ။ ကိုယ့်ရောဂါ သက်သာသလို နေကြပါ။

နောက်တစ်ခုက…

ကိုယ့်ကြောင့် မဟုတ်ဘဲနဲ့ သူတစ်ပါးကြောင့် ရောဂါဝေဒနာ ရတယ်ဆိုရင်လည်း ကံ၊ ကံ၏အကြောင်းတရားပဲလို့ ကိုယ့်စိတ်ကို ကိုယ်ဖြေပါ။ ပြုလုပ်ခဲ့တဲ့ သူအပေါ်မှာ သိပ်ပြီး မကောင်းတဲ့စိတ် မမွေးပါနဲ့။ အတတ်နိုင်ဆုံး ခွင့်လွှတ်လိုက်ပါ။

ဒီဘဝ ဒီမျှနှင့်ပဲ ဝေဒနာကို အဆုံးသတ်ပစ်လိုက်ပါ။ သံသရာ မလည်ပါစေနဲ့။ အတုံ့အလှည့် ဆိုတာမျိုးဟာလည်း ဘဝ ဘဝတွေမှာ ဆုံးကြတော့မှာမှ မဟုတ်ဘဲ။ ဒီဘဝ ဒီမျှနှင့်ပဲ ရပ်လိုက်ပါ။ ခွင့်လွှတ်ခြင်း သည်းခံခြင်းသည် ဒီဘဝမှာကော နောင်သံသရာမှာကော ကောင်းမြတ်တဲ့ အလုပ်ပါပဲ။



အာဃာတ ဆိုတာ ကောင်းတဲ့အလုပ်မျိုး မဟုတ်ဘူး။ ဘယ်တော့မှ အာဃာတ မထားကြနှင့်။ လူ့လောကမှာ လူရယ်လို့ ဖြစ်လာရင် အတတ်နိုင်ဆုံး လောကီအကျိုး၊ လောကုတ္တရာအကျိုးကို သယ်ပိုးဆောင်ရွက်ရင်း လူဖြစ်ကျိုးနပ်အောင် ပျော်ပျော်ရွှင်ရွှင် နေကြပါ။ လူတွေအချင်းချင်းကို လေးစားကြပါလို့ မေတ္တာရပ်ခံရင်း ဒီအပတ် လောကဝေဒနာ အကြောင်းကို ခေတ္တရပ်နားခွင့်ပြုပါ။

နောက်နောင် ထုတ်ဝေမည့် စာအုပ်များကျမှပဲ စာရေးသူရဲ့ဘာပေကို စာဖတ်ပိတ်ဆွေများ အနေနှင့်လည်း စာရေးသူ၏စာအုပ်မှ လိုအပ်ချက်များ ရှိပါက အကြံဉာဏ်ပေး ဝေဖန်ကြပါ။ မရှင်းတဲ့ ဘဝပြဿနာမျိုးကိုလည်း စာရေးသူနှင့် လာရောက်တိုင်ပင် ဆွေးနွေးစေချင်ပါတယ်။ စာပေမိတ်ဆွေအားလုံးလည်း ကျန်းမာရွှင်လန်းပါစေ၊ ပညာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ လူမှုရေး၊ ကျန်းမာရေးကအစ ပြည့်ဝကုံလုံကြပါစေလို့ ဆန္ဒပြုရင်း…

(လောကဝေဒနာ တစ်ခုခု ရုတ်တရက် ဝင်လာရင် စိတ်ကို အလျင်စလို မဆုံးဖြတ်လိုက်ပါနှင့်။ ဥပမာ… အချစ်ရေးပဲဖြစ်ဖြစ်၊ အိမ်ထောင်ရေးပြဿနာပဲဖြစ်ဖြစ်၊ အလုပ်အကိုင်အတွက်ပဲအဖြစ်ဖြစ် ရုတ်တရက် ကြောက်လန့်စရာ ဖြစ်လာမယ်ဆိုရင် စိတ်ကို ခဏလောက် ငြိမ်ငြိမ်ထားလိုက်ပါ။ တစ်နေရာမှာ ထိုင်ရင်းပဲဖြစ်ဖြစ် မျက်စိနှစ်လုံးကို မှိတ်ပြီး ဝင်သက် ထွက်သက်ကို နှာသီးများမှာထားပြီး စိတ်ကို

မှုလွင့်အောင် ထိန်းထားပါ။ စိတ်ကို အတတ်နိုင်ဆုံး ကြိုးစားထားပါ။ နောက် မိမိစိတ်ကလေး ငြိမ်သက်ပြီး ဒေါသတွေ၊ သောကတွေ အေးငြိမ်းသွားမှ မိမိ ဖြေရှင်းစရာရှိသော ပြဿနာများကို ခေါင်းအေးအေးနှင့် ဖြေရှင်းပါ။ လောမကြီးပါနှင့်။ ပြဿနာတစ်ခု ဖြစ်လာရင် အချိန်ယူနိုင်သမျှ အခွင့်အရေးကိုယူပြီး ဖြေရှင်းတာဟာ အကောင်းဆုံးပါပဲ။ လက်တွေ့လေ့လာကြည့်ပါ။ စိတ်မြန်ကယ်ဆိုတာဟာ လွယ်ပါတယ်။ အချိန်ယူတယ်၊ စဉ်းစားတယ် ဆိုတာသာ မပြုကျင့်သူများပါတယ်။)

ခေတ္တနားမည်

အောင်ဝင်း

၂၇-၁၁-၈၁၊ နံနက်(၈)နာရီ
အမှတ်(၁၁၆)၊ ကန်လမ်း၊ တံတားဖြူ
(ရှိုင်) ကမာရွတ်။



- လောကမှာ ပညာမတတ်ရခြင်းသည် သောက
  အောင်ဝင်း
- ပညာတတ်ပြီး မလုပ်မကိုင်တတ်ခြင်းသည် သောက
  အောင်ဝင်း
- စီးပွားရေး အဆင်ပြေရခြင်းသည်လည်း သောက
  အောင်ဝင်း
- စီပွားရေးဖြစ်လွန်းပြီး ပူပန်ရခြင်းသည်လည်း သောက
  အောင်ဝင်း

- မလှမပရခြင်းအတွက် ပူပင်ရခြင်းသည်လည်း သောက

အောင်ဝင်း

- လှပလွန်း၍ ပူပင်ရခြင်းသည်လည်း သောက

အောင်ဝင်း

- လောကမှာ ချစ်သူနဲ့ ကွေကွင်းရခြင်းသည်လည်း သောက

အောင်ဝင်း

- လောကမှာ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရခြင်းသည်လည်း သောက

အောင်ဝင်း



- အိမ်ထောင်မပြုရခြင်းသည်လည်း သောက

အောင်ဝင်း

- အိမ်ထောင်ပြုပြီး အိမ်ထောင်ရေး အဆင်မပြေရခြင်းသည်လည်း သောက

အောင်ဝင်း

- လူတိုင်းလိုလို သောကဝေဒနာ အမျိုးမျိုး ရှိကြသည်။ ဖြစ်ပေါ်လာသော သောကဝေဒနာ အားလုံးကို ပြေပျောက်ရန်အတွက် သောကဝေဒနာ ပြေပျောက်နည်း ဒုတိယစာအုပ်ကို ဖတ်ပါ။

အောင်ဝင်း

◆ ကျွန်ပ်တို့တိုင်းပြည်၌ ငါချစ်စိတ် ရှိသူတွေသာများ၍ နေကြလေသည်။

သို့ဖြစ်သောကြောင့် တိုင်းပြည်၏ ပါတီဟူ၍ မရှိ။ တိုင်းပြည်အတွက် ကြိုးစားသူ နည်းပါးလျက် ကိုယ်တိုင် အတွက် ကြိုးစားသူတွေသာ များ၍နေကြသည်။

◆ ပင်ရှင် အငြိမ်းစား ဟူသော စကားကို ဒေါက်တာ ဂျွန်ဆင်၏အဘိဓာန်၌ အစိုးရ(ဝါ)တိုင်းပြည်၏ကျွန် (State of the State)ဟု ဆို၏။

◆ ဒီမိုကရေစီခေတ်၌ များရာအလိမ္မာ ဖြစ်သဖြင့် လိမ္မာခြင်းသည် အပေါစားဖြစ်၍ နေလေသည်။

◆ ဝရမ်းပြေး လူဆိုးများထက် ဆိုးသောသူတို့သည် လူကောင်းထဲတွင် များစွာရှိကြ၏။

◆ အုပ်ချုပ်ခြင်း ရထား၌ ဘီးသည် ဒင်္ဂါးဖြစ်၏။

◆ ဒရိုင်ဘာသည် ဘရိတ်ကို အစိုးရ၏။ ဘရိတ်သည် မော်တော်ကားကို အစိုးရ၏။ မော်တော်ကားသည် လမ်းလျှောက်သူတို့ကို အစိုးရလေသည်။

◆ ကောင်းသောအုပ်ချုပ်ရေးကို ကောင်းသောသူများသာ အလိုရှိကြ၍၊ မကောင်းသော အုပ်ချုပ်ရေးကို မကောင်းသောသူများသာ အလိုရှိကြသည်။

◆ ခြေတစ်ဖက်ထဲ လမ်းလျှောက်က မဖြစ်နိုင်သကဲ့သို့ တိုင်းပြည်တစ်ခု၏ တိုးတက်မှုသည်လည်း စီးပွားရေးနှင့် နိုင်ငံရေး နှစ်ဖက်လုံး စွယ်စုံညီမှ ဖြစ်နိုင်လေသည်။



❖ ကမ္ဘာပေါ်၌ များစွာရနိုင်သော စည်းစိမ်ဥစ္စာတို့သည် အနည်းငယ်မျှသော သူတို့ထံတွင် စုပုံနေသမျှ ကာလပတ်လုံး လူတို့၏စိတ်မှာ စစ်ကိုသာမက ကမ္ဘာပျက်ဖို့ကို တောင့်တကြသည်။

❖ ကမ္ဘာပေါ်၌ စစ်မက်ရေးရာ မဖြစ်အောင် လုပ်နည်းမှာ လက်နက်လျှော့ခြင်းမဟုတ်၊ လက်နက်တွေကို မလုပ်ဘဲနေခြင်းမဟုတ်၊ တိုင်းပြည်၏ ဆင်းရဲသားအပေါင်း၊ အလုပ်သမားအပေါင်းတို့ ကျေကျေနပ်နပ် ချမ်းချမ်းသာသာ ရှိကြဖို့ နည်းလမ်းကို ရှာကြံအပ်ခြင်း ဖြစ်လေသည်။

❖ တိုင်းပြည်ကို အုပ်ချုပ်သော အစိုးရသည် တိုင်းပြည်၏ အကျိုးစီးပွားနှင့် မလွဲသော ပြည်သူများသာ ဖြစ်ရာ၏။

❖ ဒီမိုကရေစီအုပ်ချုပ်ရေးသည် အသိပညာ အလိမ္မာရှိ၍ ယဉ်ကျေးပြီးသော တိုင်းပြည်များအတွက် သင့်လျော်သော နည်းဖြစ်သော်လည်း မြန်မာပြည်ကဲ့သို့ ဉာဏ်မျက်စိမပွင့် လင်းသေးသော တိုင်းပြည်များအတွက်ကား များစွာ မသင့်လျော်ပေ။

❖ ရာထူးရလိုသော လောဘရမ္မက် ကြီးသလောက် ဝီရိယလုံ့လကြီးစွာနှင့် ဟောပြောသူ၊ ညာသူ၊ ဝါသူများသည် တိုင်းပြည်၏ဇက်ကြိုးကို ကိုင်ရမည့်လူများ ဖြစ်ကြသည်။

❖ အမတ်ဖြစ်၍ အပေါင်းကောင်းလျှင် အစိုးရ ဖြစ်နိုင်လေသည်။ အကြောင်းမူကား ဒီမိုကရေစီ ကိုယ်တိုင်က ထိုသဘောအတိုင်း ဖြစ်လေသည်။